www.burmeseclassic.com

# JAMES DEA



BURMESE CLASSIC

William Bast

# Album

# ဂျိမ်းစ် ဒင်း အယ်လ်ဘမ်

လူအောင်



www.burmeseclassic.com

www.burmeseclassic.com

တန်ဖိုး - ၁၂၀၀ ကျပ်

အုပ်ရေ - ၅၀၀ အုပ်

အကြိမ် - ပထမအကြိမ်
၂၀၀၃ ခုနှစ်၊ ဇွန်လ

မျက်နှာဖုံးဒီဇိုင်း - PiKe PiKe

ထုတ်ဝေသူ - ဦးသန်းမြင့်
လင်းလင်းစာပေ (၀၁၀၄၀)
၄/၂၉၊ မြဝတီမင်းကြီးလမ်း၊
၁၀ မိုင်၊ ရန်ကုန်မြို့။

ပုံနှိပ်သူ - အောင်မြင့်ထွန်းပုံနှိပ်တိုက်၊
၂၄၂၊ လမ်း ၄၀၊ ရန်ကုန်မြို့။

အဖုံးခွင့်ပြုချက် - ၁၁၁၈ / ၂၀၀၂ (၁၂)
စာမူခွင့်ပြုချက် - ၈၄၀ / ၂၀၀၂ (၈)

www.burmeseclassic.com

www.burmeseclassic.com

# JAMES DEAN
# ဂျိမ်းစ်ဒင်းအယ်လ်ဘမ်
# Album

BURMESE CLASSIC

## လူအောင်



မူရင်းရေးသူ။ ။
ဝီလျံဘာစ်ထ်
(William Bast)

www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး၊
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး၊
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး၊

## ပြည်သူ့သဘောထား

* ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့်တရားဥပဒေ စိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့်ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄) ရပ်


* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.burmeseclassic.com


www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com





စီဘီအက်စ်ရုပ်သံကုမ္ပဏီတွင် လုပ်စဉ်က ပေတေတေ ကပ်တပ်တပ်
နိုင်သောကြောင့် လူကြီးများ မျက်စိစပါးမွေး စူးကြသည်။



www.burmeseclassic.com

www.burmeseclassic.com



အမေရိကန်ဆန်သော မျက်နှာပေါက်ရှိသည်ဟု ဆိုကြသည်။

www.burmeseclassic.com

www.burmeseclassic.com

လူ့ဘဝကို အားကစားပြိုင်ပွဲတစ်ခုလို သဘောထားပြီး
'မည်သည့်နည်းနှင့်ဖြစ်စေ နိုင်ကိုနိုင်ရမယ်'



www.burmeseclassic.com

www.burmeseclassic.com



**အမှာ**



'အနုပညာလေးညို့က ပစ်လွှတ်လိုက်တဲ့ မြားဟာ ရေမြေတောတောင် အနှံ့ရောက်တယ်လို့ တင်စား ပြောတတ်ကြပါတယ်။ ဒီတင်စားချက်ဟာ အနုပညာရဲ့ သက်ရောက်စွမ်းကို တိုင်းတာပြတဲ့နေရာမှာ ထိရောက်လှတဲ့စကား ဖြစ်ပါတယ်။ သက်ရောက်စွမ်းနှင့်အတူ တစ်ပါတည်းထင်ဟပ်ပြတာက နယ်နိမိတ်စည်း မရှိတဲ့ သဘော ဖြစ်ပါတယ်။ ဒီသဘောဟာ ပေါ်လွင်လာပါတယ်။ အမှန်တော့ ကျယ်ဝန်းတဲ့ အနုပညာစက်ဝန်းအထဲမှာ ခံစားသူပရိသတ်ချည်း ရှိတာမဟုတ်ပါဘူး။ အနုပညာသည်တွေ ကိုယ်တိုင်လည်း ပါပါတယ်။

"ခေတ်တစ်ခေတ်မှာ ဥပမိရုပ်ကြီးမားတဲ့ အနုပညာရှင်တစ်ဦးရဲ့ သြဇာဟာ သေသွားရိုး မရှိပါဘူး။ နောင်မျိုးဆက်သစ်ရဲ့ အနုပညာမှာ ပုံစံပြောင်းအသွင်ဖြင့် ပြန်ပေါ်တတ်ပါတယ်။ 'အနုပညာတစ်ပတ်လည်မှု'ကို ပြောချင်တာပါ။ နောက်မျိုးဆက်မှာ ပြန်ပေါ်တတ်တဲ့ အတုယူမှုအကျိုးသက် ( Demonstration Effect) ကို လွှန်ခဲ့ပြီးတဲ့ အနုပညာနှင့် ဆက်စပ် သုံးသပ်ကြပါတယ်။ အထူးသဖြင့်တော့ ရုပ်ရှင်အနုပညာနယ်မှာ ဖြစ်ပါတယ်'

---

မောင်ရင်ဆိုင်းထမ်း၏ 'အမေရိကန်ရုပ်ရှင်အနုပညာ သံသရာလည်ပုံသဘော' ဆောင်းပါးမှ (၁၉၉၄ ခုနှစ် ဇူလိုင်လ ရင်ခွင်သစ်မဂ္ဂဇင်း)

www.burmeseclassic.com



အမေရိကန်ရုပ်ရှင်၏ဆင့်ကဲဖြစ်စဉ်ကို အကြမ်းသဘောပြခဲ့သည်။ နှစ်ဆယ် ပြည့်လွန်နှစ်များကာလမှသည် ခြောက်ဆယ်ပြည့်လွန်နှစ်များကာလအထိ ရာစု နှစ်ဝက် အနှစ်ငါးဆယ်။ ထိုကာလ အလျားအပေါ်တွင်၊ အနုပညာဥပမိရုပ် ကြီးမားသူ အနုပညာရှင်များ နှောင်းမျိုးဆက်သစ်တွေအပေါ် အနုပညာဩဇာ သက်ရောက်ပုံ၊ အနုပညာသမင်လည်ပြန် ဖြစ်ပေါ်ပုံ၊ တစ်နည်းပြောလျှင် မျိုးဆက် သစ်က သစ်လွင်တဲ့ (အဟောင်းကိုတောင် အသစ်ဖြစ်အောင် လုပ်တဲ့) အသစ် ဖန်တီးပုံအကြောင်းကို အတိတ်မျဉ်းဆွဲ၍ ယှဉ်တွဲပြခဲ့သည်။

ဆောင်းပါးတစ်နေရာတွင် 'ဆယ်စုခေတ်တွေမှာ ပုံစံအသီးသီးနှင့် ခေတ်စား ခဲ့မှုဟာ တစ်ကျော့ပြန်ပေါ်လာတယ် ဆိုပါတယ်။ သူ့ခေတ်အလိုက် အနီးအဝေး အမြင်နှင့် သုံးသပ်လိုက်ရင် သူတို့အသီးသီးရဲ့ ကိုယ်ပိုင်ဟန်တွေဟာ မျက်မှောက် ခေတ်မှာ သမင်လည်ပြန် ပြန်ပေါ်တတ်ပါတယ်။ ခေတ်ရဲ့သဘောထား၊ ခေတ်ရဲ့ ရေပန်းစားမှုနှင့်အတူ အလိုက်ညီ ဖြစ်ပေါ်ပြောင်းလဲမှုလို့ ဆိုပါတယ်'ဟု ရေးခဲ့သည်။

နောက်တစ်ဖန် '...ငါးဆယ်ပြည့်လွန်ကာလမှာ တကယ်အရေးတကြီး လိုအပ်မှုက အမျိုးအစားသစ် ရေ့ဆောင်မင်းသား ပေါ်ထွက်ရေးကိစ္စ။ ဒါနှင့် ဆက်စပ်လို့ပြောရရင်၊ သစ်လွင်လတ်ဆတ်တဲ့ အမျိုးအစားသစ် သရုပ်ဆောင် တစ်ဦး ပေါ်လာခြင်းကို ပြောရမှာဖြစ်ပါတယ်။ ဂျိမ်းစ်ဒင်း ( James Dean)ပါ။ ဒင်းဟာ သက်ဆိုးမရှည်ခဲ့ပေမယ့်၊ ခေတ်သစ် အမေရိကန်ရုပ်ရှင်သမိုင်းမှာ ထည့် မပြောရင်မဖြစ်တဲ့ မျိုးဆက်သစ် လူငယ်ရှေ့ဆောင် မင်းသားတစ်လက်ပါ။

'မာလွန်ဘရန်ဒို'နှင့်အတူ ဂျိမ်းစ်ဒင်း၊ မွန်ဂိုမာရီကလစ် တို့တစ်တွေဟာ သမားရိုးကျလမ်းကြောင်းက ခွဲထွက်လာကြတယ်။ ဒီ မျိုးဆက်သစ်မင်းသားတွေ သရုပ်ဆောင်ပြတဲ့ ဇာတ်ရုပ်တွေဟာ လူပီသစွာ အပြစ်အနာအဆာတွေ၊ ရှုပ်ထွေးတဲ့ စရိုက်လက္ခဏာတွေနှင့် ရက်ဖောက်ပြီး လောကရဲ့သရုပ်မှန်ကို ပြကြတာ ဖြစ်ပါ တယ်။ ဂျိမ်းစ်ဒင်းဟာ အချစ်ဇာတ်ရုပ်ထက်ပိုပြီး ဘာမှလုပ်ပြဖို့ အချိန်ရမသွား ဘူးလို့ ဆိုပါတယ်။ အသေစောသွားလို့ပါ။

"...ဂျိမ်းစ်ဒင်းဟာ Rebel Without A Cause မှာ Jim Shark အဖြစ် ကပြသွားတဲ့အခန်းဟာ အင်မတန်မှထူးခြားတယ်။ ဂျင်းမ်ရုပ်ဟာ လူ့အသိုင်းထဲမှာ လွတ်ဟာ အထီးကျန်နေရင်းက ချောက်ချားနေရတဲ့အဖြစ်၊ ချစ်ခြင်းမေတ္တာနှင့် နားလည်ခွင့်လွှတ်ခြင်းတရားကို အလွန်မတန်ဆာလောင် မွတ်သိပ်နေတဲ့အဖြစ်ကို အဟုတ်အမှန် သရုပ်ဆောင်ပြသွားနိုင်တယ်။ ဒီသရုပ် ဆောင် ချက်ဟာ များစွာများစွာသော ဆယ်ကျော်သက်ရွယ်လူငယ်ထုကို ထပ်တူ ခံစားလို့ရအောင် ဖော်ပေးနိုင်တဲ့ အနုပညာဖြစ်တယ် ဆိုပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဒါဟာ ဟောလိဝုဒ်ရုပ်ရှင်သမိုင်းမှာ ပထမဆုံးပါ။ လူငယ်ထုဟာ လူငယ်ထုကို ထင်ဟပ်ကိုယ်စားပြုပေးတဲ့ သူတို့ရဲ့ ကိုယ်ပိုင်သူရဲကောင်း ဇာတ်ရုပ်တစ်ခုကို ရုပ်ရှင်အထဲမှာ ပထမဆုံး ရှာဖွေတွေ့ရှိလာခြင်းပါ"...

* * *

တက္ကသိုလ်မောင်အောင်ဆွေသည် ကိုမျှားနီမှ တစ်ဆင့်'မောင်ရင်ဆိုင်းထမ်း' ဆိုတာ ကျွန်တော်မှန်း သိသွားသည်။ ဆောင်းပါးပါပြီး တစ်လခွဲသာသာမှာ သူနှင့် ကျွန်တော် ရွှေဘုန်းပွင့်ဘုရားတွင် မထင်ဘဲ သွားဆုံမိသည်။

သူက "အတော်ပဲ။ ခင်ဗျားကို လက်ဆောင်ပေးစရာ ရှိတယ်"ဆိုပြီး ဘုရားအနီးက သူ့အိမ်သို့ ကျွန်တော့်ကို ခေါ်သွားသည်။ ဂျိမ်းစ်ဒင်း အတ္ထုပ္ပတ္တိ စာအုပ်တစ်အုပ် ပေးသည်။

"လည်သလို လုပ်ကိုင်စားသောက်ပေါ့ဗျာ"ဟု နောက်တီးနောက်တောက် ပြောသည်။

"ဟ အရှည်ကြီး။ ဒီလုံးချင်း ဘယ်လိုလုပ်ရေးမလဲ ကိုယ့်လူရဲ့"ပြောတော့ ဆေးဖော်နည်းကားပင် သူက အဆစ်ထည့်ပေးလိုက်သေးသည်။ သူ့ဆေးနည်း အတိုင်း ဖော်စပ်ကြည့်သောအခါ ပါဝင်ပစ္စည်း အမည်စုံ ရှာမတွေ့။ အလုပ်မဖြစ်။ သို့သော် ဆရာဝင်းငြိမ်းတစ်ယောက် ဂျိမ်းစ်ဒင်းအကြောင်း မဂ္ဂဇင်းတွင် ရေးနေသည်ဟု ကြားလာသည်။ ကျွန်တော် မန္တလေးရောက်၍ မောင်မောင်ကျော်ဝင်း ပြောမှ သိသည်။

"ဆရာကိုဝင်းငြိမ်းရေ။ ဆရာငြိမ်း ဂျိမ်းစ်ဒင်းအကြောင်းရေးတာ သူ့သူငယ်ချင်း ဝီလျံဘာ့စ်တ်ရေးတဲ့ စာအုပ်အထဲကအချက်တွေ ယူရေးတာလား"ဟု ဖုန်းဖြင့် လှမ်းမေးဖြစ်သွားသည်။ ဆေးဖော်နည်း အမည်စုံ မရသော်လည်း ဂျိမ်းစ်ဒင်း အပေါ် သံယောဇဉ်က တယ်မပြတ်ချင်။

"မဟုတ်ပါဘူး ခင်ဗျာ။ ဆရာဦးသာဓု ဟိုစဉ်ကတည်းက စုဆောင်းထားခဲ့တာတွေ ကိုသုမောင်ဆီက ရလို့။ အဲဒါတွေကနေ ရေးတာပါ"ဟု ဆရာဝင်းငြိမ်း ပြန်ဖြေသည်။


www.burmeseclassic.com

www.burmeseclassic.com


နောက်တော့ ဂျိမ်းစ်ဒင်းကို ချောင်ထဲ ကျွန်တော် ထိုးထားလိုက်တော့သည်။ ထိုစဉ် ချယ်ရီမဂ္ဂဇင်းအယ်ဒီတာ မောင်မောင်ကျော်ဝင်းကလည်း 'အစ်ကို့ဟာက ရှည်မှာဗျ။ တစ်နှစ်ကျော်ကျော်တော့လည်း အခန်းဆက် မပေးပါရစေနှင့်' ဆိုထားသည် မဟုတ်လား။

ဂျိမ်းစ်ဒင်းအပေါ် သံယောဇဉ်ဖြတ်ထားလိုက်သော်လည်း သူနှင့်ကျွန်တော် ရေစက် ပါကို ပါပါသည်။ 'ပန်းရွှေပြည်စာအုပ်တိုက်'တွင် ဖြစ်သည်။ ခြောက်နှစ် ကြီးများတောင်ကွဲနေပြီးမှ ပြန်လည်ဖူးစာဆုံရခြင်းဖြစ်ပါသည်။ ဒီအထဲမှာ ဆရာမြတ်ငြိမ်းကို အောင်သွယ်လို့တောင် ပြောလျှင်ရပါသည်။

"ကိုရွှေရေ။ သူ့ကို စာအုပ်တစ်အုပ် ပေးလိုက်စမ်းပါဗျာ" ပြောတော့၊ ကိုရွှေသိမ်းမင်းက ထုံးစံအတိုင်း စကားနည်းသော မချိုမချဉ်အပြုံးဖြင့် သူ့အလုပ်စားပွဲအံဆွဲထဲက စာအုပ်တစ်အုပ် ထုတ်ပြီး ကျွန်တော့်ဆီ ဘာမပြောညာမပြော ထိုးပေးသည်။

ကျွန်တော် ပြုံးမိသွားပါသည်။ မောင်အောင်ဆွေဆေးနည်း အမည်စုံသွား၍ ဖြစ်ပါသည်။

"ကိုယ့်တာဝန် ကျေပြီ။ မောင်ရင် လုပ်ပေတော့"

ဆရာမြတ်ငြိမ်းက မိန့်မိန့်ကြီးဆိုသည်။ သူက ဆိုမည့်သာ ဆို၏။ သူရော ကျွန်တော်ပါ ကိုရွှေသိမ်းမင်းက 'ဂျိမ်းစ်ဒင်း'စာအုပ် ဘာသာပြန်ခိုင်းလိမ့်မည်ဆိုတာ လုံးဝ သိခဲ့ကြသည် မဟုတ်ပါ။

ထိုနှစ်ယောက် စုလျားရစ်ပတ် ပေးလိုက်သည်ကြောင့် ဘာသာစ,ပြန်သောအခါ၊ လွန်ခဲ့သည့် ငါးနှစ်က အကြမ်းဖတ်သွားစဉ်ကလို မဟုတ်တော့ဘဲ စိတ်ထဲ တစ်မျိုးတစ်မည်ဖြစ်လာသည်။ **ဝီလျံဘာ့စ်တ်(William Bast)**သည် သူ့သူငယ်ချင်းအပေါ် သိလွန်းမက သိ၊ နားလည်လွန်းမက နားလည်သည်ကတော့ ဟုတ်ပါပြီ။ ကောင်းတာရော မကောင်းတာပါ အရှိအတိုင်း ရေးထားသည်လည်း ဟုတ်ပါပြီ။ သို့သော် ဂျိမ်းစ်ဒင်းနှင့် သူ စတွဲလာသည်မှာ ၁၉၅၀ ခုနှစ် အစောပိုင်းကတည်းက ဖြစ်သည်။ ထိုအချိန်က အသက် ဆယ့်ရှစ်ဆယ့်ကိုးလောက်သာ ရှိသေးသည့် ဂျိမ်းစ်ဒင်းသည် 'ယောနသန်စင်ရော်'နှင့် ဆင်ဆင်တူသည်ဟု အောက်မေ့စေသော တွေးကွက်တစ်ခုကို တွေ့လာရ၍ ဖြစ်ပါသည်။

ဂျိမ်းစ်ဒင်းသည် 'ယောနသန်စင်ရော်'စာအုပ်မတိုင်မီ စောစီးစွာကတည်းက 'ဘဝ၏ ဟိုမှာဘက်အဆုံးစွန်တွင်ထားရှိသော ရည်မှန်းချက်အရာ၌ သဘောချင်းတစ်ထပ်တည်းဖြစ်နေသည်'ကို အခုမှ အသေအချာဂရုပြုမိသည်။



www.burmeseclassic.com

www.burmeseclassic.com



အမှန်တော့ ဝီလျံဘာစ်တ်ကိုယ်တိုင် ဂျိမ်းစ်ဒင်းအကြောင်းရေးသည့်အချိန်က အသက် နှစ်ဆယ့်ငါးနှစ်အရွယ်သာ ရှိသေးသည်လည်းဖြစ်သောကြောင့် ပို၍ အံ့သြမိပါသည်။

ဘာပဲဖြစ်ဖြစ်၊ ဝီလျံဘာ့စ်တ်သည် စာရေးသူတစ်ယောက်အနေဖြင့် ဂျိမ်းစ်ဒင်းအကြောင်း ရေးသင့်လောက်အောင်၊ ရေးလည်း ရေးနိုင်ခဲ့လောက်အောင် လက်ပွန်းတတီးရှိသည်။ ထဲထဲဝင်ဝင် သိသည်။ ငတ်စရာရှိ အတူ၊ စားစရာ ရှိ အတူ။ တကယ့် သေဖော် ရှင်ဖော် ရန်ဖြစ်ဖော်။ နှစ်ယောက် လက်တွဲမဖြုတ်ဘဲ ရည်မှန်းထားရာပန်းတိုင်ဆီ ကိုယ်စီ ပြင်းဒွန်းထားကြသည်။ ဂျိမ်းစ်ဒင်းက သူ အလိုရှိသော သရုပ်ဆောင်ဘဝ၊ ဝီလျံဘာ့စ်တ်(ဝီလီ)က သူ့အလိုရှိသော စာရေးဆရာဘဝ။ ကြီးစွာရည်မှန်းချက်ထား၍ နှစ်ယောက်သား ပင်ပန်းလွန်းစွာ လျှောက်လှမ်း ကြရသည်။

ဝီလျံဘာ့စ်တ်သည် ဂျိမ်းစ်ဒင်းလိုပင် အမေရိကန် အနောက်အလယ်ပိုင်းဇာတိ။ မီဝေါကီးတွင် ၁၉၃၁ခုနှစ်က မွေးသည်။ ဝစ်ကွန်းဆင်းတက္ကသိုလ်တွင် တစ်နှစ်တက်သေးသည်။ နောက် ကယ်လီဖိုးနီးယားတက္ကသိုလ် (လော့စ်အိန်ဂျလိစ်)သို့ ပြောင်းသည်။ အနုပညာဘာသာရပ် အဓိကယူသည်။ ထိုကတည်းမှ ဂျိမ်းစ်ဒင်း ရုတ်တရက်ကွယ်လွန်သည့် ၁၉၅၅ခုနှစ်အထိ ငါးနှစ်တိုင် တွဲလာခဲ့သည်။ သူ့လက်ရာ ဂျိမ်းစ်ဒင်းစာအုပ်မှာ နောက်နှစ် ၁၉၅၆ခုနှစ်တွင် ထွက်ခဲ့သည်။

ဝတ္ထုလက် ဝတ္ထုအသွားဖြင့် ဒဿနနှော ရေးဖွဲ့ထားသည်။

ဂျိမ်းစ်ဒင်း ဘယ်သူလဲ၊ ဘယ်လိုမင်းသားမျိုးလဲဆိုတာသာ မသိ ရှိမည်။ ဂျိမ်းစ်ဒင်းဆိုသော အမည်နှင့်၊ ရုပ်ပုံနှင့် ရင်းနှီးထိတွေ့နေသော လူငယ်အတော်များများ ရှိမည်။ မျက်မှောက်ခေတ် ထိုလူငယ်လူရွယ်တို့အတွက် ယခုဘာသာပြန်သည် ဝမ်းနည်းဖွယ်၊ မခံချည့်ဖွယ်၊ အားကျဖွယ်၊ စိတ်ခွန်အားသတ္တိရဖွယ် သင်ခန်းစာ ဖြစ်လိမ့်မည်ဆိုတာ ယုံယုံရဲရဲရှိပါသည်။

လူအောင်



www.burmeseclassic.com

www.burmeseclassic.com







www.burmeseclassic.com

www.burmeseclassic.com



## တသသ ရုပ်ပုံလွှာ

နာမည်ကျော်မင်းသားကြီး ဗလင်တီနိုသေပြီးနောက်ပိုင်း၊ လူထုအသည်းကျော် မင်းသားချော ဂျိမ်းစ်ဒင်းလောက် သည်းသည်းလှုပ်စန်းပွင့်လှသော သရုပ်ဆောင်ရယ်လို့ ကမ္ဘာ့ရုပ်ရှင်သမိုင်းတွင် တစ်ဦးမျှမရှိ။ ဂျင်မီ(ဂျိမ်းစ်ဒင်း)ရုပ်ပုံလွှာက လူတို့အသည်းမှာ ဘယ်လောက်တင်ကျန်ရစ်သလဲဆိုလျှင် ဆယ်ကျော်သက်မိန်းကလေးတစ်ယောက် 'ဂျင်မီနှင့်အတူ သေပွဲဝင်ရအောင်' ကိုယ့်ကိုယ်ကို သတ်သေဖို့ အထိပင် ကြိုးစားသည်။

သူကွယ်လွန်ပြီးနောက်ပိုင်း ခုနစ်လကြာသည်အထိ ဝါနာဘရားသားရုပ်ရှင် ကုမ္ပဏီ၌ ဂျင်မီ အတွက် လွမ်းဆွတ်စာပေါင်း ငါးထောင်မျှ ရခဲ့သည်။ စီဘီအက်စ် ရုပ်သံဌာနက သူတို့ရိုက်ထားသော **The Unlighted Road** ရုပ်သံကားကို လူထုတောင်းဆိုချက်အရ ပြန်လည်ထုတ်လွှင့် ပြသပေး ရသည်။ သူ့မိတ်ဆွေလည်း ဖြစ်၊ **Rebel Without A Cause** ရုပ်ရှင်ကားဒါရိုက်တာလည်း ဖြစ်သည့် နစ်စ်ရေးနှင့် သူ့ဖခင်ဖြစ်သူ ဝီလ်တန်ဒင်းတို့က ဂျင်မီအကြောင်း စာအုပ်တွေ ရေးကြသည်။

အဲလိဇဘက်တေလာ၊ နက်တာလီဝုဒတို့ အပါအဝင် ကမ္ဘာကျော် ရုပ်ရှင်မင်းသား မင်းသမီးများ ထံသို့လည်း ဂျင်မီအကြောင်း မေးမြန်းသည့်စာများ အမြောက်အမြားဝင်လာသည်။ **Giant** ရိုက်သည့် ဒါရိုက်တာ ဂျော့စတီဗင့်ဆိုလျှင်လည်း လက်မလည် ဖြေကြားနေရသည်။ ဂျင်မီ့အဘိုးအဘွားများရှိရာ အင်ဒီယာနာပြည်နယ် ဖဲယားမောင့်မြို့ကလေးရှိ နေအိမ်သို့ ဂျင်မီအသည်းစွဲပရိသတ်များ နေ့စဉ်လာပြီး၊ ဂျင်မီအုတ်ဂူသို့ ဘယ်တော့ သွားလို့ရမလဲ လာမေးကြသည်မှာလည်း တသဲသဲ။

ပရင့်စ်တန်တက္ကသိုလ်တွင် ကမ္ဘာကျော် ထိတ်ထိတ်ကြဲအနုပညာရှင် အကျော်အမော်များ ဖြစ်ကြ သည့် အက်ဒ်ဝင်းဘုသ်၊ ဘီသိုဗင်၊ သက္ကရေး၊ ကိတ်တို့နှင့်အတူ ဂျိမ်းစ်ဒင်း၏ရုပ်တုမျက်နှာ ထုလုပ် ပြသထားသည်။


"လောကမှာ ဂျင်မီ အမုန်းဆုံးအရာ ရှိတယ်ဆိုရင် အဲဒါဟာ ဆွတ်ပျံ့ တိမ်းမူးနေခြင်းပဲ။ ဂျင်မီ့ကို ချီးမွမ်းတသကြတာ ကောင်းပါတယ်။ ဒါပေမယ့် တရားလွန် တသ,တာကဖြင့် ကျောချမ်းစရာ ကောင်းလှတယ်။ ဒီအထဲကပဲ ရုပ်ရှင်ချစ်သူ လူထုရဲ့အသည်းမှာ သူ့ရဲ့အနုပညာရုပ်ပုံလွှာ ဘယ်လောက် နက်နက်ရှိုင်းရှိုင်း စွဲထင် တင်ကျန်ရစ်နေသလဲဆိုတာသာ ဂျင်မီသိရရင် သူ့ခမျာ ကျေနပ်နှစ်သိမ့်မယ်လို့ ကျွန်တော်ထင်ပါတယ်" ဟု သူ့သူငယ်ချင်းတစ်ယောက်က ဆိုဖူးသည်။

ဟုတ်ပါသည်။ ဂျိမ်းစ်ဒင်းကား သေလွန်သွားပြီးနောက် ကာလကြာမြင့်လာသည့်တိုင် ကမ္ဘာ့ရုပ်ရှင်ပရိသတ်တို့၏ နှလုံးသားတွင် မပျောက်မပျက် ရှင်သန်နေဆဲ ရှိပါသည်။ နောင် အရှည်လည်း ဆက်လက် ရှင်သန်နေဦးမည်သာ ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



**သေခြင်းဆိုတာ ကျွန်တော်လေးစားတဲ့ တစ်ခုတည်းသောအရာ။**
**သေခြင်းတရားသာ ဘယ်ဂုဏ်သိက္ခာမဆို ရှိတဲ့ တစ်ခုတည်းသောအရာ။**

ဤအတိုင်း ဂျိမ်းစ်ဒင်းက ပြောခဲ့သည်။

ထူးဆန်းလှသောစကား ဖြစ်ပါသည်။

သူတကာနှင့်မတူ၊ တစ်မူထူးခြားစွာ အောင်မြင်မှုရနေသည့် ပရိသတ်အသည်းစွဲ ငယ်ငယ်ရွယ်ရွယ် ကြယ်ပွင့်မင်းသားတစ်ယောက်၏ နှုတ်မှထွက်ပေါ်ခဲ့သော စကားဆန်း ဖြစ်ပါသည်။

သေခြင်းတရားကို ဂျိမ်းစ်ဒင်း သည် ကြိုတင်သိနေခဲ့သလော။

သူ့စိတ်တွင် သေခြင်း၌ကျက်စားသော အတွေး၊အသိတို့ဖြင့် 'အစွဲ' ကိန်းအောင်းနေခဲ့သလော။

နန်းရွှေပြည် စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com





"ကိုယ်အသက်တစ်ရာအထိ
နေရမယ်ဆိုရင်တောင်
ကိုယ်လုပ်ချင်တာတွေ လုပ်ဖို့
အချိန်ရမှာ မဟုတ်ဘူး"

ရုပ်ရှင်လောကအတွင်း ထိုးဖောက်ဝင်ရောက်ရန် ကြိုးစားနေစဉ်ကာလတွင် ဂျင်မီသည် မျှော်လင့်ချက်အပြည့်ထားကြသော အခြားသော မင်းသားငယ်များနည်းတူ အနှိမ်ခံရမှုများ အလူးအလဲကြုံရသည်။ သူ့အဖို့ နက်နက်ရှိုင်းရှိုင်း ခံစားခဲ့ရသည်။

သူနှင့် အတွေ့မခံလိုသဖြင့် တံခါးတွေကို ဒိုင်းခနဲ ပိတ်လိုပိတ်ကြသည်။ ဒါရိုက်တာနှင့် သရုပ်ဆောင်ကိုယ်စားလှယ်လုပ်ငန်းများက သူ့ကို စိတ်မဝင်စားသလို၊ ပမာမခံ့ ပြုမူကြသည်။ ဟောလိဝုဒ်ရုပ်ရှင်လောကမှ ဩဇာတိက္ကမကြီးလှသော ပုဂ္ဂိုလ်ကြီးများက သူတို့ကို မျက်နှာလို မျက်နှာရဖြင့် ချဉ်းကပ်ကိုးကွယ်စေချင်ကြသည်။ ထိုသူတို့၏ ချီးချီးနှိမ်နှိမ်ကစားပွဲများအပေါ် အလိုက်သင့်မျှောသွားတတ်အောင် ဂျိမ်းစ်ဒင်း နှစ်နှစ်လောက် အရည်မလည် အဝါးမဝသေး။ ရှေ့ခရီးအတွက် ခပ်တုံးတုံးနည်းနာတွေအတိုင်း မျှော်လင့်ချက်အပြည့်ထားလျက် ရိုးရိုးအအ ယုံမြဲယုံနေသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



# အခန်းတစ်



'ရှိုက်စ်ပေဟာ' ကဇာတ်ခန်းမဆောင် အမှောင်ပိုင်းကျကျ ထိုင်ခုံတစ်လုံးတွင်၊ ကျွန်တော် ခပ်မှိုမှို လျှောထိုင်ချလိုက်သည်။ ရိုက်စပီးယား ပြဇာတ် ဇာတ်ဝင်စကားတွေက မရှင်းဖြစ်နေသဖြင့်၊ ကိုယ့်ဟာကိုယ် အသားကျအောင် လုပ်နေရပါသည်။ သည်မှာ ဇာတ်ဟန် တယ်မပေါက်သည့် လူတစ်ယောက် စကော့ဂါဝန်တိုဖြင့် ဇာတ်ခုံပေါ်တက်လာ၏။ စင်ပေါ်မှာက အလင်းရောင် ခပ်ချာချာသာ ပေးထားသည်။ ကျွန်တော်ကတော့ စင်ပေါ်ကငတိဆီ မျှော်လင့်ဇောဖြင့်...

"ကျွန်တော်များဟာ ရှေ့ပွဲလာတို့ရဲ့ အားပေးမှုမေတ္တာများစွာကို ခံယူပြီး၊ ကျွန်တော်များနှင့် ပရိသတ် တစ်ထပ်တည်း အသားကျသွားအောင်မလုပ်ခင်မှာ အချီးတွေ နိဒါန်းတွေနှင့် အချိန်ဖြုန်းလိမ့်မယ် မဟုတ်ပါဘူး။

"ကျွန်တော်များဟာ ကာလ ဒေသ ပယောဂနှင့်အညီ ဖျော်ဖြေအသုံးတော်ခံမှာပါ။ ဒါကြောင့် စကော့တလန်မှာ ကျွန်တော်များ သရုဖူဆောင်းတဲ့ပွဲကို အားပေးချီးမြှင့်ဖို့ ဖိတ်ကြားထားသူမှန်သမျှ တစ်ဦးချင်းစီကို အခု ကျေးဇူးတင်ပါတယ်လို့ ပြောပါရစေခင်ဗျာ"

'မျက်ခန်'နေအောင် သွားအနုတ်ခံလိုက်ရတာနှင့် တူလှသည်။ သွားပါပြီ။ ဘေးတွင်ထိုင်နေသည့် အမည်မသိ ကဇာတ်ဘာသာရပ် အဓိကကျောင်းသားဘက် လှည့်ပြီး...

"သူက ဘယ်သူလဲဗျ"



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com





စင်ပေါ်ကလူသည် 'မက်ကဘက်'ပြဇာတ်အထဲ ဘယ်လိုကဘယ်လို ဇာတ်ရုပ်အဖြစ်ပါလာ သည်ကို သိချင်စမ်းမိသည်။

"မသိဘူး"

စင်ပေါ်ကငတိမှာ ပျင်းတိပျင်းတွဲနှင့် ထိုင်သလိုထသလို၊ ကုန်းသလို ကွသလိုတွေ ဆက်လုပ်နေ လေသည်။ နှုတ်ထွက်သံ ညံ့လှသည်။ သည်မှာ ခန်းမဆောင်အမှောင်အထဲမှနေ၍၊ နာမည်တစ်ခု လွင့်စဉ်လာ၏။

"ဂျိမ်းစ်ဒင်း"

ဂျိမ်းစ်ဒင်း။

စင်ပေါ်မှာ ရှုခင်းပြောင်းသွားတာ၊ မီးပေးပုံပြောင်းသွားတာတွေကို ကျွန်တော် တယ် စိတ်မဝင်စားတော့။ နေရာမှ ထ,ရပ်လိုက်သည်။ အညောင်းဆန့်သည်။ စင်ပေါ်ကလာသည့် အလင်းရောင်ပြန်နှင့် လက်ပတ်နာရီ ကြည့်လိုက်တော့ နံနက်တစ်နာရီနီးပါး ရှိနေပြီ။

အောက်ထပ် ဇာတ်သူဇာတ်သားတွေနားသည့်အခန်းတွင် ကျွန်တော်သည် ကော်ဖီတစ်ပန်းကန်ကို အတွေးမျှင်တန်းလန်းဖြင့် ငုံ့ထည့်မိပါသည်။

ယခုအကြိမ်သည် ဝတ်စုံပြည့် ပထမဆုံး စမ်းကကြည့်သောပွဲ ဖြစ်သည်။ ထုံးစံကတော့ တိုးတက်မှုကနှေးနှေးရယ်။

ကယ်လီဖိုးနီးယားတက္ကသိုလ်(လော့စ်အိန်ဂျယ်လိ) က ထုတ်လုပ်တင်ဆက်မှုများသည် ဘရော့ဒ်ဝေးပြဇာတ်လောကမှ ပညာသည်တို့၏ဇာတ်ကြီးတွေနှင့် ပခုံးချင်း ယှဉ်နိုင်လောက်သည်။ ကျွန်တော်တို့ဆီတွင် တင်ဆက်မှုတိုင်းကို နည်းစနစ်ကျကျ စီမံသည်။ ပြဇာတ်ဌာနက ဆရာကြီးများ၏ စက်မှုကျွမ်းကျင်ရည်တွေကို အကွက်ချ တီထွင်အသုံးပြုသည်။ ရှုခင်းကားတွေ၊ ဇာတ်ဝင်ပစ္စည်းပစ္စယတွေ၊ ဝတ်စုံတွေ ဆိုလျှင်လည်း များသောအားဖြင့် ဌာနက အနုပညာကျောင်းသားများကိုယ်တိုင် ကိုယ့်ကျောင်းပရိဝုဏ်အတွင်းမှာ ထုတ်လုပ်သည်။ ကျောင်းတွင်းမှာ လုပ်မရသည့်ပစ္စည်းကျမှ လော့စ်အိန်ဂျယ်လိမြို့ပတ်လည်က ရုပ်ရှင်စတူဒီယိုတွေဆီမှာ ငှားရမ်းသည်။ သူ့ဆိုင်ရာ ဆိုင်ရာပစ္စည်းများကို ကျောင်း၏ ဝယ်နိုင်သည့် အင်အား၊ ရုပ်ရှင်ကုမ္ပဏီများမှ ရိုင်းပင်းကူညီမှု၊ နောက်ပြီး ဇာတ်ခုံအကူအလုပ်သမားများကို ကြေးကြီးပေး မငှားရမှု စတာတွေကြောင့် ဘရော့ဒ်ဝေးဇာတ်သဘင်လောကက တင်ဆက်သော ထုတ်လုပ်မှုများနှင့်မခြား သားနားခြင်းရှိသည်။ စရိတ်စကဘက်ကလည်း အလွန်မှသက်သာသည်။

ကယ်လီဖိုးနီးယားတက္ကသိုလ်(လော့စ်အိန်ဂျယ်လိ)က တတ်နိုင်တာ တစ်ခုပဲရှိသည်။ ဝယ်၍မရ ငှား၍မရသော 'ပါရမီ တည်းဟူသော ကုန်ပစ္စည်း'။ ကျောင်းသူကျောင်းသား သုံးလေးရာအထဲက

www.burmeseclassic.com





တကယ်အစစ်အမှန် ပါရမီပါသူလို့ ပြောနိုင်သူက လေးငါးခြောက်ဦးထက် ပိုခဲ့သည်။ သူတို့လို ပါရမီပါသူ တေတိတေမတွေက ထုတ်လုပ်သမ္မာဇာတ်တိုင်းမှာ အမြဲလိုလို ပါရသည်။ ပါရမီနည်းသူတွေကတော့ အပိုင်းအစ အခန်းတိုကလေးတွေအတွက်ကိုပင် အသေအလဲ ရှာနေကြရ၏။ လူရွေးပွဲ အချိန်ရောက်ပြီဆိုလျှင် သူ့ထက်ငါ အကြောမခံဘဲ ကျားကုပ်ကျားခဲ အပြိုင်ကြဲရသည်။

ပါရမီနည်းသူ လူငယ်တွေအတွက် ဖြတ်သန်းမှုကြမ်းတမ်းရသည့် အကြောင်းတစ်ချက် ရှိသေးသည်။ တိုအချိန်မှာ ဒုတိယကမ္ဘာစစ်ကြီး ပြီးစီးသွားလို့ နှစ်အနည်းငယ်သာ ရှိသေးသည့် ကာလဖြစ်ရာ ကယ်လီဖိုးနီးယားတက္ကသိုလ်သို့ နိုင်ငံတစ်ဝှမ်းက တက္ကသိုလ်တွေနည်းတူ လူတွေ လိုမ့်ဝင်လာသည်။ စစ်မြေပြင်မှ ပြန်လာကြသော စစ်မှုထမ်းများ ကျောင်းပြန်တက်သူတက်၊ ယခုမှ ကျောင်းနေသူကနေနှင့် ရှိသည်။ သည်မှာ ထိုသူတွေ၏ ဘဝရင့်ကျက်မှုကို ပြဇာတ်အနုပညာဌာန အကြီးအကဲများနှင့် အုပ်ချုပ်မှုဒါရိုက်တာများ အသုံးချလိုသည်မှာ သဘာဝကျပါသည်။ ဘဝ ရင့်ကျက်မှုဆိုသည်မှာ ဘယ်ကောလိပ် ဘယ်တက္ကသိုလ်ပရိဝုဏ်မှာမဆို ရှားပါးလှသည့် အရည်အသွေးတစ်ခု မဟုတ်ပါလား။ ထို့ကြောင့် ဇာတ်ရုပ်ရွေးချယ်တာနှင့် ပတ်သက်လို့ ဗီဇာကြောင်ပြီး ဆုံးဖြတ်တာ တင်းမာသည့် သဘောထားတွေ ဖြစ်လာသည်။ ထို မကျေလည်မှုကို ကာကွယ်သည့် အနေဖြင့် ဌာနဘက်က ဆင်ခြေတစ်ခု ပေးလာသည်။

'သေးဖွဲ့သောအခန်း ဟူ၍ မရှိ၊ သေးဖွဲ့ သော သရုပ်ဆောင်သာ ရှိသည်။'

* * *

ကျွန်တော် ကော်ဖီကုန်၍ နောက်ထပ် ငှဲ့ထည့်မည်အပြုတွင် သွယ်သွယ်ပါးပါး ငါးရံ့ကိုယ်လုံးနှင့် တက္ကဆက်သူအလှ ဂျက်နက်တာလူဝစ္စ ရောက်လာသည်။ ဂျက်နက်တာသည် 'ဝတ်စုံထိန်း' လုပ်နေသူ။

ဂျက်နက်တာက တစ်စုံတစ်ယောက်နှင့် မိတ်ဆက်ပေးရန် အဝတ်လဲခန်းအထဲသို့ ကျွန်တော့်ကို ခေါ်သွားသည်။ ဂျက်နက်တာနှင့်ကျွန်တော် သိသည်မှာ သီတင်းပတ်ပိုင်းသာ ရှိသေးသည်။

ကျွန်တော် သူ့နောက်မှ လိုက်သွားရသည်။ အဝတ်လဲခန်း ရှုပ်ရှုပ်ပွေပွေအထဲတွင် ဝတ်စုံပြည့်နှင့် သရုပ်ဆောင်တစ်ဦး။ ထိုလူမှာ စကော့ဂါဝန်တိုရှေ့က ချိတ်ထားသည့်သားရေအိတ် ဒုက္ခပေးနေသဖြင့် စည်း ဖြုတ်နေလေသည်။

"ဘီလ်၊ ဒါ ဂျင်မီဒင်းလေ"



www.burmeseclassic.com

www.burmeseclassic.com



**သေးဖွဲသောအခန်းဟူ၍ မရှိ၊**
**သေးဖွဲသော သရုပ်ဆောင်သာ ရှိသည်။**



ဂျက်နက်တာက မိတ်ဆက်ပေးသည်။ ထိုသရုပ်ဆောင်က မဆိုသလောက်ကလေး ငဲ့ကြည့်သည်။ မျက်မှန်ကိုင်းပေါ်က ကျော်ကြည့်သည်။ နောက် သိပ်စိတ်မဝင်စားသလို 'ဟလို'ဟုသာ ဝမ်းခေါင်းသံ ပြုသည်။ ထို ငနဲမှာ အသံထွက် အတော်ဆိုးဝါးလှသည်။ ကျွန်တော်ကလည်း သူ့အသံထွက်ပုံမျိုးနှင့်ပင် 'တွေ့ရတာ ဝမ်းသာပါတယ်'ဟု လုပ်လိုက်၏။ သို့သော် တုန့်ပြန်မှုက ပြန်ပေါ်မလာ။ ကျွန်တော်နှင့် ဂျက်နက်တာမှာ ကြောင်စီစီအူနနဖြင့် တစ်မိနစ်မျှ သည်အတိုင်း ငေးကြည့်နေမိသည်။

ဂျုန်နီနှင့်ကျွန်တော် သရုပ်ဆောင်သင်တန်းတစ်ခုမှာ ဆုံတွေ့ခဲ့ကြသည်။ ဂျုန်နီနှင့် အသိအကျွမ်းဖြစ်လာရခြင်းသည် ကယ်လီဖိုးနီးယားတက္ကသိုလ်၌ ကျွန်တော်၏ဘဝကို အတော်ကြီး စိုပြည်စရာဖြစ်လာစေခဲ့သည်။

ဂျုန်နီသည် လက်ရှိတင်ဆက်နေသော 'မက်ကဘက်' ပြဇာတ် တွင် လေဒီမက်ဒပ်ဖ်နေရာက ကပြနေသူဖြစ်သည်။ ထို့ကြောင့် ကျွန်တော်က
ညစဉ် ပြုနေကျဝတ္တရားအတိုင်း ဂျုန်နီကို သူ့အိမ်တွင် သွားသွား ကြိုရသည်။ ဂျုန်နီကို သူ့အိမ်က ပေးထားသောကားဖြင့် ကြိုပြီး ဇာတ်ရုံသို့ အကြိုအပို့ မှန်မှန်လုပ်ပေးဖြစ်သည်။

"စပေါ့လိုက်အထဲမှာ ပါလာတဲ့ သုံးသပ်ချက်ဟာ အရမ်းဆိုးတာပဲကွာ"

ဂျုန်နီက ညည်းညည်းညူညူ ဆိုသည်။ ပြဇာတ်အနုပညာဌာနတွင် ကိုယ်ပိုင်သတင်းစာ 'စပေါ့လိုက်'ရှိသည်။ မက်ကဘက်ပြဇာတ်အပေါ် ရှုမြင်သုံးသပ်ထားပုံမှာ ပြင်းထန်လှသည်။ ပြဇာတ်တွင် ဂျုန်နီ ပါဝင်သရုပ်ဆောင်သည့် အကြောင်းကိုသော်မှ ထည့်ရေးဖော်မရ။

"ဂျုန်နီကတော့ ဒါ မမျှတဘူး ထင်တာပဲကွာ။ ဆိုလိုတာက အားလုံးကို ဝေဖန်တာပဲ မဟုတ်လား။ ဂျင်မီ သနားစရာကွယ်။ ဂျင်မီအကြောင်းပြောထားတာ တွေ့တယ် မဟုတ်လား"

"ဘယ်သူ"

ကျွန်တော် မေ့နေပါပြီ။

"ဂျင်မီလေကွ။ ဂျက်နက်တာ့လူဟာလေ။ မဲလ်ကွန်းအခန်းက ပါတဲ့သူ"

ကျွန်တော် မှတ်မိသွားပါပြီ။



www.burmeseclassic.com

www.burmeseclassic.com





"ဝေဖန်တာက မဲလ်ကွန်း(ဂျိမ်းစ်ဒင်း)ဟာ တိုးတက်လာတာ မတွေ့ရဘူး။ ဒီအတိုင်းဆိုရင် အနှစ်သာရမရှိတဲ့ ဗလာနတ္ထိဘုရင်သာ ဖြစ်နေလိမ့်မယ်'လို့ ဆိုထားတယ်။ ဒါ သူ့ခမျာ အတော့်ကို စိတ်ထိခိုက်ရှာမှာပဲကွယ်"

"ဒါကတော့ သူကလည်း သိပ်မှ မကောင်းတာပဲ"

"ဂျင်မီသနားစရာကွယ်"

ကျွန်တော် မော်တော်ကားကို ကျောင်းသွားသည့်လမ်းပေါ်သို့ ဆွဲကွေ့ချလိုက်၏။

"မနေ့ညက အစိမ်းခန်းထဲမှာ လူတစ်ယောက်ရပ်ပြီး ဂျင်မီလို လူစားတွေဟာ ပြဇာတ်လောကကို စွန့်ခွာသင့်တယ် ဘာညာနဲ့ လျှောက်ပြောတယ်။ နောက် ဆက်အော် ပြောသေးတယ်။ 'ကျဆုံးခန်း ကျဆုံးခန်း။ အနုပညာ ပါရမီ မပါသူတွေအတွက် ကျဆုံးခန်း။ ဆုံးဖြတ်မှုပြတ်တဲ့ ထိုးဖောက်ကျော်လွှားလို့မရတဲ့ ပြဇာတ်ဌာနန်ရုံကြီးကို တစ်နှစ်ပြီးတစ်နှစ် ပါရမီမပါတဲ့ခေါင်းနဲ့ ဝင်ဝင်ဆောင့်နေကြတာလေ'တဲ့။ အမှန်အတိုင်းဆိုရရင် သူပြောပုံကြီးကြောင့် ဂျန်နီလည်း စိတ်ထဲ မအီမလည်ကြီး ဖြစ်လာတယ်ကွယ်။ ဂျင်မီလည်း ကြားမှာ အသေအချာပါ။ ဂျင်မီ သနားစရာကွယ်"

ကျွန်တော်သည် ရှိုက်စ်ပော ပြဇာတ်ခန်းမဆောင်နောက်ရှိ ကားရပ်ကွင်းတွင်၊ ကားကို ဆောင့်ကြီးအောင့်ကြီး ထိုးရပ်၊ တံခါးဖွင့် ထွက်၊ နောက် တံခါးကို ဝုန်းဒိုင်းနှင့်ပိတ်ပစ်လိုက်သည်။

"ဒါက ဘာဖြစ်သွားရတာလဲ"

မိုး သဲသဲမဲမဲအထဲတွင် အဆောက်အဦးထဲပြေးဝင်လာကြရင်းက ဂျန်နီက မေးသည်။



သူ့ဟန်ပန်ကား
သူ့တွင်သာရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com





ဂျိမ်းစ်ဒင်းကား ကယ်လီဖိုးနီးယားတက္ကသိုလ်တွင် လူမသိသူမသိဘဝဖြင့် သွားပါပြီ။ ဆံကေသာ နီဝါဝါနှင့် မထင်မရှားထိုလူငယ်ကား ကျောင်းပရိဝုဏ်အတွင်း ရိုးရိုးကုပ်ကုပ် တိတ်တဆိတ်ပင် သွားလာလျက်တော့ ရှိပါသည်။ ဒါသည်ပင် သူ့အလုပ်သူ အာရုံထားနေပုံလည်း ရသည်။ တစ်ချက်တစ်ချက်ကျမှ လိပ်ခွံကိုင်း မျက်မှန်ထူထူပေါ်မှ ကျော်၍ သူ့ကိုယ်သူ လှစ်ဟ,ပြတတ်သည်။ သူ့ပုံ ကြည့်ရသည်မှာ လယ်တောကတက်လာတာ သိပ်မကြာသေးသည့် နံ့အအရိုးကုပ်ကုပ် သူငယ်ကလေး တစ်ယောက်ထက် ဘာမှမပို။

စန်တာမော်နီကာတွင် ပထမနှစ် ကျောင်းသားအဖြစ် ပညာသင်ခဲ့သည်။ ကယ်လီဖိုးနီးယားတက္ကသိုလ်(လော့စ်အိန်ဂျယ်လီ)ရောက်တော့ အင်္ဂလိပ် ဥပဒေဘာသာရပ်ကို အဓိကယူခဲ့သည်။ ပြဇာတ်အနုပညာဘာသာရပ်က သာမညဘာသာရပ်။ နောက်မှ ကဇာတ်အနုပညာဘက်ကို တဖြည်းဖြည်း အားသန်ခဲ့ခြင်း ဖြစ်သည်။ ကံခေချင်တော့ သူ၏မြို့စိစိဟန်သည် ပြဇာတ်အနုပညာဌာနသားတို့၏ သောသောညံအသံတွေကြားတွင် စုန်းစုန်းမြုပ်သွားရတော့သည်။

သူ ကိုးနှစ်သားမပြည့်ခင်အထိ သူ့အပေါ် ယုယချစ်ခင်သည့် မိခင် မိုင်းဒရက်၊ စကားပြောနှုန်းညှဲ့ သိမ်မွေ့သည် ဖခင်ဝင်လ်တန်တို့နှင့် ဥမကွဲသိုက်မပျက် ကျေနပ်ရောင့်ရဲဖွယ် နေခဲ့သေး၏။

သို့သော် ဖခင်ဖြစ်သူက သူ့မိသားစုကလေးကို အင်ဒီယာနာပြည်နယ် ဖဲယားမောင့်မြို့မှနေ၍၊ ကယ်လီဖိုးနီးယားပြည်နယ် စန်တာမော်နီကာမြို့သို့ ပြောင်းရွှေ့အခြေချပြီး၊ မကြာမတင်မှာပင် ဇနီးဖြစ်သူ မိုင်းဒရက် ကင်ဆာရောဂါစွဲ ဆုံးပါးသွားသည်။ ဇနီးသည်ဆုံးပြီး ဘဝလစ်ဟာ သွားသူ ဖခင်ဝီလ်တန်က သားငယ်ကို အင်ဒီယာနာက လယ်တောဆီ ပြန်ပို့ထားခြင်းသာ သင့်လိမ့်မည်ဟု ယူဆသည်။ ညီမ အောတင့်စ်နှင့် ယောက်ဖဖြစ်သူ မားကပ်ဝင်းစလိုးတို့ထံ ဂျင်မီကို ပို့ထားပြီး သူတို့အုပ်ထိန်းမှုအောက်မှာ ကြီးပြင်းလာစေနိုင်သည် မဟုတ်ပါလား။

သည်လိုဖြင့် ဂျင်မီကလေး သူ့မအေအလောင်းနှင့်အတူ အင်ဒီယာနာပြည်နယ်ကို လိုက်သွားရှာသည်။ ဟိုကျမှ သူ့အမေကို မြှုပ်နှံသဂြိုဟ်လိုက်သည်။

အဒေါ်လင်မယားနှင့် အတူနေခဲ့သည့် ကိုးနှစ်အတွင်း သူ့အဖို့ တစ်ခုသောပြဿနာက မအေ ဆုံးရှုံးရခြင်းကို စိတ်မှာအထိုင်ကျအောင် ညှိယူရခြင်း ဖြစ်ပါသည်။ သူ၏ဘဝတွင် ကံတရား၏ အကြင်နာမဲ့သောရက်စက်မှုဟု နားလည်ထားသည့် ကြေကွဲစရာအဖြစ်၊ သည်လိုနှင့် ဆယ်တန်းအောင်လာသည်တွင် ဖဲယားမောင့်မှ ထွက်ခဲ့ပြီး သူအင်မတန်မှ သွားတွေ့ခဲ့သည့်ဖခင်နှင့် မိထွေးထံ သွားနေသည်။ နောက် စန်တာမော်နီကာတွင် တက္ကသိုလ်တက်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com





တက္ကသိုလ်ပညာသင်ရခြင်း၊ သဟာယအသင်း ဝင်ရခြင်းဆိုသည်မှာ စရိတ်ကြီးလှသည်။ ထို့ကြောင့် ငွေကြေးဘက်က သူ့မှာ မလိုက်နိုင်ရှာ။ ကိုယ့်ကိုယ်ကို ပိုင်ဆိုင်လိုသည့်ဇောကလည်း ကြီးလှသည်။ သည်မှာ နှစ်မျိုးစလုံး ကိုယ့်ပခုံးနှင့်ကိုယ် ထမ်းဖို့ဆုံးဖြတ်သည်။ တက္ကသိုလ်မှာ အလုပ်အကိုင်ရှာဖွေရေးဌာန ရှိသည်။ ဌာန၏အကူအညီဖြင့် သူတတ်ကျွမ်းသည့် ရုပ်ရှင်ပြစက် ကိုင်တွယ်ပုံအတတ်ကို အသုံးချဖို့ ဖြစ်လာသည်။တက္ကသိုလ်၌ လက်တွေ့သင်ကြားမှုပိုင်းတွင် ရုပ်ရှင်ပြစက်ကိုင်သူအဖြစ် ဝင်လုပ်သည်။ ထိုမှ ရသည့်ငွေကလေးဖြင့် ကျူရှင်ဖိုး၊ စာအုပ်ဖိုးတွေအတွက် တတ်နိုင်လာသည်။ သဟာယအသင်းထဲ ဝင်လိုက်သည်။ သို့သော် တက္ကသိုလ်ရှိ'ဆစ်ဂမာနူး'ရိပ်သာ တွင်နေရခြင်း၊ ပညာသင်ရခြင်းက သူ့အတွက် စရိတ်ကြီးနေသေးရာ၊ ငွေကြေးက ပြတ်ပြီးရင်း ပြတ်လို့သာ နေတော့သည်။ သို့သော် စိတ်ပျက်ညည်းညူနေခြင်း ရှိပုံမရခဲ့ပါ။

"ဒီမယ်ဗျာ။ ခင်ဗျားနှင့် ကျွန်တော်နှင့်ဆိုရင် အတွဲညီမယ်ဗျာ"

သူကစပြီး အကြံပြုလာသည်။ သူနှင့် ကျွန်တော် သိပြီး၍၊ တစ်လသာသာ တစ်ညတွင် ဟောလိဝုဒ်မှ ဝက်စ်ဝုဒ်ရွာသို့အပြန်၌ ဖြစ်သည်။ ဘတ်စ်ကားနောက်ပိုင်းမှာ အတူယှဉ်ထိုင်ကြရင်း သူက စပြောခြင်းဖြစ်သည်။ ကားအထဲကမီးရောင်အောက်မှာ သူ့မျက်လုံးပြာလဲ့လဲ့တွေ အားတက်သရောဖြစ်နေပုံ၊ မျက်မှန်ထူထူနောက်ကနေ စိုက်ကြည့်နေပုံ၊ နောက်ပြီး သူ့မျက်လုံးထဲက ရိုးသားမှုကို ချဲ့ပြထားပုံများကို အတိုင်းသား တွေ့နေရပါသည်။

သူ့စကားကို ပြန်လည်အဖြေမပေးခင် ခဏကလေး၌၊ ကျွန်တော် တွေးမိသွားပါသည်။ 'ငါ မိတ်ဖွဲ့ဖို့မရည်ရွယ်တဲ့ငနဲက စပြောလာတာ တစ်မျိုးကြီးပါလား'လို့ တွေးမိသွားပါသည်။

စင်စစ် ဂျုန်နီနှင့် ဂျက်နက်တာတည်းဟူသော ကျွန်တော်တို့၏သူငယ်ချင်းမများကြောင့် ကျွန်တော်တို့နှစ်ဦး ရေစက်ဆုံစည်းရခြင်း ဖြစ်ပါသည်။ ထိုသူငယ်မနှစ်ဦးမှာ တစ်ဦးနှင့်တစ်ဦး အလွန် ရင်းနှီးကြသည်။ ကျွန်တော်တို့နှစ်ယောက်နှင့်အတူ နှစ်စုံတွဲ 'ဒိတ်'လုပ်လေ့ ရှိသည်။

**ဂျင်မီသည်**

**စာပေအကြောင်း၊ နိုင်ငံရေးအကြောင်း၊ ဒါမှမဟုတ်လည်း**

**ဒဿနအကြောင်းတွေ မဆွေးနွေးဘူးသော်လည်း**

**ထိုဘာသာရပ်များတွင်**

**သူ ကောင်းစွာမနှံ့စပ်မှန်း ကျွန်တော်အလိုလို သိနေသည်။**



www.burmeseclassic.com

www.burmeseclassic.com





တစ်ခါမှာ ဖြစ်သည်။ ကျွန်တော်တို့ စိတ်ရှုးပေါက်ပြီး၊ ကြိုတင်ခွင့်ပြုချက်မတောင်းဘဲ၊ ဂျုန်နီတို့ မိသားစုပိုင်ကားနှင့် စန်တာဘာဘာရာတွင် မနက်စာစားရန် မိုင်ကိုးဆယ်အထိ မောင်းချသွားကြသည်။ အပြန်တွင် လော့စ်အိန်ဂျဲလိစ် မြောက်ဘက် ခုနစ်ဆယ့်ငါးမိုင်အကွာတွင် စတတ်တာ မော်တာလောင်ပြီး ခရီးတိုးလိုးတန်းလန်းနှင့် သောင်တင်နေကြ၏။ ကံကောင်းသဖြင့် ဂျုန်နီမိဘတွေက နားလည်မှုရှိသူ၊ သည်းခံခွင့်လွှတ်နိုင်သူတွေ ဖြစ်နေသည်။ သို့သော် ကျွန်တော်တို့လေးယောက်သားမှာ မျက်နှာတွေပူပြီး တစ်ဦးနှင့်တစ်ဦး မဆုံမိအောင် ရက်ပိုင်းလောက် တမင်ရှောင်နေခဲ့ကြသည်။

ကျွန်တော်တို့သည် လမ်းခရီးတွင် သောင်တင်သည့်ရေစက် ပါနေကြဟန် တူပါသည်။ တစ်ချိန်တွင်လည်း ဂျုန်နီမိဘများ မက္ကဆီကို စီးတီးသို့ လေယာဉ်နှင့်သွားရန်အတွက် လေဆိပ်ရှိရာ မက္ကဆီကို အနောက်မြောက် တီအာဝါးနားမြို့သို့ ကားနှင့် လိုက်ပို့ပေးရ၏။ လောစ်အိန်ဂျဲလိစ်သို့ ထိုည အရောက် ပြန်မည်ဟု ရည်ရွယ်သည်။

သို့သော် ဆီးနှင်းတွေ ပိန်းပိတ်အောင်ကျနေသဖြင့်၊ လမ်းတွင် သောင်တင်ကြပြန်သည်။ ထို့ကြောင့် မိုတယ်တစ်ခုဝင်ပြီး အခန်းတွေငှားကာ တစ်ညတာ ဝင်တည်းရသည့်အဖြစ် ဆိုက်ဟော့သည်။ ကျွန်တော်တို့ အစစသန့်ရှင်းသော်လည်း မိန်းကလေးရှင်မိသားစုများဘက်က ထိုအပြစ်ကင်းစင်မှုကို အပြည့်အဝလက်ခံပါသည်ဟူ၍ ကျွန်တော်တို့စိတ်တွင် အကြွင်းမဲ့မဖြစ်ပေါ်မိ။ နောက်ပိုင်းကြာလာသောအခါ ထိုအဖြစ်ကို ပြန်ပြောင်းပြောဖြစ်ကြပြီး ကျွန်တော်တို့တစ်တွေ အူလှိုက်အသည်းလှိုက် ရယ်မောဖြစ်ကြသည်။

ဂျင်မီနှင့်ကျွန်တော်သည် နှစ်စုံတွဲချိန်းတွေ့ခဲ့သော အတွေ့အကြုံတွေကြောင့် အရင်ကထက် ရင်းသည်ထက် ရင်းလာကြပါပြီ။

သူသည် အခါအားလျော်စွာ ငေးတိငေးငိုင်နှင့် မှုန်တေတေဖြစ်နေတတ်သော်လည်း စင်စစ်တွင် စိတ်ထားကောင်းသူဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com





ကျွန်တော်တို့စီးလာသည့် ဘတ်စ်ကား ဘီဗာလီကုန်းမြင့်သာ ဟိုတယ်ကို လွန်ခဲ့ပြီးနောက် ဆန်းဆက်ဗူးလာဘတ်ရိပ်သာ လမ်းမကြီး အတိုင်း ဆောင့်ဆင်းအလာတွင်...

“ကျွန်တော်ပြောနေတယ်ဗျာ။ ကျွန်တော်တို့နှစ်ယောက်ဆိုရင် အတွဲညီမယ်လို့”

“အတွဲ”

“ဟုတ်တယ်လေ။ ကျွန်တော်တို့ တစ်ယောက်အပေါ် တစ်ယောက် လိုက်ဖက်ညီတဲ့ သဘောမျိုး ရှိတယ်မဟုတ်လား။

ကျွန်တော်ဆိုလိုတာက ခင်ဗျားဟာ ကျွန်တော်သိခဲ့တဲ့အရာ အတော်များများကို သိထားတယ်။ ကျွန်တော့်ဘက်မှာလည်း ခင်ဗျားအပေါ် ပြန်ကူညီနိုင်တာ အတော်များများ ရှိတယ်။ အဲသလို ထင်တာပဲလေ။ ပြောချင်တာကတော့ အဲ... တကယ်လို့ ကျွန်တော်တို့နှစ်ယောက် တွဲလိုက်ရင် အင်... ခင်ဗျား သိပါတယ်။ ပူးပေါင်းအင်အားပေါ့။ အဲဒီအင်အားဟာ ကျွန်တော်တို့နှစ်ယောက် ရှေ့ဆက်စခန်းသွားတဲ့နေရာမှာ လွယ်ကူကောင်း လွယ်ကူသွားစေလိမ့်မယ်။ ကျွန်တော်ဆိုလိုတာ အခုညဖြစ်တာကိုပဲ ကြည့်လေဗျာ”

ကျွန်တော်သည် တစ်လကျော်လုံးလုံး ကိုလံဘီယာ အသံလွှင့်ဌာန နံရံကြီးကို ဖြိုဖျက်ဝင်ရောက်ဖို့ ကြိုးစားနေခဲ့သည်။ ကယ်လီဖိုးနီးယားတက္ကသိုလ် ကျောင်းသားတစ်ဦးမှာ ကိုလံဘီယာအသံလွှင့်ဌာနတွင် ဒေ့ကြိုအဖြစ် အလုပ်ရထားသည်။ သူက ပညာသည်လောကအတွင်း ဝင်သည့်နည်းမှာ ဒီလမ်း အလွယ်ဆုံးဖြစ်သည်ဟု ပြောထားခဲ့ဖူး၏။ သို့ဖြင့် စီ ဘီ အက်စ် အသံလွှင့်ဌာန ဒေ့ကြိုအကြီးအကဲ ဖြစ်သူနှင့် ကျွန်တော့်ကို မိတ်ဆက်ပေးသည်။

ထို ပုဂ္ဂိုလ်၏တုန့်ပြန်မှုမှာ အားရစရာရှိသည်။ လက်တစ်ကမ်းအချိန်တွင် ကျွန်တော့်အတွက် အလုပ်တစ်ခုခု ရလာစရာရှိသည်ဟု ဆိုထားဖူးသည်။

ဂျင်မီလည်း ကျောင်းမှ သရုပ်ဆောင်တစ်ဦးက ဟောလိဝုဒ် ဂျယ်ရိဖဲယားဘင့်ရုပ်မြင်သံကြား ကုမ္ပဏီက လူရွေးဒါရိုက်တာတစ်ဦးနှင့် သွားရောက်တွေ့ဆုံဖို့ အကြံပြုထားခြင်း ရှိသည်။ ထိုကုမ္ပဏီမှာ ရုပ်မြင်သံကြားဇာတ်လမ်း အတော်များများအတွက် လူရွေးလျက်ရှိသည်။ လူရွေးဒါရိုက်တာနှင့် သူသွားတွေ့သည်မှာ သည်နေ့ ဒုတိယနေ့ဖြစ်သည်။ သူသည် ထိုပုဂ္ဂိုလ်၏ရုံးခန်းအတွင်း လူကိုယ်တိုင်တော့ မရောက်လိုက်။ လာမည့်အပတ် လာတွေ့ရန် အသေအချာချိန်းလိုက်သည်ကိုတော့ ရလာခဲ့သည်။

ကျွန်တော်သည် စီ ဘီ အက်စ်၌ အလုပ်ရရေးအတွက် အဝင်အထွက်များနေရာ အလုပ်ရုံမှ လူအချို့နှင့် အတော်ကလေး ခင်ခင်မင်မင်ရှိနေပြီ ဖြစ်သည်။ သူတို့က လေ့ကျင့်ပြီး ဘယ်သရုပ်ဆောင် ဆို အရည်အချင်းရှိသူမှန်လျှင် အသေအလဲလိုနေလေရာ၊ ကျွန်တော်ကိုပါ သူတို့အုပ်စုအဝင်ခံဖို့ ဖိတ်ခေါ်ထားသည်။ ထိုအခြေတွင် ဂျင်မီ ရောက်လာသဖြင့် သူ့ကိုပါ စီ ဘီ အက်စ် ထဲ လိုက်လံ

www.burmeseclassic.com





ပြသသည်။ သူတို့က ဂျင်မီ သရုပ်ဆောင်တစ်ယောက်မှန်း သိသွားသဖြင့်၊ လာမည့်အပတ်လွှင့်မည့် ဇာတ်လမ်းအတွက် ဂျင်မီ့ကို ဇာတ်ဝင် အခန်း တစ်ခန်းက စာသားများ ရွတ်ခိုင်းကြည့်ကြသည်။ ဂျင်မီရွတ်ပုံ နိုပ်သဖြင့် ဇာတ်လမ်းအတွက် အရွေးခံသွားရသည်။

ဂျင်မီသည် စာပေအကြောင်း၊ နိုင်ငံရေးအကြောင်း၊ ဒါမှမဟုတ်လည်း ဒဿနအကြောင်းတွေ မဆွေးနွေးဘူးသော်လည်း၊ ထိုဘာသာရပ်များတွင် သူ ကောင်းစွာမနှံ့စပ်မှန်း ကျွန်တော် အလိုလို သိပါသည်။ ကျွန်တော်နှင့် သိကျွမ်းရခြင်းဖြင့် ကျွန်တော့်ထံမှ သူ အကျိုးအမြတ်ထုတ်ယူနိုင်ပါသည်ဟု ဖွင့်ဟဝန်ခံ၏။

"ကျွန်တော်ကို ဒီနေ့ အလုပ်ရုံအထဲသာ ခင်ဗျား ခေါ်မသွားရင် အဲဒီကားကအခန်းအတွက် ကျွန်တော့် ဘယ်တော့မှ အက်ကြောင်း ထည့်နိုင်မှာမဟုတ်ဘူး။ ပြီးတော့ အခု ဒါဟာ တကယ့် အတွေ့အကြုံကောင်း။ သိပြီလား ကျွန်တော်ဆိုလိုတာ"

ကျွန်တော်သည် သူ့ကို ငေးလို့သာ ကြည့်နေမိပါသည်။

"ဒီမယ် ခင်ဗျား ပြောပြောနေခဲ့တယ်။ အေးဂျင့်တစ်ယောက် ထားချင်တယ် ထားချင်တယ်နှင့်။ အစ်ဇာဘယ်လ် လက်သင့်ခံမှာပါ။ ကျွန်တော့်အပေါ်မှာ လိုပေါ့လေ။ ခင်ဗျားက ညိုညိုရယ်၊ ကျွန်တော်က လတ်လတ်ရယ်။ လုံးလုံးကိုမတူတဲ့ နှစ်ယောက်။ ကျွန်တော်ဆိုလိုတာက ဒါပါပဲ"

သူပြောနေသည်မှာ အဓိပ္ပာယ်တော့ ရှိလာ၏။ မက်ကဘက်ပြဇာတ် ကပြနေစဉ်အချိန်က သရုပ်ဆောင်တို့အတွက် အလွတ်ဆောင်ရွက်ပေးနေသည့် အငယ်စားအေးဂျင့်တစ်ဦးဖြစ်သူ အစ်ဇာဘယ်လ် ဒရေးစ်မား ဇာတ်ခုံနောက်က ပေါ်လာသည်။ ဂျင်မီ ကပြသွားပုံမြင်ရ၍ ဂျင်မီ့အနုပညာအစွမ်းအစကို နှစ်သက်သဘောတွေ့ပါကြောင်း ပြောသည်။ နောက် ကတ်ပြားကလေးတစ်ခု ထားခဲ့ပြီး လူချင်းလာတွေ့ဖို့ မှာသွားသည်။ ဂျင်မီ အချိန်ဖြုန်း မနေခဲ့ပါ။ အေးဂျင့်မနှင့် သူ သွားတွေ့ခဲ့သည်။ စင်စစ် ထိုအမျိုးသမီးမှာ ဟောလီဝုဒ်တွင် ရောမအေးဂျင့်ထဲကတော့ မဟုတ်။ သို့သော် ဂျင်မီ့အတွက်ကတော့ ရောမ။ သူသည် သူ့အေးဂျင့်မကို ကျွန်တော့်အား ယခု ထိုးအပ်နေပြီ။

"ဒီမယ်ဗျာ။ ဟိုတစ်ည ရိပ်သာမှာ ဘီယာမူမူးနှင့်စကားတွေများပြီး ကျွန်တော့်ကို စ, ကြောကြတယ်။ ကျွန်တော့်ကို သူတို့ဦးဆောင်ပြီး လုပ်ပေးချင်တယ်ဆိုတဲ့ဟာကို ကျွန်တော်က သဘောမတွေ့ဘူး ပြောမိလို့။ ဒီမှာ စ,တာပဲ။ ဒီလိုကြောတာ စိတ်ထဲ မခံနိုင်ဘူးလေ။ အထက်တန်း ကျောင်းသားဘဝကလည်း ဒီလိုပဲ ဖြစ်ခဲ့ဖူးသေးတယ်။ အဲဒီချာတိတ်ကို ဆူးတစ်ချောင်းကောက်ကိုင်ပြီး ဆော်ထည့်လိုက်တာ တစ်ခါတည်း ကျောင်းက အထုတ်ခံရရော"

"ဘီယာ မူးပွဲမှာကော ဘာတွေဖြစ်ကြလဲ"

"ငနဲတစ်ကောင်ကို ကျွေးပစ်လိုက်တယ်လေ"

ကျွန်တော်သည် သူ့ကို လက်ဆွဲနှုတ်ဆက်လိုက်ချင်စိတ် ဖြစ်သွား၏။ ဒါမှမဟုတ်လည်း တံဆိပ်တစ်ခု ပေးလိုက်ချင်မိ၏။



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com





"ခင်ဗျားနှင့်ကျွန်တော် နေစရာတစ်ခု အတူရှာကြရင် ကောင်းမလားလို့။ စန်တာမော်နီကာ အနီးတစ်ဝိုက်မှာ ဈေးပေါပေါ အခန်းအသေးစားကလေးတွေ အတော်များများ ရှိနိုင်တယ်။ ကျွန်တော်တို့ အခုကုန်ကျနေတာထက်စာရင် ဈေးလည်း ပေါရမယ်ဗျာ။ နှစ်ယောက်မျှ, နေနိုင်တာမျိုးလည်း ဖြစ်ရမယ်ဗျာ။ အဲဒါ ဘယ်လိုသဘောရသလဲ"

သူ့ကို မျက်နှာထားပြုံးပြုံးနှင့် ပြောလိုက်၏။

"ဂျင်မီ။ ခင်ဗျားပြောတာ မှန်နိုင်စရာ ရှိပါတယ်။ ကျွန်တော်တို့ အတွဲညီကောင်း ညီနိုင် ပါတယ်ဗျာ"

ဂျင်မီ သာသာကလေး ရယ်သည်။ လက်ကို ဆန့်တန်းပေးသည်။ အဓိကစက်ရုံကြီး နှစ်ခုပူးပေါင်းလုပ်ကိုင်ကြဖို့ သဘောတူချက် နောက်ဆုံးရသွားကြသော စက်မှုလုပ်ငန်းရှင်သူဌေးကြီးနှစ်ဦးလို လက်ဆွဲနှုတ်ဆက်လိုက်ကြသည်။

ကျောင်းဆီ ရှေ့ရှုပြီး ဘတ်စ်ကား မောင်းလာခိုက် ဂျင်မီပြတင်းပေါက်အပြင် ဟင်းလင်းပြင်ထဲသို့ တစ်သမတ်တည်း စိုက်ကြည့်ရင်းပါလာသည်။ အတော်ကြာမှ ကျွန်တော်ဘက် ဆတ်ခနဲ လှည့်ပြောသည်။

"အခု ဒါကို ကျွန်တော် ဘယ်သူ့မှ မပြောမိသေးဘူး။ လူတွေကြားရင် ငကြောင်လို့ ပြောလိမ့်မယ်ထင်တယ်။ ဒါကြောင့် ဘယ်သူ့မှ မပြောဖြစ်ခဲ့တာ။

"လက်ထဲမှာ ဘာမှမရှိဘဲ လွတ်ဟာတဲ့ခံစားမှုမျိုး ခင်ဗျားမှာ ဖြစ်ဖူးသလား။ ဆိုလိုတာက ခင်ဗျားမှာ တစ်စုံတစ်ရာ လုပ်ကိုင်စရာရှိနေတာကို သိရုံသိနေရက်နှင့် အဲဒီအပေါ်မှာ တတ်နိုင်အောင် ပြုပြင်တဲ့ အထိန်းအချုပ် မရှိတာမျိုးလေ။ ကျွန်တော် ကိုယ့်ဟာကိုယ် သိသလောက်တော့ ကျွန်တော့်မှာ တစ်ခုခု လုပ်စရာရှိနေတယ် ဆိုတာပဲ။ ဘာလဲဆိုတာတော့ ကျွန်တော်လည်း အတိအကျ မသိဘူးပေါ့လေဗျာ။ အချိန်တန်လာရင်တော့ သိမှာပေါ့။ ဘာပဲဖြစ်ဖြစ် မှန်ကန်တဲ့အရာကို မအုပ်မိမချင်းတော့ ကျွန်တော်တော့ ဆက်ကြိုးစားနေမှာပဲ။ ကျွန်တော်ဆိုလိုတာ သိတယ်နော်။

"ကျွန်တော် ရုပ်ရှင်မင်းသား ဖြစ်ချင်တယ်ဆိုတာ ကျွန်တော့်ဟာကျွန်တော် သိပါတယ်။ အဲဒါနှင့် ဆင်တူပါတယ်။ ဒါမဟုတ်သေးဘူး။ ဒီလောက်နှင့်လည်း မဟုတ်သေးဘူး။ ရုပ်ရှင်မင်းသားတစ်ယောက် ဒါမှမဟုတ် ဒါရိုက်တာတစ်ယောက် သာမန်အထဲက မဟုတ်ဘဲ လူတော်တစ်ယောက် ဖြစ်ရုံနှင့်တောင် မလုံလောက်သေးဘူး။ အဲဒီထက်ကို အများကြီးသာလွန်ဖို့ လိုသေးတယ်။

"ကျွန်တော် အထင်ပြောတာနော်။ လူတွေဟာ အစစ အားစိုက်ထုတ်လို့ကတော့ မတတ်နိုင်တဲ့အရာ မရှိပါဘူးဗျာ။ ခက်တာက ကိုယ်အလိုရှိတာကို မရစေအောင် ရုပ်တန့်သွားစေတဲ့ တစ်ခုတည်းသောအရာဟာ ကာယကံရှင်ကိုယ်တိုင်ဗျ။ ကိုယ်သွားတဲ့လမ်းကြောင်းမှာ အဆီးအတားအတော်များများကို ကိုယ်ကိုယ်တိုင်ပဲ လုပ်တာပါ။ အောင်မြင်ရမှာကို ကြောက်တာနှင့် တူနေတယ်။ ဒါ ဘာကြောင့်ဆိုတာ တစ်နည်းနည်းတော့ ကျွန်တော် သိတယ်ထင်တာပဲ။ အောင်မြင်မှုနှင့်အတူ သွားတာလေ။ အောင်မြင်မှု ကြီးမားလေလေ တာဝန်ယူရမှု ကြီးမားလေလေပဲ။ ဒါပေမယ့် လူတွေဟာ ဒီလိုတာဝန်ယူမှုမျိုး အလိုမရှိကြပါဘူးဗျာ။



www.burmeseclassic.com

www.burmeseclassic.com





"ဒါပေမယ့် ကျွန်တော်တွေးမိတယ်။ မိမိသာ တကယ်တမ်း မကြောက်ရင်၊ ပန်းတိုင်တစ်ခုဆီကို ရှေ့ရှုဦးတည်မယ်ဆိုရင် အဲဒီကို ရောက်ကိုရောက်ဖို့ ရှိတယ်။ အရာရာကို မိမိဆီမှာ မိမိပတ်လည်မှာ ဖြစ်ခွင့်ပေးရင်း လောကကြီးကို လက်သင့်ခံလိုက်တာနှင့် ကိုယ် ဘယ်တုန်းကမှ ဖြစ်လာမယ်လို့ အိပ်မက်မထားတဲ့အရာမျိုးတွေ ဖြစ်လာတာပါပဲ။

"ဒါကြောင့် ဒီတစ်ခုတော့ ကျွန်တော် စွဲကိုင်ထားတော့မယ်။ ကျွန်တော် သရုပ်ဆောင်ကောင်း တစ်ယောက် ဖြစ်ရုံတော့ အလိုမရှိဘူး။ အကောင်းဆုံးဖြစ်တာတောင် အလိုမရှိသေးဘူး။ ရှင်သန်သည် ထက် ရှင်သန်ရှင်သန်သွားပြီးတော့ ဘယ်သူမှ ကျွန်တော့်ကို အလှမ်းမမီနိုင်အောင် ရှင်သန်သွားတာမျိုးပဲ အလိုရှိတယ်။ ဒါဟာ တစ်ခုခုကို သက်သေထူပြဖို့ မဟုတ်ပါဘူး။ ဘဝတစ်ခုလုံးပုံအောပြီး တစ်ခုသော အရေးအတွက် ကိုယ်သွားရမယ့်နေရာကို သွားတာသက်သက်ပါ။

"ဒါ ရူးကြောင်ကြောင်နိုင်တာ၊ အတ္တဗဟိုပြုတာ၊ ဒါမှမဟုတ် တစ်မျိုးတစ်မည်နိုင်တာလို့ ခင်ဗျားအဖို့ ထင်စရာပဲ။ ကျွန်တော်တော့ လူတစ်ယောက်အတွက် ကြီးကျယ်မြင့်မြတ်ဖို့ ပုံသဏ္ဌာန် အစစ်ဆိုတာဟာ တစ်ခုတည်းရှိတယ် ထင်တာပဲ။ ရှင်ခြင်းနှင့် သေခြင်းကြားက အကွာအဝေးကို ဆက်ပေးနိုင်ရင်၊ ဆိုလိုတာကဗျာ၊ သေလွန်ပြီးတဲ့နောက်တောင် ရှင်သန်နေနိုင်တယ်ဆိုရင် ဒါ သူ တကယ်ကြီးကျယ်မြင့်မြတ်တဲ့သူ ဖြစ်ကောင်းဖြစ်လို့ပဲ။

"လူတွေ အောင်မြင်မှုအကြောင်းပြောတဲ့နေရာမှာ ထိပ်ဆုံးရောက်အောင် တက်လှမ်းနိုင်တဲ့ အကြောင်းသာ ပြောနေတာပါ။ အမှန်က ထိပ်ဆုံးဆိုတာ မရှိပါဘူး။ ဘယ်နေရာ ဘယ်စခန်းမှာမှ မရပ်ဘဲ ဆက်လို့ဆက်လို့သာ တက်လှမ်းသွားဖို့ပါ။ ကျွန်တော်အဖို့တော့ အောင်မြင်ခြင်းအစစ်ဆိုတာဟာ လူတစ်ယောက်အတွက် သေဆုံးခြင်းကင်းမှုအထဲမှာပဲ ရှိတယ်။ လူသမိုင်းမှာ သူ့လုပ်ရပ် အမှတ်ထင်ထင် တင်ကျန်ခဲ့ဖို့၊ လူ့လောကထဲမှာ ရာစုနှစ်တွေနှင့်ချီပြီးခံမယ့် တစ်စုံတစ်ရာကိုထားခဲ့ဖို့ အဲဒါသာ ကြီးကျယ်မြင့်မြတ်ခြင်းပဲလေ။

"ကျွန်တော်ကတော့ ကျွန်တော်တို့ ဖြစ်တည်နေတဲ့ သေးနုပ်နုပ်လူ့လောကထဲကနေ ရှင်သန်ထွက်သွားချင်တယ်။ ကိုယ့်နောက်မှာ တစ်လောကလုံး ထားခဲ့ချင်တယ်။ အရေးမပါတဲ့ အရာကိစ္စကလေးတွေအပေါ် တွေးနေကြရတဲ့ အတွေးသေးနုပ်နုပ်လေးတွေ၊ နောင်အနှစ်တစ်ရာကြာရင် မေ့ပျောက်သွားမယ့်အရာကိစ္စတွေ အားလုံးပေါ့လေ။


"တစ်နေရာရာမှာ ပြင်ညီတစ်ခု ရှိတယ်။ အရာခပ်သိမ်း ခိုင်ခံ့ပြီး အရေးကြီးတဲ့ပြင်ညီ။ အဲဒီပြင်ညီအထိ ရောက်အောင် တက်လှမ်းသွားပြီးတော့ အစစပြီးပြည့်စုံ ခြင်း။ ကျွန်တော်သိနေတဲ့နေရာ ဒီလောကဇာတ်ရုပ်ကြီးတစ်ခုလုံး အချိန်ယူပြီး ပြုပြင်သင်ကြားမယ်သာဆိုရင် ဖြစ်လာသင့်ဖြစ်လာထိုက်တဲ့နေရာ။ အဲဒီနေရာကိုပဲ ရှာဖွေဖို့ ကြိုးစားတော့မယ်ဗျာ။

"ကဲ... အခုချက်ချင်းလက်ငင်းကိုပဲ ကျွန်တော် အဆံမပါဘဲ လေလုံးကြီးနေပြီပဲ။ ဘယ်လောက်တောင် ရူးကြောင်ကြောင်ကောင်ဆိုတာ ခင်ဗျား မြင်ပြီလေ"



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com





"အဖော်တစ်ယောက် ထပ်တွေ့တာပါ"

ကျွန်တော်တို့သည် ပြောလိုက်ပြီး နှစ်ဦးသား ရယ်မိကြသည်။

ဘတ်စ်ကားပေါ်ကဆင်းခဲ့ပြီး ကျောင်းဆီလျှောက်လာရင်း သူ ပြုံးမိသေးသည်။

ကျွန်တော်တို့နှစ်ဦးသားမှာ သင့်ရာတော်ရာ အပတ်မင့် အခန်း ရှာပုံတော် ဖွင့်သည့်အနေဖြင့် စန်တာမော်နီကာလမ်းများပေါ်တွင် ထောင့် စေ့စေ့ကြည့်ရင်း လျှောက်လာကြသည်။

တွေ့သည့်အခန်းတွေက ဈေးလည်း မပေါ၊ ကောင်းလည်း မကောင်းဖြစ်နေသည့်ချည်း တွေ့သောအခါ၊ တဖြည်းဖြည်း အချဉ် ပေါက်လာသည်။

ထိုနေ့အဖို့ အခန်းရှာခြင်းကိစ္စ လက်လျှော့တော့မည် ပြုခါနီးကျမှ၊ ဝင်းအဖြူနှင့် သန့်သန့် ပြန့်ပြန့် အပတ်မင့်ကလေးတစ်ခုရှေ့ ရောက်သွားမိကြသည်။ အခန်းငှားဖို့ရှိသည်ဟု ဆိုင်းဘုတ် ချိတ်ထားသည်။

အိမ်ရှင်မိန်းမကြီးမှာ အသက် ငါးဆယ်သာသာဝန်းကျင် ရှိသည်။ နွေးထွေးလှိုက်လှဲမှု ရှိသည်။ အခန်းထဲ ဝင်ကြည့်ခွင့်ပေးသည်။

"အဲဒါပဲ သူငယ်တို့ရယ်။ ခု လောလောဆယ် လူပျိုခန်းဆိုလို့ ဒီတစ်ခန်းပဲ ရှိတာ။ အားတောင် နာပါရဲ့" ပြောကာ ပရိဘောဂနွမ်းနွမ်းနှင့် ခပ်မှောင်မှောင်အခန်းကလေးကို သော့ပြန်ခတ်သည်။ ကျွန်တော်တို့ကို ခြံဝအထိ ပြန်လိုက်ပို့သည်။

"ဒီမယ်ကွယ်... ခဏနေကြဦး"

ကျွန်တော်တို့ လမ်းဆီအရောက်တွင် အဒေါ်ကြီး လှမ်းခေါ်သည်။ ကျွန်တော်တို့ဆီ ခပ်သွက် သွက်လျှောက်လာရင်း...

"အဒေါ့်မှာ ဒီအပြင် ပြစရာရှိသေးတယ်။ မင်းတို့ ကြိုက်မှာပဲ။ အဲဒီအခန်းငှားဖို့ အဒေါ်တို့မှာ အစီအစဉ်ရှိတာ မဟုတ်ဘူးကွယ်။ ဒါပေမယ့် မြင်ရင် မင်းတို့ သဘောတွေ့ နှစ်သက်လိမ့်မယ်လို့ အဒေါ်ထင်တယ်။ ကြိုက်မယ်ဆို မင်းတို့ကို ပေးငှား မငှား အဒေါ့်ယောက်ျားသဘော မေးရဦးမှာကွယ့်။ ကိုင်း... ဒီလမ်းအတိုင်းသာ လိုက်ခဲ့ကွယ်"

သူခေါ်ရာအတိုင်း တိုက်နောက်ဘက်က လူသွားစင်္ကြံလမ်းမြောင်အတိုင်း ပါသွားကြသည်။

ကျွန်တော်တို့ရှေ့တွင် ပေါ်လာသည်ကတော့ ပင့်ဟောက်စ်အငယ်စား



www.burmeseclassic.com

www.burmeseclassic.com





အပတ်မင့်အခန်းကလေး။ ရှေ့မျက်နှာစာမြင်ကွင်းကတော့ တိုက်ခေါင်မိုးတွေ၊ သစ်ပင်ထိပ်ဖျားတွေ၊ ဟိုအောက်က လူဘဝ၏ ထိပ်ဖျားတွေချည်း ဖြစ်နေပုံရသည်။

အခန်းအထဲဝင်ရာ တံခါးပေါက်က ပုံမှန်မဟုတ်ဘဲ နိမ့်လှသည်။ ငါးပေလောက်ပဲ ရှိသည်။

အပတ်မင့်တွင် အခန်းသုံးခန်းဖွဲ့ထားသည်။ စပိန်သို့မဟုတ် မက္ကဆီကို ဗိသုကာ လက်ရာမျိုးဖြင့်၊ အနုပညာမြောက်မြောက် ပြုလုပ်ထား၏။

"ဒီအခန်းကလေးဟာ အဒေါ်အချစ်တော်ကလေးလေ။ အဒေါ်က အနောက်ဗာဂျိနီယား တက္ကသိုလ်က ပန်းချီဘာသာရပ်နှင့် မဟာဝိဇ္ဇာဘွဲ့ ယူခဲ့တာ။ အချိန်တိုင်းလိုလိုမှာ ဒီအခန်းကလေးကို သ,နေတာကွယ့်။ အဒေါ့်ဝါသနာ တစ်မျိုးပေါ့လေကွယ်"

'ကျွန်တော်တို့ ကြိုက်ရဲ့လား'ဟု အဒေါ်ကြီးက မေးနေစရာ မလိုပါ။ ဒီနေရာကလေး၏ ညှို့ဓာတ်သည် ဂျင်မီကိုလည်း ဖမ်းစားထားပါပြီ။

ဂျင်မီသည် အခန်းတွေအထဲ မြူးတူးစွာ ဝင်ထွက်သွားလာပြီး၊ ဒီဟာ ထိကိုင်ကြည့်၊ ဟိုဟာ ပွတ်သပ်ကြည့်၊ ပါးစပ်က အကုန်လျှောက်မေးနှင့် လုပ်နေသည်။ သူ့အတွက် လုပ်ပေးထားသည်များ မှတ်နေသလား မသိ။ အိပ်ခန်း၊ လူနေခန်း၊ အိမ်ရှေ့ခန်းရှိအိပ်ရာ ဆိုဖာ ကုလားထိုင် စသည်များတွင် လှဲကြည့်သည်။ ထိုင်ကြည့်သည်။ အမျိုးမျိုး လုပ်သည်။

အပတ်မင့်အပြင် နေဆာလှုံမျက်နှာစာကွက်လပ်ကို ထွက်ကြည့်သည်။ နောက် လှစ်ခနဲ ပြန်ခုန်ဝင်လာပြီး၊ ပြတင်းပေါက်တိုင်းကနေ အပြင်ရှုခင်းကို ကြည့်သည်။ ရေပန်းကို သွားဖွင့်ကြည့်သည်။ ရေခဲသေတ္တာ ဖွင့်ကြည့်သည်။ အာဗင်မီးဖိုအထဲ ခေါင်းလျှိုသွင်းပြီး ကြည့်သည်။ ကြောင်အိမ်တွေ လိုက်ဖွင့်ကြသည်။ အပတ်မင့်ခန်းကလေးကို တစ်လက်မမကျန် အကုန်နံ့နှစပ်စပ် လိုက်လံစစ်ဆေးပြီး နောက်ဆုံးကျမှ၊ လူနေခန်းကြမ်းပြင်အလယ်တွင် ဖင်ထိုင်ချလိုက်သည်။

"ကျွန်တော်တို့ ဒီအခန်း ယူမယ်ဗျာ"ဟု အားပါးတရပြောသည်။ နောက်မှ ကလေးသူငယ် တစ်ယောက်လို အသံမျိုးဖြင့် "အဒေါ့်ယောကျ်ား အိုကေရင်ပေါ့ဗျာ"ဟု ထပ်ဖြည့်လိုက်သည်။

အဒေါ်ကြီးသည် သူ့ယောကျ်ားသဘောမေးရန် ထွက်သွားပြီ။ သည်မှာ နှစ်ယောက်သား ခေါင်းချင်းရိုက်ရတော့သည်။

အခန်းခက ကျွန်တော်တို့ တတ်နိုင်သည်လို့ မှန်းထားသည်ထက် ပိုများနေသည်။ များပင်များသော်လည်း ဒီနေရာကလေးက ကျွန်တော်တို့ ရည်မှန်းထားသည့်ဘဝများ စဖို့ ပြီးပြည့်စုံခြင်းမက ပြီးပြည့်စုံနေတာကြောင့်၊ ကျွန်တော်တို့သွားလမ်းမှာ ငွေလို အရာကလေးတစ်ခု 'ခ'နေသည်ကို ရှိပါစေဟု နှလုံးပိုက်လိုက်သည်။

အဒေါ်ကြီး ပြန်ရောက်လာချိန်မှာ ငွေဆိုတာတစ်နည်းတစ်ဖုံတော့ ပေါ်လာလိမ့်မည်ဟု ကျေကျေနပ်နပ်ကြီးသဘောပိုက်လိုက်ပြီ ဖြစ်သည်။ အဒေါ်ကြီးက သူ့ပင့်ဟောက်စ်ကလေးဟာ ကျွန်တော်တို့အခန်းကလေး ဖြစ်သွားပြီလို့ ပြောသောအခါ၊ ကျွန်တော်တို့သည် လက်ထဲရှိသမျှ ငွေ တစ်ပြားမကျန် ပျော်ပျော်ကြီးထိုးအပ်လိုက်ကြသည်။ ဘယ်လိုပြောပြော ပထမ တစ်လစာ အခန်းငှားခကတော့ ဖူလုံသွားပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



**သူရင်ဖွင့်ပုံနှင့် အမူအရာတို့က သိမ် မွေ့ပြီး ကလေးဆန်ဆန် ဖြစ်နေသဖြင့် သူ ကြွားလုံး ထုတ်တာတွေကို လူတစ်ဘက်သား အောင့်သီးအောင့်သက် ဖြစ်တာ၊ ငြီးငွေ့စရာဖြစ်ရတာမျိုး မရှိ။**



ထိုအပတ်ထဲ၌ကြုံရသည့် မြူးတူးစရာအဖြစ်များသည် အနာဂတ်ဖြည့်ဆည်းမှုအတွက် ယုံကြည်မှုတွေ ပေးပါသည်။

'ဂျယ်ရီဖဲယားဘင့်' ရုပ်မြင်သံကြားကုမ္ပဏီ လူရွေးဒါရိုက်တာက လာမည့် ရုပ်မြင်သံကြားဇာတ်လမ်းတွင် သူ့ကို ဇာတ်ရုပ်တစ်နေရာ အတွက် ကတိပေးလိုက်ပြီဖြစ်ကြောင်း ဂျင်မီက ပြောသည်။

သူပြောပုံက တက်တက်ကြွကြွ အားပါးတရ မရှိ။ သို့သော် သူသည်လည်း ကြည်နူးခြင်း၌ယစ်မူးနေပါသည်။ ယခုလို ကံလိုက်နေကြခြင်းမှာ ပင့်ဟောက်စ်အခန်းကလေးကြောင့် ဖြစ်သည်ဟုယူဆပြီးအကျေနပ်ကြီး ကျေနပ်၏။

လ အတော်ကြာက ရုပ်ရှင်သရုပ်ဆောင် ဂျိမ်းစ်ဝှိုက်မိုးနှင့် ကျွန်တော် မိတ်ဆက်ပေးခံထားရဖူးသည်။

သူနှင့် အကြိမ်ကြိမ်ဆွေးနွေးဖူးသည့်အကျိုးကြောင့် ကျွန်တော့်စိတ်တွင် အကြံအစည် တစ်ခုအစို့ပေါက်လာသည်။ ထို့ကြောင့် ဝှိုက်မိုးထံ တယ်လီဖုန်းလှမ်းဆက်ပြီး ချိန်းလိုက်သည်။

ကျွန်တော်က သူ့ကို ရှင်းပြရသည်။ လော့စ်အိန်ဂျယ်လိစ်တက္ကသိုလ်တွင် တကယ်အလေးအနက်ပညာလိုလားကြသော လူငယ်သရုပ်ဆောင်သင်တန်းသား အများအပြားရှိကြောင်း၊ သို့သော် သူတို့ကောလိပ်ကျောင်းသင်ရိုးညွှန်းတမ်းအရ၊ သရုပ်ဆောင်ပညာ လေ့ကျင့်ပေးမှုအပိုင်းတွင် ဆီလျော်မှုမရှိသည့်အတွက် မကျေမလည် ဖြစ်နေကြကြောင်း၊ ခေတ်မီတိုးတက်သော သရုပ်ဆောင်သင်တန်းတစ်မျိုးမျိုး သီးသန့်ဖွင့်လှစ်ပေးဖို့ တောင်းဆိုသည့်အသံပင် ဖြစ်ကြောင်း၊ ကျွန်တော်တို့ သရုပ်ဆောင်သင်တန်းသားအားလုံး မိမိတို့အနုပညာရပ် ဖွံ့ဖြိုးရေးအတွက်၊ သင်ကြားတတ် မြောက်လိုသည့်အာသာဆန္ဒရှိကြကြောင်း၊ သို့သော် ရှင်သန်ဖွံ့ဖြိုးဖို့အတွက် လက်တွေ့နည်းနာဘက်က ခေါင်းပါးနေကြောင်း။



www.burmeseclassic.com

www.burmeseclassic.com





“ကျွန်တော် ဦးတည်ပြောချင်တာက၊ သင်တန်းတစ်ခုခုကို ဦးဆောင်ပေးဖို့ မလိုလားဘူးလား ခင်ဗျား။ တစ်ဆိတ်လောက် ကျွန်တော်တို့တစ်တွေကို သင်ကြားပို့ချပေးပါလား”ဟု နီဂိုးချုပ်လိုက်သည်။

“ဒါပေမယ့် တစ်ခုတော့ ရှိတယ်နော်”ဟု သူက သတိပေးသည်။

“ခင်ဗျားတို့တွေက ကျုပ်ကို ဆရာတစ်ယောက်အဖြစ် သဘောမထားဖို့ဆိုတာပဲ။ ဆရာအစား လမ်းညွှန်သူအဖြစ်နှင့်သာ ကျုပ်က ပိုတူမှာပါ။ ကျုပ် တတ်သိခဲ့ တာတွေကိုပြသဖို့ပေါ့လေဗျာ။ အဓိကအကျဆုံးပြောရရင် ကျုပ်ကိုယ်တိုင်လည်း ခင်ဗျားတို့တတွေနှင့် အတူလက်တွဲပြီး လေ့လာဆည်းပူး သွားမယ်လို့ပဲ ပြောကြရအောင်ဗျာ”

ထိုကိစ္စ ဆယ့်ငါးမိနစ်အတွင်း ပြီးပြတ်သွားသည်။

ပင့်ဟောက်စ်ကလေးသို့ပြောင်းရွှေ့နေထိုင်ကြသည့်၊ ပထမပိုင်း သီတင်းပတ်တွေအတွင်း ဂျင်မီနှင့် အချိန်တော်တော်များများ အတူရှိကာ တစ်ယောက်အကြောင်း တစ်ယောက် ပိုသိလာကြသည်။

သူ့တွင် ပင်ကိုဇာတ်ခံအားဖြင့် တစ်စုံတစ်ခုရိုးသားတာ ရှိသည်။ ထိုတစ်စုံတစ်ခုက ကျွန်တော့်ကို သူနှင့် အလွယ်တကူ ‘ပလဲနံ့ပ’ ဖြစ်စေသည်။ လူအတော်များများတွင် ထုံးစံအတိုင်း ကိုယ့်ကိုယ်ကိုယ် အရေးပါအရာရောက်ကြောင်း ပြသသည့်မျက်နှာစာတွေ ရှိတတ်သည်။ သူကတော့ သူ၏ မိသားစုရေးရာ နောက်ခံအကြောင်းများဖြင့် ကျွန်တော်အထင်ကြီးစရာဖြစ်အောင် ဘယ်တုန်းကမျှ မလုပ်။ သူ၏စွမ်းဆောင်မှု တစ်ချို့တလေကိုသာ အကြောင်းသင့်လျှင် ရှည်ရှည်ဝေးဝေးပြောသည်။ ဥပမာ အင်ဒီယာနာပြည်နယ်အဆင့် ပထမတန်းစား ဘတ်စကက်ဘောသမားဖြစ်သည့်အကြောင်း၊ သို့မဟုတ် ချောမောကြသည့် မိန်းကလေးအတော်များများအပေါ် သူ ဆွဲဆောင်နိုင်ခြင်း ရှိခဲ့သည်ဆိုသည့် အကြောင်း၊ သို့မဟုတ် မော်တော်ဆိုင်ကယ်တစ်စီးရှိခဲ့ကာ မော်တော်ဆိုင်ကယ် အစီးတော်သူတစ်ဦးဆိုသည့်အကြောင်းတွေ ဖြစ်သည်။ ဤ အပိုင်းကလေးများကို လက်မထောင်ပြီး ပြောသည်မျိုးမဟုတ်။ သူ ကြုံဆုံခဲ့၍ အမှတ်ထင်ထင် ကြည်နူးခဲ့ရသည်များအပေါ် စိတ်ထဲတွင် ညင်ညင်သာသာ ပြန်လည်လူးလွန့်သည့်သဘောထား ဖြစ်သည်။

နောက်ပြီး သူ ရင်ဖွင့်ပုံနှင့်အမူအရာတို့က သိမ်မွေ့ပြီး ကလေးဆန်ဆန်ဖြစ်နေသဖြင့်၊ သူကြွားလုံးထုတ်တာတွေက လူတစ်ဘက်သား အောင့်သီးအောင့်သက်ဖြစ်ရတာ၊ ငြီးငွေ့စရာ ဖြစ်ရတာမျိုး မရှိ။


ဂျင်မီသည်၊ သူရင့်ကျက်ဖို့ လိုအပ်သည်ကို သတိပြုမိပြီး၊ ဒီအတွက်တစ်ခုခုလုပ်ဖို့ အမြဲအားထုတ်လျက်ရှိသည်။

နောက်ပြီး၊ ကျွန်တော်တို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက်၊ ပြဇာတ်အမျိုးမျိုးအထဲမှ ဇာတ်ပိုဒ်များ အသံထွက်ပြီး ဖတ်ပြကြသည့်အကျင့် ရှိသေးသည်။ ဇာတ်စာပေနှင့်ရင်းနှီးကျွမ်းဝင်မှု ရှိလာအောင် အားထုတ်ခြင်းဖြစ်သည်။ တစ်ပိုင်းကလည်း ဂျင်မီ နှုတ်လျှာ အသံထွက် ပိုင်နိုင်တက်အောင်လုပ်ခြင်း ဖြစ်သည်။ သူ့နှုတ်လျှာကိစ္စမှာ အသည်းကြီးမဟုတ်သည်ကို မကြာခင် တွေ့လာရသည်။



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com





ထိုအတောအတွင်း အချိန်းအချက်ကိစ္စများ လူရွေးဒါရိုက်တာနှင့်တွေ့ရန် ချိန်းထားသည်များ၊ လူရွေးပွဲဝင်ဖို့ အစမ်းတိုက်ရသည်များ စသည်ဖြင့် ဗျာများနေကြသဖြင့်၊ ယူ စီ အယ်လ် အေတွင် သင်တန်းပျက်တာတွေ များလာသည်။ ကျွန်တော့်အဖို့က စတုတ္ထနှစ်ဆုံးခါနီးလုနေပြီမို့ အတန်းပျက်သည့်ကိစ္စ မထောင်းတာလှ။ သူမှာသာ စိတ်ဝင်စားမှု လျော့ပါးလာတာရယ်၊ ကျောင်းတက် မှတ်တမ်းညံ့လာတာရယ်အတွက် တညည်းညည်း ဖြစ်နေသည်။ သည်အထဲ ယူ စီ အယ်လ် အေမှ တင်ဆက်သော Dark of the Moon ပြဇာတ်အတွက် မျှော်မှန်းထားသလို ဇာတ်ရုပ် အရွေးမခံရဘဲ အပယ်ခံရပြန်သောအခါ ခါးခါးသီးသီး စိတ်အပျက်ကြီး ပျက်သွားတော့သည်။ ကဇာတ်အနုပညာဌာနက သူ့အပေါ် လုပ်လိုက်သော မတရားမှုသည် ကျောင်းအပေါ် စိတ်ဝင်းစားမှု လျော့ပါးလာခြင်းအတွက် သူ့ဘက်က အကောင်းဆုံးဆင်ခြေပေးစရာအချက် ဖြစ်လာတော့သည်။

တစ်ညတွင် ဘရင့်ဝုဒ်ကန်းထရီးမတ်ဆိုင်တွင် ဂွိုက်မိုး၏သရုပ်ဆောင်သင်တန်း ပထမဆုံး မိတ်ဆုံပွဲတက်ရန် ကားနှင့်မောင်းလာရင်း…

"ဘယ်လိုပဲ ဖြစ်ဖြစ်ပေါ့ဗျာ။ ကဇာတ်အနုပညာဌာနမှာ နေရတာထက် အခု ဒီသင်တန်းတက်ရမှာက အများကြီးသာလိမ့်မယ်ဆိုတာ ကျွန်တော် လောင်းရဲတယ်"ဟု ပြောသည်။ သူ့ ခံစားချက်အတိုင်း ထပ်တူမကျသူဆို၍၊ ကျွန်တော်တို့ သင်တန်းသားကိုးယောက်ထဲမှာ တစ်ယောက်မျှ မရှိ။ ပါရမီပါသူမိန်းကလေး တစ်ယောက်ဆိုလျှင် "ကျွန်မကတော့ စိတ်ထဲမှာ ဒါဟာ 'နောက်ဆုံး တရားစီရင်ဆုံးဖြတ်တဲ့နေ့'နှင့် တူနေတယ်လို့ ခံစားနေရတယ်။ ကျွန်မဆိုတာက ဒီကနေ ပညာမရတဲ့ အဖြစ်နှင့်ကြုံရရင် ဘာဖြစ်မလဲ ဆိုတာကိုပါ"

ဂွိုက်မိုးရောက်လာသည်။ သူကတော့ အေးအေးဆေးဆေးပင်။ ပါးစပ်အဟောင်းသား ဖြစ်နေကြသော ခပ်ထုံထုံခပ်ထိုင်းထိုင်း လူသားကိုးဦးကို သူ ရင်ဆိုင်လိုက်သည်။ ညင်သာစွာ၊ ဖြည်းဆေးစွာ၊ ညက်ညောစွာ ကျွန်တော်တို့အား ဖြည်လျှော့ပေးသည်။ ကျွန်တော်တို့အား နွေးထွေးသွားစေသည်။

စကားအပြန်အလှန်ပြောပုံက ရိုးရိုးရှင်းရှင်းကလေးရယ်။ ဟာသကလေးကလည်း စွက်လိုက်သေးသည်။ ယုံကြည်စိတ်ချမှု၊ စိတ်ရှည်သည်းခံမှု ဒါတွေကား သူ၏လက်နက်များပေတည်း။ ကျွမ်းကျင်လိမ္မာသော လက်မှုပညာရှင်တစ်ယောက်လို ကျွန်တော်တို့ကို ဆွဲထုတ်သည်။ ပထမတွင် အုပ်စုလိုက်၊ နောက် ပုဂ္ဂိုလ်တစ်ဦးချင်းအလိုက်၊ နောက်တစ်နာရီအတွင်း ကျွန်တော်တို့အားလုံး သူ၏လူများ ဖြစ်သွားပြီ။ ကိုင်တွယ်ရ ပျော့ပျောင်းသွားပြီဖြစ်သော၊ ပေးသမျှ ခံယူနိုင်စွမ်းရှိသွားပြီ ဖြစ်သော အဆင်သင့်သမားများ ဖြစ်သွားပြီ။

www.burmeseclassic.com

www.burmeseclassic.com





"သရုပ်ဆောင်ပညာ သင်ကြားတယ်ဆိုတာ ကလေးကစားစရာအလုပ် မဟုတ်ဘူး။ ဒီတော့ ချစ်ခန်းကြိုက်ခန်းအပိုင်းကို မေ့ထားလိုက်ပါ။ သရုပ်ဆောင်ခြင်းဟာ ကျွမ်းကျင်လိမ္မာတဲ့ အတတ် တစ်ခုပဲ။ တကယ်လေးနက်တဲ့ ပညာရပ်ခင်ဗျ။ အတတ်ပညာရပ်တစ်ခု သင်ကြားတတ်မြောက်ဖို့ဆိုတာ ကိုယ့်ကိုယ်ကို အဟပ်တည့်အောင် အသုံးချရတာပဲ။ အချိန်ယူရတယ်။ လေ့လာဆည်းပူးမှု ပေးရတယ်။ အလေ့အကျင့် ပြုရတယ်။ သည်းခံ ဖွဲ့ ရှိရတယ်။ ဒါတွေအားလုံးထက် ပိုအရေးကြီးတာက ပြင်းပြင်း ထန်ထန် အပတ်တကုတ်အားထုတ်ခြင်းပဲ။ ပြီးတော့ ချွေး၊ သွေးပေါ့။ အောင်မြင်မှုနောက် လိုက်နေတာ ဆိုရင်တော့ သရုပ်ဆောင်ဖို့ သင်ကြားရုံနှင့် တွေ့မှာမဟုတ်ဘူး။ သရုပ်ဆောင်ခြင်းအထဲမှာတောင် တွေ့နိုင်မယ် မဟုတ်ဘူး။ တစ်ခုတော့ ရှိတယ်။ ဖြည့်ဆည်းပေးခြင်းအသိ၊ ပုဂ္ဂလိကကျေးဇူးပြုခြင်း အသိနှင့်ဆိုရင်တော့ဖြင့် ဒီလောကမှာ ဒီထက် ကိုယ်ပေးစွမ်းနိုင်တဲ့ပညာရပ်ရယ်လို့ မရှိဘူး။ ဒါ ကျုပ်ခံစားမိပုံ ပြောတာနော်။

"မိမိဟာ ကိုယ်ကျွမ်းကျင်လိမ္မာတဲ့ အတတ်အပေါ်မှာ အလေးအနက်အပ်နှင်းထားပြီး ပုံလဲ ကျတဲ့အထိ ကြိုးစားရမှာပဲ။ နောက် လူးလဲပြီး ရှေ့ဆက်ကြိုးစားရမှာပဲ။ ကိုယ့်ကိုယ်ကို သရုပ်ဆောင် တစ်ယောက်ဖြစ်ပြီလို့ ဆိုနိုင်ဖို့ အသင့်အနေအထား ရောက်ရှိသွားတဲ့အချိန်မှာ အများက ဝိုင်းဩဘာ ပေးတာကိုတောင် အမှုမထားနိုင်လောက်အောင် ခြေကုန်လက်ပန်းကျလိမ့်မယ်။ ဒါပေမယ့် တကယ့်ကို အရသာတွေ့တယ်။ ဘာနှင့်တူသလဲဆိုတော့ ပင်ပင်ပန်းပန်းလုပ်ပြီးလို့ တစ်ကိုယ်လုံး ကြွက်သားတွေ အထိမခံနိုင်အောင် နာကျင်နေသလိုမျိုး။ နာတာမှ တော်တော်နာတာပါ။ ဒါပေမယ့် အရသာ ရှိစွာ နာတာပါ။

"ကျုပ်တို့ အခု အလုပ်လုပ်ကြတော့မယ်။ ဒီအတွက်ပဲ ဒီမှာ အားလုံးစုရုံးကြတာလေ။ ကျုပ်ကတော့ ခင်ဗျားတို့ကို သင်ပေးနိုင်လောက်အောင် အရည်အချင်းမပြည့်ဝပါဘူး။ ဒါပေမယ့် ကျုပ်တတ်ခဲ့သမျှ လက်ဆင့်ကမ်းပေးလို့တော့ ရတယ်။ သရုပ်ဆောင်ခြင်းကို ကျုပ်မြင်တဲ့အတိုင်း ကြိုးစားရှင်းလင်းပြပါမယ်။ ဒီနည်းဟာ အဓိပ္ပာယ်ရှိချင်လည်း ရှိမယ်၊ မရှိချင်လည်း မရှိဘူးပေါ့။ ဒါကလည်း ကျုပ်အပေါ် တစ်ပိုင်းတည်သလို ခင်ဗျားတို့အပေါ်လည်း တစ်ပိုင်းတည်ပါတယ်။ ကျွန်တော်တို့ ကံလိုက်မယ်ဆိုရင် တစ်စုံတစ်ခုတော့ ဖြစ်ထွန်းနိုင်ပါတယ်"

ထိုပထမညတွင် သရုပ်ဆောင်ပညာ ဘာသင်ခန်းစာမျှ မသင်သေး။ တစ်ဦးနှင့်တစ်ဦး အကြောသိအောင် လုပ်နေရခြင်း၊ ကျွန်တော့်တို့ခေါင်းထဲမှာ အဓိပ္ပာယ်မရှိသောအတွေးအခေါ်များကို ဖယ်ရှားနေရခြင်း စသဖြင့် အချိန်စားသွားသည်။

www.burmeseclassic.com

www.burmeseclassic.com







www.burmeseclassic.com

www.burmeseclassic.com





ပင့်ဟောက်စ်ကလေးသို့ ပြောင်းလာပြီး၊ သိပ်မကြာခင်၊ ဂျင်မီက သူရေးထားသည့်ပန်းချီ ကားတစ်ချပ် ထုတ်ယူလာပြသည်။ ဆီဆေးကား ဖြစ်ပါသည်။ လူတစ်ယောက်ပုံ ဆွဲထားခြင်းဖြစ်သည်။ ထိုလူမှာ ကိုယ်ပေါ်တွင် ကြောက်စရာအသွင် အစိမ်းရောင်အရေပြားမှလွဲ၍ ဘာဆိုဘာမှမပါ။ ညွန့်ပြင်ထဲတွင် ခါးဆစ်အထိ နစ်လျက်သား ရပ်နေသည်။ ညွန့်ပြင်ကြီးက ရှည်လျားလှသည့် မိလ္လာပိုက်လို ဥမင်ကြီးတစ်လျှောက် စီးနေ၏။ ဥမင်မှာ အနီးအဝေးသဘောဖြင့်၊ ဟိုးအဝေးတွင် သေး၍သွားလေသည်။ ထိုလူ့ခေါင်းမှာ အပေါ်မော့နေပြီး လက်တစ်ဖက်က မြှောက်ထားသည်။ ကယ်ပါယူပါ တစာစာအော်ဟစ်နေသည်မျိုး။ တဖြည်းဖြည်းဖြင့် အိကျပျော်ဝင်သွားပြီး၊ ညွန့်ပြင်ကြီး ဖြစ်မှန်းမသိ ဖြစ်နေသည့်ပုံ ဖြစ်သည်။

နောက် ပြသည့်လက်ရာက ကြီးလှသောဆေးလိပ်ပြာခွက်ကြီး ဖြစ်သည်။ လူ သရော်ပုံကား ဖြစ်သည်။ ခေါင်း၊ လက်မပါသော ကိုယ်ထီးသက်သက်က ဆေးလိပ် ခွက်အောက်ခြေပိုင်း ဖြစ်သည်။ ကိုယ်သက်သက်မှနေ၍၊ ကြက်ပေါင်စေးလို ရန်းကြွသော လက်တံရှည်နှစ်ချောင်း ထွက်နေသည်။ လက်တွေက ဆေးပြင်းလိပ်ကြီးတစ်လိပ်နှင့် မီးတံငွေ့ငွေ့ရှိသော စီးကရက်တွေ အတော်များများ ကိုင်ထားသည်။ လူခေါင်းကတော့ ကြက်ပေါင်စေး ရန်းကြွ လည်ပင်းရှည်ရှည်ပေါ်မှာ ရှိသည်။ ထို လည်ပင်းက ပြာခွက်အလယ်ကနေ ထိုးထွက်နေခြင်း ဖြစ်သည်။ ခေါင်းတွင် ကြီးလှသည့် ပါးစပ် ပေါက်ကြီးကလွဲပြီး ဘာမှ မပါ။ ပါးစပ်ပေါက်ကလည်း၊ အမှန်တော့ ခေါင်းအထဲ တိုးလျှိုးပေါက် ဝင်သွားသော အပေါက်ကြီးသာ ဖြစ်သည်။ ခေါင်းအထဲ သို့မဟုတ် ပါးစပ်အထဲသို့ ဆေးပြင်းလိပ်ကြီး လုံးလုံးဝင်နေကာ ဆေးလိပ်ခိုးတွေ နေရာအနှံ့ အူနေသည်။

ဂျင်မ့်ထိုလက်ရာမှာ စပိန်ပန်းချီကျော် ဒါလီ့လက်ရာတွေနှင့်တူလှသည်။ ဒါလီရေးခြယ်ဖန်းတီးခဲ့သော ရွှဲ့စောင်းစောင်းတွန့်လိမ်လိမ် ပုံရိပ်တွေ၊ အတွေးတွေထဲက အရာတို့မှာ လော်မာသော ကျွန်တော်တို့လူ့လောကကြီးအဖို့ ဘယ်တစ်ခုမှ အသစ်အဆန်းလုံးလုံး ဟုတ်ပုံမရ။ သို့သော် ဂျင်မီ၏ ထိုအချိန်ကအတွေးမှာ လော်မာသောပြင်ပလောကမှ အကန့်အသတ်အတွေ့အကြုံကြောင့် သူ့ပုံရိပ် တွေသည် ထော်လော်ကန့်လန့်ဖြစ်နေခြင်း ဖြစ်သည်။

ဂျင်မီလက်ရာက သေသပ်ကျနပြီး၊ ပန်းချီဗီဇ တစ်စုံတစ်ရာပြသော်လည်း အာရုံပါလှအောင် ဆွဲဆောင်ရည်တွေ မရှိ။ သို့သော် အကြောင်းအရာဘက်ကတော့ စိတ်ဝင်စားမှုကို ဖမ်းစားနိုင်သည်။

ပင့်ဟောက်စ်ကလေးသည် စာပေလေ့လာသင်ကြားမှု၊ အသိဉာဏ်ပိုင်းအတွက် အပတ်တကုတ် အားထုတ်ရာ မြင်ကွင်းတစ်ခု အမြဲဖြစ်နေ၏။ ထိုနည်းအတူ ဘဝတည်ဆောက်မှုအတွက် ပျော်ပါး ခေါ်လှုပ်ရှားရာ အခြေစိုက်အိမ်ဂေဟာကလေးလည်း ဖြစ်ပေသည်။ ဂျင်မီသည် သူ့အေးဂျင့်မ အကူအညီဖြင့် လူရွေးဒါရိုက်တာနောက်သို့ ပျော်ပျော်ရွှင်ရွှင် လိုက်လျက်ရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com





စၟာႏွမၨင်ဇာချင်း ပထမလခအတွက် ပေးလိုက်ရကတည်းက၊ ဂျင်မီမှာ ရှိသမျှ ပြုတ်ပြုတ်ပြွန်းခဲ့ပြီ။ အလုပ်အကိုင်ရဖို့ လိုအပ်သည့် ဓာတ်ပုံတွေ ရိုက်ရ၊ တစ်ခြား ဗာဟီရ ကုန်ကျရနှင့်ဆိုတော့ သူ့ခမျာ ဖြူခါပြာခါကျနေပြီ။ ပြီးခဲ့သည့်အပတ်က ကျွန်တော်ထံမှ အသေးသုံးငွေ မဆွဲမဖြစ် သူ ဆွဲခဲ့ရသေး၏။ ယခုပြက္ခဒိန်တွင် ငွေပေးချေဖို့ကိစ္စလည်း ပေါ်လာသည်။

သည်တုန်းမှာ ဂျယ်ရီဖဲယားဘင့် ရုပ်ရှင်စတူဒီယိုမှ တယ်လီဖုန်းလှမ်းဆက်သည်။ လာမည့်အပတ်ထဲရိုက်မည့် ဘာသာရေးကားအတွက် သူ့ကို ရွေးထားပြီဖြစ်ကြောင်း အကြောင်းကြားသည်။ ဂျင်မီသည် မိန်းကလေးတစ်ယောက်၊ နှစ်အဒမ် (ထိုစဉ်က နာမည်မကြီးသေး) ဆိုသော လူတစ်ယောက်နှင့် ရုပ်မြင်သံကြား အချိုရည် စီးပွားရေး ကြော်ငြာတစ်ခု ရိုက်ဖူး၏။ ကြော်ငြာကားဖြစ်လင့်ကစား ဂျင်မီက ထိုကားကို သူ၏ပထမဆုံးသော အသက်မွေးဝမ်းကျောင်း အလုပ်အဖြစ် သဘောပိုက်ကာ အတော်ကြီး စိတ်လှုပ်လှုပ်ရှားရှားဖြစ်ခဲ့သည်။

သည်လိုနှင့် ရုပ်ရှင်ရိုက်မည့်ရက် ရောက်လာသည်။

ဘာသာရေးကားမှရသော သရုပ်ဆောင်ခငွေသည် အခန်းငှားခ နောက်တစ်လအတွက်ကတော့ ဖူလုံသွားပါသည်။

ဂျင်မီတစ်ယောက်လည်း တစ်ဆိတ်ရှိ စိတ်ဓာတ်ကျသည့်သတ္တဝါ ဖြစ်၍နေပါသည်။ အနည်းဆုံး တစ်နေ့တစ်ခါလောက်တော့ တုဏှိဘာဝေ ဆိတ်ဆိတ်နေသည့်အဖြစ်သို့ အမြဲဆိုက်သည်။ ဒီလို ဖြစ်ရသည်မှာ ပထမကားရိုက်ပြီးနောက် ခါးပြတ်သွားတာကြောင့်လည်း ဖြစ်နိုင်ပါသည်။ ဒါမှမဟုတ်လည်း ဆက်ကာဆက်ကာပေါ်နေသော ရန်ပုံငွေပြတ်လပ်မှုကြောင့်ပဲ ဖြစ်မည်။

ဘယ်လိုပဲဖြစ်ဖြစ် သူ့ခမျာ စိတ်ခံစားနေရရှာပါကလားဆိုတာ သိနေရပြီး ကျွန်တော်ကလည်း ဘာမျှ လုပ်မပေးနိုင်သဖြင့် ကျွန်တော့်မှာ စိတ်အနှောင့်အယှက်တော့ ဖြစ်ပါသည်။ ဝေါကိ သူ့ အခန်းထဲမှာ ထိုင်ပဲထိုင်နိုင်လွန်းသည်။ နာရီနှင့်ချီကြာအောင် ပြင်ထည်တစ်ခုတည်းကို တွေ၍ စိုက်ကြည့်ပြီး ထိုင်နေတတ်သည်။ ဂျင်မီ၏နက်ရှိုင်းလှသော ဤ တိတ်ဆိတ်လွန်းမက တိတ်ဆိတ်ချက်များသည် အာရုံသွင်းမှု လေ့ကျင့်ခန်းတွေများ ဖြစ်နေရော့သလား။



www.burmeseclassic.com

www.burmeseclassic.com





ဂျင်မီ ညဥ့်နက်နက်တွေမှာ လမ်းလျှောက်ထွက်သောအခါ၊ ကျွန်တော့်မှာ သူ့အတွက် စိတ်ပူမိလာပြန်သည်။ ဆိပ်ကမ်းရှိ ဗင်းနစ်အပန်းဖြေပိုင်ယာစခန်းသာအထိ လျှောက်ချသွားတတ်သည်။ အဲသည်မှာ လူတွေကို နာရီများစွာ ထိုင်ကြည့်နေတတ်သည်။ ပိုင်ယာရေဆင်းဆိပ်ခံပေါ်တွင် လူငယ်အတွဲတွေ မြူးထူးကစားနေကြသည်ကို တစ်အောင့်လောက် ကြည့်မည်။ ကလေကချေ အရက်သမားတို့ မူးမူးနှင့် မပီသပြောဆိုနေသည်များကို လေ့လာချင်လေ့လာမည်။ စိတ်နှလုံး အေးချမ်းဖွယ်ကောင်းသော အပန်းဖြေစခန်းသာနေရာတို့တွင် အထိတ်တလန့်ဖြစ်အောင် လုပ်တတ်သော အခြေမဲ့အနေမဲ့ လူငယ် ငတေငပေများကို ပုံကြမ်းထိုင်ရေးချင် ရေးမည်။ နောက် သူ့ကိုယ်သူ လုံးဝမေ့လျော့သွားပြီး ထိုလူငယ်တွေထဲ ခိုးကြောင်းခိုးဝှက် ရောပါချင်ပါသွားမည်။ အမူးသမားတစ်ယောက်ယောက်နှင့် ခွက်လှည့်သောက်ချင်သောက်မည်။ အမူးသမားတစ်ဦးဦးနှင့် ကော်ဖီအတူသောက်ရင်း စကားစမြည် ထိုင်ပြောချင် ပြောနေမည်။ သို့မဟုတ်လည်း လူငယ်ငတေငပေ တစ်ယောက်ယောက်နှင့် ပိုင်ယာ ရေဆင်းဆိပ်ခံပေါ်တွင် တစ်ခုခုကို စိန်ခေါ်ပြီး ကစားချင်ကစားမည်။ တစ်ခါတစ်ရံ သူ ထွက်လမ်း လျှောက်သည်မှာ နံနက်အရုဏ်လင်းသည်အထိ ဖြစ်သွားတတ်သည်။ ပြန်ရောက်လာလျှင် အိပ်ရာထဲသို့ ခြေပစ်လက်ပစ်ကျသွားကာ မောမောပန်းပန်း ကျေကျေနပ်နပ် အိပ်ပျော်သွားတတ်လေသည်။

အိပ်ရာမှ နိုးလာလျှင် အမြဲပင် ဖျိုးဖျိုးဖျတ်ဖျတ်ပြန်ဖြစ်နေတတ်၏။ စိတ်ကျနေလျှင်လည်း နာရီ အနည်းငယ်လောက်ကြာလျှင် ပြန်ကောင်းလာတတ်သည်။ သူ၏အငေးအငိုင်အမူအကျင့်တွေက ဖြုန်းစားကြီးပေါ်လာသလို ဖြုန်းစားကြီး ပြီးပျောက်သွားတတ်သည်။

စီ ဘီ အက်စ်က အချိန်ပိုင်းအလုပ်ကလေးထဲတွင် နှစ်ထားသည်။ ယူ စီ အယ်လ် အေ အတန်းတွေကိုလည်း မှန်မှန်သွားတက်သည်။ သူသည်လည်း အလုပ်အကိုင်ရရေးအတွက် ဟိုဟိုသည်သည် လိုက်နေရသည်။ သို့သော် မအောင်မြင်။

နေ့စဥ်နေ့တိုင်း ကျွန်တော်တို့နှစ်ဦး သူ့အဖေပေးထားသည့် ၁၉၃၉ ခုနှစ်ထုတ် ချက်ပလက်ကားဟောင်းကြီးပေါ်တက်ပြီး ဟောလိဝုဒ်သို့သွားကြသည်။ ကျွန်တော်က အပြန်အလှန်သဘောဖြင့် ကျွန်တော့်အလုပ်သို့ အပို့အကြိုအတွက် ဓာတ်ဆီခ ကျခံမည်ဟု နားလည်မှုယူထားသည်။ သည်တော့လည်း သူ့အဖို့ ရုပ်ရှင်စတူဒီယို တစ်ခုမှတစ်ခုသို့ ပြေးရလွှားရတာအတွက် ဓာတ်ဆီကိစ္စ ဟန်ကျသွားလေသည်။

သိပ်များမကြာခင် ငွေကြေးကိစ္စ ခေါင်းခဲစရာ ဖြစ်လာသည်။ ဂျင်မီ့ငွေ အတော်များများကလည်း ပြောင်တလင်းခါနေပြီ။ ကျွန်တော့်မှာ ရှိသမျှကလည်း ဓာတ်ဆီခက တတိတိဝါးနေပြီ။ လက်ကျန်ငွေကလည်း စားသောက်စရာဝယ်ရလောက်အောင် မလောက်င။ ကျွန်တော်တို့ကြောင်အိမ်ထဲ ပြောင်တလင်းခါနေသည်မှာ ရက်တွေနှင့်ပင် ချီလာပြီ။ ရှိတာကလေးနှင့် ဖြစ်အောင် စားရလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





သည့်စပ်ကြားမှာ ဖြေသာစရာကလေးတစ်ခု မိန်းကလေးတစ်ဦးထံမှ ရသည်။ စီ ဘီ အက်စ် အသံလွှင့်ဌာနတွင် သိကျွမ်းထားသည့်မိန်းကလေး ဖြစ်သည်။ သူ့နာမည်က ဘီဗားလီး ဝီးလ်စ်။ နာမည်ကြီး အမျိုးသမီးဟာ သပညာရှင် ဂျုန်ဒေဗီး၏သမီး။

ဘီဗားလီးကိုယ်တိုင် စီ ဘီ အက်စ်မှ အပတ်စဉ်လွှင့်နေကျ ရေဒီယို ဟာဒယရှင်ဆေးကဏ္ဍတွင် သရုပ်ဆောင်နေသူဖြစ်သည်။ ကော်ဖီသောက်ရင်း၊ ကျောင်းပျော်ပွဲစားတစ်ခုထွက်ရင်း စကားစမြည်ပြောမိကြ ပြီးနောက်တွင် ဘီဗားလီးနှင့်ကျွန်တော် အတော်ကလေး အဖွဲ့ကျထားသည်။ သူ့ အမေ၏အိမ်ဂေဟာတွင် အခါအားလျော်စွာ ဖိတ်ခေါ်ကျွေးမွေးသော ညစာစားပွဲများကို ကျုံ့လို နေသောကျွန်တော့်ဘိုက်က လိုလိုလားလားကြိုဆိုခဲ့ပါသည်။

ကံကောင်းချင်တော့ ဘီဗားလီးတွင် သူငယ်ချင်းမတစ်ယောက် ရှိသည်။ ထိုသူငယ်ချင်းမှာလည်း ဂျင်မီနှင့် အတွဲဖြစ်လာသည်။ နှစ်စုံတွဲ ဒိတ်လုပ်၍ ထွက်ကြသည်။ ထို ဒိတ်လုပ်ပွဲများမှာ ဘီဗားလီးတို့ရေကူးကန်တွင် ရေကူးကြသည်သာ များသည်။ ဘီဗားလီးကျွေးတာ စားလိုက်၊ သူ့အမေကျွေးတာ စားလိုက်၊ ဘီဗားလီးရုပ်မြင်သံကြားစက် ထိုင်ကြည့်လိုက်၊ သူ့အမေ၏အရက် သောက်လိုက်နှင့် ရှိသည်။ အပြင်လူတစ်ယောက်ယောက် အမြင်နှင့်ဆိုလျှင် ဘီဗားလီးဧည့်ခံတာ လွန်လွန်းလှချည်းလားဟု ထင်စရာ ဖြစ်နေပါသည်။ အမှန်လည်း လွန်လွန်းပါသည်။ ကျွန်တော်တို့ ဘီဗားလီးအပေါ် ဘယ်လောက်ကျေးဇူးတင်သည်ဆိုတာ ဘီဗားလီးကလည်း သိပါသည်။

ဤအချိန်တွင် ကျွန်တော်မိခင်က ကျွန်တော်ထံ အလည်အပတ်လာဖို့ ဆုံးဖြတ်လိုက်သည်မှာ ဘုရားသခင်မ,စမှုပင် ဖြစ်ပါသည်။ အမေသည် ကျွန်တော်တို့ကြောင်အိမ်ထဲ ဗလာနတ္ထိဖြစ်နေသည်ကို မြင်သွားသည်နှင့် ဆူပါမားကတ်ကနေ မျက်စိထဲတွေ့သမျှ ဝယ်ချလာသည်။ ကျွန်တော်ဖြင့် ကြောက်တောင်ကြောက်လာသည်။ ရေခဲသေတ္တာနှင့် ကြောင်အိမ်မှာ ဝယ်လာသမျှ ပစ္စည်းတွေရဲ့အလေးချိန်ကို ခံမှခံနိုင်ပါ့မလားလို့။ အမေသည် ပေကျံနေသော ကျွန်တော်တို့အပတ်မင့်ကလေးကို ဆေးကြောခြင်းအမှု တန်းပြုတော့သည်။ ညစဉ်ညတိုင်းလည်း ဘားကလေးပေါ်တွင် ဖွယ်ဖွယ်ရာရာစားစရာများ စီမံပေးထားသည်။

အမေက ဂျင်မီကို လွတ်လွတ်လပ်လပ် သက်သောင့်သက်သာဖြစ်အောင် ဖန်တီးပေးသည်။ သူ့အခန်းဖော်၏မိခင်ဖြစ်သူ အမျိုးသမီးကြီးတစ်ဦးနှင့် သီတင်းပတ်အတန်ကြာ အတူနေထိုင်ရခြင်းကြောင့် သူ့အဖို့ ရှုံ့တွန့်တွန့်ကြီး ဖြစ်ကောင်းဖြစ်နေပါက၊ ထိုသို့မဖြစ်ရလေအောင် ပယ်ဖျောက်ပေးသည်။

ပထမတွင် မေမေ့အပေါ် ဂျင်မီသဘောတွေ့ပုံ ရှိပါသည်။ သို့သော် ရက်ကလေး အတော်ရလာတော့မှ အမေ့ကြောင့် သူ့တွင် ကသိကအောင့်ဖြစ်နေသည်မှာ ရှင်းလာသည်။ ဂျင်မီသဘောက



www.burmeseclassic.com

www.burmeseclassic.com





သူ့အတွက် လူတွေက လုပ်ကိုင်ပေးလျှင် ကသိကအောင့်ဖြစ်တတ်သည်။ အထူးသဖြင့် သူမျှော်မှန်း မထားသည့်အရာတို့ကို လုပ်ပေးလျှင် ဖြစ်သည်။ သည်တော့ အမေ့ရက်ရောမှုနှင့်အကြင်နာတို့က သူ့ကို မအီမသာ ဖြစ်စေလေတော့၏။ လူတစ်ဘက်သား ကိုယ့်အပေါ်ကောင်းသည်ကို လက်ခံ လိုက်ရတာနှင့်အတူ လိုက်ပါသွားရသောရိုကျိုးခြင်းကို ဂျင်မီ မနှစ်ခြိုက်။ သူက သူ့ဘက်က တုန့်ပြန်အသိအမှတ်ပြုသောအားဖြင့် ဘာမျှပြန်လည် မပေးဆပ်နိုင်ဘူးဆိုတာ ကောင်းကောင်းသိသည်။ ကံမကောင်းချင်တော့ အမေ သူ့အပေါ်ဖြည့်ဆည်းပေးနေသည်မှာ သူ့ကို ဝဝစား၊ သန့်သန့်ဝတ်၊ ပျော်ပျော်နေစေလိုသည့် ပုံသဏ္ဌာန်သက်သက် ဖြစ်သည်ကို နားလည်လောက်အောင် သူ မရင့်ကျက်သေး။

မိုးရွာသောနေ့တစ်နေ့တွင် အမေက အပြင်မထွက်တော့ဘဲ အိမ်မှာပဲနေပြီး အပတ်မင့်အခန်းကို ရှင်းလင်းကာ၊ ထိုညနေအတွက် ဖွယ်ဖွယ်ရာချက်ထားမည်ဟု စီစဉ်၏။ ဂျင်မီလည်း ထိုနေ့ တစ်နေ့လုံး အပြင်မထွက်တော့ဘဲ နေတော့မည်ဟုဆုံးဖြတ်သည်။ ကျွန်တော်ကတော့ အလုပ်ဆင်း သွား၏။ စိတ်ထဲတွင် ညနေပြန်ရောက်လျှင် ပျော်ပျော်ရွှင်ရွှင်ဖြင့် ညစာ ဖွယ်ဖွယ်ရာတော့စားရတော့ မည်ထင်၏။ သို့သော် ထိုညနေ ကျွန်တော် အိမ်ပြန်ရောက်သောအခါ၊ အမေ့ကို မျက်ရည်ဝေ့ဝေ့ဖြင့် တွေ့ရ၏။

"မင်းကောင်က တစ်နေ့လုံး အဲဒီဟာပဲ ထိုင်လုပ်နေတယ်ကွယ်"ဟု ငိုယိုပြီး မေမေက ပြောသည်။

"ငါ့မှာ ဘာနှင့်တူသလဲဆိုတော့ လူသေတစ်ယောက်နှင့် အခန်းအထဲ သော့ပိတ်အလှောင်ခံထားရသလိုပဲ။ ငါ သူ့ကို ဘာလုပ်မိတယ်ဆိုတာတော့ မသိပါဘူးသားရယ်။ သူ့ပါးစပ်က တစ်ခုခု ပြန်ပြောရင် တစ်မျိုးဖြစ်ဦးမယ်။ အခုတော့ကွယ် မေမေ့ကို အဟင်း... အဟဲလောက်ပဲ ပြန်ဆက်ဆံတယ်"

ကျွန်တော် အမေ့ကို ဂျင်မီစိတ်အနေအကြောင်းကို ပြောထားဖို့ ပျက်ကွက်သွားခဲ့လို့သာ ဖြစ်ပါသည်။ ထို့ကြောင့် ထိုအချိန်အထိ အမေသူ့အပေါ်နားလည်နိုင်သော အနေအထားမရှိ ဖြစ်ခဲ့ရသည်။ ဘာပဲဖြစ်ဖြစ် အားလုံးအဆင်ပြေချောမွေ့သွားအောင် ကျွန်တော် အတတ်နိုင်ဆုံး လုပ်ရသည်။ အမေကမျက်ရည်သုတ်ရင်း စိတ်ဒုက္ခဖြစ်နေသည့်ကြားထဲက ချက်ပြုတ်စီမံထားသော ညစာ လှလှပပကလေးကို ဘားပေါ်တွင် ပြင်ပေးသည်။


ဂျင်မီကတော့ သူ နမော်နမဲ့ပြုမူမိသည်ကို ဘယ်လိုမှ ခံစားချက်လည်း မပြ၊ တောင်းပန်ခြင်းလည်း မပြု။ ထိုအစား နေရာတွင် ဇွေ့ခနဲဝင်ထိုင်ပြီး၊ အမေ ကျကျနနပြင်ပေးထားသည့် ညစာကိုသာ ခပ်ရိုင်းရိုင်းခပ်ကြမ်းကြမ်း အတင်းကလော် ထည့်စားသည်။

ထိုနောက်ပိုင်းမှစ၍ အမေသည် ဂျင်မီနှင့် အိမ်မှာ အတူမနေမိအောင် လိမ္မာပါးနပ်စွာ ရှောင်တော့သည်။ အမေပြန်သည့်နေ့က မေမေ့ကိုဘူတာသို့ ကျွန်တော်တို့ ကားမောင်းပို့ကြသည်။ ဘူတာတွင် အမေ သူ့ဝန်စည် စလယ်တွေ စစ်ဆေးနေခိုက်၊ ဂျင်မီတစ်ယောက် ဖြတ်ခနဲ ပျောက်



www.burmeseclassic.com

www.burmeseclassic.com


www.burmeseclassic.com

www.burmeseclassic.com





သွားသည်။ ပြန်ရောက်လာသောအခါ 'အမေနေ့'အတွက် အထိမ်းအမှတ်အဖြစ် ချောကလက်တစ်ဘူး အမေ့ကိုလက်ဆောင်ပေးသည်။ သူ့မှာ နောက်ဆုံး ကျန်သောဒေါ်လာဖြင့် ဝယ်ပေးခြင်းဖြစ်သည်။ နောက်ပြီး အမေသဘောကျသော သူ့ဓာတ်ပုံတစ်ပုံကိုလည်း ချော့ကလက်လက်ဆောင်နှင့်အတူ တွဲပေးလိုက်သေးသည်။

*'ဒုတိယ မေမေသို့... အချစ်ဖြင့်... ဂျင်မီ'* ဟူ၍လည်း ဓာတ်ပုံတွင် လက်မှတ်ထိုးပေးသည်။ သူ ကိုးနှစ်သားအရွယ်တွင် သူ့မိခင် ဆုံးပါးသွားသည့်အကြောင်း သိရစဉ်က အမေ လှိုက်လှိုက်လှဲလှဲ စိတ်မကောင်းဖြစ်သွားသည်။ ဂျင်မီ့ဘက်က စိတ်နေသဘော ရုတ်ချည်း အပြောင်းအလဲမြန်သွား သည့်ကြောင့် အမေ့အဖို့ စိတ်တွေတွေဖြစ်ရသည့်ကြားက အမှန်တကယ် စိတ်ထိခိုက်ရခြင်းပင်။ ထိုအချိန်ကာလအထိ အမေသည် ဂျင်မီ့အဖို့ ဒုတိယမိခင်တွေ တစ်သီတစ်တန်းကြီးရှိသည့်အထဲကပင် ပထမစွဲသွားသည်ကို အမေရောကျွန်တော်ပါ မသိခဲ့ကြပေ။

အမေပြန်သွားပြီး နောက်ပိုင်းတွင် ဂျင်မီက ယတိပြတ်သုတ်မှတ်လိုက်သည်။ အစားအသောက်ကဲ့သို့သော လူ့ဘဝ၏ဖိမ်ခံစရာ အရသာကောင်းကလေးများကို ကြိုက်တတ်သည့်အစွဲအကျင့် ပါသွားပြီမို့ ကျွန်တော်တို့၏ထိုအကျင့်ကို အစဉ်တစိုက်မြဲသွားရလေအောင် တစ်ခုခု ထ,လုပ်မှဖြစ်တော့မည်ဟု ဆုံးဖြတ်သည်။ သို့ဖြင့် စီ ဘီ အက်စ် မှ ကျွန်တော့်ဆရာကို အကြိမ်ကြိမ်အခါခါ စည်းရုံးယူတော့မှ ဂျင်မီကို အချိန်ပိုင်းဧည့်ကြိုအဖြစ် ခန့်ထားဖို့ကိစ္စ အောင်မြင်သွားသည်။

ဂျင်မီသည် ယူ စီ အယ်လ် အေသို့ မဝင်မီ နွေရာသီတုန်းက လောအိန်ဂျယ်လိစ်အနီးရှိ စစ်ပညာအကယ်ဒမီတစ်ခုတွင် ကာယနည်းပြဆရာလုပ်ဖူးကာ၊ ထိုအလုပ်ကို နှစ်သက်သဘောကျခဲ့သည်ဆို၏။ သို့သဘောကျသော်လည်း တပ်ဖွဲ့ဆန်ဆန်ဓလေ့ စည်းကမ်းတွေ သူနှင့် တယ်မကိုက်ဟုဆိုသည်။ 'မျောက်ဝတ်စုံ'ဟု သူခေါ်သော ယူနီဖောင်းဝတ်စုံ ဝတ်ရသည်ကိုလည်း ပြောင်ပြောင်ငြင်းသည်။ အထက်လူကြီးများက ညွှန်ကြားသည်ကိုလည်း အမြဲတစေ ကလန်ကဆန်လုပ်သည်။ ထိုအကျိုးဆက်များကြောင့် စီ ဘီ အက်စ်တွင် အရင်က အစဉ်အလာ မရှိသော်လည်း ခန့်ပြီး တစ်ပတ်အကြာမှာ အလုပ်ထုတ်လိုက်သည်။ ထိုအတောအတွင်း သူ့အထက်က လူကြီးတိုင်းကို အမျက်သိုအောင် လုပ်ခဲ့သေးသည်။

'မင်းသူငယ်ချင်း ဒင်း အကြောင်း ပေါ့ကွာ။ ပြောစမ်းပါဦးမယ်'ဟု နှာခေါင်းရှုံ့ပြောလာတိုင်း ကျွန်တော့်မှာ မချိုမချဉ်ပြုံးပြီး ရှောင်ပြေးနေရ၏။ သူတို့ ပြောခွင့်မရလိုက်ပေမယ့် အရာရာကို လက်ခံပြီးသားပါ။ ကျွန်တော့်မှာ စည်းကမ်းနည်းလမ်းတကျ ဖွဲ့စည်းထားသော စီ ဘီ အက်စ် ယန္တရားအတွင်းသို့ ကလေးဆိုးကြီးလိုရှိလှသော ဂျိမ်းစ်ဒင်းအား ခေါ်သွင်းလာမိသည့်အပြစ်ကြီးကျူးလွန်မိပြီဖြစ်သောကြောင့် နောက်ထပ် သည်းမခံနိုင်စရာ အမှားတစ်ခုခုဖြင့် အလုပ်ဖြုတ်မခံရအောင် ကိုယ့်ဘက်က အစဉ်အမြဲ သတိဝီရိယ ထားနေရ၏။ ကျွန်တော်တို့မှာ ထိုသို့ အပြစ်မခံနိုင်လောက်အောင် ငွေက အသေအလဲလိုနေသည် မဟုတ်လား။ ဒီအချိန်မှာ ဂျင်မီကတော့ သူ၏ အမူအကျင့်များကို ညစ်ကျယ်ကျယ် နှလုံးပိုက်လက်ခံကာ အလုပ်လက်မဲ့အနေအထားသို့ တင့်တင့်တယ်တယ် ပြန်လည်လျှောကျသွားပါသည်။



www.burmeseclassic.com

www.burmeseclassic.com





အိုက်စပ်စပ်တစ်ညမှာ ဖြစ်သည်။ ဂျင်မီက ကားကို မောင်း နေကာ ဘီဗားလီးနှင့် ကျွန်တော်က ရှေ့ခန်းမှာ သူ့ဘေးက ပါလာ၏။

"ဒါနှင့် ဘီလ်ရေ၊ ရှင့်ကို ကျွန်မတို့နှစ်ယောက် ပြောစရာ တစ်ခုရှိတယ်"

ဘီဗားလီးက သတိထားပြီး ကျွန်တော့်ကို မကြည့်ဘဲ စကားစ လာသည်။ "ဂျင်မီနှင့် ကျွန်မ ကိစ္စပါ။ ပြောချင်တာကတော့ ကျွန်မတို့ နှစ်ယောက် ချစ်နေကြပြီ"

အတန်ကြာအောင် စကားဆိတ်သွားသည်။ ကျွန်တော့်ဘက်က တုံ့ပြန်စရာရှိလျှင် တုံ့ပြန်ပြောဆိုနိုင်လောက်အောင်သဘော။ ပြောစရာစကားက ကျွန်တော့်မှာ စဉ်းစားမရ။ ခက်သည်က ယခုလို ဖွင့်ဟလိုက်မှုကြောင့် ကျွန်တော့်မှာ တုန်လည်း တုန်လှုပ်မသွား၊ ထိလည်း ထိခိုက်မသွား။ ကားကိုသာ ဆက်၍မောင်းနေသည်။ ငြိမ်ငြိမ်ထိုင်ပြီး ခပ်မဆိတ်သာ နေလိုက်တော့သည်။

"အဲ... ခုတလော ရှင့်မှာလည်း အလုပ်လုပ်ရတာ သိပ်အပြန်နောက်ကျတယ် မဟုတ်လား" ဘီဗားလီးက ထပ်ဆက်သည်။

"ကျွန်မ ရှင်အလာ မျှော်မျှော်နေရတဲ့အချိန်တွေမှာ ဂျင်မီကပဲ လာလာကြိုဖြစ်နေတော့ သူနှင့်ပဲ အချိန်တွေ ကုန်နေရတာလေ။ အဲ... အဲသလို အမြဲအတူ တပူးပူးတကပ်ကပ်ရှိနေကြတော့ ဒီလိုပဲပေါ့ကွယ်"

ကျွန်တော်နှုတ်ဆိတ်နေခြင်းသည် နားလည်ခွင့်လွှတ်ပေးဖို့ မေတ္တာရပ်ခံနေသော သူ့ဇာတ်ကလေးကို ဇာတ်ရှိန်တက်ပေးရာ၌ အောင်မြင်ပါသည်။

"ကျွန်မတို့ ဒါကို မဖြစ်စေရအောင် ကြိုးစားပါသေးတယ်။ ဒါပေမယ့် ဘယ်လိုမှ မတတ်နိုင်ခဲ့ကြဘူး။ ဒါမျိုးဆိုတာတွေက ဖြစ်တတ်ကြတာပဲလေ"

ဘီဗားလီးမှာ ထိုအချိန်က အသက် ဆယ့်ရှစ်နှစ်သာ ရှိသေးကာ၊ ရုပ်ရှင်အတော်များများကိုတော့ ကြည့်ဖူးထားနေပြီ။

"တစ်ဆိတ် နားလည်ပေးပါနော်။ ဒီအတွက်နှင့်ပတ်သက်လို့ ဂျင်မီက ရှင်နှင့် သူငယ်ချင်းအဖြစ်ကနေ ဆုံးရှုံးသွားမှာ အရမ်းစိုးရိမ်နေတာ။ အဲသလိုတော့ ကျွန်မကလည်း မဖြစ်စေချင်ပါဘူး။ ရှေ့လျှောက် သူငယ်ချင်းကောင်းတွေအဖြစ်နှင့် ဆက်လက်သွားတာပဲ ကျွန်မလည်း လိုလားတယ်"

ဒီကိစ္စ ဒီနေရာမှာရပ်မှ ဖြစ်တော့မည်။



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com





"ကိုယ် နားလည်ပါတယ် ဘီဗားလီ။ အရာရာဟာ အရာရာအတိုင်းပဲ ဖြစ်နေပါလိမ့်မယ်လေ"

ကျွန်တော့်တွင် ထိခိုက်နာကျင်မှု မရှိတာကို သူတို့နှစ်ယောက် စလုံးအား သိစေခြင်းဖြင့်၊ အခြေအနေ ပေါ့ပါးသွားအောင် ကျွန်တော် ကြိုးစားနေကြောင်း ခပ်သောသောပြောလိုက်သော စကားပေါ်မှနေ၍ ဂျင်မီ သိနားလည်မည်ဆိုတာ ယုံပါသည်။ သို့သော် သူက ဘာတစ်ခုမျှ တုံ့ပြန်မလာ။ ကားကိုသာ မောင်း၍ နေပါသည်။

သည်မှာ ရယ်ဟဟဖြင့် ဒီကိစ္စ ကျွန်တော်ဘက်မှာ ဘာမျှမဖြစ်ကြောင်း ပြောလိုက်ရမလား စိတ်ကူးမိသေးသည်။ သို့သော် တကယ်ကျတော့ ဘီဗားလီး၏မိန်းမသားမာနကို ထိပါးရာကျသွားမည် စိုးသော စိုးရိမ်စိတ်ဖြင့် ကျွန်တော်ကိုယ်ရှိန်တန့်သွားရပါသည်။

ကျွန်တော်တို့ သုံးဦးသား စိတ်မသက်မသာဖြစ်ရင်းက နှုတ်ဆိတ်ခြင်းကြီးစွာဖြင့် အိမ်သို့ မောင်းလာခဲ့ကြသည်။

စင်စစ် ကျွန်တော်နှင့်ဘီဗားလီးထက် ဂျင်မီနှင့်ဘီဗားလီးက တစ်ဦးနှင့်တစ်ဦး တူညီတာတွေ ပိုရှိကြသည်။ နှစ်ယောက်စလုံးက ဂေါက်ရိုက်တာ ဝါသနာပါသည်။ ရေကူးတာ ဝါသနာပါသည်။ ကစားခုန်စားဆိုလျှင် ဘာမဆို ယေဘုယျ အကုန်ဝါသနာပါသည်။ လေးပစ်နည်း သင်သည့်အထဲ၌ လည်း နှစ်ယောက်အတူ ပါခဲ့ကြသေးသည်။ စင်စစ်တွင် ဂျင်မီ၌ ဒီမိန်းကလေးအပေါ်တွင် နှလုံးသား ရေးရာနှင့် စပ်လျဉ်း၍ စိတ်ဝင်စားမှုဆိုလို့ အနည်းအပါးလောက်၊ ဒါမှမဟုတ် လုံးဝနီးပါး မရှိဘူးဆိုတာ ကျွန်တော် အသေအချာသိပါသည်။ နောက်ပြီး ကျွန်တော်နားလည်ထားတာ ရှိသေးသည်။ ဂျင်မီက ဘီဗားလီးကို စိတ်အကြိုက်ကျစရာ အဖော်ကောင်းအဖြစ် တွေ့ထားသည်။ စိတ်အကြိုက်ကျစရာ ဆိုသည်က ဘီဗားလီးက သူ့ကိုယ်သူ ဖျော်ဖြေစရာအဖြစ် ပေးအပ်သည့်နေရာမှ တခြားမိန်းကလေး တွေထက် ပိုကဲသောနည်းနာတွေ ပါရှိနေတာ ဖြစ်ပါသည်။

ဘီဗားလီးကို ကျွန်တော်တို့ သူ့အိမ်မှာ ဝင်ချထားခဲ့ပြီး ပင့်ဟောက်စ်ကလေးသို့ နှစ်ယောက် သား တိတ်ဆိတ်စွာဆက်မောင်းလာကြသည်။ အိပ်ရာဝင်တော့မည်ဆိုခါမှ ဂျင်မီက ထိုကိစ္စကို ဖွင့်ချပြောလာပါတော့သည်။

"ဒီမယ် ဘီလ်။ ဒီကိစ္စ ဒီလောက်တောင် ကိုယ့်လူ့ဖြစ်နေတယ်ဆိုရင်လည်း ကိုယ် မေ့ပစ်လိုက် ပါမယ့်ကွာ"

"ဂျင်မီရယ်။ ဒီကိစ္စ ကိုယ် ဘာမှ မဖြစ်ပါဘူးကွ။ တကယ်ပါ။ ဖြစ်မှဖြင့် ပြောပြီပေါ့ကွာ။ ဘာမှ ခေါင်းထဲ ထားမနေနှင့်။ ကိုယ်နှင့်ဘီနှင့် ဘာမှ အလေးအနက်မရှိဘူးဆိုတာ ကိုယ်လူ့လည်း ကောင်းကောင်းသိသားနှင့်။ တကယ်ပါ။ ဒီတော့ ဒီကိစ္စ ခေါက်ထားလိုက်စမ်းပါကွာ"

သူသည် ကျွန်တော်၏ အရိုးခံရှင်းပြချက်ကို လက်ခံသွားပုံရကာ၊ အပြစ်ကင်းကင်းရှင်းရှင်း ဖြင့်သွားအိပ်သည်။

www.burmeseclassic.com

www.burmeseclassic.com





နောက်နေ့မနက်ရောက်သောအခါ၊ ဘီဗားလီးကို ကျွန်တော်တို့ သွားတွေ့ပြီး စန်ဖာနန်းဒိုး တောင်ကြားရှိ ဗန်ညူအိုင်းသို့ ကားမောင်း သွားကြသည်။ ဗန်ညူအိုင်း တရားရုံးတွင် ဂျင်မီအစစ်ခံစရာ ရှိသည်။ လအတော်ကြာက ဂျင်မီသည့် ပင့်ဟောက်စ်ကလေးသို့ ပြောင်းရွှေ့ရာတွင် သူပိုင်ပစ္စည်း ပစ္စယတွေသယ်ဖို့ သူ့ဖခင်ထံမှ ငှားသုံးသောကားကို ပြန်အပို့၌ သတ်မှတ်မိုင် ကျော်လွန်မောင်းမှု ပြစ်ဒဏ်ဖြင့် ဒဏ်ငွေဆောင်ရန် ယာဉ်ထိန်းရဲ၏ ဒဏ်ဆောင်လက်မှတ် အပေးခံရထားရသည်။ ထို ဒဏ်ဆောင် လက်မှတ်ကို သူက ပေါ့ပေါ့ဆဆလုပ်နေခဲ့သည်။ မူလဒဏ်ဆောင်ကြေးက ဒေါ်လာ တစ်ဆယ်သာ ဖြစ်သည်။ ယာဉ်ထိန်းဌာနက နို့တစ်စာတစ်စောင် ရောက်လာတိုင်းရောက်လာတိုင်း ဒဏ်ကြေးတက်တက်သွားလိုက်သည်မှာ နောက်ဆုံး ကြက်သီးထစရာ နှစ်ဆယ်ငါးဒေါ်လာကြီး များအထိ ဖြစ်သွားသည်။ နောက်ဆုံး နို့တစ်စာထုတ်လိုက်သည်မှာ ဆယ်ရက်အတွင်း ရုံးတော်သို့ မလာရောက်ပါက၊ ဖမ်းဝရမ်းထုတ်တော့မည်ဟု သတိပေးထား၏။ ဒီကိစ္စ သူ့ကို တော်တော် ထိသွားစေသည်။ ဒါကြောင့် သူ အားရှိအောင် ဘီဗားလီးနှင့်ကျွန်တော်ကို အဖော်ခေါ်ခဲ့ခြင်း ဖြစ်သည်။

ကျွန်တော်တို့မှာ ယာဉ်စည်းကမ်းကျူးလွန်သူများဖြင့် ရှန်းရှန်းထနေသော ဂျူရီမဲ့တရားရုံးတွင် သည်းခံစွဲခတ်ပြီး ထိုင်စောင့်ကြရသည်။ သူများကို စစ်တာလည်း အရသာခံ ကြည့်မိသည်။ ကျွန်တော် သတိထားမိသလောက်က တရားသူကြီးမှာ သက်ညှာသည့်ပုံ တယ်မရှိ။ ထို့ကြောင့် ဂျင်မီအိတ်ကပ်နှင့် နောက်လအိမ်လခအတွက် ပူမိသည်။

ဂျင်မီအလှည့်ရောက်သောအခါ၊ သူ့မှာ ရှေ့နေမပါသဖြင့် သူကိုယ်တိုင် ကိုယ့်ကိုယ်ကို ခုခံ ကာကွယ်သောအားဖြင့် ဘာပြောလိုပါသလဲဟု တရားသူကြီးက မေးသည်။ ဂျင်မီသည် နှိမ့်ချရိုကျိုး သော အမူအရာမျိုးဆောင်ကာ နေရာမှထပြီး တရားခွင်ရှေ့သို့ တိုးကပ်သွားသည်။

"တရားသူကြီး ခင်ဗျာ"

ဂျင်မီက နူးညံ့ပျော့ပျောင်းစွာ အစချီသည်။

"ကျွန်တော် အမှားပြုမိခဲ့ပြီဆိုတာကို အခုသိပါပြီခင်ဗျား။ ဒါဟာ ဂရုတစိုက် တရိုတသေ မရှိခဲ့လို့ပါ။ ဒါပေမယ့် အမှန်က ကျွန်တော် ကြောက်နေမိလို့ပါ"

"ကြောက်နေလို့"

တရားသူကြီးက ပြန်မေးသည်။

"ဟုတ်ကဲ့ တရားသူကြီး ခင်ဗျာ။ တရားသူကြီးမင်း အသိပါ။ ကျွန်တော် ယူ စီ အယ်လ် အေက ကျောင်းသားတစ်ယောက်ပါ။ ကျွန်တော့်မှာ ကျပ်တည်းတဲ့ အချိန်အခါနှင့် ကြုံနေရပါတယ်။ ကျွန်တော်ဆိုလိုတာက ငွေကြေးနှင့်ပတ်သက်လို့ပါခင်ဗျာ။ ကျွန်တော်မှာ များများစားစားလည်း မရှိပါဘူး။ ရှိသမျှကလည်း စားသောက်ဖို့နှင့် စာအုပ်တွေအတွက်ပဲ ကုန်နေရပါတယ် တရားသူကြီးမင်း ခင်ဗျား။ တရားသူကြီးမင်းအဖို့ နှစ်ဆယ်ငါးဒေါ်လာဆိုတဲ့ ငွေဟာ များပုံမရဘူးဆိုတာ ကျွန်တော် သိပါတယ်။ ဒါပေမယ့် ကျွန်တော့်အဖို့ကတော့ တစ်လလုံးလုံး စားမှုသောက်မှုစရိတ်၊ ဒါမှမဟုတ် စာသင်နှစ်တစ်နှစ်လုံးမှာ လိုအပ်တဲ့စာအုပ်ဖိုးနှင့် သွားညီနိုင်ပါတယ်ဗျာ"

www.burmeseclassic.com





“ဩော် ဒီလိုကိုး”

တရားသူကြီး အသိအမှတ်ပြုသွားသည်။

“ဒါပေမယ့် မောင်က ကားကို အရှိန်မြင့်မောင်းခဲ့တာပဲကွယ်။ မြင့်တာမှ သတ်မှတ်ထားတဲ့ သုံးဆယ့်ငါးမိုင်နှုန်းကို ဆယ်မိုင်လောက်တောင် ကျော်မောင်းခဲ့တာကလား။ မောင်က ဥပဒေကို ချိုးဖောက်တာပဲ။ ဒီအတွက် ဆင်ခြေပေးစရာကော ရှိလို့လားကွာ။ ဟေ...”

“မရှိပါဘူးခင်ဗျာ”

ဂျင်မီက ဝန်ခံသည်။ ကိုယ့်လူအမှုရှုံးနေသည်မှာ ပေါ်နေပြီ။ ကျွန်တော့်စိတ်ထဲတွင်ပင် ပင့်ဟောက်စ်ကလေးကနေ ဘယ်များပြောင်းရင် ဖြစ်နိုင်မလဲဆိုတာ စီမံနေရပါပြီ။

“အမှန်က ကျွန်တော် မလုပ်အပ်ဘူးဆိုတာ သိပါတယ် ခင်ဗျာ”

ဂျင်မီက ဆက်ပြောနေသည်။

“တကယ်တမ်းသာဆိုရင် ကျွန်တော် ဒါ လုပ်မိမှာတောင် မဟုတ်ပါဘူး...”

တရားသူကြီး ရှေ့ကို ကိုင်းနားထောင်သည်။

“ကျယ်ကျယ်ပြော သားရဲ့။ ကျုပ် ကောင်းကောင်း မကြားရဘူး”

“ကျွန်တော်ပြောတာက ဖေဖေ့ကို သတ်မှတ်ထားတဲ့အချိန်မတိုင်မီ သူ့ကား အရောက် ပြန်မောင်းပို့ပါမယ်လို့သာ ကတိပေးမထားမိရင် အခုလို ပြုမိမယ်မဟုတ်ဘူးလို့ ပြောတာပါခင်ဗျား။ ကျွန်တော်မှာ အချိန်ပိုင်းအလုပ်ကလေးတစ်ခုအတွက် အင်တာဗျူးသွားဖြေနိုင်အောင် ဖေဖေက သူ့ကားကို ငှားထားတာပါ။ တကယ်ဆို ကျွန်တော် ကျွန်တော်ရဲ့...”

ကျွန်တော်စိတ်ထဲ‘သနားစရာ အဖေအိုကြီးကို...’ဟု ဂျင်မီဆက်ပြောတော့မည်ဆိုတာ သိပ်ကို သေချာသွားပါသည်။

“ဖေဖေ စိတ်မချမ်းမသာဖြစ်အောင် လုပ်ရမှာ မလိုလားလို့ပါခင်ဗျာ”

ဂျင်မီ ထိုသို့ ပြောပြီး မျက်လွှာချသွားသည်။ ရှက်ရွံ့နောင်တဖြင့် ခေါင်းငိုက်စိုက် လည်ကျသွားသည်။

“ငါးဒေါ်လာ”

တရားသူကြီး လက်ရိုက်တူကလေးဖြင့် အမိန့်ချမှတ်ရင်း ထုလိုက်သည်။

“ဘီးလစ် စာရေးကြီးဆီ ငွေသွားဆောင်။ နောက်တစ်မှု”


အရမ်းပြောင်မြောက်သည့် သရုပ်ဆောင်မှုပါကလားနော်။ ဘီးလစ်စာရေးကြီးထံ ငွေသွင်းဖို့ လှည့်ထွက်လာရင်း ကျွန်တော်တို့ဘက်လှည့်ပြီး ဂျင်မီ မျက်လုံးတစ်ဖက် မှိတ်ပြသွားသည်။ ဘီဗားလီးနှင့်ကျွန်တော်မှာ ဘယ်လိုမှ ထိန်းမရတော့ဘဲ၊ တရားရုံးအပြင်ကစင်္ကြံဆီ ပြေးတိုက် ကရိုက်ထွက်ခဲ့ပြီး၊ အူလှိုက်သည်းလှိုက်ရယ်မိကြတော့သည်။



www.burmeseclassic.com

www.burmeseclassic.com









www.burmeseclassic.com

www.burmeseclassic.com








www.burmeseclassic.com

www.burmeseclassic.com





ထိုအဖြစ်အပျက်ဟာသသည် လွန်ခဲ့သောနှစ်ဆယ်လေးနာရီလုံးလုံး ကျွန်တော်တို့သုံးဦးသားအပေါ် အေးခဲစေခဲ့သည့် ရေခဲကြီးအား ဖြိုခွဲအောင်မြင်သွားပါပြီ။ ဂျင်မီ၏ လှပသောသရုပ်ဆောင်ချက်ကို ပြန်လည်တုပလုပ်ကြရင်း ကျွန်တော်တို့ ပြန်လာခဲ့ကြသည်။

တရားရုံးက အမိန့်ချရာတွင် ဒေါ်လာနှစ်ဆယ်ကြီးများတောင်သက်သာအောင် စွမ်းဆောင်ခဲ့ သည်ဆိုလင့်ကစား ဂျင်မီဘဏ္ဍာရေးအခြေအနေကောင်းမလာပါ။ ဒဏ်ငွေအပြည့်သာ ဆောင်ရဖို့ ဖြစ်လာပါက ထောင်ထဲတန်းဝင်ဖို့သာ ရှိပါသည်။ ဒါမှမဟုတ်လည်း ဘီဗားလီးဆီက ချေးချင် ချေးပေါ့လေ။ ကျွန်တော်တို့အဖြစ်က အရင်အခြေအနေနှင့်စာလျှင် ငါးဒေါ်လာ ထပ်လျော့သွားတာက လွဲလို့ ဒုံရင်းဒုံရင်းပင်။

အီစတာပွဲတော်ကာလတွင် ဘာသာရေးကားရုံတင်သောအခါ၊ ဂျင်မီ့ သရုပ်ဆောင်မှု ဝေဖန်ချက်များတွင် ချီးကျူးထောပနာပြုတာတွေ အပြည့်ပါသည်။ ဂျင်မီ့အေးဂျင့်က ထုတ်လုပ်သူအတော်များများကို ထိုကား အကြည့်ခိုင်းသည်။ သူတို့တစ်တွေကလည်း စိတ်တွေ့ကြပါသည်။ သို့သော်ဖြစ်တတ်သည့်ထုံးစံအတိုင်း ဒါလည်း ပြီးပြီးပျောက်ပျောက်ပင်။ ဂျင်မီသဘောက သူ့ကို အားလုံးဝိုင်းချီးပတာထက် မျှော်မှန်းသည်။ သည်တော့ အလုပ်က လိုမ့်ဝင်မလာသောအခါ၊ အကြ့ ႏကျယ်စိတ်ပျက်လက်ပျက် ဖြစ်တော့သည်။

တစ်ခုတော့ ရယ်စရာကောင်းသည်။ ထိုကား တင်လိုက်ခြင်းကြောင့် အခိုင်အမာပေါ်ထွက်လာသော တစ်ခုတည်းသော ရလဒ်ကတော့ လော့စ်အိန်ဂျယ်လိမြို့ပေါ်က မယ်တော်မာရီ အထက်တန်းကျောင်းက ကျောင်းသူတစ်သိုက် 'ရုပ်ရှင်အချစ်တော် ပရိသတ်အသင်း' ဖွဲ့လာခြင်းပင် ဖြစ်သည်။

ထိုကျောင်းသူမိန်းကလေးတွေမှာ ဗတ္တိဇံဆရာယောဟန်အဖြစ် သရုပ်ဆောင်ပိတ်ကားပေါ်က ကိုးကွယ်စရာ ရုပ်တုအသစ်ကလေးကို တွေ့ရှိသွားကြသည်။ သူတို့အဖွဲ့သား ကျောင်းသူတစ်ယောက်နေအိမ်၌ သူ့ကို ဂုဏ်ပြုကျင်းပမည့်ပါတီပွဲသို့ တက်ရောက်ရန် လှမ်းဖိတ်သည်။

ပါတီတွင် မိန်းကလေးလုပ်ပုံက အတော်ကို ကသိကအောက်နိုင်ပါသည်။ မချောလေးတွေက ဂျင်မီ့ကို စိုက်လို့သာကြည့်ပြီး သူတို့ချင်း တွတ်ထိုးကာ တခစ်ခစ်သာရယ်လို့နေကြ၏။ မိန်းကလေးများမှာ အသက်ဆယ့်လေးနှစ်နှင့် ဆယ့်ရှစ်နှစ်ကြားသာရှိပြီး ချစ်စဖွယ်မိန်းကလေးတွေ ဖြစ်ပါသည်။

ဂျင်မီကလည်း ထိုပွဲတွင် အခွင့်အရေးအပြည့်ယူပြီး ရုပ်ရှင်အထဲက ဓာတ်ရုပ်၏သဘာဝဟန်အတိုင်း မခြွင်းမချန်သရုပ်ဆောင်ချက်တွေ လုပ်ပြသည်။ ကောင်မလေးတွေ ဂျင်မီ့ရုပ်ရည်ရူပကာ၊ ဂျင်မီ့ယောကျာ်းပီသမှု ဝဲဂယက်ထဲ ပစ်ကျကုန်ကြသည်။ သဲသဲလှုပ်ပြီး ဝိုင်းဖက်တွယ်ကြသည်။ သူကိုယ့်သူ မကိုင်တွယ်မထိန်းသိမ်းတတ်တော့သည့်အခါ၊ လုပ်နေကျထုံးစံအတိုင်း တော်တော်ရှက်ရက်ရောရောဖြင့် ကျွန်တော့်ဘက် လှည့်ထိုးပေးသေးသည်။

www.burmeseclassic.com





ထို ရုပ်ရှင်ပိုးအသင်း ညှော်ခံပွဲနောက်ပိုင်းတစ်ညတွင် ဖြစ်သည်။ ထိုရက်အတောအတွင်း ဂျင်မီ ပထမဆုံးပြောလာသည့်စကားတစ်ခွန်းက ကျွန်တော့်ကို အသည်းနာဖို့ ဖြစ်လာသည်။ သူနှင့်ကျွန်တော် နောက် အပတ်ရှင်းမည့် ချက်လက်မှတ် မရမီစပ်ကြား စားသောက်မှုအတွက် လိုအပ်သော ငွေရရေး ဘယ်လိုလုပ်ကြမလဲ တိုင်ပင်နေကြ၏။

"မောင်ရင် ဆွဲလွှဲချေးငှားရင် ကောင်းမယ်ထင်တယ်"ဟု သူက ရုတ်တရက် ခပ်ဆတ်ဆတ် လှမ်းပြောသည်။

"ဒီတစ်ကြိမ်တော့ မောင်ရင်ချေးကွာ"

ကျွန်တော်ကလည်း တုံ့ပြန်ပြောလိုက်သည်။ ကျွန်တော့်မှာ ဆွဲလွှဲရ၊ ချေးငှားရလွန်း၍ သူငယ်ချင်းတွေလည်း လန်ကုန်ပြီ။ သည်တစ်ခါတော့ သူတစ်လှည့် တာဝန်ယူသင့်သည်ဟု တရားမျှတစွာထင်သည်။

"မင်း ဘာဖြစ်တာလဲ ဘီလ်။ ကိုယ့်အပေါ်စူးနေတဲ့ ပိုက်ဆံအတွက် ပူမနေနှင့်။ ပြန်ရစေမယ်။ တစ်ပြားမှ မချန်ဘူး"

"ငါ ဒီကိစ္စ စကားထဲတောင် မပါသေးပါဘူး။ မင်းသူငယ်ချင်းအထဲက တစ်ယောက်ယောက်ကို ပြောကြည့်ရင် ကောင်းမလားထင်ပြီး ပြောတာသက်သက်ကွ"

"မင်း ဘာဖြစ်နေတယ်ဆိုတာ ငါသိတယ်ကွာ။ ဘီဗားလီးအတွက်နှင့် ခုထက်ထိ မင်း အခဲမကြေနိုင်သေးဘူး။ ဟုတ်တယ် မဟုတ်လားကွ"

"ဟာ ဟာ၊ နေဦးကွ၊ နေဦး"

ကျွန်တော် ရေရွတ်မြည်တမ်းလိုက်မိသည်။

"မင်း တော်တော် နောက်တာပဲ"

အမှန်က သူ နောက်နေတာမဟုတ်ပါ။ ကျွန်တော်လည်း ဒီကိစ္စ နောက်ထပ်ဆွေးနွေးခြင်း မပြုလိုတော့သဖြင့် အလုပ်ဆင်းလာခဲ့သည်။

ဟောလီဝုဒ်ရုပ်ရှင်လောကရှိ ဆယ်ကျော်သက်ရွယ် အသိုင်းအဝန်းကြားတွင် ဘီဗားလီးဝီးလ်စ် လုပ်သော မွေးနေ့ပွဲကို အရေးပါသောလူမှုရေးပွဲတစ်ခုအဖြစ် သဘောထားကြသည်။ နှစ်စဉ်နှစ်တိုင်း သြဂုတ်လ ရောက်ပြီလားဆိုမှဖြင့်၊ ဟောလီဝုဒ်ရှိ သက်နုငယ် အထက်တန်းစားလူ့မလိုင်လေးများက ဘီဗားလီးအတွက် သူ့မအေကျင်းပပေးသော ငွေဒလဟောကုန်ကျသည့် မွေးနေ့ပွဲတက်ရရေးကို အမြဲမျှော်ကြသည်။

ဖိတ်ကြားသည့် ဧည့်သည်စာရင်းတွင် ဒက်ဘီရေးနိုးစ်၊ ယူဂျင်းဆောင်းဒါကဲ့သို့သော တက်သစ်စ မင်းသမီးမင်းသားကလေးများ။ သည်အထဲတွင် ဘီဗားလီးနှင့်ဂျင်မီတို့ လေးပစ် သင်တန်းကျောင်း၌ တစ်ဆင့်သိကျွမ်းခင်မင်နေသော နိုင်ငံအကျော်အမော် လေးပစ်ချန်ပီယန်လည်း ပါသေးသည်။ သူတို့နှစ်ဦးက ထိုချန်ပီယန်ကို မွေးနေ့ပွဲတွင် လေးပစ်ပညာစွမ်းပြသပေးရန်လည်း စည်းရုံးထားသည်။



www.burmeseclassic.com

www.burmeseclassic.com





မွေးနေ့ပွဲကို ကျွန်တော်မှာ အလုပ်ကြောင့် နောက်ကျပြီး ရောက်သွားသည်။ သို့သော် လေးပညာစွမ်းပြပွဲကိုတော့ မီသည်။

လေးပစ်လက်စွမ်းပြပွဲ ပြသနေပြီး၊ ပရိသတ်ကသြဘာပေးနေသည်။ လေးပစ်ချန်ပီယံက သူ့ပညာစွမ်းကို ကျွန်တော်တို့ ယုံယုံရဲရဲ ရှိသွားအောင် ပြသပြီးနောက် ဂျုန်အား ပြကွက်အထဲတွင် လက်တွေ့ပါဝင်ဆင်နွှဲပြသဖို့ အပါဆွယ်သည်။ ဂျုန်က သူ၏စံတင်လောက်သော ဟာသပညာစွမ်းကို အသုံးပြုလျက် ရယ်မောပြီးသတ္တိကြောင်အဖြစ် အသုံးတော်ခံပြသည်။

ဂျုန်က ဟာသပညာရှင်ပီပီ တုန်တုန်လှုပ်လှုပ်အမူအရာဖြင့်၊ သစ်ပင်တစ်ပင်ရှေ့တွင် ရပ်ပြသည်။ ပူစီပေါင်းတစ်လုံးကို လက်ဆန့်ကိုင်ထားသည်။ လေးပစ်ချန်ပီယံကလည်း ပထမ လွှတ်လိုက်သော မြားနှစ်စင်းကို ပစ်မှတ်မှန်ချာပြီး တမင်လွဲပစ်ခြင်းဖြင့်၊ သူ၏လေးပညာစွမ်းရည် ပိုင်နိုင်ကျွမ်းကျင်မှုကို သရုပ်ပါပါပြသည်။ မြားနှစ်စင်းက ပူစီပေါင်းအထက်နှင့်အောက် အဝေးကြီးမှာ သွားပြီး စိုက်နေကြသည်။ အများစိတ်ထဲတွင် နောက်ပစ်မည့်မြားက မျက်စိနှစ်လုံးအလယ်တည့်တည့်သို့သွားများ စိုက်လေမလားလို့တောင် ထင်စေသည်။


တတိယမြားဖြင့်ပူစီပေါင်းကို လေးသမားက ခွင်းလိုက်သည်။ ပရိသတ်က လက်ခုပ်သြဘာပေးကြသည်။ ဟာသပညာရှင်အမျိုးသမီးကြီးကလည်း လန့်ဖျပ်ပြီး မေ့လဲသွားသည့်ဟန် လုပ်ပြသည်။

သည်မှာ ဂျင်မီက သွေးကြွပြီး လူပုံအလယ်ခုန်ထွက်ကာ၊ သူ့ခေါင်းပေါ် ပန်းသီးတင်ပြီး လေးပစ်ခံပြမည်ဟု လုပ်ပါလေတော့၏။ ပြောပြောဆိုဆိုဖြင့် ပန်းသီးတစ်လုံး ဖျတ်ခနဲ ဆွဲယူလိုက်သည်။ လေးသမားကလည်း အသေအချာချိန်ရွယ်သည်။ သည်မှာ ဂျုန်က သူ့ထက်ကြော သွားမှာလည်း စိုး၊ ဒီပွဲမှာ အကောင်းဆုံးစင်တင်ပြကွက် ဖြစ်သွားမှာလည်း စိုးနှင့် နေရာမှ ခုန်ထွက်လာကာ ဒီလို အပျော်ဟာသလုပ်တာကတော့ လွန်လွန်းပါတယ်ဆိုပြီး တားတော့သည်။ နောက်ပြီး အသက်အန္တရာယ်နှင့်လည်း နီးသဖြင့် စွန့်လွန်းရာကျသည်ဟု အတန်တန်ပြောသည်။ ဂျင်မီက သူ့မျက်မှန်ကိုင်းပေါ်မှကျော်၍ သူ့ထက် ဇာတ်သဘင်ပညာအရာမှာ သမ္ဘာရင့်သည့် ဂျုန်ကို မျက်နှာထိမျက်နှာထားနှင့်ကြည့်သည်။

ဂျုန်မှာ ဂျင်မီအမူအကျင့်တွေကြောင့် အော့ကြောလန်သည်ထက် လန်နေသည်ဟု ကြားရသည်။ ဓါက်ကွင်းတွင် သူက ဂျုန်ကို အကြိမ်ကြိမ်အခါခါ ဆရာကြီးလုပ်သဖြင့်၊ ဂျုန်မှာ အောင့်သီးအောင့်သက်ဖြစ်နေသည်။ လက်သင်ဂေါက်ပေါက်စတစ်ဦးက သူ့အပေါ် အမှားပြင်ပေးသည်ဆိုတာတွေကို ဂျုန်အနေနှင့် ဘယ်လိုမှ မနှစ်မြို့နိုင်။ နောက်ပြီး တစ်ခုဆိုးတာက ဂျုန်အပေါ် သူကချည်းနိုင်သဖြင့်၊ ဂျုန်၏မကြည်သာမှုကို ဆွပေးရာ ရောက်နေပြန်သည်။ ဒီကိစ္စက ရိုင်းပျတာထက် ဆိုးသေးသည်။ တစ်ဦးနှင့်တစ်ဦး မာမာရှရှတွေ ပြောကြ၊ မကြာမကြာ စကားများ အချင်းပွားကြသည်။ ဧင်စစ် သူ့သမီးနှင့် ဂျင်မီတို့ကြားက ဆက်ဆံရေးမှာ သက်တမ်းတိုဖို့သာ ရှိတော့သည်ကို သိသာထင်ရှားနေပါသည်။

www.burmeseclassic.com







www.burmeseclassic.com

www.burmeseclassic.com





သူက လူ့ဘဝကို အကြိတ်အနယ်ယှဉ်ပြိုင်ရသော ဘတ်စကက်ဘော အားကစားတစ်ရပ်လို မြင်သည်ဟူ၍ ပြောဖူးသည်။ စင်စစ် လူ့ဘဝသည် ယှဉ်ပြိုင်ကစားရမည့်ပွဲ၊ ဘယ်လို တန်ဖိုးနှင့်မဆို နိုင်ကိုနိုင်ရမည့်ပွဲ ဖြစ်သည်။

ဂျင်မီကတော့ တစ်စုံတစ်ခုအတွက် ပြိုင်ပွဲဝင်ပြီဆိုသောအခါ ထိုအရာဆီသို့ ကြမ်းကြုတ်မှု၊ သန္နိဋ္ဌာန်ပြတ်မှုတို့ဖြင့် တစူးဝါးဝါးသွားသည်။ ပြိုင်ပွဲတွင် သူ အရေးနိမ့်သွားနိုင်သော်လည်း သူက ရှုံးနိမ့်မှုသည် ယှဉ်ဖက်လူအပေါ် တန်ဖိုးမြင့်မားစွာ ပေးအပ်အနိုင်ရတာမျိုး ဖြစ်သည်။ ဘာမဟုတ် ညာမဟုတ် အရည်မရအဖတ်မရပြိုင်ပွဲမျိုး ဖြစ်ဦးတောင်မှ ပြိုင်ပြီဟေ့ဆိုတာနှင့် အောင်ပန်းဆွတ် လှမ်းနိုင်အောင် မဆုတ်နစ်သောဇွဲဖြင့်၊ သူ့မှာရှိသမျှ အရည်အချင်းတွေကို အပြည့်ဝဆုံးအတိုင်း အတာအထိ ထုတ်ယှဉ်ပြိုင်တတ်သည်။

ဂျင်မီ့တွင် ဆန်းလည်းဆန်း ဒုက္ခလည်းပေးနေသော စိတ်ရောဂါ ရှိသည်။ သူ့ အမြင့်မားဆုံး ရောက်လိုသည့် ထိုဇွဲဆန္ဒကိုတွန်းအား ပေးသည့်အရာဟာ ဘာလဲ။ သူ ဒီလောက်တောင် ကျားကုတ်ကျားခဲ ဘာကို မျှော်မှန်းထားတာလဲ။ မေတ္တာတရားလား၊ ပြီးပြည့်စုံမှု မရှိသေးခြင်းလား။

သူ လူမမည်ဘဝတုန်းက၊ သူ့အမေကပြောခဲ့သော သားဖြစ်သူ၏အောင်မြင်မှုသည် အမေ့အတွက် ဘယ်လောက်အရေးကြီးတယ်ဆိုတာအပေါ် သူ၏အစွဲအလန်း ဖြစ်စေခဲ့၏။ သူ့အမေ သူ့ဆီက လိုချင်တာ များနေလွန်းပါသည်။ သူ့အမေ အသက်ထင်ရှားရှိစဉ်က သူ့ကို အက သင်တန်းတွေ၊ တယောထိုးသင်တန်းတွေ တက်စေခဲ့သည်။ သားဖြစ်သူ၌ အနုပညာဗီဇတွေ၊ ဒါမှမဟုတ် အာရုံဝင်စားမှုတွေ ပြလာသောအခါ၊ သားအပေါ် အားပေးအားမြှောက်ပြုခဲ့သည်။ သို့သော် သူ ကိုးနှစ်သားတွင် အမေဆုံးသွားပြီး သူ့ကို မပြီးပြတ်သေးသော လုပ်ငန်းစဉ်တစ်ခုဖြင့် လောကအလယ်မှာ ထားရစ်ခဲ့သည်။ သူ့မှာ အမေ့အလိုဆန္ဒတွေ ဖြည့်ဆည်းပေးဖို့ သိတတ်သေးသည်မဟုတ်။ အရွယ်က ငယ်နုသေးလွန်းသည်။ သူ့အပေါ် နည်းပေးလမ်းပြလုပ်ပေးနိုင်သူကလည်း တစ်ယောက်မျှရှိသည် မဟုတ်။ ဒီလိုနှင့် ကြီးကောင်ဝင်လူလားမြောက်လာသည့် နှစ်ကာလတွေတစ်လျှောက်လုံး သူ့စိတ်ဝိညာဉ်အထဲတွင် အမေစကားနာခံခြင်းကို နက်နက်ရှိုင်းရှိုင်းပိုက်ထွေးလာခဲ့၏။

"ကြည့်စမ်း၊ မြွေဟောက်လို လျှာနှစ်ခွနှင့်ကောင်"

ဂျက်နက်တာက ဂျင်မီနှင့် ဘီဗားလီး ဇာတ်လမ်းအပိုင်းဆီ မရောက်ခင်အထိ၊ ကျွန်တော့်အားကို အေးအေးစးသက်သာ နားထောင်နေခဲ့သေး၏။ ဖြစ်ချင်တော့ ဂျင်မီသည် သူ ဘီဗားလီးအပေါ် အာရုံညွှတ်နေသည့် ကိစ္စအပြင်၊ တစ်ဘက်ကလည်း ဂျက်နက်တာအပေါ် ဆက်လက်ချစ်နှောင်ဖွဲ့နေသည့်ကိစ္စ။ ကျွန်တော့်အား လုံးဝမဟာခဲ့။ ကျွန်တော် မရည်ရွယ်ဘဲ ဖွင့်ချလိုက်မိသည့်အပေါ် ဂျက်နက်တာ မထင်မှတ်ဘဲ တုံ့ပြန်လာသဖြင့်၊ ကျွန်တော့်လာရင်းကိစ္စ ပျောက်လွင့်သွားရသည်။ ကျွန်တော် နောက်ထပ် သုံးပွင့်ဆိုင်ဇာတ်လမ်းထဲ ပါဝင်ပတ်သက်ဖို့ မရည်ရွယ်ခဲ့ပါ။



www.burmeseclassic.com

www.burmeseclassic.com





ကြားကြားချင်းသာ ပေါက်ကွဲပြီးနောက်၊ ဂျက်နက်တာ ငြိမ်ကျသွားသည်။ ပြဿနာတစ်ခုလုံးကို အထူးကြိုးစားမနေရဘဲ နှလုံးသွင်းတည့်သွားပုံရသည်။ ကျွန်တော် ပြန်တော့မည်အပြုတွင် သူလည်း မနက်ဖြန်မနက် အိမ်ပြောင်းတော့မည် ဆိုသည်။ သူ့အလုပ်လုပ်ရာဟောလီဝုဒ်နှင့် နီးပြီးအဆင်ပြေ သွားအောင်ဟု ဆိုသည်။ ကျွန်တော့်ကို သူ့ပစ္စည်းပစ္စယတွေ ဝိုင်းသယ်ပေးခိုင်းသည်။ သယ်ပေးပါမည်ဟု ပြောပြီး ကျွန်တော်ထွက်လာခဲ့သည်။ စိတ်ထဲတွင် မဆင်မခြင်လျှာချော်မိလိုက်သည့် အတွက် ခံစားလာရပါသည်။

နောက်နေ့မနက်တွင် ကျွန်တော် ကုလားသေကုလားမောအိပ်နေစဉ် တံခါးထုသံကို မပီမသ ကြားနေရသည်။ ဂျက်နက်တာ ဖြစ်ပါသည်။ သူ့ကို အိမ်ထဲ အဝင်ခိုင်းလိုက်ပြီး အဝတ်အစားလဲရန် ရေချိုးခန်း ကျွန်တော် ဝင်ခဲ့သည်။ ကျွန်တော် ပြန်ထွက်လာပြီး သူ့ပစ္စည်းတွေ လိုက်သယ်ပေးဖို့ အသင့်ဖြစ်သောအခါ၊ တစ်ဘက်ခန်းထဲတွင်အိပ်ပျော်နေသော ဂျင်မီအပေါ်မှနေ၍ ဂျက်နက်တာ ရစ်ဝဲရစ်ဝဲလုပ်ကြည့်နေသည်ကို တွေ့ရသည်။ ပါးစပ်ကလည်း ခပ်တိုးတိုးပြောနေသည်။ ဂျင်မီ နိုးလောက်အောင်တော့ မကျယ်လှ။ နောက်ပြီး စက္ကူတစ်စကို အမြွှာမြွှာဆုတ်နေသည်။ ပွစိပွစိနှင့် ရေရွတ်လို့ပြီးလျှင် စက္ကူစကလေးများကို ဂျင်မီ့အိပ်ရာဘေး ကြမ်းပေါ်တွင် အသေအချာလိုက်ချသည်။

“မင်းဆုတ်ပစ်တာ ဘာလဲ”ဟု အပြင်ရောက်ကြသောအခါ မေးမိသည်။

“ဓာတ်ပုံ”ဂျက်နက်တာက အားရကျေနပ်ပုံမျိုးဖြင့် ပြန်ပြောသည်။ ဂျက်နက်တာ ပြောသည့် ဓာတ်ပုံမှာ သဟာယအသင်းအဖွဲ့ကပွဲတွင် သူနှင့်ဂျင်မီ အတူတွဲရိုက်ထားသောပုံ ဖြစ်သည်။ ထို ဓာတ်ပုံမှာ ဂျင်မီအကြိုက်တွေ့လှသော ဓာတ်ပုံ။

“အိုကွာ”ဟု ကျွန်တော် ရေရွတ်လိုက်မိသည်။

“ကျွန်မ သိပါတယ်လေ”

ဂျက်နက်တာက အောင်နိုင်သောအပြုံးဖြင့် ဆိုသည်။

ဂျက်နက်တာ၏ဝန်စည်စလယ်ထုပ်ကြီးများကို စန်တာမော်နီကာမှ ဟောလီဝုဒ်သို့ ပြောင်းရွှေ့ သယ်ပို့ ပြီးစီးသွားသောအခါ၊ သူ့ကို မနက်စာ ဝယ်အကျွေးခိုင်းရသည်။ မနေ့ညက ကျွန်တော် ရင်ဖွင့်ရာမှာ မအောင်မမြင်ဖြစ်ခဲ့ရသည့် ဆိုလိုရင်းကိစ္စကို ယခုမှပဲ ကော်ဖီသောက်ရင်း ပြန်စရ တော့သည်။ ယခုမှ ပြောနေရသော်လည်း အမှန်မှာ ဂျက်နက်တာ့ဓာတ်ခံက ကျွန်တော်ထက် ပြင်းထန်နေသေးသည်။ နှစ်ယောက် အလျှဉ်းသင့်ပြီး ပြောမိသည့်အကြောင်းအရာက ဂျင်မီအကျင့်စရိုက် သေးသိမ်တာတွေဆီအထိ ရောက်သွားသည်။ သူ့မှာ ပြောစရာတွေက ပိုများသဖြင့် ကျွန်တော်က အလျှော့ပေးရပြီး အရုပ်ပုံအခြေအနေအပေါ် ပြောင်ပြောင်ဝေဖန် ဆန်းစစ်ရာ၌ သူနှင့်အတူ ကျွန်တော်လည်း ရောပါမိသည်။

“တစ်ခြားကို ရှင်ပြောင်းထွက်မသွားတာ ရှင်ဟာ အရူးပဲ”



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com





ထိုအတွေး ကျွန်တော်ခေါင်းထဲ အကြိမ်ကြိမ်ဝင်လာဖူးပါသည်။ ဒါကို ဂျက်နက်တာအား ဝန်ခံလိုက်ပါသည်။ နေရေး ထိုင်ရေး တစ်ခုတည်းကသာ မခံမရပ်နိုင်စရာ ဖြစ်ရသည်မဟုတ်။ စီ၊ ဘီ၊ အက်စ်ကနေ အလုပ်ပြုတ်ပြီး နောက်ပိုင်း ဘာအလုပ်ပဲဖြစ်ဖြစ်ဝင်လုပ်ဖို့ ငြင်းဆန်နေသဖြင့် သူ့အတွက်ပါ ထမ်းရသည့်ကိစ္စကလည်း ကျွန်တော့်မှာ မနိုင်မနင်းဖြစ်နေပါပြီ။

"ကဲပါလေ။ ဒီနေရာမှာ ရောက်နေမှတော့ ရှင့်အတွက်၊ ချူချူ ချောင်ချောင် ငှားလို့ရမယ့် နေရာကလေးတစ်နေရာလောက် လိုက်ကြည့်ရအောင်လား"

အပတ်မင့်အခန်းနှစ်ခန်းလောက် ဝင်ရောက်စုံစမ်းပြီးသည့်နောက်တွင်၊ ကျွန်တော့် လိုအပ်ချက်၊ ကျွန်တော့်ဘတ်ဂျက်နှင့်အံကိုက်သည့် အခန်းတစ်ခန်း တွေ့လာသည်။

ပင့်ဟောက်စ်ကလေးရှေ့က လမ်းကွေ့တွင် ကျွန်တော်တို့ကား ရပ်လိုက်သောအခါ ဂျင်မီကို တွေ့လိုက်ကြရသည်။ ဂျင်မီသည် ကျွန်တော်တို့ကို နှုတ်ဆက်မည့်ပုံဖြင့် လူသွားလမ်းကို ပိတ်ရပ်ထားသည်။ သူက လက်ပိုက်ရပ်နေသည်။ ဒေါသထက်ပိုကဲသော အကြည့်မျိုးဖြင့် ကျွန်တော်တို့အား မျက်ထောင့်နီကြည့်နေသည်။ ကျွန်တော် ဖုန်းဆက်ပြီးနောက် အခန်းရှင်အဘွားကြီးက သူ့ကို ပြောထားပုံရသည်။ သူ့မှာ အချိန်တွေ အတော်ကြာကြာရသွားပြီး သူ့ဒေါသအမျက်ကို အကြမ်းပတမ်းအပြုအမူအထိ ကြီးထွားအောင် လွှတ်ပေးထားခဲ့သည်။

"မင်း ကားအထဲမှာပဲနေရင် ကောင်းမယ်"ဟု ကျွန်တော်က ဂျက်နက်တာကို ဓာတ်ပုံစုတ်ဖြိထားသည့်ကိစ္စ သတိရရင်း ပြောလိုက်သည်။ ကျွန်တော် သူနှင့်ရင်ဆိုင်ဖို့ လျှောက်အသွားတွင် သူက မျက်မှန်ကိုချွတ်ပြီး မြက်ခင်းပေါ် လွှင့်ပစ်လိုက်သည်။

"မင်း… တော်တော်ယုတ်တဲ့ကောင်"

သူက ဒေါသဖြင့် ရှူးရှူးရှားရှားပြောပြီး ကျွန်တော့်လည်ပင်းကို ဖမ်းဆွဲသည်။ ကျွန်တော့်ကို သူ့မျက်နှာနားကပ်ပြီး ကျွန်တော့်ကိုယ်ထဲက ကလီစာတွေ တစ်စစီဖြစ်သွားအောင် မုန်းတီးမှုမျိုးဖြင့် မျက်ရည်တွေဝဲပြီး ကြည့်သည်။

"မင်း ငါ့ကို လုပ်မလို့လား။ လုပ်လေကွာ" ကျွန်တော် သူ့ကို ပြန်အော်လိုက်သည်။ ကျွန်တော့်ကို ဂျင်မီ ဖမ်းဆွဲလိုက်ကတည်းက အပြေးအလွှားရောက်လာသော ဂျက်နက်တာက သူ့ရှပ်အင်္ကျီလက်မောင်းစကို ဆွဲထားသည်။

"လွှတ်စမ်း"

"နင် တစ်ယောက်ယောက်ကို ထိုးမယ်ဆိုရင်၊ နင့်ကို ပြန်မထိုးမယ့်သူကို ထိုးပါတော့လား။ ဒါမှ နင် လက်မြန်တာပေါ့။ ဟုတ်တယ် မဟုတ်လား"

"ငါ့ရှေ့က ထွက်သွားစမ်း။ မင်းနှင့် ဘာမှမဆိုင်ဘူး"

"ဆိုင်တယ်။ သူ့ကို ဒီကိစ္စ ငါတိုက်တွန်းတာလေ"

ဂျင်မီ ကျွန်တော့်လည်ပင်းကို ညှစ်ထားရာမှ လျော့သွားသည်။



www.burmeseclassic.com

www.burmeseclassic.com





"လာလေ ဂျင်မီ။ လုပ်လေ ငါ့ကို။ ငါ ကိုယ့်ကိုယ်ကို မကာကွယ်နိုင်ပါဘူး"

ဂျက်နက်တာက ဆွပေးသည်။

"တိတ်စမ်း။ ငါ လုပ်မိလိမ့်မယ်"

ဂျက်နက်တာက သူ့လက်မောင်းကို ခပ်ကြမ်းကြမ်းဆောင့်ဆွဲသည်။

"သိပ်သတ္တိရှိတဲ့ သတ္တိကောင်းကြီး။ လုပ်ပါ။ စိတ်ကျေနပ်သွားအောင်လေ။ နင်ဘာလို့"

ဂျင်မီ ကျွန်တော့်ကို လွတ်ပြီး စုစည်းရသမျှအားဖြင့်၊ ဂျက်နက်တာ့မျက်နှာပေါ် ဖြတ်ရိုက်ချလိုက်သည်။ ဂျက်နက်တာမှာ နောက်ကို ယိုင်ထွက်သွားသည်။

"နင် ငါ့ကို ဒီထက်မကနာအောင် ရိုက်နိုင်ပါတယ်"

ပြောရင်း ဂျက်နက်တာမျက်လုံးထဲ မျက်ရည်တွေ အိုင်ထွန်းလာသည်။

"လာပါ ဂျင်မီ။ ထပ်လုပ်လေ။ လုပ် လုပ်ဦး"

ကျွန်တော့် သူ့လက်မောင်း ဖမ်းမဆွဲလိုက်နိုင်ခင် ပါးစပ်ပေါ် နှစ်ချက်ဆင့်ရိုက်လိုက်ပြန်သည်။ သည်တစ်ခါတော့ ပါးစပ်မှ သွေးတွေ ထွက်လာသည်။ ကျွန်တော် သူ့ကို ဖမ်းထိန်းထားလိုက်သည်။ သွေးကိုမြင်လိုက်တော့ သူမှ ခုခံရန်းကန်တာ လုံးဝပျောက်သွားသည်။

ကျွန်တော် သူတို့နှစ်ယောက်ကို ပင့်ဟောက်စ်အပေါ်ထပ်ရောက်အောင် ကြိုးစားခေါ်ယူသည်။ ဂျက်နက်တာ မူးမူးနောက်နောက်ဖြစ်လာသဖြင့်၊ ရေချိုးခန်းထဲ ဝင်ရတော့သည်။ လက်ထိုးပြီး အကြီးအကျယ် ပျို့ပျို့အန်သည်။

ဂျင်မီက သည်တော့မှ ထိခိုက်သည်။ တိရစ္ဆာန်လိုပြုမိသည့်အတွက် အကြီးအကျယ် တောင်းပန်ဝန်ချသည်။ ကျွန်တော့်မှာ တုန်ယင်ချောက်ချားနေပြီး၊ သူ့ကို အလျဉ်းဂရုမပြု။ အဝတ်အစားတွေကိုသာ သိမ်းခေါက်နေလိုက်သည်။ သည်မှာ သူ့အာရုံက ဂျက်နက်တာဘက် လှည့်သွားသည်။ ဂျက်နက်တာလုပ်နေပုံက သူ့ကို လုံးဝပျော့ကျသွားစေသည်။ ပျာပျာသလဲဖြင့် လက်ကိုင်ပဝါယူပေးလား ယူပေးသည်။ အက်စပရင်ဆေးပြား ယူပေးလား ယူပေးသည်။ ဂျက်နက်တာ သွေးအထွက်ရပ်ပြီး ပျို့အန်မူးဝေတာ ပျောက်မည့်အရာမှန်သမျှ အကုန်လျှောက်လုပ်သည်။ အောက်ထပ်ပြေးဆင်းပြီး အိမ်ရှင်မကြီးထံမှ ရေးနွေးအိတ်သွားငှားသည်။ ဂျက်နက်တာကို ကော်ဖီပူပူတစ်ခွက်သောက် ဖျော်တိုက်ဖို့ ပြင်သည်။

"ကျွန်မ တကယ်မူးဝေတာ မဟုတ်ပါဘူး။ နေပါစေ။ သူ့ဟာနှင့်သူ လုလုကြီး စိတ်ခုနေဖြစ်ပါစေ"

ဂျင်မီ အောက်ထပ်ဆင်းသွားချိန်မှာ ဂျက်နက်တာက နှစ်ကိုယ်ချင်းပြောသည်။

"ကဲ... ကဲ။ ကိုယ်တို့ တော်သင့်ပြီ။ မင်း ခဏလောက်လှဲနေရင် ကောင်းမယ်ထင်တယ်"

"ဟင့်အင်း။ ကျွန်မ ဘာမှ မဖြစ်ဘူး။ ကျွန်မက အရသာတောင်တွေ့နေတာ" ပြောပြီး ဂျက်နက်တာ ရယ်သည်။



www.burmeseclassic.com

www.burmeseclassic.com





ဂျင်မီ ရေနွေးအိတ်နှင့် ပြန်ရောက်လာသည်။ ရေနွေးထည့်ပြီး ကျိုသည်။ ဂျက်နက်တာကို တစ်ချိန်လုံး တောင်းပန်နေသည်။ အမျိုးမျိုး နှစ်သိမ့်သည်။ ကျွန်တော့်ကို ရှင်းပြနေသည်။ သူ တောင်းပန်လေလေ၊ ကျွန်တော့်ကိုယ် ကျွန်တော် ရွံမုန်းလာလေ ဖြစ်သည်။ ကျွန်တော် စကားပင် မပြောနိုင်ပါ။ ခေါင်းထဲစဉ်းစားမိသမျှကတော့ ဒီနေရာကနေ မြန်မြန်ထွက်သွားဖို့သာ ဖြစ်သည်။ ဂျက်နက်တာကတော့ သူ့အိုက်တင်နှင့်သူ အကျေနပ်ကြီးကျေနပ်ပြီး ဆက်လက် သရုပ်ဆောင်မြဲ သရုပ်ဆောင်သည်။

ပစ္စည်းတွေ အကုန်သိမ်းဆည်းပြီး မော်တော်ကားဆီ သယ်ချရသည်။ ကျန်သေးသည့် ဝတ်စုံ သေတ္တာ နောက်ဆုံးအခေါက် တက်အယူတွင် ဂျက်နက်တာ့ကို ကျွန်တော် သွားဖို့ အသင့်ဖြစ်ပြီဟု ပြောလိုက်သည်။ ဂျင်မီက ငိုတော့သည်။ လက်စားချေရခြင်းသည် ချိုမြိန်သည်ဟု ဘယ်သူကပဲ ပြောပြော လက်စားချေခြင်း၏အရသာကို ခံစားရသည် မဟုတ်ပါ။

"သွားတော့ ဘီလ်ရေ"ဟု ပြောပြီး ဂျင်မီ လက်တစ်ဖက်ကမ်းပေးသည်။ သူ့လက်ကို ကျွန်တော် အကြာကြီး စိုက်ကြည့်နေမိပါသည်။ နောက် ဘယ်လိုမှ မတတ်နိုင်ဘူးဆိုသည့်သဘောဖြင့် ပခုံးတစ်ချက်တွန့် ခေါင်းခါပြီး အခန်းထဲမှ ထွက်လာခဲ့ပါသည်။

ဂျင်မီကို ဘီဗားလီးက အသက်ဆက်ပေးခဲ့သည်။ အနည်းဆုံး နောက်တစ်လစာ အခန်းငှားခ အတွက် ဖူဖူလုံလုံဖြစ်သွားအောင် ငွေထုတ်ချေးလိုက်သည်။ သူကိုယ်တိုင်လည်း အချိန်ပိုင်းအလုပ် ရှာခြင်းကို စ,တော့သည်။ ကျွန်တော်ပြောင်းသွားပြီး ရက်ပိုင်းအတွင်းမှာ သူ ကောင်းစွာငြိမ်သွားသည်။

စီ ဘီ အက်စ်တွင် အလုပ်ဝင်လုပ်စဉ်က တက်အေဗားရီဆိုသူ ညှော်ကြိုလမ်းပြတစ်ဦးနှင့် သူ သိကျွမ်းထားဖူးသည်။ တက်မှာ ထိုစဉ် ကတည်းက စီ ဘီ အက်စ် ရုပ်မြင်သံကြား စတူဒီယို နှင့်တွဲနေသော ကားရပ်ကွင်းတွင် ဝင်လုပ်လျက်ရှိကာ၊အချိန်ပိုများတွင် စီ ဘီ အက်စ်က တင်ဆက်သော ရုပ်ရှင်ဇာတ်လမ်းများတွင် အခန်းငယ်ကလေးများမှာ ပါဖူးသည်။

နောက်ဆုံးတွင် ဂျင်မီတစ်ယောက် တက်၏စောင်မမှုဖြင့် ထိုကားရပ်ကွင်းမှာပင် ကားစောင့် သမားအလုပ် ရသွားသည်။ ကားရပ်ကွင်းပိုင်ရှင်မှာ အလွန်နားလည်မှုရှိသောသူ ဖြစ်သည်။ အလုပ်ခွင်အထဲကလူငယ်များ အင်တာဗျူးဝင်စရာရှိလျှင်၊ အချိန်မရွေး ခွင့်ပေးသည်။ နောက်ပြီး ကားလာထားကြသည့် ဒါရိုက်တာတွေအထဲက တစ်ယောက်ယောက် သူ့အပေါ်အရဲကိုးပြီး ငှားရမ်း အသုံးပြုကြည့်ချင်လာလောက်အောင် သူနှင့်သိကျွမ်းလာစရာ အခွင့် အလမ်းရှိသည် မဟုတ်လား။

ဟောလိဝုဒ်ရှိအပတ်မင့်ကလေးတွင် တက်နှင့်အတူ ဂျင်မီက မြင်းစီးတာ၊ ကြိုးကွင်းပစ်တာတွေ သင်သည်။ ထိုအရည်အသွေးတွေက သူ့ကို ကောင်းဘွိုင်ကားတွေအတွက် ငှားဖို့ အခွင့်အလမ်း ဟု ဂျင်မီတွက်သည်။

သူ့အပေါ် ဘီဗားလီးအမေ ဂျုန်းက သဘောမတွေ့ဖြစ်လာသည့်ကြောင့်၊ ဘီဗားလီနှင့်သူ အိမ်အပြင်အပတွင်သာ ချိန်းတွေ့နေရသည်။ ပါရာဒိုက်စ်ကို့ဇ်စခန်းသာမှာ သွားက,ကြ ခုန်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com





ဘီဗားလီးနှင့်ဂျင်မီမှာ ရိပ်သာပင်မက ပွဲဆောင်တွင်လုပ်သော ကပွဲများကို မှန်မှန်ရောက်သည်။ ဘီဗားလီးက အက အင်မတန်ကျွမ်းသည်။ သူနှင့် ဘက်ညီသူမှန်လျှင် ဘယ်သူနှင့် ဖြစ်စေ မညည်းမညူ အမြဲတွဲကသည်။ ဒီနေရာတွင် ကံခေချင်တော့ ဂျင်မီက ဘီဗားလီးကို အမီလိုက်မကနိုင်။ တစ်ချိတွင် ဘီဗားလီးက ဘက်ညီသူယောကျ်ားတွေနှင့် တစ်ယောက်ပြီး တစ်ယောက် အကကောင်းလိုက်သည်မှာ တစ်ညပိုင်းလုံးကို အချိန်ကုန်သွားသည်။ ဂျင်မီမှာ သူ့ကိုယ်သူ ထိန်းမရတော့သဖြင့် ဝုန်းဒိုင်း ထ,ပေါက်ကွဲသည်။

"က... က... ဆက်က။ သေအောင် က"ဟု ကပွဲခန်းမဆောင်အတွင်း၌ အော်ဟစ်ပြီး ဘီဗားလီး၏အချစ်ဘဝအတွင်းမှ ဒေါနှင့်မာန်နှင့် ထွက်သွားလေတော့သည်။

တက်၏ဇနီး ခရီးထွက်ရာမှ ပြန်ရောက်လာပြီ ဖြစ်သည်။ ဂျင်မီလည်း ရော်ဂျာဘရက်တက်ဆိုသူ နောက်ထပ်အသစ်သိကျွမ်းလာသည့် သူငယ်ချင်းတစ်ယောက်ထံ ကွန်းခိုစခန်း ရသွားသည်။ ရော်ဂျာမှာ စီ၊ ဘီ၊ အက်စ်တွင် အောင်မြင်သော လူငယ်ရေဒီယိုဒါရိုက်တာတစ်ယောက် ဖြစ်သည်။

ရော်ဂျာသည် ဂျင်မီ့အတွက် အရေးကြီးသော တွေ့ရှိချက်တစ်ရပ် ဖြစ်သည်။ ရော်ဂျာမှာ အဆင့်တစ်နေရာ ပိုင်ဆိုင်ထားသူဖြစ်သည်သာမက၊ ဉာဏ်ရည်ပိုင်းတွင်လည်း ဂျင်မီ့ထက် သာလွန်သူ ဖြစ်သည်။ ဂျင်မီ့အပေါ် သန့်စင်ရိုးသားစွာ ဂျင်မီကြီးထွားဖို့နှင့် ဂျင်မီ ရှာမှီးသင်ကြားလိုသည့် အရာမှန်သမျှ သူတတ်နိုင်တာ အကုန်ဖန်တီးပေးနေ၏။ ဂျင်မီဘက်ကလည်း ရော်ဂျာသင်ကြားပေးသမျှ အရာ အားလုံးကို ခံယူခြင်းဖြင့် ကျေးဇူးတရား ပြသသည်။

ဂျင်မီသည် စာပေ၊ ဂီတ၊ ပန်းချီ စသည့် အနုပညာအကြောင်းအရာပိုင်းတွင် ကြွယ်ဝလာသည်နှင့်အမျှ၊ ဟောလိဝုဒ်ရုပ်ရှင်လောကအတွင်း နာမည်ကြီးပုဂ္ဂိုလ်တို့၏ ဖောက်ပြန်သော၊ အကျင့်ပျက်သော၊ ရှုပ်ထွေးလိလိဖြစ်သော ပကာသနလောကကြီး၏ အကာပြုပြင် အနှစ်မဲ့သည့် ရှုက်ဖွယ်အကြောင်းများဖက်ကိုပါ နှံ့စပ်လာခဲ့သည်။

ရော်ဂျာက သူ့ကို ဟိတ်တစ်လုံးဟန်တစ်လုံး လူ့အသိုင်းအဝန်းထဲ ပါဝင်ဆင်နွှဲဖို့ သင်ကြားပေးရုံသာမက၊ ယင်းအသိုင်းအဝန်းနှင့် ကိုယ်ပေါင်းစိတ်ခွာနေပြီး ရည်မှန်းချက်ပန်းတိုင်ရှိရှိ နေတတ်ရေးအတွက် ကိုယ်ရည်စစ် ကျန်ခဲ့ဖို့အတွက်ပါ သွန်သင်ပြသည်။

ဂျင်မီသည် တစ်ဘက်ကလည်း အရင်ထက် အလုပ်တွေ ပိုလုပ်လာနေပြီဖြစ်သည်။ သူ့မိတ်ဆွေကောင်း ရော်ဂျာ၏ကျေးဇူးဖြင့် စီ၊ ဘီ၊ အက်စ် ရေဒီယိုပြဇာတ်များတွင် အခန်းငယ်များ၌ ပါဝင်သရုပ်ဆောင်ခွင့်ရသည်။ နောက်ပြီး ကားကြီးတစ်ကားတွင်လည်း ပါဝင်သရုပ်ဆောင်နေပြီ ဖြစ်သည်။ ထိုကားမှာ ပါရာမောင့်ကုမ္ပဏီကရိုက်သော ဒင်းမာတင်၊ ဂျယ်ရီလူးဝစ္စအတွဲ ဟာသကား ဖြစ်သည်။ နောက်ပြီး နှစ်ဆယ်ရာစုမြေခွေးရုပ်ရှင်မှ မင်းသား ရစ်ချက်ဘေ့စ်ဟတ်နှင့်ရိုက်သည့် Fixed Bayonets ကားတွင် စကားတစ်ကြောင်းတည်း ပြောရသည့်အခန်းက ပါလိုက်သေးသည်။



www.burmeseclassic.com

www.burmeseclassic.com







www.burmeseclassic.com

www.burmeseclassic.com





နောက်ပြီး ယူနီဗာဆယ် အင်တာနေရှင်နယ်ရုပ်ရှင်မှ မင်းသားရော့ခ်ဟဒ်ဆင်၊ မင်းသမီးပိုက်ပါလော်ရီ တို့ပါသည့် တေးသံစုံဇာတ်မြူးကားတွင် ကသည့် အခန်းက ပါသေးသည်။ ဒါတွေဒါတွေသည် နီးစပ်ရာခင်မင်ရာ အပေါင်းအသင်းမိတ်ဆွေများ၏ စောင်မမှုကြောင့် ပါရသည်ဖြစ်သော်လည်း၊ ထိုထိုအလုပ်ကလေးရခြင်းက သူ့အပေါ် ဟောလိဝုဒ်ရုပ်ရှင်လောကက ကြဉ်မထားသည်ကို ပြသရာ ရောက်ပါသည်။

"ငါ ဒီဘဝ ဒီအဖြစ်ကို နောက်ထပ် မနေချင်တော့ဘူးကွာ။ ငါ စမ်းလည်း စမ်းဖူးပြီ။ လူတစ်ယောက်အဖို့ သွပ်ချောင်ချောင်သာ ဖြစ်ရင်ဖြစ်သွားလိမ့်မယ်။ နှစ်နှင့်သာ ချီလာရော၊ အခန်းငယ်ကလေးတွေကလွဲပြီး ဘာဆိုဘာမှ ဖြစ်မလာဘူး။ ဒီလောက်နှင့်တော့ မဟုတ်ဘူးမောင်။ ဒီထက်မက နောက်ထပ် ရှိသေးတယ်။

"ရော်ဂျာတော့ ရီကားဂိုးကို လေယာဉ်နှင့်သွားပြီ။ သူ မသွားခင် ငါ့ကို ပြောသွားတယ် မောင်။ မောင်ရင်တစ်စုံတစ်ခု ဖြစ်ထွန်းချင်ရင်၊ နယူးယောက်ကို တပ်ပြန်ဆုတ်တဲ့။ ဗိုက်မိုးကလည်း အလားတူ ဒီစကားပြောတာပဲ။ ငါလည်း လျှောက်မေးကြည့်တာပဲ။ မင်းသိပါတယ်။ ရာပ့်လီဗိုင်း လေကွာ။ Banny ပြဇာတ်တို့ Burns and Allen တို့ကို ဒါရိုက်တာလုပ်တဲ့သူ။ သူက ငါ့ကို ဟိုမှာ ရှာရမယ့်လူတွေ နာမည်တစ်ချို့ ပေးလိုက်လေရဲ့။ ဂျင်မဲရှဲလ်ဒန်းဆိုတဲ့ လူတစ်ယောက်နာမည်လည်း ပါတယ်။ အဲဒီလူက အဲဟိုမှာ ပြဇာတ်ဒါရိုက်တာလုပ်တဲ့ လူလေကွာ။ နောက်ထပ်လည်း အဆက်အသွယ် နည်းနည်းပါးပါး ထပ်ရပါသေးတယ်။ ငါတော့ မသိဘူးကွာ။ သွားလို့ ကောင်းမှ ကောင်းပါ့မလားပေါ့လေကွာ။ မင်းကတော့ အဲဒီကို ရောက်ဖူးတယ်မဟုတ်လား။ အဲ... ငါဆိုလိုတာက မင်းသဘော ဘယ်လိုရှိသလဲလို့ပေါ့ကွာ"

တက္ကသိုလ်မသွားမီကလေးတွင် နယူးယောက်သို့ ကျွန်တော် ရောက်သွားခဲ့မိလေသည်။ ထိုအခါ ကျွန်တော်သည် လူငယ်တို့ဘာသာဘာဝ စိတ်ဓာတ်ကြွကြွဖြင့်၊ ထိုဒေသကို ချစ်ကြိုက်မိ သွားသည်။ နောက်ပြီး နယူးယောက်ဆိုသည်မှာ စင်စစ်တွင် အသက်ရှည်ရပ်တည်နိုင်ရေးအတွက်၊ အသေအလဲ အပြင်းအထန် ရုန်းကန်ကြိုးစားရသော နေရာဒေသပါကလားဟူ၍ ဖြစ်သွားခဲ့ပါသည်။

"သိနိုင်တဲ့ တစ်ခုတည်းသော နည်းလမ်းကတော့ သွားခြင်းပဲကွာ" ကျွန်တော် တိုးတိုးရေရွတ်ပြောလိုက်သော်လည်း ဂျင်မီက ကြားဖြစ်အောင် ကြားသွားပါလေသည်။

အတန်ကြာလှသော တစ်ညတွင် တယ်လီဖုန်းခေါ်သည့် သတင်းစကားကလေးတစ်ခု။ 'မစ္စတာဒင်း ဖုန်းဆက်တယ်။ နယူးယောက် သွားပြီ'တဲ့ ဟူ၍ ဖြစ်ပါသည်။ လက်သီးဆုပ်ထဲတွင် တယ်လီဖုန်းသတင်း အမှာစာရွက်ကလေး ကြေမွလျက်။

ကျွန်တော် မျက်စိမှိတ်ပြီး ဂျင်မီ နယူးယောက်သို့ ခရီးနှင်သွားသည်ကို တွေးယူကြည့်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com



# အခန်း နှစ်



မှိုင်းမှိုင်းအုံ့အုံ့ရှိလှသော မေ တစ်နံနက်ခင်း ဆယ်နာရီတွင် ဖြစ်သည်။ နယူးယောက် အနောက်ပိုင်း ရုံးအဆောက်အဦး တိုက်ဟောင်းကြီးတစ်လုံးရှေ့၌ ကျွန်တော် ရပ်လိုက်သည်။ နောက် ထိုအထဲဝင်ပြီး ခပ်မတ်မတ်လှေကား အတိုင်း တက်ခဲ့သည်။

ပဥ္စမအထပ်က တစ်ခုတည်းသော အပတ်မင့် အခန်းတံခါးကို မောမောနှင့်ခေါက်ပြီး တံခါး အဖွင့်ကို နံရံတွင် မှီရပ်ရင်း စောင့်ရသည်။

တံခါး ပွင့်လာသည်။ နီစပ်စပ်နှင့် အိပ်ချင်မူးတူးဖြစ်နေသော မျက်လုံးနှစ်လုံးက အမှောင် အတွင်းမှ ကြည့်လေသည်။

"ဩော်..."

"ဟိုင်း၊ ဂျင်မီ"

သူနှင့် ပြန်တွေ့လိုက်ရသည်ကြောင့်၊ ဝမ်းသာအယ်လဲ ကျွန်တော် နှုတ်ဆက်လိုက်သည်။

"ကဲ... ဝင်လေကွာ"

သူက သိပ် စိတ်အားတက်ကြွမှုမရှိသလို တုံ့ပြန်သည်။

အခန်းအထဲတွင် လေအေးစက်အသံပဲ ရှိသည်။

သူက "ခဏကွာ"ပြောပြီး မလင်းမချင်းအမှောင်အထဲတွင် ဟိုစမ်းသလိုဒီစမ်းသလို လျှောက် စမ်းသည်။ ဖြစ်ကတတ်ဆန်းချထားသော အဝတ်အစားတွေကို လိုက်ကောက်သည်။ နောက် ရေချိုး ခန်းအထဲဝင်ပြီး ပျောက်သွားလေသည်။

"မင်း အသင့်ဖြစ်ပြီ အောက်မေ့တာ။ ဒီလို ဖြစ်မှာစိုးလို့ ငါ ပထမ ဖုန်းလှမ်းဆက်တာကွ"

သူ့ကို ကျွန်တော် လှမ်းအော်ပြောလိုက်သည်။ ငတိက ဖုန်းထဲကနေ သူ့အခန်းကို ချက်ချင်း လာခဲ့ဖို့ မှာပြီး သူညဥ့်အတိုင်း ပြန်ဝင်အိပ်နေခဲ့ခြင်း ဖြစ်သည်။ ယခုအခါ အထဲကနေ "အေး"ဟု၍သာ ဖြေရှင်းချက် ထွက်လာသည်။

www.burmeseclassic.com





အခန်းအခြေအနေကို ဟိုဒီကြည့်မိသည်။ နယူးယောက်မြို့လယ်ခေါင်က ခုနစ်ဆွေးရှစ်ဆွေး လှေကားထိပ်အပေါ်ထပ်တွင် မြင်ရသည်ကတော့ အံ့အားသင့်စရာ ကောင်းလှသည်။ အပြင်ပန်းကတော့ ကူးသန်းရောင်းဝယ်ရေးရုံးလိုလို တိုက်အိုတိုက်ဆွေးအဟောင်းအမြင်းကြီးပါပဲ။ အပေါ်ဆုံး ထပ်က အပတ်မင့်အခန်းထဲမှာကျတော့ လူမသိသူမသိနှင့် နေရာအကျယ်ကြီးယူထားသည့် စတူဒီယို အပတ်မင့်အခန်း။ မြို့လယ်လူနေမှုအဆင့်အတန်းအတိုင်း ကျကျနနခင်းကျင်းထားသည်။

ဂျင်မီက အဝတ်အစားဟောင်းတွေ ကတိုက်ကရိုက်ကောက်စွပ်ပြီး ထွက်လာသည်။

ကျွန်တော်တို့ တိုင်းမ်စကွဲယား ပန်းခြံအပြင်က လေအေးပေးစားသောက်ဆိုင်တစ်ဆိုင်မှာ မနက်စာအတွက် ထိုင်ကြသည်။ ထိုအခါကျမှ ဂျင်မီက သူထွက်လာပုံအကြောင်းနှင့်စပ်ပြီး ပြောပြသည်။

“ဒီကိုအလာမှာ ရိုကားဂိုးကို ခဏဝင်သေးတယ်။ ပြဇာတ်လည်း အနည်းအပါး ကြည့်ဖြစ်တယ်။ လူတစ်ချို့နှင့် တွေ့တယ်။ ဒေးဗစ်ဆွစ်နှင့် မဂ္ဂီမက်နာမားရားပေါ့။ သူတို့က အကောင်တွေကွ။ သိတယ် မဟုတ်လား။ နောက် ဦးလေးမားကတ်နှင့် ဒေါ်လေးမေမေကို တွေ့ရအောင် လယ်တောဝင်ဖြစ် သေးတယ်”

စားပွဲထိုးက ကျွန်တော်တို့အောက်တန်းစားနှစ်ယောက်ကို မလွဲမကင်းသာညှော်ခံရသည်ကြောင့် စားစရာကို စားပွဲပေါ် မချေမင်းပစ်တင်ပေးသည်။

“ငါ ဒီရောက်တော့...”ဆိုပြီး ဂျင်မီက ပါးစပ်ထဲ ပလုတ်ပလောင်းနှင့် ဆက်ပြောသည်။ “ဂျင်မ်ရှဲဒန်ဆိုတဲ့ လူတစ်ယောက် လိုက်ရှာရတယ်။ သူက ငါ့အတွက် လူတွေ လျှောက်ဖုန်းဆက်တယ်။ လူဝီရုံးခန်းမှာ ဂျိန်းဒေစီဆိုတဲ့ အမျိုးသမီးနှင့်တွေ့ဖို့ အစီအစဉ်လုပ်ပေးတယ်။ အမျိုးသမီးက အေးဂျင့်ကောင်း တစ်ယောက်ပဲကွ။ ဒီအတောအတွင်း ရုပ်မြင်သံကြားကား နှစ်ကားလောက်မှာ အခန်းငယ်ကလေးနှစ်ခန်းလောက် ဝင်ပါဖြစ်တယ်။ အဲသလိုမျိုးတွေပေါ့ကွာ။ ရေဒီယိုဇာတ်လမ်းတွေမှာ ခေါင်းဆောင်နေရာက ရတယ်။ များများစားစားတော့ မဟုတ်ဘူးပေါ့ကွာ။ ဒါပေမယ့် ဒါ အစကောင်းတော့ အစကောင်းပါပဲ”

သူက ရေ့သွားနှစ်ချောင်း အပေါ်သွားပုံကို ဆွဲဖြုတ်လိုက်သည်။ သူ အထက်တန်းကျောင်းသားဘဝတုန်းက မတော်တဆထိခိုက်မှုဖြစ်ပြီး သွားနှစ်ချောင်း ဆုံးသည်။ ထိုကတည်းက သွားပုံတပ်ပြီးနေလာခဲ့ခြင်း ဖြစ်သည်။ သွားပုံကို စက္ကူလက်သုတ်ပဝါဖြင့် ပွတ်တိုက်သန့်စင်သည်။


နောက် “ဒီမယ်၊ ဒီမြို့ကတော့ လမ်းဆုံးမြို့ပဲ မောင်”ဟု ပြောပြီး ကျွန်တော့်ကို သွားမရှိသောအဘိုးကြီးလို ပြုံးပြသည်။



www.burmeseclassic.com

www.burmeseclassic.com







www.burmeseclassic.com

www.burmeseclassic.com





"ကမ္ဘာပေါ်မှာ ရှိရှိသမျှအရာအားလုံး အစုံရှိတယ်။ ဆိုလိုတာက ကိုယ်ကသာ ဖြစ်ခွင့် ပြုမယ်ဆိုရင် ဘယ်စခန်းအထိ ရောက်နိုင်တယ်ဆိုတာတောင် ပြောလို့မရဘူးကွ"

သို့ပြောပြီး သွားပုံကို ပြန်တပ်ကာ ပါးစပ်ကို ကော်ဖီဖြင့် ပလုတ်ကျင်းချလိုက်သည်။

"ဒီမှာက တို့ ဟိုမှာလို အမိပွာယ်မရှိတာကို ဇီဇာချဲ့နေတာ မဟုတ်ဘူးမောင်။ မင်းမှာ အရည်အချင်းရှိသလား၊ မရှိဘူးလား။ ဒါပဲ။ ပါရမီအရည်အချင်းဟာ ဒီမှာ အခရာပဲ။ တစ်ချိန်လုံး အမြဲ မီးထိုးပေးနေတာ။ ပါရမီနှင့် အတူနေမှ။ မဟုတ်လို့ကတော့ သွားပဲမောင်။ ငါ အဲဒါ ကြိုက်တာကွ။

"ငါ့တော့ ကကောင်းတယ် ထင်တာပဲ။ ရော်ဂျာ ဒီမှာ အလုပ်လုပ်ဖို့ ပြန်လာပြီ။ လောလောဆယ် ငါ သူနှင့် အတူနေတာလေ။ ငါ့ကို ဒီက လူအတော်များများနှင့် မိတ်ဆက်ပေးတယ်။ အထာသိအောင်လည်း ပြသတယ်။ အစစကတော့ အနိပ်စား အလုပ်ဖြစ်နေတာပဲလေ။

"ကဲ… မင်းပြော"ဟု ကျွန်တော့်ဘက် လှည့်လိုက်သည်။

ကျွန်တော်က နယူးယောက်ကို သူထွက်သွားပြီးကတည်းက ဟောလိဝုဒ်တွင် အစစအရာရာ ဟန်မကျဘဲ ကိုးရိုးကားရား ဖြစ်လာသည့်အကြောင်း ရှင်းပြလိုက်သည်။

"ငါလည်း ဘီဗားလီးနှင့် ငြီးသလိုလို ပြန်ဖြစ်သွားသေးတယ်ကွ။ စေ့စပ်တဲ့အထိတောင် ရောက်သွားလိုက်သေးတယ်"

"မင်း ပညာသားပါတဲ့ ကောင်"ဟု ပြောပြီး သူ မကောင်းဆိုးဝါးလို တဟားဟားရယ်သည်။

"ငါ့မှာ နောက်ထပ် အလုပ်အကိုင်လည်း ဘယ်မှာမှရှာမရတော့ဘူး ဖြစ်လာတယ်။ ဘီဗားလီးနှင့် အဖြစ်ကလည်း အတော်ကလေး ရှုပ်ထွေးလာပြီး၊ နောက်ဆုံးမှာတော့ နိဂုံးချုပ်သွားတာပေါ့လေ။ ဒီတုန်းမှာ နယူးယောက်က အသိမိတ်ဆွေတစ်ချို့ရောက်လာကြတယ်။ သူတို့က ငါ့ကို ဒီမှာ ကြော်ငြာလုပ်ငန်းအေဂျင်စီတစ်ခုမှာ သွင်းပေးနိုင်တယ်လို့ ဆိုကြတယ်။ ဒါနှင့် ဒီရောက်လာတာပဲကွာ"

ဂျင်မီ တဟားဟားသာ ရယ်နေသည်။ သူ့ရယ်ပုံက လေ့မှားစီးတော့မည့် အဖြစ်ကနေ လှေနှင့် လက်မတင်ကလေး လွတ်ထွက်သွားသည့် လူတစ်ယောက်ပုံမျိုး။ နောက် သူ ချက်ချင်း ဖုန်းထဆက်ပြီးမှ ပြောသည်။

"ကဲ ဒါတွေ မေ့လိုက်တော့။ တို့နှစ်ယောက် ဒစ်ဇီနှင့် သွားတွေ့ကြမယ်"

လမ်းတွင် သူက ရှင်းပြလာသည်။ ဒစ်ဇီကို သူ ခင်မင်ကြောင်း၊ ကျွန်တော်လည်း ခင်သွားလိမ့်မည်ဆိုသည်အကြောင်း။

သူပြောတာ မှန်ပါသည်။ တွေ့လျှင်တွေ့ချင်း ကျွန်တော် ခင်သွားမိသည်။ ဒစ်ဇီမှာ ပေါ့သွယ် ပျောင်းနွဲ့သောအလှ ရှိသည်။ ပြောလိုက်တိုင်း သူ့စကားက ဟာသကလေး အမြဲစွက်သည်။ ဟန်တွေ



www.burmeseclassic.com

www.burmeseclassic.com





ပန်းရွှေပြည်စာအုပ်တိုက်

www.burmeseclassic.com





ပန်တွေ လုပ်မနေဘဲ နွေးထွေးလိုက်လှဲသည်။ ခင်စရာကောင်းသည်။ တစ်ပတ်လျှင် နှစ်ဆယ်ဝန်း ကျင် လောက်ရသော ဒေါ်လာဖြင့် ရပ်တည်နေထိုင်သည်။ သူ့အလုပ်က ရုပ်ရှင်ရုံတွင် အချိန်ပိုင်းဧည့်ကြိုဖြစ်သည်။ သမားရိုးကျမျက်စိဖြင့် ကြည့်လျှင်တော့ ဒစ်ဇီက ချောလှသည်၊ ချစ်စရာကောင်းလှသည်ဟု မဆိုသာ။ သို့သော် မိန်းမ ပီသသည်။

ကျွန်တော်တို့ သုံးယောက်သား ဗဟိုပန်းခြံအတွင်း စိတ်လွတ်ကိုယ်လွတ် ရယ်ရယ်မောမောဖြင့် အပျင်းပြေလျှောက်ကြသည်။ သူတို့နှစ်ဦးနှင့် အတူရှိနေရသည့် အခိုက်ကလေးတွင် ကျွန်တော့် အပူအပင်တွေ ခဏလောက် ငြိမ်သွားသည်။ ရယ်ရလွန်း၍ စိတ်ပိနေတာတွေ လျော့ကာ ကျွန်တော်ပါ သူတို့နှင့်အတူ ရောနှောရယ်မောဖြစ်လာသည်။

သို့ဖြင့် စိတ်ထဲ လန်းလန်းဆန်းဆန်း **ဖြစ်သွား**ပြီး "ကဲ၊ ပြန်လိုက်ဦးမှ ဟေ့။ နေဖို့ထိုင်ဖို့အတွက်က လိုက်ရှာရဦးမယ်"ဟု ပြောလိုက်၏။ ဒစ်ဇီက "ရှင်တို့နှစ်ယောက် နေစရာတစ်ခုအတူရှာကြပါလား"ဟု အမှတ်မထင်ဝင်ပြောသည်။

ကျွန်တော် ဂျင်မ့်ကို ဖျတ်ခနဲလှမ်းကြည့်လိုက်သည်။ ဂျင်မီကလည်း ကျွန်တော့်ကို စိုက်ကြည့်နေသည်။

"ဒါ ဘာဖြစ်သွားကြတာလဲ" ဒစ်ဇီက စူးစမ်းသလို မေးသည်။

"ကျွန်မ အမှားတစ်ခုခုများ ပြောလိုက်မိလို့လား။ ဒါမှမဟုတ် ရှင်တို့နှစ်ယောက်စလုံး ဖယောင်းပြတိုက်အထဲက အရုပ်တွေနှင့်များ တူသွားတာလား"

ဂျင်မီက အရင်စသည်။ ပထမတွင် ခပ်သာသာ ရယ်ရုံပါ။ နောက် အူလှိုက်သည်းလှိုက်ဖြစ်လာပြီး မျက်ရည်တွေထွက်လာသည်အထိ ဟားတိုက်ရယ်သည်။ ပင့်ဟောက်စ်ကလေးတွင် ကြုံခဲ့ရသောအဖြစ်က ကွင်းကွင်းကွက်ကွက်ပင် ကျွန်တော့်စိတ်ထဲ ရှိသေးသည်။ စိတ်ထဲပေါ့လာလေလေ ရယ်စရာကောင်းလေလေ ဖြစ်လာ၏။ ကျွန်တော်လည်း သူနှင့်အတူ ရောရယ်မိတော့သည်။ ဒစ်ဇီမှ ပထမတော့ နဝေတိမ်တောင် ဖြစ်နေ၏။ နောက်တော့ ဘယ်အရာပဲဖြစ်ဖြစ် ရယ်ရလျှင် ပြီးစတမ်းလို့ သူပါ ရောပြီးရယ်တော့သည်။

နယူးယောက်သားတိုင်း ဟုတ်တိုင်းမှန်ရာ ပြောမည့်အချက်တစ်ခု ရှိသည်။ နယူးယောက်မြို့မှာ လက်ပေါက်အကတ်ဆုံး ပြဿနာတစ်ခုကတော့ အခန်းရှာရသည့် ကိစ္စပင်။ တစ်ခန်းတွေ့ လန့်၊ နောက်တစ်ခန်းထပ်ရှာ လန်နှင့် ဆုံးကိုမဆုံးနိုင်ဘဲ နောက်ဆုံးကျမှ အခန်းကလေးတစ်ခန်း သွားတွေ့သည်။

တစ်ယောက်စာ အခန်းကလေး။ ခုတင် နှစ်လုံး ပါသည်။ ရေချိုးခန်း ပါသည်။ ငှားခက တစ်လမှ ဒေါ်လာကိုးဆယ်။ မြို့လယ်ခေါင်အနေနှင့်ဆိုလျှင် တကယ့်ကို ချောင်သည်။



www.burmeseclassic.com

www.burmeseclassic.com





ဂျင်မီမှာ ဟိုအစပိုင်းကလို အဖြေတစ်စုံတစ်ခုလိုလာလျှင်၊ ကျွန်တော့်အပေါ် အားကိုး အားထားပြုနေရသော အရင်ဂျင်မီ မဟုတ်တော့။

"ငါက ဒီမှာ လောကအသစ်ကြီးတစ်ခုလုံး ရှာတွေ့ထားပြီကွ။ တွေးခေါ်ပုံအသစ်ကြီး တစ်ခုလုံးလေကွာ"

သူက သူ လူသစ်တစ်စုဖြင့် စ,ချိတ်မိ၍၊ ထိုအဖြစ် ဘယ်လိုပျိုးလာသည်ကို လိုရင်း မရောက်နိုင်ဘဲ ရှည်ရှည်ဝေးဝေးတွေ လျှောက်ပြောနေသည်။ လူသစ်ဆိုသူတွေမှာ အားလုံးကယ့် ပညာသည်တွေချည်း ဖြစ်သည်။ ကျင်လည်ရာနယ်ပယ်အသီးသီးတွင် ပေါက်မြောက်အောင်မြင် နေသူတွေ ဖြစ်သည်။ သီချင်းရေးဆရာ အဲလက်ဝိုင်းလ်ဒါ၊ လက်ာဆရာ ဘီလ်အင်းဗစ်၊ ရုပ်မြင်သံကြားဇာတ်လမ်းရေး စာရေးဆရာ ဒေဗစ်ဆွစ်၊ ခင်းသမီး မဂ္ဂီမက်နာမားရား၊ ဆာရာ ချာချီ၊ နောက်ဒီ့အပြင် ပညာသည်တွေ ရှိသေး၏။ ထိုသူတွေက သူတို့ အသိုင်းအဝန်းအထဲတွင် သူ့ကို လက်ခံကာ သူ့ကို ပေးဝေဖြန့်ဖြူးနေတာအတွက်၊ သူ့မှာ ကျေးဇူးတင်မဆုံး ရှိနေသည်။

သူ့မိတ်ဆွေ အသိုင်းအဝန်းသစ်တွင်ရှိသည့် အရေးကြီးဆုံးလက္ခဏာတစ်ခုက၊ သူတို့တစ်တွေ တစ်ဦးချင်းစီ တွေးခေါ်ပုံတွေးခေါ်နည်းမှာ ဂျင်မီအတွက် အသစ်အဆန်းဖြစ်ကာ စိတ်လှုပ်ရှားစရာချည်း ဖြစ်နေခြင်းပင် ဖြစ်သည်။ လူ့ဘဝတွင် မရှိမဖြစ်အရေးကြီးသည့် အရာတွေအပေါ် ပုဂ္ဂိုလ်အလိုက် တစ်ဦးချင်းဖွင့်ဆိုပုံတွေက ဂျင်မီထားရှိသော စံနမူနာတွေနှင့် သွားကိုက်နေသည်။ သူတို့မှာ တစ်ဦးနှင့် တစ်ဦး သွားတူနေသည့်အရာက လူ့လောကအထဲမှာ ဖြစ်တည်မှုအတွက် စံနမူနာထားအပ်သည့် အခြေခံကို သွားတွေ့မိကြခြင်း ဖြစ်သည်။ ထိုအခြေခံသဘောက ဂျင်မီမှန်းထားသည့် ကောင်းမွန်သော ဘဝမျှော်မှန်းချက်တွေကို ပြန်လည်ဆန်းသစ်ပေးသည်။ သူတို့တစ်တွေမှာ ကိုယ်နေထိုင်ရာ လူ့လောကကြီးအပေါ် အင်နှင့်အားနှင့် စိတ်ဝင်စားမှုရှိပြီး ကိုယ့်ကိုယ်ကို ဉာဏ်အလင်းပွင့်အောင် အစဉ်တစိုက် ရှာနေကြသည်။ ဂျင်မီတွေ့ဖူးသမျှ လူတွေထက် အကြားအမြင်သုတဘက်မှာ ဟိုးဘက် လွန်ထွက်နေကြသည်။ ဒါတွေထက် အရေးကြီးဆုံးမှာ အားလုံးက သူ့အပေါ်လက်ခံပြီး သူတို့နှလုံးစိတ်ဝမ်းတွင် ချမ်းသာကြွယ်ဝသမျှ ပေးဝေနေခြင်းပင် ဖြစ်သည်။

ဟိုးအရင် ကျွန်တော်နှင့်တုန်းက ကျွန်တော် ဖြန့်ဖြူးနိုင်တာမှန်သမျှ အများဆုံး သူ သင်ကြားယူခဲ့၏။ ယခုတော့ သူငယ်ချင်းဆိုသည် အသိကြောင့်လား၊ ပညာပေးသူတွင် ဖြစ်လာတတ်သည့် ကျေနပ်နှစ်သိမ့်မှုကြီးကြောင့်လား မသိ၊ တစ်ခုခုကြောင့် ဖြစ်စရာရှိသည်။ သူ သင်ယူ နေတာမှန်သမျှ ကျွန်တော့်ကို လက်ဆင့်ပြန်ကမ်းသည်။ အသစ်တွေ့ရှိလာသည် ဉာဏ်ပညာကို အစုလိုက်အပုံလိုက် ကျွန်တော့်ရင်ခွင်ထဲ ပစ်ထည့်လာတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





ဂျင်မီက နေ့စဉ်ပုံမှန် သရုပ်ဆောင်လိုက်နေသည်။ ရုပ်မြင်သံကြား ဇာတ်လမ်းတွေမှာ အခန်းငယ်ကလေးတွေက ပါရသည်။ သို့သော် အလုပ်က အနည်းအပါးပဲ ဖြစ်ပုံရသည်။

မွန်းလွဲတစ်ညနေတွင် အခန်းသို့ မိန်းကလေးတစ်ယောက်နှင့် ပြန်ရောက်လာသည်။ ခရစ္စဗ္ဗိုက်ဟု မိတ်ဆက်ပေးသည်။ မိန်းကလေးမှာ ပါးပါးလျားလျား။ သရုပ်ဆောင်တစ်ယောက်ပဲ ဖြစ်သည်။

"တို့နှစ်ယောက် 'သရုပ်ဆောင်သူများ စတူဒီယို'အတွက် အခန်းတစ်ခန်း ရိုက်ရတော့မယ်။ ဇာတ်က ခရစ္စ ရေးတာလေ"ဟု သူက ဝမ်းပန်းတသာပြောသည်။

ထိုမိန်းကလေးကို ထိုမွန်းလွဲကမှ ရှားရုံးခန်းမှာ သူတွေ့လာခြင်းဖြစ်သည်။ ဝေါလ်ဂရင်းကုန်ပဒေသာတွင် ကော်ဖီ အတူသွားသောက်ကြပြီးနောက်၊ ထိုမိန်းကလေး ကိုယ်တိုင်ရေးသည့် ဇာတ်ကွက် တွင် အတူတွဲပြီးပါကြဖို့ နှစ်ယောက်သား တိုင်ပင်ဆုံးဖြတ်သည်။ နောက် အချိန်ဖြုန်းမနေဘဲ လုပ်စရာရှိတာ မြန်မြန်အကောင်အထည်ဖော်ဖို့ လုံးပမ်းခြင်းဖြစ်သည်။

လွန်ခဲ့သည့် တစ်နှစ်ကျော်အချိန် ဗ္ဗိုက်မိုး၏ သရုပ်ဆောင်သင်တန်းတက်နေစဉ်ကတည်းက ဂျင်မီ၏ မဟာအိပ်မက်မှာ 'သရုပ်ဆောင်သူများ စတူဒီယို'ကို ဝင်ရောက်နိုင်ရေးဖြစ်သည်။ ထိုစတူဒီယိုသင်တန်းသို့ တက်နိုင်အောင် ဗ္ဗိုက်မိုးကိုယ်တိုင်က နယူးယောက်သွားဖို့ သူ့ကို အကြံပေးဖူးသည်။ ဒါမှသာ အယ်လီယာကာဇန်လို၊ လီးစထရားစ်ဘာဂ့်လို လူတွေလက်အောက်မှာ ပညာဆည်းပူးရမည် မဟုတ်လား။ သို့သော် နယူးယောက်ရောက်လာပြီး၌ အတော်ကြာသွားသည့်တိုင် မဝင်ဖြစ်ခဲ့။ သင်တန်းကျောင်းအပေါ် ရိုန်နေပြီး သူ့ဘက်က အဆင်သင့်မဖြစ်မှာကို စိုးရိမ်နေခဲ့သောကြောင့် ဖြစ်သည်။ ယခု ခရစ္စဗ္ဗိုက်က အသင့်ရေးထားပြီးဇာတ်ကွက်နှင့် ပေါ်လာသည်တွင် စဉ်းစားဖို့ အချိန်ယူမနေတော့ဘဲ ခရစ္စနှင့် လက်တွဲလိုက်ခြင်းဖြစ်သည်။

ထိုဇာတ်ကွက်ကို သီတင်းပတ်အတော်ကြာကြာ တလေးတစား ဂရုတစိုက်ဖြင့် လှလှပပဖြစ်အောင် သူတို့ ပုံသွင်းကြသည်။ ပထမရေးထားသည့်ဇာတ်ကွက် ဆီလျော်မှုမရှိလှသဖြင့် နောက်ဇာတ်ကွက်အတိုတစ်ခု ခရစ္စက အသစ်ထပ်ရေးသည်။ အော်ဒီရှင်ဝင်ဖို့ ရက်နီးလာချိန်တွင် သူတို့ဇာတ်ကွက်ကလေးမှာ လှလှပပ ပုံသွန်းပြီးသား ဖြစ်နေ၏။

သို့သော် အရှိန်ကြီးလှသော သူတို့လောကမှဆရာကြီးတွေထံ လက်ဆောင်ကလေးတွေ မစို့မပိုဖြင့် အကြောက်ကြီးပြီး သွားကပ်ကြသေးသည်။ ဂျင်မီမှာ သွေးလေချောက်ချားနေသဖြင့် အော်ဒီရှင်ဝင်ဖို့ ခရစ္စက အတော့်ကို တိုက်တွန်းယူရသည်။ သူတို့အလှည့် အခေါ်မခံရခင်ကလေးမှာ ဂျင်မီ အလိုလို အာခြောက်နေသဖြင့်၊ အပြင်ထွက်ပြီး ရေသွားသောက်နေရ၏။

ဂျင်မီက အကြောက်အကန် လုပ်နေသည်။

"ငါကတော့ မထွက်တော့ဘူးကွာ။ တို့ အဆင်သင့် မဖြစ်သေးဘူးကွ"

"ဒီမယ် ပြောတာနားထောင် သေနာလေး။ မင်း ငါ့အော်ဒီရှင်ကို ကဖျက်ယဖျက်တော့ လုပ်မယ်မကြံနှင့်။ တို့ အခု ဒီမှာရောက်နေပြီ။ ဆုံးတဲ့တိုင်အောင် ဝင်လုပ်မယ်။ ကဲ အခု ရှေ့ကိုထွက်"



www.burmeseclassic.com

www.burmeseclassic.com





သူတို့နှစ်ဦးမှာ အော်ဒီရှင်ဝင်ကြသည့် စုစုပေါင်း လူတစ်ရာငါးဆယ် အနက် ဆန်ခါတင် ရွေးထားသည့် ဆယ့်ငါးယောက်အထဲမှ နှစ်ယောက် ဖြစ်သည်။ သရုပ်ဆောင်သူများ စတူဒီယိုတွင် ဂျင်မီမှာ 'အသက်အငယ်ဆုံး အသင်းသား'ဟူ၍ နာမည်ထွက်နေသည်။ သူ့အသက်က နှစ်ဆယ့် တစ်နှစ်ပဲ ရှိသေးသည်။

ထိုညက အင်ဒီယာနာလယ်တောရှိ ဦးလေးမားကပ်စ်နှင့် ဒေါ်လေးမေမေထံ သူ စာရေးသည်။ သူ စာထိုင်ရေးသည်မှာ အလွန်မှ မြင်ရခဲသည်။ သူနှင့် အတူနေလာကြသည့်တစ်လျှောက်လုံး တစ်ခါလား နှစ်ခါလား ရေးတာပဲ တွေ့ဖူးသေးသည်။ သူ့အတွေးကို စက္ကူပေါ်ချရေးနေစဉ် သူ့ရင်ထဲ၌ ဘယ်လိုပီတီဖြင့် ကြည်နူးနေသည်ကို မြင်သာပါသည်။

*ကျွန်တော် အတတ်ပညာအရာမှာတော့ တိုးတက်မှုတွေ ရနေပါပြီ။ အော်ဒီရှင်တွေ လနှင့်ချီ ဝင်ပြီးတဲ့နောက်မှာ သရုပ်ဆောင်သူများစတူဒီယိုမှာ အဖွဲ့ဝင်တစ်ယောက် ဖြစ်သွားပြီဆိုတာ ဂုဏ်ယူပြောပါရစေတော့။ ဒီကျောင်းဟာ ရုပ်ရှင်ဇာတ်သဘင်အရာမှာ ထိတ်ထိတ်ကြဲကျောင်းပေါ့။ ဒီမှာ သွင်းထားတဲ့ လူတွေကလည်း ထိတ်ထိတ်ကြဲတွေပဲ။ ဥပမာ မာလွန် ဘရန်ဒို၊ ဂျူလီ ဟားရစ္စ၊ အာသာ ကနေဒီ၊ အယ်လီယာကာဇန်၊ မိုင်းဒရက်ဒန်းနော့၊ ကတ်ဗင်မက္ကာသီ၊ မွန်တီကလစ်၊ ဂျွန်ဟဲဗော့နှင့် နောက်လည်း အများကြီး အများကြီး ပေါ့လေ။ ဒီမှာ ဝင်ခွင့်ရတဲ့လူတွေ သိပ်ကို နည်းတာပါ။ သင်တန်းကြေးကတော့ လုံးဝ မပေးရဘူး။ ဒီမှာ သရုပ်ဆောင်တစ်ယောက်အတွက် အကောင်းဆုံး ဖြစ်ထွန်းနိုင်တယ်။ အသင်းသားထဲမှာ ကျွန်တော်က အငယ်ဆုံးအသင်းသား။*

*ဒီအနေကို ထိန်းထားနိုင်ပြီးတော့ တိုးတက်မှုလမ်းကြောင်းမှာ ဘာကမှ ဝင်မနှောင့်ယှက်ဘူးဆိုရင် မကြာတော့တဲ့တစ်နေ့မှာ ကျွန်တော်ဟာ လောကကြီးကို တစ်စုံတစ်ခု ထွန်းထွန်းပေါက်ပေါက် လုပ်ပြပေးနိုင်စရာရှိပါတယ်။*

*ဦးလေးတို့ မေမေတို့ ဒေါ်ဘရွတ်ရှိုင်းယားကြီးနှင့် တွေ့ရင် ပြောပြလိုက်ပါနော်။ ကျွန်တော် မမေ့ပါဘူးလို့။ ဟို ဇာတ်ကလေးထဲက ခရစ်ယာန်အယူဝါဒကလေး ဟာလေ။ 'ဂုဏ်သိက္ခာသိနိအသရေတို့ ရှိသည့်အတွက်ကြောင့် မိမိ၏အပိုင်းကဏ္ဍတွင် ကောင်းမွန်စွာ သရုပ်ဆောင်ပါလေ'တဲ့။*

ထိုစာထဲမှာပင် သူ အကူအညီတောင်းခံ၏။ အကူအညီတောင်းသည်ဆိုတာ သူ မကြိုက်နိုင်ဆုံးသောကိစ္စ။ အင်မတန်မှလည်း သူ အကူအညီတောင်းခဲ့သည်။ နယူးယောက်တွင် နေရသည်မှာ လူနေမှုစရိတ်က မြင့်လှသည်။ သူ နေရစားရသော စားမှုသောက်မှုအတွက်ကိုပင် လုံလုံလောက်လောက် ငွေမရ။ နှစ်နှစ်အတွင်း သူဝယ်ဝတ်သော အဝတ်သစ်အစားသစ်ဆိုလို့ အင်မတန်ကို ဈေးပေါသော ဝတ်စုံတစ်စုံသာ ရှိသည်။ ဒါ သူ အထက်တန်းကျောင်းက ထွက်လာပြီးကတည်းက

www.burmeseclassic.com



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com





ဖြစ်ပါသည်။ အကူအညီတောင်းသည်ဆိုလို့ အဒေါ်နှင့် ဦးလေးဘက်လှည့်ရသည်မှာ တစ်ကြိမ်လား နှစ်ကြိမ်လား ရှိသေး၏။ ဒါတောင် သူတို့ဆီက စာတွေရောက်လာတိုင်း သူတို့ဘက်မှ ပေးဖို့ကမ်းဖို့ စကားပစ်တာ အမြဲပါသည်။ ဒီလိုနှင့် သူ့ခမျာ စက္ကူပေါ်တွင် လက်ကို မနည်းတွန်းပြီး...

*ဒေါ်လေးမေမေတို့ ဦးလေးတို့ ကျွန်တော့်ကို တစ်ဆယ် ဒေါ်လာလောက် ဖြစ်ဖြစ်ပေ့ါလေ။ မျှနိုင်မယ်ဆိုရင် အတိုင်းထက်အလွန် ကျေးဇူးပါပဲခင်ဗျာ။ ကျွန်တော့် အဖြစ်က အသေအလဲကို လိုနေလို့ပါ။ ကျွန်တော့်မှာ အမြဲပဲ တစ်ခုခုလိုအပ်နေတာ ကို ရေးရတာလည်း စိတ်မကောင်းပါဘူး။ တစ်ခါတစ်ခါကျတော့ ကျွန်တော့်မှာ တောင်းခံဖို့အခွင့်အရေးတောင် ဆုံးရှုံးနေပါလားလို့ ခံစားရပါတယ်။ ကျွန်တော် စာမရေးဖြစ်တာ ကျွန်တော်ဖက်က ဒေါ်လေးမေမေတို့ကို သတိမရလို့ မဟုတ်ပါဘူး။ ဦးလေးနှင့် ဒေါ်လေးမေမေ ကျွန်တော့်အပေါ် ကောင်းခဲ့ကြတာတွေကို ကျွန်တော် ဘယ်တော့မှ မေ့လိမ့်မယ် မဟုတ်ပါဘူး။ ကျွန်တော် ကျေးဇူးပြန်ဆပ်လိုတာ အမှန်ပါ။*

*ကျွန်တော်မှာ အချိန်ယူရတာလည်း သိပ်ကြာတယ်။ စိတ်ပျက်စရာတွေကလည်း အများကြီး။ နောက်ထပ် သိပ်မကြာရတော့အောင် အပြင်းအထန် ကြိုးစားပါ့မယ်။ တကယ်လို့ ကျွန်တော် အကူအညီတောင်းတာဟာ အခန့်အသင့်တဲ့အချိန်နှင့် သွားတိုးနေရင် ကျွန်တော့်အပေါ် တစ်ဆိတ်ခွင့်လွှတ်ပါ။ ကျွန်တော် နားလည်နိုင်ပါတယ်ခင်ဗျာ......*

ရက်အနည်းငယ်အကြာတွင် အင်ဒီယာနာမှ အားပေးစကားရေးလိုက်သည့်စာ ရောက်လာ၏။ ငွေလည်း ထည့်ပေးလိုက်သည်။ သူ အကူအညီတောင်းတာထက်ပင် များနေသေးသည်။ ဒီငွေအတွက် ကျေးဇူးတင်ဝမ်းမြောက်ပြီး ကြာကြာကလေးသက်ဆိုးရှည်အောင် ကြိုးစားရုံပဲ ရှိတော့သည်။ သို့သော် သိပ်တာရှည်မခံဘူးဆိုတာ သူ သိနေလေသည်။

တစ်ချိန်နှင့်တစ်ချိန် အလျဉ်းသင့်သလိုဝင်သော ဝင်ငွေကလေးကို တစ်ဘက်ကထပ်ပိုးထားရအောင် ရုပ်မြင်သံကြားတွင် ဘောက်အလုပ်ကလေးတွေ ဝင်သရုပ်ဆောင်သေးသည်။ နောက်တော့ ထိုအလုပ်ကလေးလည်း နိဂုံးချုပ်သွားသည်။

သူသည် စတူဒီယိုသင်တန်း၌ သရုပ်ဆောင်ပြရန် သူ၏ပထမဆုံးသော ဇာတ်ကွက်ကို ရေးသားပြင်ဆင်ထားသည်။ သို့သော် တကယ့်တကယ် ဝင်နွှဲပြရမှာကို စိုးရိမ်စိတ်တွေက ဝင်နေသည်။ သရုပ်ဆောင်ဖို့ကိစ္စအတွက် ပြင်ဆင်ပြီးဆိုလျှင် ဂျင်မီအကျင့်က ထိုအထဲမှာ ကိုယ်ရောစိတ်ပါ မြှုပ်ပြီး သူ့သရုပ်ဆောင်ချက်မှန်သမျှ အမှန်အကန်ဖြစ်ရအောင် တစ်ခုမကျန် အသေးစိတ် တွက်ချက်သည်။ ခွဲခြမ်းစိတ်စစ်သည်။

ဇာတ်ကွက်ကို သင်တန်းသားများနှင့် ဒါရိုက်တာ စထရားဘာ့ဂ်ရှေ့မှောက်သို့ သရုပ်ဆောင်သွားသည်။ စထရားစ်ဘာ့ဂ်က ဇာတ်ကွက်ကိုရော၊ သရုပ်ဆောင် သူကိုပါ တစ်စစီ ရှုတော့သည်။

www.burmeseclassic.com





စထရားဘာ့ဂ်သဘောကတော့ ဇာတ်ကွက် ဘယ်နေရာမှာ အမှားလုပ်မိသည်ဆိုတာ ရှာတတ်ဖို့လုပ်ခြင်း ဖြစ်သည်။ ဂျင်မီ့ဘက်တွင် တစ်ခုပဲ ပြင်ပြင်ဆင်ဆင်လုပ်မထားမိသည်က ပြင်းထန်လွန်းသည့် ဝေဖန်ချက်ကို ခံနိုင်ဖို့။

ဂျင်မီ စတူဒီယိုကျောင်းကို နောက်ဘယ်တော့မှ မသွားတော့ဘူး ဖြစ်လာသည်။ ကျိန်ပြောသည်။ သူ့စိတ်ထဲတွင် သူများတွေအပေါ်၌သာ ဒီအပေါက်မျိုး ချိုးလို့ရမည်။ သူ့အပေါ် ဘယ်တော့မှ မရစတမ်းဟူ၍ ခံစားသွားရသည်။ ကျောင်းမှာက လက်စွဲတစ်ခုပမာ ယခုလို လုပ်နေကျ။ ဂျင်မီကား စိတ်နှလုံးကြေပြုန်းစေသော ဤသို့သော ဝေဖန်မှုမျိုးကနေ ဖြစ်ထွန်းလာမည့်လူစား မဟုတ်။ စထရားစ်ဘာ့ဂ်ဆိုသည့် စထရားဘာ့ဂ်ကလည်း ဂျင်မီကို တစ်စစီဖြစ်အောင် စုတ်ဖြဲသည်။ ဂျင်မီ့စိတ်ကို ကုပ်ခြစ်သည်။ ဂျင်မီ့အတွင်းသားကို နက်နက်တူးဆွသည်။ ကျောင်းကို နောက် ဘယ်လိုမှ ပြန်မကပ်ရဲ လောက်အောင် လုပ်လွှတ်လိုက်သည်။

သူက ဒေါနှင့်မောနှင့် ပြောပြသည်။

"ငါ့အဇ္ဈတ္တအတွင်းမှာ ဘာဖြစ်နေတယ်ဆိုတာ ငါမသိဘူးကွာ။ အမှုအရာတွေ သရုပ်ဆောင်ပြတော့ ဘာ ဘယ်လိုဖြစ်နေမှန်းကို မသိဘူး။ အတွင်းမှာလေ။ ငါ့ကို ယုန်ကလေးများလို ခွဲစားနှင့် ခွဲပြီး စစ်ဆေးကြည့်ရင် ငါလည်း နောက် ဘယ်လိုမှ နာလန်ထူနိုင်တော့မှာ မဟုတ်ဘူးလေကွာ။ အေး၊ အမှန်က သူတို့ ငါ့ကို ကြိုပြီး ပိုသတ်ဆေး ပေးထားသင့်တာ။

"အမှန်ဆို ဒီကောင်ကြီး ငါ့ကို ဒီလိုနှိပ်စက်ဖို့ အခွင့်အရေး မရှိဘူး။ လူတစ်ယောက်ကို မတော်မတရား ဆက်ကာဆက်ကာထောင်းမယ်။ သူ့မှာရှိတဲ့သတ္တိကို လုံးလုံး ဖယ်ရှားထုတ်ပစ်မယ်။ အဲသလိုလား။ သတ္တိမရှိမှတော့ သရုပ်ဆောင်တစ်ယောက် ဘာသွားလုပ်တော့မလဲကွ"

သူသည် အချိန်အတော်ကြီး ကြာသွားသည့်အထိ သရုပ်ဆောင်များစတူဒီယိုသို့ ခြေဦးပြန်မလှည့်တော့ပါ။

တဖြည်းဖြည်းဖြင့် နွေလယ်လတွေ ရောက်လာသည်။ ရုပ်ရှင်နှင့် ရုပ်မြင်သံကြားရောဂါလည်း နှစ်စဉ်ထုံးစံအတိုင်း တစ်ပါတည်းပါလာသည်။ နွေရာသီ ခါးပြတ်မှု ကြီးပေါ့။ ရုပ်မြင်သံကြားဇာတ်လမ်းအတော်အများများ မလွှင့်ထုတ်နိုင်တော့သည့်အချိန်၊ ရုပ်ရှင်ရုံတွေလည်း လူပ်ရှားမှု ကင်းပသွားသည့်အချိန်။ သည်မှာ သရုပ်ဆောင်သူတွေလည်း နယူးယောက် နွေရာသီတစ်လျှောက်လုံးမှာ ဆာလောင်မွတ်သိပ်စွာ ချွေးတွေ ပြန်လိုပြန်။ ဒါမှမဟုတ်လည်း မြို့အပြင်က စတော့အစုရှယ်ယာ ကုမ္ပဏီတွေမှာ ရရာအလုပ်တွေ ဝင်လုပ်ရနှင့် ဖြစ်ကုန်တော့သည်။ ဂျင်မီကတော့ စတော့အလုပ်မှာ ဝင်လုပ်ဖို့ စိတ်မကူး။ မြို့ပေါ်မှာပဲ ပေကပ်ပြီး အလုပ်ကလေးများ ရလိုရငြား အရဲကိုးနေလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





ကျွန်တော်တို့နှစ်ယောက်ကြားတွင် အသပြာ ဆင့်ခြောက်ဆယ်၊ ခုနစ်ဆယ်လောက်ကို အညီ အမျှ ခွဲရတာလည်း ဖြစ်ရိုးဖြစ်စဉ်ကြီးတစ်ခု ဖြစ်နေပြီ။ အော်တိုမတ်ဆိုင်မှာ မဖြစ်ညစ်ကျယ် ညစာကလေး တစ်နပ် ဝယ်စားရအောင် ဖြစ်ပါသည်။ နေ့လယ်စာဆိုသည်ကတော့ မေ့ဖျောက်ထားရသော ဝါသနာတစ်ခု ဖြစ်လို့နေပါပြီ။

ကံကောင်းချင်တော့ မနက်စာအတွက် သဒ္ဒါရက်ရောစွာ အာမခံချက်ကလေး ရထားသည်။ ကျွန်တော်တို့နှစ်ဦးမှာ ဟိုတယ်အနီးရှိကော်ဖီဆိုင်အသေးကလေးတစ်ခုတွင် မနက်တိုင်း ကော်ဖီသွားသောက်သည့်အကျင့် ရှိသည်။ သည်ပုံစံအတိုင်း တစ်ပတ်လောက်ရှိသွားတော့ ကျွန်တော်တို့ကို မနက်တိုင်းစာပွဲထိုးရသည့် ရွှေဝါရောင်ဆံပင်နှင့် ချောချောလှလှ မာရီဆိုသော စားပွဲထိုးမယ်လေးနှင့် ခင်မင်သွားကြသည်။ မာရီမှာတစ်ဆိုင်လုံး ဩဇာညောင်းဟန်ရှိကာ သူ့ခြေသူလက်ချည်း ဖြစ်နေပုံရသည်။ မာရီက ဂျင်မီမှာ ရုန်းကန်နေနေရသော ရုပ်ရှင်သရုပ်ဆောင်တစ်ယောက်၊ ကျွန်တော်ကလည်း ရုပ်မြင်သံကြားတွင် ရုန်းကန်နေရသော လူတစ်ယောက်မှန်း သိသွားလေသည်တွင် မာရီ၏ကြီးမားလှသော အသည်းနှလုံးသည် ကျွန်တော်တို့အပေါ် ပွင့်အန်ကျလာ၏။ ထိုနောက်ပိုင်းမှစလို့ မနက်တိုင်းဆိုသလို ကျွန်တော်တို့က ကော်ဖီချည်း သက်သက်မှာသည်ကို မာရီက လိမ်မွှော်ရည်၊ သစ်သီးစိတ် တစ်ပန်းကန်၊ ကြက်ဥပြုတ် နှစ်လုံး၊ ပေါင်းမုန့်မီးကင်၊ ကော်ဖီခါးတွေပါ ချပေးပြီး သဘောရှိ တည်ခင်းဧည့်ခံ၏။ သို့သော် ကော်ဖီအတွက်ပဲ မကောင်းတတ်၍ ငွေယူပါသည်။

အရှိန်အဝါ သိပ်မကြီးလှသော ကျွန်တော်တို့၏ ကိုယ်စောင့်ကောင်းကင်တမန်သည် ကျွန်တော်တို့အား ငတ်မွတ်ခြင်းဘေးမှကင်းဝေးစေရန် အလုပ်ကလေးတစ်ခု စီမံပေးပြန်၏။ တစ်နေ့သော် အိုင်ရိုးကျူးအိုင်း အဆောက်အဦးခန်းမဆောင်အပြင်တွင် ဆိုင်ဖွင့်ထားသည့် ဓာတ်ပုံဆရာမှာ ချိန်းထားသည့် မော်ဒယ်ရောက်မလာ၍ ကြောင်တိကြောင်တောင်ဖြစ်နေရင်းမှ ဟိုတယ်ဧည့် စာရေးထံ အလှူပ်လှုပ်အရှားရှား အကြံသွားတောင်းသည်။ ထိုစာရေးမှာ ဂျင်မီနှင့် ကျွန်တော်ကို မော်ဒယ်တွေဟု စိတ်ထဲထင်နေ၏။ သည်လိုနှင့် သူ့ကို ဆယ်ဒေါ်လာဖြင့်ရပ်ပေးဖို့ အလုပ်ကမ်း လှမ်းသည်။ ထိုနေ့မှစပြီး ဓာတ်ပုံဆရာ မော်ဒယ်အတွက်အကျပ်ရိုက်တိုင်း ဂျင်မီနှင့်ကျွန်တော် တစ်လှည့်စီရပ်ပြီး လုပ်ကိုင်ပေးကြသည်။

မာရီ၏သဒ္ဒါရက်ရောမှု၊ ဓာတ်ပုံဆရာ အကျပ်ရိုက်မှု စတာတွေရှိသော်လည်း ကျွန်တော်တို့မှာ အကြွေးမဆပ်နိုင်သောအဖြစ်က တက်ကိုမတက်နိုင်ဘဲ ရှိသည်။ သီတင်းပတ်တွေ ကြာသွားသော်လည်း အလုပ်က အကောင်အထည်ပေါ်မလာ။ ဂျင်မီလည်း မချင့်မရဲဖြစ်၊ အခန်းငှားခက အမြဲ တစေ ချောက်လှန့်လျက်ရှိလေရာ ဂျင်မီသည် မျှော်လင့်ချက်ကုန်သည့်အဖြစ်သို့ ရောက်နေလေသည်။

သည်မှာ စိတ်ပြေလက်ပျောက်သဘောဖြင့်၊ သူ့မိတ်ဆွေ ရော်ဂျာဘရက်ကက်က မိတ်ဆွေ တစ်ဦး၏နေအိမ်တွင် အလည်အပတ်သွားနေကြရန် ဂျင်မီကို ခေါ်သည်။ ထိုမိတ်ဆွေမှာ ဟဒ်ဆန်မြစ် အထက်ပိုင်း၌ နေသည်။



www.burmeseclassic.com

www.burmeseclassic.com





ဂျိမ်းစ်ဒင်းကို
နှိုင်းခံရသော
ထိုစဉ်က
ကျော်ကြားနေသူ
မာလွန်ဘရန်ဒို

ဂျင်မီမှာ ပထမဆုံး ရုပ်ရှင်ကားကြီးတွင် ပါဝင်သရုပ်ဆောင်ရသည့်ကြောင့် စိတ်လှုပ်ရှားတက်ကြွနေသည်။ အထူးသဖြင့် သူ လေးစားအထင်ကြီးသူ ဒါရိုက်တာ ကာဇန်၏ စီစဉ်ညွှန်ကြားမှုကို ခံယူရိုက်ကူးရမည်ဖြစ်၍ ဖြစ်သည်။ သူက ဇာတ်ကားရိုက်ကူးမှု အစီအစဉ်များကို ပြောပြပြီး ကာဇန်ပြောသည့် မှတ်ချက်စကားကိုလည်း သဘောကျစွာ ရယ်မောသည်။ ဒါရိုက်တာက ဂျင်မီ သရုပ်ဆောင်သောအခန်းက နောက်နှစ် အကယ်ဒမီဆုပေးပွဲတွင် ဂျင်မီအား အော်စကာဆုအတွက် ကောင်းစွာ ယှဉ်စေနိုင်မည်တဲ့။

သူပြန်ရောက်လာသောအခါ၊ အားတက်သရောပြောပြသည်။ ဘရော့ဒ်ဝေးက ထုတ်လုပ်သူ လင်မြူယယ်၊ သူ့ဇနီးရှယ်လီတို့ကို သူတို့နေအိမ်တွင် သူ ပထမဆုံးအကြိမ် တွေ့လာသည်။ လင်မြူယယ် နယူးယောက်ဇာတ်သဘင်လောက၌ ဘယ်လောက်အရေးပါသည်ကို ဂျင်မီ အပြည့်အဝသိသည်။ သူ၏ပညာရှင်မိတ်ဆွေအသိုင်းအဝန်းတွင် အောင်မြင်သောပညာရှင်တစ်ဦး စာရင်း ထပ်ထည့်လိုက်ရသည့်အတွက် ဝမ်းအသာကြီးသာ၍နေသည်။ လင်မြူယယ်က အင်န်ရစ်ချတ်နာ့ရဟ်၏ဝတ္ထုကို ထုတ်လုပ်ဖို့ အစီအစဉ်ရှိသည်။ ထို ထုတ်လုပ်မှုအကြောင်းကိုလည်း အတွင်းစကားဝိုင်းတွင် သူကြားလာခဲ့ရသည်။ လင်မြူယယ်တို့ဇနီးမောင်နှံက သူ့ကို သီတင်းပတ်အကုန် အားရက်တွင် နောက်တစ်ကြိမ် လာလည်ဖို့ ဖိတ်လိုက်သည်။ သို့သော် သူ သရုပ်ဆောင်တစ်ယောက်ဖြစ်သည်ကို သိပုံမရသေးဟု သူ စိတ်ထဲက ထင်နေ၏။

သူပြောပြသည်ကို နားထောင်ရင်း ကျွန်တော် တစ်ခု သတိထားမိလာသည်။ သူ၏ တွက်တတ်ချက်တတ်သောစိတ်၏ နောက်ဘက်တစ်နေရာတွင် မျှော်လင့်ချက်စိတ်ကူး ရှိသည်။

ဂျင်မီသည် စာဖတ်ခြင်း၊ လေ့လာခြင်းဖြင့် အချိန်ကုန်လွန်ရအောင် ကြိုးစားရှာပါသည်။ အရာရာ စိတ်ပျက်စရာအကောင်းဆုံး ဖြစ်နေသည့်ကြားမှ တက်တက်ကြွကြွ ရှိမြဲရှိသည်။ လူသစ်မိတ်သစ်တွေနှင့် အသိအကျွမ်းဖြစ်အောင် လုပ်သည်။ သူ့အဖို့ ဆွဲဆောင်စရာဖြစ်မည့် နယူးယောက်၏ အပြားက အသစ်အဆန်းနှင့် အထူးအဆန်းဖြစ်တာမှန်သမျှ ရှာဖွေသည်။ သို့ဖြင့် သူ့ကိုယ်သူ တစ်နေ့တစ်ခြား ရှာဖွေတွေ့ရှိတန်သလောက် တွေ့ရှိလာပါသည်။



www.burmeseclassic.com

www.burmeseclassic.com





မာလွန်ဘရန်ဒို



www.burmeseclassic.com

www.burmeseclassic.com





မကြာခဏဆိုသလို ညဘက်အချိန်မတော် အပြင်သို့ လမ်းလျှောက်ထွက်ပြီး၊ ဇာတ်သဘင် လောကသားတို့ ကျက်စားရာနေရာအချို့တွင် သရုပ်ဆောင်များနှင့် ကော်ဖီထိုင်သောက်ရင်း၊ အာလာပ သလ္လာပ ပြောတတ်သည်။ လမ်းပေါ်လျှောက်ရင်း စိတ်ဝင်စားစရာ ဖြစ်မည့်သူတွေနှင့် စကားတောက်ကြည့်သည်။ ညသမားကြီးတစ်ယောက်နှင့်လည်း သူ အဖွဲ့ကျသည်။ ထိုလူကြီးမှာ မျက်မမြင်ကြီးဖြစ်သည်။ ညအခါ နယူးယောက်လမ်းတွေပေါ် လှည့်လည်ပြီး အရိုးခြောက်တွေ၊ အဆန်းအပြား ပစ္စည်းကိရိယာတွေနှင့် အတီးအမှုတ်လျှောက်လုပ်နေသည့် လူဆန်းကြီး ဖြစ်သည်။ နောက်ပြီး ဂျင်မီသည် အငှားယာဉ်ဆရာတွေ၊ စားပွဲထိုးမယ်ကလေးတွေ၊ ဖိနပ်တိုက်ပေးသည့် ကောင်ကလေးတွေ၊ သတင်းစာ အရောင်းစင်တွေက အရောင်းသမားတွေ၊ ကပ်တီးမှူးလဲ အရက်သမားတွေ၊ ဂရင်းနစ်ရွာခေါ် နယူးယောက်မြို့ခင်ဟတ်တန်ရပ်ကွက်အောက်ပိုင်းက အောက်ခြေလူတန်းစား အသိဉာဏ်ကြွယ်ဝ သူတွေ၊ နောက်ပြီး မော်ဒန်ပန်းချီပြတိုက် ပန်းချီဝါသနာအိုးတွေ၊ ပညာရှင်အဆင့် အပျော်တမ်းအဆင့် ဓာတ်ပုံဆရာတွေ သဖြင့် အလွှာပေါင်းစုံမှ လူများနှင့် စကားတွေ တာရှည်တာမျော ပြောချင်ပြောဖြစ်သည်။ ဤသည်မှာ သူ၏ဆာလောင်သောစိတ်ကို အစာကျွေးသည့် သဘောနှင့် ဖြစ်ပါသည်။

ဒီလုပ်ရပ်တွေမှာ သရုပ်ဆောင်သူများစတူဒီယိုကျောင်းတွင် ခဏတဖြုတ်လောက် သူဆုံဆိုက်ဖူးသော တစ်ယောက်သောသရုပ်ဆောင်၏လုပ်ရပ်များနှင့် အနီးကပ်ဆုံး သွားတူနေသည်။ တစ်ယောက်သော သရုပ်ဆောင်ဆိုသူမှာ 'မာလွန်ဘရန်ဒို' ဖြစ်သည်။ မာလွန်ဘရန်ဒိုသည် ပြဿနာအချေအတင်ကိုခုံမင်သော လူငယ်သရုပ်ဆောင်တစ်ဦး။ ဘရန်ဒိုကို ဂျင်မီက အခြားသူတို့ထက် အလေးစားသမှု ထားရှိသည်။ ဘရန်ဒိုအပေါ်ထားရှိသော ဂျင်မီစိတ်ဝင်စားမှုမှာ သူတို့နှစ်ဦးကိုယ်နှိုက်က တူညီသောနောက်ခံအကြောင်းတရားတွေ ကိုယ်စီရှိကြသောကြောင့် ဖြစ်သည်။ နှစ်ယောက်စလုံး အယ်တောမှာ ကြီးပြင်းခဲ့ကြသည်။ မော်တော်ဆိုင်ကယ် ကြိုက်တာလည်း တူကြသည်။ ကြမ်းကြမ်းရမ်းရမ်း အဖြစ်အနေမှာလည်း တူကြသည်။ နောက်ပြီး နှစ်ယောက်စလုံး သရုပ်ဆောင်သူများစတူဒီယိုကျောင်းက ကျောင်းသားနှစ်ယောက်။ သည်တော့ အောင်မြင်နေသော မစ္စတာဘရန်ဒိုနှင့် အယ်တုကျမှုတစ်မျိုးကို ဂျင်မီစိတ်တွင် ဖြစ်ပေါ်ခံစားရသည်မှာ သဘာဝကျပါသည်။ ဘရန်ဒိုသည် အခုလို သရုပ်ဆောင်ကောင်း လူတော်တစ်ယောက်ဖြစ်အောင် လူ့သဘာဝအပေါ် မြင်တတ်သည့် ထိုးထွင်းသိမြင်မှု အမြင်ထူးရှိခဲ့သည် ဆိုကြပါအံ့။ အလားတူစူးစမ်းသော ဂျင်မီသည်လည်း သရုပ်ဆောင်ကောင်း လူတော်တစ်ယောက်အဖြစ် အလားအလာရှိပါသည်။

မော်ဒန်စာပေ အတော်များများလေ့လာနေစဉ်အတွင်း သူက ဂန္ထဝင်ထဲက ဖတ်ဖို့ကောင်းမည့် စာအုပ်တစ်ခုခုကို ကျွန်တော့်အား အကြံပြုခိုင်းသည်။ ပလေးတိုးစာ ဖတ်ဖို့ အကြံပေးလိုက်၏။ နောက်နေ့ညတွင် ဘသားချောသည် ပလေးတိုး၏လက်ရွေးစင် စာအုပ်ထူကြီးတစ်အုပ် ကိုင်လျက်သား

www.burmeseclassic.com

www.burmeseclassic.com







www.burmeseclassic.com

www.burmeseclassic.com





ပေါ်လာ၏။ နောက် ချက်ချင်းဆိုသလို 'ဒီမိုကရက်ပညာရေး' အပိုင်းကနေ စဖတ်တော့သည်။ တစ်နာရီသာသာလောက် သဲကြီးမဲကြီးဖတ်ပြီးသွားသည့် အခါ စာအုပ်ကို ဖုံးခနဲမြည်အောင်ပိတ်ပြီး "မင်းကို ငါ ဘီယာတစ်ခွက် ဝယ်တိုက်မယ်။ တစ်ခွက်ဆို တစ်ခွက်တည်းနော်" ဟု ကျွန်တော့်ဆီ လှမ်းပြောသည်။

ကာလီဖိုးနီးယားက ယာဥ်ဘက်ဆိုင်ရာတရားရုံးတွင် သူလုပ်ပုံတွေ့ပြီးကတည်းက ဂျင်မီသည် ကျင်းထဲကျပ်ထဲရောက်သည့် အခါတိုင်း၊ အတော်ဖြီးတတ်သည့် သရုပ်ဆောင်ကောင်း တစ်ယောက်မှန်း ကျွန်တော် သိထားတာကြာပါပြီ။

သူ့အသိအကျွမ်းတစ်ယောက်နှင့် အရက်ဘားတွင် ကျွန်တော်တို့ ပက်ပင်းသွားတိုးသည်။ ထိုလူမှာ စာရေးဆရာတစ်ယောက်ဖြစ်ကာ၊ ပညာတတ်တစ်ယောက်မှန်းလည်း သိသာ၏။ ငါးမိနစ်မရှိတရှိအတွင်း ထိုလူ့ကို ပလေးတိုး၏သဘောတရား အယူအဆများ ယေဘုယျအားဖြင့် စိတ်ပါလက်ပါပြောဖြစ်အောင် ဂျင်မီလုပ်ထားသည်။ သူသည် ဂရိဒဿန ဆရာကြီး၏သဘောတရား အယူအဆများကို စာမျက်နှာနှစ်ဆယ်သာသာလောက်သာ ဖတ်ဖူးသေးသော်လည်း သုတေသီတစ်ဦး၏ပိုင်နိုင်မှုမျိုး၊ ထက်သန်မှုမျိုးဖြင့် ပြောနိုင်၏။ တစ်နာရီလောက် ထိုင်စကားပြောကြပြီး ထိုလူထွက်သွားသောအခါ၊ ထိုလူ့စိတ်ထဲတွင် ဂျင်မီကို ပလေးတိုး ဒဿနဘာသာရပ် အင်မတန်ကျွမ်းကျင်နှံ့စပ်သူဟု ထင်သွားမည်ဆိုတာ ကျွန်တော်သိပါသည်။ စင်စစ်က ကျွမ်းကျင်တာတွေ၊ ဖြီးဖြန်းနေတာတွေ အသာထားလို့ အပြန်အလှန်ပြောနေသည့်အတောအတွင်း လွဲမှားသောကောက်ချက်ဆိုလို့ တစ်ခုတလေမျှ ဂျင်မီ မချ။ သူက ထိုလူ့ကိုသာ အများဆုံး စကားပြောခွင့်ပေးထား၍ ဖြစ်သည်။

လျှို့ဝှက်ချက်က တစ်ဘက်လူကိုသာ စကားအများဆုံး ပြောပါစေ။ ထိုအခါ မိမိသိထားနှင့်တာအပေါ်မှာ ထိုလူ ဘယ်လို စဥ်းစားတွေးခေါ်သလဲဆိုတာ ဗဟုသုတ ဖြစ်လာလိမ့်မည်ပင် ဖြစ်ပါသည်။

လုပ်ငန်းကိုင်ငန်းက နည်းပါးသေးသော်လည်း၊ ဂျင်မီဘဝလမ်းကြောင်းကတော့ မှန်မှန်တိုးတက်နေပါသည်။ ရတတ်သမျှ ပါရသောအခန်းတွေဘက်ကဆိုလျှင် ကြီးသည်ထက် ကြီးလာကာကောင်းသည်ထက် ကောင်းလာသည်။

ဂျင်မီကတော့ အောင်မြင်ခြင်းဆီသို့ မလျှော့သောဇွဲဖြင့် အသေစွဲကပ်ထားသည်။ ရောက်လာမည့်အချိန်အခါကို စောင့်ဆိုင်းသည်။ မနေမနား သရုပ်ဆောင်လိုက်သည်။ အသစ်အသစ်သောဓာတ်ကားထုတ်လုပ်မှုတွေနောက် လိုက်ရအောင် ရုပ်ရှင်လုပ်ငန်းသတင်းစာများတွင် ခြေရာခံကာ်စရာလိုက်ရှာသည်။

www.burmeseclassic.com





ထိုအတောအတွင်း မေရီချေ့စ်က ကားသစ်ထုတ်လုပ်ဖို့ စိုင်းပြင်းနေကြောင်း ကြားလာသည်တွင် မေရီချေ့စ်နှင့်တွေ့ဖို့ ကြိုးစားသည်။ သို့သော် မေရီချေ့စ် ကော်လိုရားဒိုးပြည်နယ်သို့ ခရီးထွက်သွား၏။ သို့သော် သူ့စိတ်အား လျော့မသွား။ သူ့မှာ အော်ဒီရှင်ဝင်ဖို့ အခွင့်အလမ်းရှိနေသည် မဟုတ်လား။

ဘဝဆိုသည်မှာ ဖွဲ့နပဲကို စမ်းသည့်လက္ခဏာတွေပါသည်။ ဂျင်မီကတော့ 'သရုပ်ဆောင် တစ်ဦး၏ဘဝတစ်ဝက်တာမှာ အခွင့်အခါ စောင့်ဆိုင်းရင်း ကုန်လွန်ရသည်' ဟူသောအချက်ကို လက်ခံထားပြီးဖြစ်ပါသည်။ ထို့ကြောင့် သောကဗျာပါဒတွေ ချိုးနှိမ်စောင့်စားရင်းဖြင့်သာ ရပ်တည်နေပါသည်။

ဩဂုတ်လနောက်ပိုင်း ရောက်သောအခါ လင်မြူယယ်တို့ဇနီးမောင်နှံက ကိပ်ကော့ဒ်သို့ သင်္ဘောဖြင့် ဆယ်ရက်ကြာအပျော်ခရီးထွက်ရာသို့ လိုက်ခဲ့ဖို့ ဖိတ်လာသည်။ ဂျင်မီက ၁၂ဘော်ဆိုလျှင် ဟိုးမဆွ ကတည်းက ဝါသနာပါသည် မဟုတ်လား။

ဂျင်မီ အပျော်စီးခရီးလိုက်ဖို့ လက်ခံလိုက်သည့်အချိန်မှာပင်၊ ကျွန်တော်တို့ငှားနေသည့် ဟိုတယ်အခန်းကလေး ပြန်အပ်ဖို့ နှစ်ဦးသဘောတူ ဆုံးဖြတ်လိုက်ကြသည်။ နေရာသစ်ရှာဖို့ကိစ္စကို ကျွန်တော့်အပေါ် လုံးလုံးလွှဲပြီး ခရီးထွက်သွားသည်။

ထိုအတောအတွင်း ကာလီဖိုးနီးယားတက္ကသိုလ် ဇာတ်သဘင်ဌာနတွင် ကျွန်တော်တို့နှင့်အတူ တက်ခဲ့ဖူးသော မိန်းကလေးတစ်ယောက်ကို ကျွန်တော် ပက်ပင်းသွားတိုးသည်။ ထိုမိန်းကလေးမှာ လေးဆယ် ခြောက်လမ်းရှိ အခန်းငါးခန်းပါ အပတ်မင့်တစ်ခုတွင် အခြားမိန်းကလေးတစ်ဦးနှင့် နှစ်ယောက်သား မျှနေကြခြင်းဖြစ်သည်။

ဂျင်မီ ပြန်ရောက်လာသောအခါ၊ ထိုအခန်းတွင် ကျွန်တော်တို့နှင့်အတူလာနေ၏။

နောက်တော့ ကျွန်တော်တို့သူငယ်ချင်းမကို တစ်ဆင့်ငှားပေးထားသူ ပြန်ရောက်လာပြီး အိမ်ပြန်အပ်ဖို့ တောင်းဆိုပါတော့၏။ မူလလုပ်ထားကြတုန်းက အငှားစာချုပ်တွေဘာတွေ ပါမထားသည့် အတွက်၊ ကျွန်တော်တို့မှာ ဘာမျှမတတ်နိုင်တော့။ နယူးယောက်မြို့ အထက်ပိုင်းကျသည် လူနေရပ်ကွက်၌ သင့်တော့်သော အပတ်မင့်တစ်ခု ယူလိုက်ကြရသည်။

မပြောင်းခင်ညတွင် ကျွန်တော်တို့မှာ ပိုက်ဆံပြတ်သလောက် ဖြစ်သွား၏။ နေရာသစ်အတွက် တစ်လစာကြိုပေးလိုက်ရ၍ ဖြစ်သည်။ ကျွန်တော်တို့တွင် တစ်ဒေါ်လာနီးပါး ပိုက်ဆံကလေးဖြင့် ဝယ်ခြမ်းစားသောက်ရမည့်ကိန်း ဆိုက်နေ၏။ ရေခဲသေတ္တာအတွင်းမှ အကြွင်းအကျန်တွေ အားလုံးထုတ်၊ အသား၊ ကြက်သွန်၊ အာလူး၊ ဟင်းသီးဟင်းရွက်၊ ဂျုံ၊ ဆား၊ ငရုတ်ကောင်း စတာတွေ ရောနေသည့် ရေလုံပြုတ်ထဲကို လချီကြာနေပြီဖြစ်သည့် မြူစွမ်ထုပ်ကလေးတစ်ဝက် ဂျင်မီက ထပ်အုပ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com





ထို ရောရိုရောရာကြီးကို ထိုင်စားကြသောအခါ၊ ရေလုံပြုတ်အပေါ်လွှာတွင် ပေါလော ပေါ်နေသည့် ပိုကောင်သေးသေးကလေးများကို ဂရုထားမနေနိုင်။ တစ်ဦးနှင့်တစ်ဦး မသိယောင်ပြုပြီး ကိုယ့်ဟာကိုယ် အသာခပ်ထုတ်၍ တိတ်ဆိတ်ခြင်းကြီးစွာဖြင့် ဆက်လက် စားသောက်ကြ၏။

တစ်ညတွင် ဂျင်မီသည် ငွေကြေးပြေလည်သော မိတ်ဆွေတစ်ဦး၏အိမ်တွင်လုပ်သည့် ညစာစားပွဲမှ ပြန်လာ၏။ ဘသားချောက အခန်းအထဲသို့ ဝင်အလာတွင်၊ ကျွန်တော်တို့တစ်တွေကို ဘယ်တုန်းကမှ မသိဘူးသည့်ပုံမျိုးဖြင့် အထုပ်ကြီးတစ်ထုပ်ပိုက်လျက် ဝင်လာ၏။ နောက် သူ မသိကျိုးကျွံပြုပြီး အထုပ်ကို စိမ်ပြေနပြေထိုင်ဖြည်သည်။ အထုပ်ကြီးအထဲမှ အလွန် သန့်သည့် အိပ်ရာခင်းနှစ်ထည်၊ ခေါင်းအုံးစွပ်တစ်ထည်၊ နူးညံ့ဖောင်းအိသည့် ခေါင်းအုံးတစ်လုံးနှင့် အလွန်နွေးမည်ပုံရှိသည့် သိုးမွေးစောင်တစ်ထည် ထွက်လာ၏။ နောက် အိပ်ရာကို ခင်းသည်။ စောင်၊ အိပ်ရာခင်း၊ ခေါင်းအုံးစတာတွေကို မတွန့်မကျေရအောင် ချပ်ချပ်ရပ်ရပ် သေသေသပ်သပ် ဖြစ်အောင် အကျအနလိုက်လုပ်သည်။ တကယ့်ကို အေးအေးဆေးဆေး ဘာကိုမှမမှုသည့် အမူအရာဖြင့် ဖြစ်သည်။ နှုတ်က ဘာမှမပြော။ ကျွန်တော်တို့ကတော့ သူလုပ်နေတာတွေကို အားကျသော၊ မနာလိုသော မျက်လုံးတွေနှင့် ဘေးက အသာထိုင်ကြည့်နေကြသည်။

အိပ်ရာ ခင်းလို့ပြီးသွားသောအခါ၊ သေသေသပ်သပ်ပြင်ထားသည့် ဇိမ်ခံအိပ်ရာပေါ်သို့ ထိုးလှဲချသည်။ ပါးစပ်ကလည်း နို့ဝသွားသည့်ကလေးလို အကျေနပ်ကြီးကျေနပ်ပြီး ရယ်ဟဟ အသံကလေးတွေ လျှာစုပ်သံကလေးတွေ အမျိုးမျိုးလုပ်နေ၏။ သည်မှာ တိုင်ပင်မထားဘဲ သူ့အိပ်ရာဆီသို့ တဖြည်းဖြည်းကပ်သွား အိပ်ရာခင်းစတွေ စောင်တွေကို အတင်းဆွဲလွဲ လုကြသည်။ သူ့အိပ်ရာတစ်ခုလုံး ဖြောင်းဆန်သွားတော့မှ ကျေနပ်ပြီး ကိုယ်ရှိန်သတ်တော့သည်။ ဂျင်မီမှာ ကြမ်းပြင်ပေါ် အိပ်ရာခင်းတွေနှင့် လုံးလားထွေးလားဖြစ်နေရင်း မထိန်းနိုင်မသိမ်းနိုင်အောင် လူးလှိမ့်ပြီး ဟားတိုက်နေတော့၏။

ညဘက်များတွင် ကျွန်တော်တို့မှာ နွားရိုင်းသတ်ပွဲလုပ်တမ်းကစားပြီး ကိုယ့်ဟာကိုယ် ဖျော်ဖြေကြသည်။ ဂျင်မီသည် အနီရောင်အင်္ကျီပွကြီးဝတ်ပြီး အခန်းနံရံမှာ အလှချိတ်ထားသည့် နွားရိုင်းချိုကို ဖြုတ်ယူချကာ နွားရိုင်းသတ်ပွဲအတွက် ပြင်တော့သည်။ ဒစ်ဇီနှင့် ကျွန်တော်ကို ပထမ နွားရိုင်း၊ ဒုတိယ နွားရိုင်းအဖြစ် တာဝန်ပေးသည်။ သူက နွားရိုင်းသတ်သမား။ တကယ့် စပိန်နွားရိုင်းသတ်သမားဟန်နှင့် အခန်းအလယ်မှာ ကြော့ကြော့မော့မော့ရပ်ပြီး၊ ကြမ်းကို ခြေတစ်ဖက် ဆောင့်ကာဆောင့်ကာ 'အိုင်း ထောရိုး၊ အိုင်း ထောရိုး'ဟု စပိန်စကားဖြင့် နွားရိုင်းစိတ်ဆိုးအောင် ဆွခေါ်သည်။

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com





ထိုအခါ အခန်းထောင့် အမှောင်ထဲမှနေ၍ နွားရိုင်းနံပါတ်တစ်ဖြစ်သည့် ဒစ်ဇီက နွားချိုကို ခေါင်းမှာထိန်းကိုင်ရင်း 'ဂရိ'ဟု အသံကြီးလုပ်သည်။ ပါကေးခင်းထားသည့် ကြမ်းကို ခွာယက်သလို ခြေဖဝါးနှင့် ဒေါမောတကြီး ပွတ်ပွတ်ဆွဲသည်။ နောက် ကြောက်စရာသတ္တဝါကြီးကို နွားဝိဇ္ဇာ တစ်ယောက်၏ ပိုင်ပိုင်နိုင်နိုင်ဟန်မျိုးနှင့် ဓားဖြင့် အသေထိုးသတ်။ နောက် ပွဲကြည့်စင်တွေပေါ်က ပရိသတ်ကြီးဖြစ်သော တစ်ဦးတည်းသော ကျွန်တော်ထံ လှည့်ပတ်အောင်ပွဲခံပြသလို အခန်းထဲ ဟန်တစ်ခွဲသားဖြင့် လှည့်ပြသည်။ နောက်တစ်ခါ အကြောက်တရားကင်းမဲ့လှသည့် နွားရိုင်းသတ်သမားက သူ၏နံပါတ်နှစ် ပြိုင်ဖက်ကို ကွင်းလယ်သို့ထွက်ခဲ့ရန် ခေါ်ထုတ်ပြန်လေ၏။

ကျွန်တော် ဒုတိယအချီ သဲကြီးမဲကြီးပြေးအဝေ့တွင်၊ အခန်းတံခါးခေါက်သံ ပေါ်လာပါ တော့၏။ အမူအရာ ပျော့ပျောင်းသိမ်မွေ့သော အဆောက်အဦးတာဝန်ခံမှာ အပေါက်ဝတွင် ညဝတ် အင်္ကျီဖြင့် ရပ်လျက်ပေါ်လာသည်။ နွားသတ်တာ တော်ပါတော့ဟု မေတ္တာရပ်သည်။ ဒါမှ ကျွန်တော်တို့ အခန်းအောက်တည့်တည့်တွင်နေသည့် သူရယ် သူ့မိန်းမရယ် အိပ်လို့ရပါလိမ့်မည် ဆိုသည်။ သို့နှင့် နံပါတ်နှစ်နွားကို နောက်ညပွဲမှာ အသုံးချနိုင်အောင် စားကျက်သို့ လွှတ်လိုက်ရသဖြင့် ကျွန်တော်တို့၏ ကစားပွဲသည်လည်း အဆုံးသတ်သွားရတော့သည်။ မဆုံးလို့လည်း ဘယ်ဖြစ်မလဲ။ နွားရိုင်းသတ်ပွဲမှာ နွားက ခြေဖျားထောက်သွားနေရမှတော့ ဘယ်မှာ ပျော်စရာ ကောင်းနိုင်တော့မလဲလေ။

"ငါတို့တွေ အင်ဒီယာနာ သွားရအောင်။ လယ်တောကိုလေ"

ဂျင်မီက အကြံပြုသည်။

"ကောင်းတာပေါ့"

ဒစ်ဇီက သဘောတူပစ်လိုက်သည်။

"ဘယ်ကိုကွ"

"လယ်တောလေကွာ။ ဒေါ်လေးမေမေနှင့် ဦးလေးမားကတ်တို့ဆီ။ မင်းတို့တွေ လယ်တော မြင်ရင် ကြိုက်ကို ကြိုက်သွားမယ်။ ရှင်းပြီး သန့်နေတာကွ။ သစ်ပင်တွေ သစ်ပင်တွေဆိုတာများ များပါဘိမောင်။ လယ်ကွင်းတွေဆိုတာလည်း တပြန့်တပြော။ အစားအစာဆိုတာလည်း တထောကြီး။ ကြက် ဝက် ငှက် အသားစတိတ်၊ ပြီးတော့ ဂျက်ဇ်ဂီတ မောင်။ ငါတို့မယ် နွားတွေ ဝက်တွေ မွေးထားတာပဲ တစ်အုပ်တစ်မကြီး"

"မြင်းကော ရှိလားဟဲ့"

"အေး"

"ဒါဖြင့် ခုချက်ချင်း သွားမယ်ဟယ်"

"ပြီးတော့ ခရီးထွက်ဖို့ဆိုတာ တို့လက်ထဲမှာ ပိုက်ဆံလုံလုံလောက်လောက်လည်း ရှိ မှာတုတ်ဘူး။ ခရီးစရိတ်သက်သက်ချည်းပဲကို"


"တစ်ပြားမှ မကုန်စေရဘူး မောင်။ တို့ အဲဒီကို ကားကြုံ တားစီးသွားကြမယ်။ ဟယ်တော ရောက်တဲ့အထိ တစ်ပြားမှ မကုန်စေရဘူး"

www.burmeseclassic.com

ပန်ရွှေပြည် စာအုပ်တိုက်

www.burmeseclassic.com





**EAST OF EDEN** ဝတ္ထုရေးဆရာ ဂျွန်စတိန်းဘတ်က ရုပ်ရှင်ရိုက်ကွင်း၌ တွေ့ရသော ဂျိမ်းစ်ဒင်းကို သူ့ဇာတ်ကောင်နှင့် တစ်ထပ်တည်းကျသည်ဟု မှတ်ချက်ချသွားသည်။



www.burmeseclassic.com

www.burmeseclassic.com





"ကားကြုံတားစီးမယ်"

ဒစ်ဇီရော ကျွန်တော်ပါ ပြိုင်တူအော်လိုက်မိသည်။

"အေးလေ၊ မိုင်ရှစ်ရာတည်း ဥစ္စာ"

"တို့သုံးယောက်သား မိုင်ရှစ်ရာတောင် အင်ဒီယာနာရောက်တဲ့အထိ ကားကြုံစီးမယ်။ ပြီးတော့ အဲဒီ မိုင်ရှစ်ရာအတိုင်း ပြန်လာမယ်။ ဟုတ်လား။ မင်းကွာ ရယ်စရာကြီး။ တို့ကို ဘယ်သူက ကားကြုံ ခေါ်တင်သွားမှာလဲ။ တို့မှာ ရှိရှိသမျှက ဆယ်ဒေါ်လာလောက်ကလေး။ တစ်နေရာရာမှာ သောင်တင်နေရင် ဘယ့်နှယ့်လုပ်မလဲ။ ဒီအထဲ အလုပ်လက်လွှတ်ရမယ့်ကိစ္စလည်း စွန့်စားရဦးမယ်။ တော်ပြီ။ ကျေးဇူးတင်တယ် ဟော့ကောင်။ အကြံကတော့ သိပ်ကို ဟုတ်နေတာပဲ။ ဒါပေမယ့် ငါ့အတွက် မဟုတ်ဘူးမောင်"ဟူ၍ ကျွန်တော် အပြတ်ဖြတ်လိုက်သည်။

"သူပြောတာလည်း ဟုတ်တာပဲ "

ဒစ်ဇီက အားလျှော့သံဖြင့် ပြောပြန်သည်။

"အဲ၊ ငါကလည်း အကြံရတာကို ပြောတာပါကွာ"

နောက်နေ့မနက် ရောက်သောအခါ၊ ကျွန်တော်တို့ နယူးယောက်မှနေ၍ နယူးဂျာစီမြို့ဝင်ဂိတ်အထိ ဘတ်စ်ကားဖြင့်သွားကြသည်။ နောက် တဂိုဂိုသွားနေသောကားများကို လက်မတွေ ထထောင်ထောင်ဖြင့် တားကြသည်။ ကျွန်တော်တို့သည် ဝတ်စုံသေတ္တာတစ်လုံးတည်းတွင် အားလုံး စုပြုံသိပ်ထည့်။ ရှိသမျှ အကြွေပိုက်ဆံကလေးတွေစု။

ကားကြုံ နှစ်ခါလောက် တားစီးလိုက်သောအခါ ပင်ဆယ်လ်ဗေးနီးယားပြည်နယ် အနောက်ဘက်ခြမ်းအထွက်ဂိတ်သို့ ရောက်သွားမိကြသည်။

အချိန်က ဆယ်နာရီလောက် ရှိနေပြီ။ ကျွန်တော်တို့လည်း ဆာလှပြီ။ အထူးသဖြင့် ဒစ်ဇီဖြစ်သည်။ ကျွန်တော်တို့ နောက်ဆုံးတက်စီးလာသည့် ကားကြုံချပေးထားခဲ့သောနေရာမှာ မြို့ငယ်ကလေးတစ်မြို့ဖြစ်ပြီး စားသောက်ဆိုင်တွေပင် ပိတ်ကုန်ကြပြီ။ အိုက်စကရင်မ် အရောင်းကောင်တာ တစ်ခုတွေ့သည်နှင့် ကျွန်တော်တို့ဗိုက်တွေကို ဝမ်းသာအားရဖြည့်ရသည်။

ဗိုက်ပြည့်တင်းသွားကြပြီး အဝေးပြေးကားလမ်းမကြီးအပေါ် ပြန်ရောက်သွားကြသည်။ လာသမျှကားကို ဖမ်းတားပြန်၏။

တစ်မိနစ်အတွင်း စတေရှင်ဝက်ဂွန်းကားတစ်စီး ထိုးရပ်ပေးလာသည်။

ကားမောင်းနေသူက အသံစူးစူးသြသြကြီးဖြင့် ပြောသည်။

"ကဲ ကိုယ့်ကိုယ်ကို မိတ်ဆက်ကြမှ ထင်တယ်"

ကားမောင်းနေသူက ကမ်းလှမ်းလာသည်။

"ကိုယ့်နာမည်ကတော့ ကလိုက်ဒ်ပဲ"



www.burmeseclassic.com

www.burmeseclassic.com





တစ်ဦးနှင့်တစ်ဦး မိတ်ဆက်ပေးပြီးသည်တွင် ဂျင်မီက ရှေ့ကို ဦးညွတ်လာသည်။ သူကျွမ်းသော မိတ်ဖွဲ့ခြင်း ကိုယ်ရည်ကိုယ်သွေးကို အသုံးပြုမေးသည်။

"မစ္စတာကလိုက်ဒ်က ဘာလုပ်ပါသလဲ ခင်ဗျာ"

"ဟာ မစ္စတာကလိုက်ဒ် မဟုတ်ဘူး။ ကလိုက်ဒ်က ပထမနာမည်။ ကိုယ်က အဖမ်းသမားကွ"

"ဘာဖမ်းတာလဲဟင်"

ဒစ်ဇီဝင်မေးသည်။

"ဘော့စ်ဘောလေကွ။ ကြေးစား ဘော့စ်ဘောသမား"

ထိုအစကို နင်းပြီး ဂျင်မီ အစ်သည်။ သူ့နာမည်အပြည့်အစုံက ကလိုက်ဒ်မက်ကားလား။ ပစ္စဘာ့ဂ်ပိုင်းရိတ်စ်အသင်းတွင် ဘောဖမ်းသမားအဖြစ်ကစားသူ။ ယခု အိုင်အိုဝါးပြည်နယ်၊ ဒါမွိုင်းမြို့တွင် သရုပ်ပြကစားပေးရမည့်ပွဲအတွက် သွားနေခြင်းဖြစ်သည်။

နောက် ကျွန်တော်တို့သုံးယောက်အကြောင်းဆီ သူ စကားလှည့်သည်။ ကျွန်တော်တို့ ဘယ်သူဘယ်ဝါတွေ၊ ဘာလုပ်ကိုင်တာတွေ၊ ဘယ်ကိုသွားနေတာတွေကအစ သူသိသွားသည်။

"ကိုယ်ကတော့ လောကကြီးမှ ဒီပြင်လူတွေထက် အပြာက်ကလူတွေကို ပိုလေးစားတယ်။ အထူးသဖြင့် သရုပ်ဆောင်တွေကိုပေါ့။ သဘင်လောကရဲ့ဘဝလမ်းမှာ ကြုံရဆုံရတဲ့ အနှစ်နာခံပေးစွန့်ရတာတွေ၊ အသည်းကွဲနာကျည်းရတာတွေ ထည့်စဉ်းစားလိုက်တော့ မောင်ရင်တို့ ချာတိတ်တွေ ဒါကြီးကို အသေဖက်တွယ်ပြီး ဘယ်လိုလုပ်စခန်းသွားပါလိမ့်လို့ ကိုယ်ဖြင့် မတွေးတတ်အောင်ပဲ။

"အေးလေ။ လောကဓံတရား အသာထားလို့ တစူးစိုက်စိုက်ဖက်တွယ်ပြီး ဘဝမှာ ရည်မှန်းချက်ပန်းတိုင် အဓိပ္ပာယ်ရှိရှိထားတာ နိပ်တာပေါ့။ ကိုယ်ဆိုလိုတာက လူအတော်များများ ကိုယ်တွေ့ဖူးပါတယ်။ သဘင်သည်တွေအပေါ်မယ် ကြမ်းထော်အောင် ခုထိလုပ်ချင်ကြတုန်း။ ဒီနိုင်ငံ ဒီလိုဖြစ်နေတာကြာပြီပဲ။ တို့တစ်တွေအပေါ် ယဉ်ကျေးမှုဘက်က အကျိုးကျေးဇူးဖြစ်ထွန်းအောင် သယ်ပိုးပေးတဲ့ သဘင်သည်တွေကို အမှတ်လုံလုံလောက်လောက် ပေးကို မပေးသေးဘူး။ ကမ္ဘာပေါ်မှာ အနုပညာအပေါ် အစိုးရဘက်က ထောက်ပံ့ကြေးမပေးတဲ့အထဲ ဒီနိုင်ငံကြီးလည်း တစ်နိုင်ငံပေါ့။ မခံချင်စရာတော့ အကောင်းသား။ တို့တစ်တွေဟာ ကမ္ဘာမှာ ကြီးကျယ်တဲ့နိုင်ငံကြီးအဖြစ် ရောက်နေပြီလေ။ ဒါတောင်မှ အနုပညာအတွက် ဆုံးရှုံးနစ်နာမှုမရှိရအောင် အာမခံရတယ်ဆိုတဲ့အသိ ခုထိ မဝင်သေးတာ ခက်တယ်ကွာ"

ကျွန်တော်တို့ ညအမှောင်အထဲ ဆက်လက်ခရီးနှင်လာကြသည်။ မစ္စမက်ကားလား ကားမောင်းနေရင်းက သူ့ဘဝစုံ ပြောပြလာသည်။ ကျွန်တော်တို့က ကျွန်တော်တို့အသီးသီး၏ ဘဝစေ့စော်ချက်တွေ၊ လက်ရှိမှာတော့ တိုးတက်မှုကင်းမဲ့နေတာတွေပြောပြတော့ သူက ရိုးသားစွာအားပေးစကားပြောရှာသည်။

တစ်အောင့်နားပြီး ကော်ဖီအသောက်တွင် လွယ်လွယ်ညည်းတတ်သည့် ဒစ်ဇီအကျင့်ကြောင့် ကျွန်တော်တို့ ညစာမစားရသေးတာကို သူသိသွားသည်။ ညစာ ဝယ်ကျွေးသည်။ ဗိုက်ဆံပေးတော့



www.burmeseclassic.com

www.burmeseclassic.com





လုံးဝလက်မခံ။ နောက်ပြီး သူနှင့် တောက်လျှောက်လိုက်ခဲ့ပြီး ဒါမှိုင်းမှာ ဘော့စ်ဘောပွဲ လိုက်ကြည့် ပါလား ခေါ်သည်။ ပွဲပြီးတာနှင့် ကျွန်တော်တို့ ဆင်းရမည့်နေရာအထိ ဆက်ဆက် ပို့ပေးမည်တဲ့။

အောက်တိုဘာလ၏အေးစိမ့်နေသော ညတာတိုတိုအောက်မှာ ခရီးနှင်လာကြသည်။ သည်လို ဆက်လက်ခရီးနှင်လာရင်း လေးယောက်သား စကားလက်ဆုံ ပြော၍မကုန်နိုင် ရှိလာသည်။ လမ်းဆုံမှာ ကျွန်တော်တို့ကို ချပေးတော့ သူ့မျက်လုံးတွေထဲ မျက်ရည်တွေဝဲလို့။

ကားမောင်းမထွက်ခင် ကျွန်တော့်ကို သူ့အနားသို့ ခေါ်သည်။ တီးတိုးကပ်ပြောသည်။ "ကိုယ်သိပါတယ်။ မောင်ရင်တို့ ချာတိတ်တွေမှာ ပိုက်ဆံမပါပါဘူး" ပြောပြီး သူ့အင်္ကျီအိတ်ထဲက ဒေါ်လာငွေစက္ကူ အတော်များများထုတ်ပေးသည်။

"ဒစ်ဇီနှင့် ဂျင်မီကို ဒီအကြောင်း တစ်ခွန်းမှ မဟနှင့်ကွာ"

ကျွန်တော် ဘာပြော၍ ပြောရမှန်းမသိအောင် ဖြစ်နေသည်။ နေရာ၌ မလှုပ်ရှားမိ။ သူ့အသပြာ ငွေလက်ဆောင်ကို လက်မခံပါ။ မလှုပ်မချောက်သာ နေရာတွင် သည်အတိုင်းရပ်နေမိသည်။ ထိုလူ၏အကြင်နာတရားကို တအံ့တအားသာ ဖြစ်နေသည်။

သူ နားလည်သွားပါသည်။ လက်ထဲကပိုက်ဆံကို အိတ်ထဲ ပြန်ထည့်သည်။ ပြုံးသည်။ ကားထဲ ဝင်ထိုင်သည်။ နောက်တော့ မောင်းထွက်သွားပါသည်။

အရုဏ်ကျင်းခါနီး အလင်းရောင်အောက်တွင် သုံးယောက်သား ချမ်းချမ်းစီးစီး တုန်တုန်ခိုက် ခိုက်ဖြင့်၊ သူ့ကားကလေး ပျောက်သွားသည်အထိ ရပ်ကြည့်နေမိကြသည်။

ဂျင်မီက တီးတိုးရေရွတ်သည်။

"အဓိကကျတယ်ဆိုတဲ့ အရာတွေဆိုတာ မျက်စိထဲမှာ မမြင်မတွေ့နိုင်တဲ့ အရာတွေပါ"

ဒစ်ဇီကတော့ ငိုနေသည်။

ကလိုက်ဒ်မက်ကားလားနှင့် နောက်တစ်ကြိမ် ပြန်၍ ဆုံနိုင်တော့မည် မဟုတ်။ ဒါ အလွန်ကို သေချာသည်။ သို့ မဆုံနိုင်တော့သော်လည်း သူ့အပေါ် ဘယ်သူမှ မေ့နိုင်တော့မည် မဟုတ်တာ သိပါသည်။

အင်ဒီယာနာက ဖဲယားမောင့်မြို့ကလေးမှာ ငြိမ်းအေးပြီး ကျန်းမာရေးနှင့်ညီညွတ်သည့် လယ်တောမြို့ကလေး ဖြစ်သည်။

ဝင်းစလိုးတို့လယ်တောမှာ ဖဲယားမောင့်မြို့အပြင် မိုင်အနည်းငယ်အကွာ၊ ဆိတ်ငြိမ်အေးချမ်း လှသော သုသာန်ကလေးနှင့် သပ်ရပ်လှသော ဘုရားရှိခိုးကျောင်းငယ်ကလေးအလွန်တွင် ရှိသည်။

ဝင်းစလိုးတို့အိမ်ဂေဟာကလေးမှာ သပ်သပ်ရပ်ရပ် ဖြူဖြူစင်စင်ရှိကာ နှစ်လိုဖွယ် အသ ပြီးသည်။



www.burmeseclassic.com

www.burmeseclassic.com





ကျွန်တော်တို့ကို ဝင်းစလိုးတို့ လင်မယားနှစ်ယောက်စလုံးက လှိုက်လှိုက်လှဲလှဲကြိုဆိုသည်။ ဒေါ်လေးမေမေဟု ဂျင်မီခေါ်သော အောတင့်စ်က ကျွန်တော်တို့တစ်တွေ စားကောင်းခြင်း၊ အိပ်ကောင်းခြင်း၊ သန့်ပြန့်စွာနေထိုင်ရခြင်း ကိစ္စအဝဝကို ဂရုတစိုက်ရှိလှသည်။ သူ့သားတော် မောင်ကြီး၏လိုအင်တွေ၊ စိတ်ရှုး ပေါက်လာသည့် ဆန္ဒကလေးတွေကအစ လိုလေးသေးမရှိရအောင် ရင်ထဲက လာသည့် ဝမ်းသာလှိုက်လှဲမှု၊ နောက်ပြီး ချစ်ခြင်းမေတ္တာတရားတို့ဖြင့် စီမံပေးသည်။

မားကတ်စ်ကလည်း လယ်တောတစ်ခွင်လုံး ကျွန်တော်တို့အား လိုက်လံပြသသည်။

ကျွန်တော်သည် ဂျင်မီ့ကို နှစ်လချီပြီး မိသားစုမပါဘဲ၊ သူ့တစ်ကိုယ်တည်း သက်သက်ကိုသာ မြင်တွေ့ထားရသည်။ ထို့ကြောင့် သူ့ဘဝအစောပိုင်းနှစ်ကာလများ၏ သိမ်မွေ့လှသောအဖြစ်နှင့် ဂျင်မီ ပြန်လည်ထိတွေ့နိုးထလာသည်ကို မြင်တွေ့ရခြင်းမှာ အံ့သြစရာအခြင်းအရာတစ်ခု ဖြစ်ရသည်။ ဂျင်မီသည် သူ့ဘဝအတွင်းသို့ ပြန်လည်သက်ဆင်းကာ ထိုအဖြစ်ကို ကြည်နူး၍နေလေသည်။

ဂျင်မီက စပါးကျီအထဲရှိ သူ့မော်တော်ဆိုင်ကယ်အဟောင်းကို ထုတ်သည်။ ဖုန်ခါသည်။ အားလုံးဖြုတ်ပြီး တစ်စစီ ပြန်လည်တိုက်ချွတ်သည်။ မော်တော်ဆိုင်ကယ်ကို အထက်တန်းကျောင်းသား ဘဝတုန်းကသာ စီးပြီး သည်အတိုင်းထားခဲ့ရလေရာ အရင်ကလို ကောင်းကောင်းမှပြန်စီးနိုင်ပါ ဦးမလားဟု ပူနေသေးသည်။

ကျွန်တော်တို့က အိမ်ရှေ့မျက်နှာစာခြံဝင်းထဲမှ ရပ်ကြည့်ကြသည်။ သူက အိမ်ရှေ့ လမ်းမကြီးတစ်လျှောက်တွင် စက်ဝိုင်းသဏ္ဍာန်ပတ်ပြီး အသက်ရှုမှားလောက်အောင် ဟန်ရေးလုပ် စီးပြသည်။ ဖင်ထိုင်ခုံပေါ်တွင် ဝမ်းလျားမှောက်ပြီး ခြေနှစ်ဖက်က နောက်မှာဆန့်တန်းထားကာ စီးပြသည်။ **မော်တော်ဆိုင်ကယ်စတန့်သမားပင် သဘောကျလောက်ပါပေသည်။**





www.burmeseclassic.com

www.burmeseclassic.com





သူက သူ့ပညာစွမ်းပြသပွဲ ပြီးသွားသည့်နောက် မော်တော်ဆိုင်ကယ်ကို လက်ဖြင့်ပုတ်ပြပြီး မားကတ်စ်ကို လှည့်ပြောသည်။

"ကျွန်တော် သူ့ကို ရောင်းဖြစ်တော့မယ်မထင်ဘူး ဦးလေး။ သူက သူငယ်ချင်းလည်း သူငယ်ချင်း၊ ညီအစ်ကိုလည်း ညီအစ်ကိုနှင့် တူနေပြီ။ ဇာတ်သဘင်လောကမှာ သူငယ်ချင်းဆိုတာ အရှာရခက်တာဗျ"

ထိုည ထမင်းစား စားပွဲကြီးတွင် ဝိုင်းထိုင်ကြသောအခါ၊ ဂျင်မီက နိုင်ငံ၏လက်ရှိစီပွားရေး ပုံသဏ္ဌာန်အောက်တွင် ရှုပ်ထွေးလှသော လယ်ယာလုပ်ငန်းအကြောင်းကို သူ့ဦးလေးနှင့် ဆွေးနွေးသည်။ မားကတ်စ်မှာ သူ ရှင်းလင်းပြသည်များကို ဂျင်မီ အာရုံတစိုက်နားထောင်သဖြင့် တပြုံးပြုံးဖြစ်နေ၏။ ဂျင်မီတွင် ရင့်ကျက်တိုးတက်လာသော လူငယ်တစ်ယောက်၏အသွင်ကို သူ မြင်နေရပြီ ဖြစ်သည်။ သိပ်မကြာသေးခင်နှစ်များက သူ့အိမ်ဂေဟာကို စွန့်ခွာထွက်သွားချိန်တွင် သူငယ်ကလေးတစ်ယောက် အဖြစ်သာ ရှိခဲ့သေးသည့်လူငယ်။ သူ မြေတောင်မြှောက်ပေးခဲ့သည့် လူငယ်။

ဂျင်မီ သူ့အနုပညာဘဝလမ်းကြောင်းတွင် တိုးတက်မှုများအကြောင်း ရှင်းပြနေချိန်မှာ၊ အနာဂတ်အတွက် မျှော်လင့်ချက်စိတ်ကူးများအကြောင်း ပြောပြနေချိန်မှာ သူ့မိသားစုက စေ့စေ့စပ်စပ် နားထောင်သည်။

မားကတ်စ်က နှစ်ထောင်းအားပြုံးသည်။ "မင်းလုပ်နေတာ အမှန်အကန်ပဲဂျင်မီရေ။ အမှန်အကန်ပဲကွ" ဟု ပြောသည်။ ဒေါ်လေးမေမေကလည်း ခေါင်းတဆတ်ဆတ်ညိတ်သည်။

အောတင့်စ်မှာ ဆစ်မြစ်ရောင်နာ စွဲနေသည်။ လက်နှစ်ဖက်တွင် ရောဂါကိုက်ဝါးစ ပြုနေပြီ။ ဒါကို ဂျင်မီက အရေးတယူရှိသောအခါ အောတင့်စ်မှာ ကျေနပ်ပီတိဖြစ်ရသည်။ အောတင့်စ်နောက်ဖေးတာဝန်ပိနေသည့်အတွက် ဒစ်ဇီနှင့်ကျွန်တော်က ပန်းကန်တွေ ဝိုင်းကူဆေးကြောပေးသည်ကို ဂျင်မီက သဘောကျနေသည်။

တစ်ည သူ့မိသားစုတွေ အိပ်ပျော်နေခိုက် ဂျင်မီက ကျွန်တော်တို့နှစ်ယောက်ကို တိုးတိုးတိတ်တိတ် ပြောသည်။ "တစ်နေ့ ကိုယ်အောင်မြင်လာတဲ့အခါ သူတို့ကို ဒီဟာတွေ ရောင်းပစ်ခိုင်းမယ်။ ရောင်းပြီး မေမေ အဆစ်အမြစ်နာရောဂါအတွက်၊ ဒါလောက်ကြီးမပူတဲ့ အရီဇိုးနားလို ရာသီဥတုခြောက်ခြောက်သွေ့သွေ့ဆီ အပြောင်းခိုင်းမလားလို့။ တစ်နေ့မှာ မေမေတို့နှင့် ထိုက်တန်တဲ့ဘဝ၊ အခုလိုအလုပ်တွေ လုပ်စရာလည်းမလိုတော့ဘဲ ပူလည်း မပူပင်ရတော့တဲ့ဘဝမျိုး ရရစေ့မယ်ကွာ"ဟု ပြောလေသည်။

မားကီးကလေးကလည်း သူ့အစ်ကိုကြီး တစ်ခေါက်တကျေးပြန်ရောက်လာသဖြင့်၊ မြူးထူးပျော်ရွှင်နေရှာသည်။ ဂျင်မီကိုယ်တိုင်ကလည်း သူ့ညီငယ်ကလေးမားကီးကို အချိန်အတော်ပေးသည်။ အစစအရာရာ ရှင်းလင်းပြောပြသည်။ မားကီးက ပန်းချီဆွဲသည့်ဘက်မှာ အရွယ်နှင့်မလိုက်အောင် ထူးချွန်မှုရှိသည်။ အလည်လာသည့် အချိန်တိုတိုကလေးအတွင်းမှာ သူငယ်ကလေး အတွက် သူ့စိတ်ထဲ အရေးကြီးမည်ထင်တာမှန်သမျှ ကြိုးစားအားပေးသည်။

ဂျင်မီသည် ကျွန်တော်တို့နှစ်ယောက်ကို သူနေခဲ့သော အထက်တန်းကျောင်းသို့ ခေါ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com





t ဓာတ်ကားတွင် အဲလစ်ဇဘက်တေလာနှင့်အတူ



www.burmeseclassic.com

www.burmeseclassic.com





အနုပညာဆရာမ အက်ဒလင်းနော့မှာ သူနှင့် ပြန်လည်ဆုံဆည်းရသဖြင့် အတိုင်းထက်အလွန် ဝမ်းသာပြီး သူ့အနုပညာအတန်းကို ကျွန်တော်တို့ သုံးယောက်အား လွှဲပေးသည်။ ဂျင်မီက သရုပ်ဆောင်ခြင်းအနုပညာရပ်အကြောင်းကို ခမ်းခမ်းနားနားဟောပြောသည်။ ဒစ်ဇီက ခေတ်ပေါ် အကနည်းစနစ်ပိုင်းကို ဟောပြောသည်။ ကျွန်တော်ကတော့ ရုပ်သံဇာတ်ညွှန်းရေးပုံ၊ ဒါရိုက်တာ လုပ်ပုံ အကြောင်းအရာပိုင်းကို ပို့ချသည်။

ကျွန်တော်တို့သုံးယောက်သားတွင် ဟောပြောပို့ချခြင်းဘာသာရပ်၌ ပညာသားပါပါဖြင့် သြဇာတိက္ကမရှိလောက်အောင် ပေမမီဒေါက်မမီသေးကြောင်း ကိုယ့်ဟာကိုယ် သတိထားမိကြပါသည်။ သို့ရာတွင် ငယ်ရွယ်နုနယ်သည့် ကျောင်းသူကျောင်းသားကလေးတွေ အာရုံဝင်စားနိုင်လောက်အောင်၊ ကျွန်တော်တို့သုံးယောက်လုံးအပေါ် တအံ့တအားနှင့် တလေးတစားရှိလောက်အောင်တော့ ဖြည့်ဆည်းနိုင်ပါသည်။ နယူးယောက်ရှိ ပညာရှင်တို့၏လောကနယ်ပယ်တွင် တစ်နှစ်သာသာလောက် သွားရောက်ဆည်းပူးလေ့လာထားသည့် အနေအထားသည် ကျောင်းသူကျောင်းသားအများအပြားက ကျွန်တော်တို့ သုံးယောက်ကို တကယ့်ပညာရှင်ကြီးတွေပမာ တလေးတစားလက်ခံလောက်စေပါသည်။


အချိန်တိုတိုကလေးနောက်ပိုင်းမှာ နယူးယောက်ရှိ ဂျင်မီ့အေးဂျင့်ဆီက ဖုန်းလာသည်။ သည်မှာ ကျွန်တော်တို့၏ ပျော်ရွှင်ဖွယ်ခရီးလေး အဆုံးသတ်တော့သည်။ သည်ခရီးအတွင်းမှာ ကျွန်တော်တို့ သုံးယောက် ဝဝအိပ် ဝဝစားရပြီး ကျေနပ်အားရဖွယ်ပြုစုခြင်း ခံကြရပါသည်။ လယ်တောတွင် ကုန်ဆုံးလိုက်ရ သောအချိန်သည် ကျွန်တော်တို့ စိတ်ဝိညာဉ်တွေအတွက် လိုအပ်နေသော ဖြေလျှော့ခြင်းတစ်မျိုးကို ဖြည့်ဆည်းပေးလိုက်နိုင်ပါသည်။

ဂျင်မီ့မိခင်အား မြှုပ်နှံထားရာသင်္ချိုင်းသို့ ခဏတဖြုတ် ဝင်ရောက်ကြသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com





မြို့သို့ ပြန်ရောက်ရသည်မှာ ကြီးစွာစိတ်လှုပ်ရှားမှုကြီး ဖြစ်ရသည်။ လင်မြူယယ်က See the Jaguar ပြဇာတ်တွင် ခေါင်းဆောင်တစ်နေရာအတွက် အော်ဒီရှင်ဝင်ပေးဖို့ ဂျင်မီကို လှမ်းခေါ်ခြင်း ဖြစ်သည်။ ဘာပဲဖြစ်ဖြစ် ဂျင်မီကတော့ ထိုအခွင့်အရေးလို အသေတွယ်ကပ်သည်။ ဇာတ်ညွှန်းကို သူဖတ်ကြည့်သည်။ သည်လိုအခွင့်အရေးမျိုး နောက် တော်တော်နှင့် ပေါ်လာမည် မဟုတ်မှန်း သိနေသည်။

ဇာတ်ညွှန်း အော်ဒီရှင်ဝင်ရမည့် ညက တစ်ချိန်လုံး သူ ဂနာမငြိမ် ဖြစ်နေသည်။ ကြောက်အားကြီးပြီး အခန်းထဲတွင် ပျာယာခတ်နေသည်။ အင်္ကျီအဝတ်အစားကောက်ဝတ်ပြီး စိတ်အပျက်ကြီးလည်း ပျက်ရသည်။

"မဟုတ်သေးပါဘူးကွာ။ ဟုတ်ကို မဟုတ်သေးဘူး"

"အခု ဘာဖြစ်ရပြန်တာလဲ"

ဒစ်ဇီက စိတ်မရှည်တော့ဘဲ လှမ်းအော်သည်။

"ငါ့မှာ ဝတ်စရာဆိုလို့ သန့်သန့်ပြန့်ပြန့်ကလေးတောင် တစ်ထည်တလေမှ မရှိလို့ဟ။ ဒီမယ် ရှပ်အင်္ကျီမရှိဘူး ဖြစ်နေတယ်"

"ဒါဖြင့် ကိုယ်တုံးလုံးသွားဟယ်။ အနည်းဆုံးတော့ လူတွေ အာရုံစိုက်စရာ ဖြစ်တာပဲ"

"အို... အို... အို"

ပါးစပ်က ညည်းတွားရင်း ပြတင်းပေါက်ပေါ် တက်ရပ်သည်။ ဟိုယိမ်း ဒီယိမ်းဖြစ်နေသည်။ ငါးထပ်အမြင့်ကနေ အောက်ကို ခုန်ချလိုက်တော့မလို ခြိမ်းခြောက်သည်။ ကျွန်တော့်မှာ မပေးချင့်ပေးချင်ဖြင့် သုံးထည်တည်းသော ရှပ်အင်္ကျီတွေအထဲက တစ်ထည် ထုတ်ရသည်။

"အဲဒီအခန်းပါရင် ဒီရှပ်အင်္ကျီ မင်းပိုင်ပြီ" သဘောထားကြီးစွာ ကျွန်တော် ကြေညာလိုက်ပါသည်။ သူက နောက်တီးနောက်တောက်အမူအရာဖြင့် မျက်လုံးတစ်ချက် မှိတ်ပြပြီး ဆတ်ခနဲဆွဲယူသည်။ လည်စည်းနှင့်အတူ ရေချိုးခန်းထဲ ပြေးဝင်သည်။

"ဒစ်အစ်အစ်အစ်အစ်ဇီ"

ရေချိုးခန်းအတွင်းမှနေ၍ ဒစ်ဇီကို ဝေဒနာခံစားနေရသောသူလို လှမ်းအော်ခေါ်နေပြန်သည်။

ဒစ်ဇီ ရေချိုးခန်းထဲ ပြေးဝင်သွားရသည်။ မောင်မင်းကြီးသား ကိုယ်ဟာကိုယ် လည်စည်းစည်းရင်း လက်က အထုံးနှင့်ရောထွေးပြီး ချည်လျက်သားဖြစ်နေ၏။ ဒစ်ဇီမှာ လက်ကို ဖြည်ပေးရပြန်သည်။ နောက် ကလေးလေးလို ခုန်ဆွခုန်ဆွ လုပ်နေသည်တွင် ဒစ်ဇီကပဲ လည်စည်းစည်းပေးရသည်။ မသေမသပ်ဖြစ်နေသည့် ဆံပင်ကို ဖီးပေးရသည်။ ရှပ်အင်္ကျီစကို ဘောင်းဘီအထဲ ထိုးသွင်းပေးရသည်။ နောက် သူ့တင်ပါးကို ရိုက်ပြီး "သွားတော့ဟယ်"ဟု လွှတ်လိုက်ရသည်။

"တို့နှစ်ယောက် ပါရီရုပ်ရှင်ရုံမှာ နင့်ကို စောင့်နေမယ်နော်" ဒစ်ဇီက သူ့ကို လှမ်းအော်ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com





ကမူးရှူးထိုး ပြေးဆင်းချသွားရာ၊ မြေအောက်ရထားအပေါက်များဖြစ်အောင် မှားဝင် လိုက်သေးသည်တဲ့။

ပြဇာတ်အတွက် ဇာတ်တိုက်တာတွေ တစ်ဆင့်ပြီး တစ်ဆင့် တက်လာသည်နှင့်အမျှ ဂျင်မီ စိတ်လှုပ်ရှားချက်တွေလည်း မြင့်တတ်လာခဲ့သည်။ ဇာတ်တိုက်ပြီး ပြန်ရောက်လာသည့်ညတိုင်း ထိုတစ်နေ့တာအဖို့ ဘာတွေဖြစ်ခဲ့သည်ကို အသေးစိတ်ပြော၍မဆုံး ဖြစ်နေသည်။ သူသရုပ်ဆောင်ရသော ဇာတ်ရုပ်စရိုက်လက္ခဏာအပေါ် နားလည်လာပုံ၊ အနက်ပြန်ပုံနှင့်ပတ်သက်၍ သူ့ဘက်တွင် ဖြစ်ပေါ်လာသည့် တိုးတက်မှုကို ပီပီပြင်ပြင် ရှင်းပြသည်။ ဒါရိုက်တာ မိုက်ကယ်ဂေါဒင် တိကျမှုအတိုင်း တစ်သဝေမတိမ်း သူ ဖော်ထုတ်သရုပ်ဆောင်နိုင်သည်။ ခေါင်းဆောင်မင်းသား အာသာကနေဒီနှင့်လည်း ညစာစားရင်း ဆွေးနွေးဖြစ်သည်။ ကနေဒီအပေါ် သူ အလွန်တရာ တန်ဖိုးထား ချီးမွမ်းသည်။ ဇာတ်တိုက်နေသည့် သီတင်းပတ်တစ်လျှောက်လုံး သူ့ဘေးပတ်လည်က အရာခပ်သိမ်းပေါ် စူးစူးရှရှ မျက်စိဖွင့်ထားသည်။

ပြဇာတ်ဖွင့်ပွဲနောက်တစ်နေ့ ထွက်လာသည့်သတင်းစာထဲတွင် ဂျင်မီအပေါ် အကောင်းဝေဖန်ထားသည့် ဝေဖန်ချက်တွေတွေ့ရတော့မှပဲ ကျွန်တော်တို့မှာ ဟင်း ချနိုင်ပါသည်။

ကျွန်တော့်တွင် ကြိုတင်လက်မှတ် ရထားသည် ။ထို ဘရော့ဒ်ဝေးအဖွင့်ညတွင် ကန်လန့်ကာမဖွင့်မီ တစ်နာရီစောပြီး ရုံအထဲ ရောက်နေမိသည်။

ရုံထဲတွင် စိတ်လှုပ်ရှားစွာထိုင်နေမိပါသည်။

ကဇာတ်ပြီးဆုံး၍ ကန့်လန့်ကာကြီးကျလာချိန်အထိ ကျွန်တော်သည် နေရာတွင် မလှုပ်မရှက် ငြိမ်ငြိမ်ကြီး ထိုင်နေလျက်သားရှိသေးသည်။ ဂျင်မီကပြသွားသည်မှာ သုံးခန်းသာရှိသည်။ ထိုသုံးခန်းကလည်း သုံးခန်းဆို ဆိုသလောက် ပြည့်ဝသည်။ သူ ကပြသရုပ်ဆောင်သည်ကို ရှုစားနေရစဉ်အတောအတွင်း ကျွန်တော့်မှာ မင်တက်မိနေသည်။ ကျွန်တော့်သူငယ်ချင်း ဂျိမ်းစ်ဒင်းဆိုသောလူငယ်မဟုတ်။ သူပါဝင်ကပြသော အခန်းက ဝေါလီဝီလ်ကင်းဆိုသောသူသာ ဖြစ်သည်ဟူသောအာရုံလွဲမှားမှုကို ကျွန်တော်နှင့် ကျန်ပရိသတ်တို့ အပြည့်အဝခံစားရသည်။

ဇာတ်ဝင်ခန်းတစ်ခန်းတွင် ဝေါလီ(ဂျင်မီ)အား သူ့ပါးကွက်သားတို့က ရိုက်နှက်ညှဉ်းပန်းဆွဲခေါ်ထုတ်လာပြီး,သူ့အပေါ် သစ္စာဖောက်သူ(အာသာကနေဒီ)နှင့် ရင်ဆိုင်ဆုံပေးသည်။ ဤတွင် ဝေါလီမှာ ပျော့စိပျော့ဖတ်ဖြင့် အားအင်ပြတ်လပ်ပြီး "ဒါ ကျုပ်ကို ဘယ်သူ လုပ်လိုက်တာလဲဟင်" ဟုလေသံကလေးဖြင့်သာ မေးနိုင်တော့သည်။ ကျွန်တော့်နှလုံးသားမှာ လှိုက်ခနဲ ခံစားသွားရပါသည်။ ကနေဒီက အပြစ်မကင်းသောအသံဖြင့် "ငါလုပ်လိုက်တာပဲသူငယ်"ဟု အဖြေပေးသည်တွင်၊ဝေါလီသည် ဒူးနှစ်ဖက် ညွတ်ခွေကျသွားကာ သနားစဖွယ်ရှိုက်ရှိုက်ငိုသည်။ သူ့လက်နှစ်ဖက်ကို ဘေး[illegible] ရပ်နေသည်



www.burmeseclassic.com

www.burmeseclassic.com





ပါးကွက်သားတွေက ဆွဲမထားသည့်ဟန်မှာ လက်ဝါးကပ်တိုင်၌ ခရစ်တော် ဝေဒနာကြီးစွာ မချိမဆံ့ခံစားရသည့် သင်္ကေတတစ်ခုပင်။ သည်မှာ ကျွန်တော် ကိုယ်တိုင်လည်း ငိုမိပါလေသည်။

ကျွန်တော် ဇာတ်ရုံနောက် ဝင်သွားမိချိန်တွင် ဂျင်မီ့အဝတ်လဲခန်းထဲတွင် အသိမိတ်ဆွေတွေ၊ ချီးကျူးထောပနာပြုသူတွေနှင့် ပြည့်ကျပ်နေသည်။

ဟဲရီးထရီဗျွန်းသတင်းစာကြီးမှ ဝေဖန်ရေးဆရာ ဝေါ်တာကားက See the Jaguar ပြဇာတ် အပေါ် 'အံ့ဖွယ်ကောင်းအောင် နှစ်ထောင်းကြည်နူးစရာ ညအဖြစ် အဆုံးသတ်သွားသည်'ဟူ၍ ရေးထားသည်။

ဂျိမ်းစ်ဒင်းအပေါ် မြင်ကြပုံချင်း၌ သဘောထားတစ်မျိုးတည်း ရှိကြသည်။ မစ္စတာကားသည် အခြားဝေဖန်ရေးဆရာတို့၏ယေဘုယျသဘောထားကို တစ်ပေါင်းတည်း ခြုံငုံသုံးသပ်ပြသည်။

'နောက်ပြီး ဂျိမ်းစ်ဒင်းက သူ့အဖို့ ဖြစ်နိုင်ခဲလှသောအခန်းကို ထူးချွန်ပြောင်မြောက်စွာ ကပြရင်း ဖြည့်စွက်ပေးပါသည်။ စိတ်ရှုပ်ထွေးတွေဝေနေသော လူငယ်တစ်ယောက်အဖြစ် ဖြစ်သည်။ ထိုသူငယ်ကား ဆိုးသွမ်းညစ်ညမ်းလှသော လောကကြီးနှင့် လုံးဝမထိတွေ့ရအောင် စေတနာသဒ္ဓါတရား တွေပိုလွန်းနေသူ မိခင်၏ ပိတ်ပင်တားမြစ်ခြင်းခံနေရသည့် လူငယ်။ သူ့ဘဝတွင် ပထမဆုံးအနေဖြင့် အလှတရားနှင့် ရက်စက်ကြမ်းကြုတ်ခြင်း နှစ်မျိုးနှစ်စားကို ပက်ပင်းဆုံရသည့် လူငယ်တစ်ယောက် ဖြစ်သည်'

See the Jaguar ပြဇာတ်မှာ ခြောက်ခါပဲ တင်လိုက်ရပြီး ရုံမှဆင်းသွားသည်။ ဂျင်မီ၏ ဘရော့ဒ်ဝေးအစွမ်းပြပွဲသည် ရေပွက်ပမာသာ ဖြစ်ရသည်။ သို့သော် သူ့အတွက် အောင်မြင်မှုတော့ ဖန်တီးလိုက်နိုင်ပါသည်။

ယခုဆိုလျှင် သူ့ဟာသူ သီးခြား အခန်းငှားနေနိုင်လောက်အောင် တတ်နိုင်လာပြီ။

ထိုအတောအတွင်း ဂျင်မီအနုပညာလမ်းကြောင်း မှန်မှန်တိုးတက်လာခဲ့သည်။ See the Jaguar ပြဇာတ်နောက်ပိုင်း၌ နယူးယောက်တွင် ဂျင်မီအကြောင်းက လူတကာပြောမဆုံးရှိကာ သူ့အေးဂျင့်မှာလည်း ဂျင်မီနှင့် တွေ့ဆုံအင်တာဗျူးလုပ်လိုသူတွေနှင့် အဝိုင်းခံနေရသည်။ နယူး ယောက်ရှိ အမ်၊ ဂျီ၊ အမ် ရုပ်ရှင်ကုမ္ပဏီရုံးခွဲကလည်း သူ့ထံ လူလွှတ် အမေးခိုင်းသည်။ ဂျင်မီကို သူတို့က နယူးယောက်က ခွာပြီး ဟောလီဝုဒ်မှာ အစမ်းရိုက်ချက် ဝင်ပေးစေလိုသည်။ သူကလည်း ပေကတ်ကတ်လုပ်နေသည်။ ရုပ်သံအလုပ်ကလေးတွေက ဝင်လာမစဲ တသဲသဲဖြစ်နေပြီ မဟုတ် လား။ သည်တော့ ငွေကြေးအခြေအနေကလည်း နိုပ်နေပြီလေ။

မိန်းကလေးများစွာလည်း ဂျင်မီ့ဘဝထဲကို ဖြတ်သန်းစ ပြုလာသည်။ တွေ့လိုက်တိုင်းနောက် အသစ်တစ်ယောက်နှင့် အမြဲဖြစ်နေသည်။ ထို မျက်နှာသစ်ကလေး တစ်ယောက်ယောက်နှင့်



www.burmeseclassic.com

www.burmeseclassic.com





EAST OF EDEN ဇာတ်ကားမှ နတ်တာလီဝုဒ် (ညာစွန်)



www.burmeseclassic.com

www.burmeseclassic.com





အကြာဆုံးရှိလှ တစ်နေ့စာမျှ တွဲပစ်လိုက်တတ်သည်။ မိန်းကလေးတွေကလည်း သူသွားလေရာ တကောက်ကောက်လိုက်သည်။ သူ့အေးဂျင့်မ ဂျိန်းဒေးအားစီ ကိုယ်တိုင်သော်မှ သူ့ကို မိန်းကလေးတွေနှင့် လွတ်လွတ်ကျွတ်ကျွတ် ဘယ်တော့မှ တွေ့ခွင့်မရ။

ထိုအတွင်း ဖရင့်ကော်စားရီးဆိုသော သရုပ်ဆောင်တစ်ဦးနှင့် သူ သိလာသည်။ ဂျင်မီသည် ဖရင့်ကော်စားရီး၏လွှမ်းမိုးမှု အရှိန်အဝါအောက်သို့ လုံးဝကျရောက်သွားသည်။ ကော်စားရီးက လူပုံပါးပါး၊ စိတ်ခွန်အား အရာမှာကျတော့ အထုအထည်နှင့် နှစ်ဆယ့်လေးနာရီလုံးလုံး ဖျတ်လတ် လှုပ်ရှားနေသည့် လူ။ သရုပ်ဆောင်ခြင်း၊ ဒါရိုက်တာလုပ်ခြင်း၊ ဂီတမှူးလုပ်ခြင်း၊ ပြီးတော့ စာပေ ပန်းချီ ဂီတလောကကြီးကို အကြမ်းဖျင်းအားဖြင့် အကုန်ဝါသနာပါသည်။

ဂျင်မီ့ကိုယ်ရည်ကိုယ်သွေး စရိုက်လက္ခဏာက ပြောင်းမသွား။ ငူငိုင်ငိုင် မထုံတက်တေး အကျင့်က သည်အတိုင်းသည်အတိုင်းပင်။ ငိုင်တတ်သည့်အလေ့ကြီးက ပိုလို့ပင် ဆိုးလာလိုက်သေးသည်။


သူသည် သူ့ဘေးပတ်လည်က လူအတော်များများနှင့် မတူလှ။ အရှိတရားကို ရှောင်လွဲရန် သဲပုံအထဲ ခေါင်းထိုးသွင်းပြီး ကိုယ့်ကိုယ်ကိုသိုဝှက်ထားရမှာ မလိုလားသူ။ သူသည် သူ့ဘေးပတ်လည်ကလောကကို နားလည်ဖို့ ကြိုးစားသည်မှန်သော်လည်း တစ်ခါတည်း မျက်စိမှိတ် လက်ခံလိုက်ဖို့ ခွင့်ပြုထားသည် မဟုတ်။

သူ့မှာ ငွေကြေးဘက်က အတော်ကလေး ဟန်ဟန်ပန်ပန်ဖြစ်လာပြီ။ ဖိမ်ခံပစ္စည်းတွေ ဝယ်သုံးမယ်ဆိုရင် သုံးနိုင်လောက်အောင်လည်း တတ်နိုင်ပြီ။ သို့သော် မောင်မင်းကြီးသားက ဘိုင်ကျတုန်းက စားခဲ့သည့် ဈေးပေါပေါဆိုင်တွေမှာပဲ စားမြဲစားသည်။ အဝတ်သစ်အစားသစ် ဝယ်ဝတ်ဖို့လည်း စိတ်မကူး။ အရင် နှစ်နှစ်လုံးလုံး ဝတ်ထားသည့် အင်္ကျီအဟောင်း၊ ဘောင်းဘီအဟောင်းပဲ။ အားလျှင် မြို့ပေါ်မှာ လတ်လျားလတ်လျား လျှောက်သွားမနေ။ ရသမျှအချိန် လေ့လာရင်း ကုန်သည်။ မိတ်ဆွေအပေါင်းအသင်းတို့နှင့် ပြောဆိုဆွေးနွေးရင်း ကုန်သည်။ နောက်ပြီး စိတ်ကူးယဉ်ဘဝ အိပ်မက်ရောင်စဉ်အထဲမှာ နစ်ဝင်ပျောက်ဆုံးနေတတ်သည်။ နောက်တော့လည်း သူ့အပေါင်းအသင်းတွေက သူ ဘယ်လိုပဲ ငူငူငိုင်ငိုင်ဖြစ်နေပါစေ။ သူ့ကို လက်ခံသွားကြ၏။ လက်မခံလို့လည်း မဖြစ်။ သည်လိုမှ လက်ခံဖို့ နားမလည်လျှင်လည်း သူ့အပေါင်းအသင်းအဖြစ် တာရှည်မခံတော့ဘူး မဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com


www.burmeseclassic.com

www.burmeseclassic.com





အာဆူလာအင်ဒရက်နှင့်အတူ Pg 113

**အကျိုးရလဒ်ကို မေ့သာထားကွာ။**

**အကျိုးကျေးဇူးဆိုတာ အလုပ်ကလာတာပါ။**

**အဆုံးသတ်ရလဒ်က မဟုတ်ဘူး။**

ဟောလိဝုဒ်သို့ သွားဖြစ်သည့်နေ့က ဂျင်မီနှင့် ကျွန်တော် ခရှမ်းဝဲလ်ဆိုင်တွင် ကော်ဖီထိုင်သောက်ကြသည်။

"ဖြစ်လာမယ့် အကျိုးရလဒ်ကို မေ့သာထားကွာ။ အကျိုးကျေးဇူးဆိုတာ အလုပ်က လာတာပါ။ အဆုံးသတ်ရလဒ်က မဟုတ်ဘူး။ စိတ်ထဲမှာ ငါဘယ်သူ ငါဘာကောင်ဆိုတာပဲ နှလုံးသွင်း။ ဟိုမှာ သူတို့ဘက်က မချေမငံ စော်ကားမော်ကား ပြုလာတာမှန်သမျှ ဘာမှ ခေါင်းထဲ ထည့်မနေနှင့်"ဟု သူက အကြံပေးသည်။

ထို့နောက် ရုတ်တရက်ချက်ချင်း "ကဲ ငါသွားတော့မယ်"ဆိုပြီး ကောက်ကာငင်ကာ ထွက်သွားပါတော့သည်။

ကျွန်တော့်တွင် ထုပ်စရာပိုးစရာတွေပြီးသည်နှင့် ဈေးလျှောက်ဝယ်ရသည်။ ဝယ်ခြမ်းပြီးသည့်အခါ၊ အခန်းသို့ပြန်ပြီး အထုပ်အပိုးပြင်ဆင်၍ ထွက်တော့မည်စိတ်ကူးဖြင့် ဟိုတယ်သို့ လျှောက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com





လေးဆယ်ခြောက်လမ်းလောက်တွင် "ဟေး ဝီလီ"ဟု လှမ်းခေါ် လိုက်သံကို ကြားလိုက်ရသည်။

ကျွန်တော် လှည့်ကြည့်လိုက်သောအခါ ဂျင်မ်ိကို တွေ့လိုက်ရသည်။ ငနဲ အဆောက်အဦးတစ်ခုမှ ထိုးထွက်နေသော ပိုက်လုံးတန်းတစ်ခုပေါ်တွင် ထိုင်နေသည်။ သူ့လက်ထဲတွင် စာအုပ်သုံးအုပ် ကိုင်ထားသည်။ တစ်အုပ်ကို တစ်ခုခုရေးနေသည်။ ကျွန်တော် သူ့ဆီ လျှောက်သွားလိုက်သည်။

"ဒီမယ်"ဆိုပြီး သူက စာအုပ်တွေ ကျွန်တော့်လက်ထဲ ထိုးပေးသည်။

"ဟောဒီ မော်ရှိင်းဖတ်စာ ထဲက Harpies on the Shore ကို ဖတ်ဖြစ်အောင် ဖတ်" နောက် ထွက်သွားလေသည်။

ကျွန်တော် လက်ထဲက စာအုပ်တွေကို ကြည့်လိုက်သည်။ တစ်အုပ်က ဗာဂျီနီးယားဝုဒ်၏ Orlando၊ နောက်တစ်အုပ်က ကားဆင်းမက်ကာလား၏ The Heart is a Lonely Hunter ဖြစ်ပြီး၊ ကျန်တစ်အုပ်ကတော့ ကတ်ထူဖုံး အင်ဒရေမော်ရှိုင်းဖတ်စာ ဖြစ်သည်။ ထိုစာအုပ်ကို အဖုံးဖွင့်လိုက်ရာ...

**ဘီလ်သို့ ...**

"ဒါကို ဖတ်ရခြင်းအားဖြင့် ဒြပ်ထည်မရှိတဲ့ ပြူးတူပြဲတဲအရာတွေရဲ့ အရှိန်အဟုန် အောက် ရောက်နေတဲ့အခိုက်မှာ မင်းရဲ့ စိတ်မချမ်းမြေ့စရာတွေကို ရေချပစ်လိုက်ပါ။ အတောင်ပံတပ်ထားတဲ့ မင်းရဲ့ လက်တုံ့ပြန်ခရီးစဉ်မှာ ဟားပီးမနုသငှက်ကြီးတွေက မင်းကို လိုက်လံပျံသန်း စောင့် ရှောက်ပါစေ"

---

**"ကြောင်မနေစမ်းပါနှင့်။ ဒီလိုလူ တစ်ယောက်က ဘာလို့ သူ့ကိုယ်သူ သတ်သေချင်ရမှာလဲ။ သူ့မှာ အရာရာ ပြည့်စုံ ကြွယ်ဝနေတာပဲ။ ထိပ်ကို ရောက်နေတာပဲ။ သူ့အေးဂျင့်က နောက်နှစ်နှစ်စာလုံးလုံး အတွက် ရုပ်ရှင်ဇာတ်ကားတွေ ရိုက်ဖို့ ဒေါ်လာ ငါးသန်းဖိုး သူ့ကို စာချုပ်တွေ ချုပ်ပေးထားတာပဲ"**

---



www.burmeseclassic.com

www.burmeseclassic.com




သူ့အရပ်က ငါးပေဆယ်လက်မ။
သို့သော် ရုပ်ရှင်ထဲတွင် သူသည်
အရပ် ပုနေသယောင်ထင်ရသည်။

www.burmeseclassic.com

www.burmeseclassic.com





ဒါရိုက်တာ အင်ဒရေဂိုက်၏ The Immoralist ပြဇာတ်တွင် မင်းသမီးဂျယ်ရာ ဒင်းပေ့ချ်၊ မင်းသားလူဝီဂျော်ဒင်နှင့်တွဲဖက်ပြီး အာရပ်လူငယ်အဖြစ် ပါဝင်သရုပ်ဆောင်ဖို့ အရွေးခံလာရသည်။ See the Jaguar ပြဇာတ်မှာထက် အခန်းကြီးကာ အသားပါလှသည်။

ဂျင်မီကို ကြည့်ခဲ့သူများနှင့် ဝေဖန်ဆရာတို့စကားအရပြောရလျှင် ဂျင်မီသည် ပထမတန်းစားအဖြစ် သရုပ်ဆောင် ကပြနိုင်ခဲ့၏။ သို့သော် အကြောင်းမလှချင်တော့ ဇာတ်ညွှန်းပြန်အခွဲမှာ သူ့အခန်း ရုပ်ပျက် ဆင်းပျက်အဖြတ်ခံရပြီး သေးသေးနုပ်နုပ်သာ ကျန်တော့၏။

ဇာတ်တိုက်လာကြရင်း၊ ထုတ်လုပ်သူနှင့် ကပြသူတို့ကြား မကျေလည်မှုတွေ များလာသည်။ ဂျင်မီမှာ သရုပ်ဆောင်တွေထဲ ပွင့်ပွင့်လင်းလင်းအပြောဆုံးဖြစ်၍ ထုတ်လုပ်သူရို့စ်နှင့် မကြာခဏ အချေအတင် ဖြစ်ရသည်။ နောက်ဆုံးမှာ လူချင်းစိမ်ခေါ်ကြသည့်အဆင့် ရောက်လာသည်။ ဂျင်မီက သူ့ဒါရိုက်တာအပေါ် ယုံကြည်ကိုးစားမှု အပြည့်ထားသည်။ ဒါ သူ့အကျင့်ပင်။ သူနှင့် ထုတ်လုပ်သူ စိမ်ခေါ်ပွဲတွင် ဒါရိုက်တာကို သူ့ဘက်ဝင်ရပ်မည် တွက်သည်။ တကယ့်တကယ် အရေးကြုံလာတော့ မန်းက ထုတ်လုပ်သူဘက်က ဝင်ဖေးသည်။

တစ်ချိဇာတ်အတိုက်တွင် ဂျင်မီက သူ့အခန်းနှင့်စပ်လျဉ်း၍ ဒါရိုက်တာမန်းကို မေးမိသည်။ မန်းက အများရှေ့တွင် သူ့ကို "မင်းက မင်းကိုယ်မင်း ရေးကြီးခွင်ကျယ်လို့ ထင်ရအောင် ဘာမို့လဲ။ မင်းကိစ္စ ငါ့အဖို့ အသေးအဖွဲ။ ငါမှာ တစ်ခြား အာရုံစိုက်ရမယ့်လူတွေ ရှိသေးတယ်"ဟု သဟောက်သဟန့်ပြောသည်။

ဂျင်မီမှာ သည်းခံနိုင်စွမ်း မရှိတော့။ ဒါရိုက်တာကို သူ အရှက်တရဖြင့် ကျောခိုင်းလိုက်သည်။ ဇာတ်တိုက်ရာ ဇာတ်ခုံပေါ်မှ ဆင်းချလာခဲ့သည်။ ရင်ထဲမှာတော့ လှလှပပ ပညာပေးမယ်ဆိုသည့် ကြိမ်းဝါးသံတွေ မြည်ဟီးနေသည်။

ဂျင်မီမှာ ရင်ထဲဗလောင်ဆူအောင် ခံစားနေရသည်ကို ငြိမ်ကျသွားအောင် လမ်းတကာလမ်း လျှောက်သွားနေရသည်။ ဒါရိုက်တာအပေါ်ထားရှိသည့် လေးစားသမှုတွေ အကုန်ဘေးချိတ်ထား လိုက်သည်။ သူ့ကိုယ်သူ စိတ်နိုင်ပြီဟုထင်တော့မှ ဇာတ်ခုံဆီ လှည့်ပြန်သွားသည်။ ကိုယ်စားလှယ်က ညှိနှိုင်းပေးသဖြင့် ထိုကိစ္စ ချောမွေ့သွားသည်။ ဂျင်မီလည်း အာရပ်လူငယ်အခန်းကို ပြန်ယူလိုက်သည်။


ဇာတ်အဖွဲ့ နယူးယောက်သွားပြီး ဖွင့်ပွဲလုပ်တော့ ဝေဖန်ရေးဆရာတွေထံမှ ချီးကျူးထောပနာ ကောင်းစွာရသွားသည်။ အထူးသဖြင့် ဇာတ်ရုပ်သုံးရုပ်အပေါ်တွင် ဖြစ်သည်။ မင်းသမီးပေ့ချ်၊ မင်းသားဂျော်ဒင်နှင့် ဂျင်မီတို့ သုံးဦး။ ဂျင်မီအပေါ် ဝေဖန်ရေးဆရာတွေက အနာဂတ်ဇာတ်သဘင် လောကတွင် အလားအလာအရှိဆုံး သရုပ်ဆောင်အဖြစ် ဟောကိန်းထုတ်ကြသည်။

သည်ပြဇာတ် ဘရော့ဒ်ဝေးမှာ တော်တော်နှင့်မဆင်းရဘဲ တာရှည်ခံလိမ့်မည်ဟု ထင်မြင်ချက် ပေးကြသည်။ သည်ကြားက နယူးယောက်တွင် ဖွင့်ပွဲလုပ်သည့် ညဉ့်ပင် ဂျင်မီက သူ ထွက်တော့မည့် အကြောင်း နို့တစ်ပေးလိုက်သည်။ ခံစားမှုကင်းကင်း နို့တစ်ပေးခြင်းဖြစ်သည်။ အနုပညာသည် တစ်ယောက် ဘာကိုမှမမှုတော့သည့် သံယောဇဉ်ဖြတ်ပုံမျိုး ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com


www.burmeseclassic.com

www.burmeseclassic.com





The Immoralist တွင် ကပြသရုပ်ဆောင်မှုအတွက် တစ်နှစ်တာအတွင်း အလားအလာ အရှိဆုံးသရုပ်ဆောင်အဖြစ် 'ဒေးဗစ်ဗလွန်း' ဆုသူရသွားသည်။ ဆုကို ကျေးဇူးတင်ဝမ်းမြောက်စွာ လက်ခံယူပြီးနောက် နောက်တစ်ချီပေါ်လာမည့် အခွင့်အရေးကို အသာလှဲ့ပြီး စောင့်စားနေလိုက်သည်။

ယခု အယ်လီယာကာဆန်ရိုက်မည့်ကားမှာ စာရေးဆရာကြီး ဂျွန်စတိုင်းဘက်၏ ဝတ္ထု။ ဝါနာဘရားသားကုမ္ပဏီမှ ထုတ်လုပ်မည်။

ပထမတွင် ဝါနာဘရားသားကုမ္ပဏီက လူသစ်တစ်ဦးကို သုံးရကောင်းလားဟု ဂဂျီဂဂျောင် ဝင်လုပ်သေးသည်။ ကာဆန်ကိုယ်တိုင် ဒီကိစ္စ အပြတ်ရှင်းပြီး ရုပ်ရှင်ကားကြီးတွင် ပထမဆုံးအကြိမ်ပါဝင်သရုပ်ဆောင်ဖို့ ဂျင်မီကို လက်မှတ်ထိုးစေသည်။

သည်ကြားထဲ အင်ဒီယာနာလယ်တောကို ဂျင်မီ တစ်ခေါက်ရောက်ချသွားသေးသည်။ အပြန်တွင် နယူးယောက်ကို သူ့အချစ်တော်မော်တော်ဆိုင်ကယ်ကြီး သယ်ချလာခဲ့၏။

နယူးယောက်ဆိုတာက မော်တော်ဆိုင်ကယ် စိတ်ရှိလက်ရှိ စီးလို့ကောင်းသည့်နေရာ မဟုတ်။ သည်တော့ အချိန်းအချက်တစ်ခုမှသည် တစ်ခုသို့ ကူးသန်းရာ၌သာ မြို့တွင်း၌ ဝိုးခနဲဝိုးခနဲ စီးဖြစ်သည်။ ကျန်သည့်အချိန်ဆိုလျှင် သူနေထိုင်ရာ အပတ်မင့်တိုက်အောက်၌သာ ထိုးထားရသည်။ လူတွေက 'ဘရန်ဒို အတုပေ့'ဟု အော်လျှင် သူ့မှာ ကြားတောင်မကြား။ ဒီမော်တော်ဆိုင်ကယ် သူ့အတွက် ဘယ်လိုအဓိပ္ပာယ်ရှိသည်ဆိုတာ သူ့ဟာသူပဲ သိသည်။ တစ်ခြားလူတွေ မသိ။

ထုံးစံအတိုင်း သူ့မော်တော်ဆိုင်ကယ်ကြောင့် ဒဏ်ရာအနာတရ ဖြစ်သည်။ East of Edan ရိုက်ဖို့ ဟောလိဝုဒ်သို့ ခရီးမထွက်ခင် တစ်ပတ်အလိုအချိန်မှာ ဖြစ်သည်။ သည်မှာ သူ့ဆရာကာဆန်က သူ့ဝသီအတိုင်း ပြင်းပြင်းမာမာစကားလုံးတွေဖြင့် ဆူသည်။ မော်တော်ဆိုင်ကယ်နှင့် ဝေးဝေးရှောင် အနေခိုင်းလိုက်သည်။

ထို့ကြောင့် မူလက ဟောလိဝုဒ်အထိ မော်တော်ဆိုင်ကယ်ဖြင့်သွားဖို့ စိတ်ကူးထားသည့် အစီအစဉ်အစား လေယာဉ်ပေါ်တက်။



www.burmeseclassic.com

www.burmeseclassic.com





သူက ပြောဖူးသည်။

*သရုပ်ဆောင်တစ်ဦးဟာ ဘဝကို အဓိပ္ပာယ်ပြန်ဆိုတတ်ရမယ်။ ပြန်ဆိုတတ်အောင် ဘဝက ပေးလာသမျှ အတွေ့အကြုံအားလုံးကို လိုလိုလားလား လက်ခံနိုင်ရမယ်။ အမှန်မှာ ဘဝကပေးလာ တာထက် ဘဝအထဲကနေ ပိုထွက်လာအောင် ရှာကြံတတ်ရမယ်။ ဘဝသက်တမ်းက တိုတယ် မဟုတ်လား။ ဒီတော့ သရုပ်ဆောင်တစ်ဦးဟာ သိသင့်သိအပ်တာမှန်သမျှ အကုန်သင်ကြားထားရမယ်။ တွေ့ကြုံထိုက်တဲ့ အတွေ့အကြုံမှန်သမျှ တွေ့ကြုံထားရမယ်။ ဒါမှမဟုတ်လည်း အဲဒီအခြေရောက်အောင် တတ်နိုင်သမျှ ချဉ်းကပ်ထိတွေ့ထားရမယ်။ အသိအမြင်ကြွယ်အောင် လုပ်ရတဲ့ အဆုံးမရှိတဲ့တိုက်ပွဲမှာ သူဟာ စံတူတဲ့လူဖြစ်ဖို့လည်း လိုသေးတယ်။ အနုပညာသည်မှာ သူ့ဘဝရယ်၊ ဘဝမှာ နေထိုင် သွားဖို့ရယ်ထက် ဘယ်ဟာမှ ပိုအရေးမကြီးဘူး။*

နောက်ပြီး သိမ်မွေ့လှသည့် ‘ငါဆိုတာ’ကိုပင် ဘဝမှာရှိသမျှ နာကျင်ခြင်းဝေဒနာအပေါ် ကြံ့ကြံ့ခံနိုင်အောင်၊ ဘဝမှာရှိသမျှ အလှအပေါ် သိမ်းပိုက်ခံယူနိုင်အောင် လစ်လျူရှုထားရသည် ဆိုပါလား။

ဂျိမ်းစ်ဒင်းသည် အသက်နှစ်ဆယ့်သုံးနှစ် အရွယ်တွင် သူ့ရှိရင်းအသက်ထက်ကျော်အောင် အသိကြွယ်၍ နေပါသည်။

သူသည် အခြားသူတို့ထက် ပေးလည်း ပေးခဲ့ပြီ။ ယူလည်း ယူခဲ့ပြီ။ အသက် နှစ်ဆယ့်သုံးနှစ်တွင် ဂျိမ်းစ်ဒင်းသည် သူရှိရင်းထက် အသက်ပို၍ ကြီးနေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# အခန်း သုံး



တံခါးကို တဒေါက်ဒေါက်ခေါက်နေသံကို အဆက်မပြတ် ကြားနေရသည်။ အိပ်မက်အထဲမှာ လိုပဲ ထင်သည်။ မည်သူလျှင် မနက်စောစောစီးစီးကြီး အခန်းတံခါးကို ရက်စက်စွာ လာခေါက် နိုင်အံ့နည်း။

"လာပြီဟေ့၊ လာပြီ။ ငါသိတယ်၊ တော်တော့ဟ"

ကျွန်တော် အချဉ်ပေါက်ပေါက်ဖြင့် အော် ထည့်လိုက်သည်။ တံခါးကို ဆတ်ခနဲ ဆွဲဖွင့်လိုက်ရာ၊ နောက်တစ်ကြိမ် ထုတော့မည့်လက်သီးဆုပ်ကိုပင် ဖမ်းမိမတတ်ဖြစ်သွား၏။

"ဟိုင်း... ဝိလီ"

သာသနာဖျက်ထံမှ ခပ်ရှင်ရှင်နှုတ်ဆက်လိုက်သောအသံ ပေါ်လာသည်။

"ဒင်းနား။ ဟေ့ကောင် မင်း ဒီ ဘာလာလုပ်တာလဲ"

"ဖရဲသီး လာစားတာလေ။ ငါ အထဲဝင်လာလို့ ရလား"

သူ့ကို ဆွဲသွင်းကာ တံခါးပိတ်လိုက်သည်။

"နေပါဦး မင်း ဘယ်တုန်းက ရောက်တာလဲ"

"မနေ့က မိုးချုပ်မှ။ ကဲ အင်္ကျီအဝတ်အစားဝတ်ကွာ၊ တို့ ကော်ဖီသွားသောက်ကြရအောင်"


အနီးအပါးရှိ ဆိုင်တစ်ဆိုင်တွင် ဘလက်ကော်ဖီသောက်ရင်း ကိုယ့်ကိုယ်ကို ပြန်လည်နိုးထအောင် လုပ်ရသည်။ သည်အချိန်မှာ ဂျင်မီက နယူးယောက်တွင် ဖြစ်ပျက်သမျှအကြောင်းတွေ ဇာတ်ကြောင်းလှန်ပြသည်။



www.burmeseclassic.com

www.burmeseclassic.com





သူ့ငယ်ဘဝအကြောင်း ပြောတတ်လွန်းသဖြင့် ကလေးဆန်သူ၊
အတွေးစွဲများသူအဖြစ် သူငယ်ချင်းများက မြင်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com





"ကာဆန် ဒါရိုက်တာလုပ်မယ်၊ ဟုတ်လား"

ကျွန်တော် အလန့်တကြား မေးလိုက်မိသည်။

"နေပါဦး။ ကားက ဘာကားလဲ။ ဘယ်အခန်းမျိုးက ပါမှာလဲ"

"စတိုင်းဘက်ရဲ့ ဝတ္ထုပဲ။ ခေါင်းဆောင်အခန်းမျိုးကလို့ ထင်တယ်လေ"

"ဟာ ငါ့လူရာ၊ ပထမ စရိုက်ရိုက်ချင်း ကားကြီးမှာ ခေါင်းဆောင် ပါရမယ်လို့ပဲ။ ကိစ္စတော့ တုံးပါပြီကွာ"

"ဟုတ်တယ်။ ခေါင်းဆောင် တစ်နေရာ"

သူက အခိုင်အမာ ထပ်ပြောနေပါလေသည်။

ကျွန်တော် ကော်ဖီဒုတိယခွက်သောက်သည်တွင် သူက အလောသုံးဆယ်လုပ်နေသည်။ အချိန်မစို့မပို့ကလေးဖြင့် ပြီးပြတ်အောင် ပြောင်းရမည့်ကိစ္စတွေ အများကြီးရှိသည် ဆိုသည်။ သို့ဖြင့် ဘီဗားလီးကုန်းမြင့်သာဆီ ကားနှင့် သွားကြရသည်။ ကုန်းမြင့်သာတွင် အမိုးအရှင် ဖို့ဒ်ကားတစ်စီး သူ ငှားထားသည်။ ရုပ်ရှင်ကားအတွက် စရံရထားသော ငွေသားကလေးကို အကုန်လောက်နီးနီး သုံးပြီး ငှားထားခြင်းဖြစ်သည်။ တစ်နာရီ မရှိတရှိအချိန်အတွင်း ယူစရာရှိသည်များ ယူပြီး ဟောလိဝုဒ် အမြန်မောင်းလမ်းမကြီးပေါ် ရောက်နေကာ၊ သဲကန္တာရဘက် ဦးတည်၍ နှစ်ယောက်သား မောင်းချလာကြသည်။

"နေပါဦးဟ။ သဲကန္တာရကို ဘာအတွက် သွားနေတာလဲ"

"ကာဆန်က ငါ့အသားကို နေလောင်ပြီး နီမြန်းမြန်းဖြစ်နေတာ လိုချင်လို့။ ဓာတ်လမ်းအထဲက ငတိဟာ ဆာလီးနာ့စ်မြို့နားက လယ်တောမှာ ကြီးပြင်းတာကိုး။ ပြီးတော့ ငါ့ကိုယ့်အလေးချိန် လည်း တက်အောင် လုပ်ရလိမ့်ဦးမယ်။ ဒါ့ကြောင့် ရုပ်ရှင်မရိုက်ခင် ဒီကို ထွက်လာခဲ့တာ မောင်"

ကားကို အမိုးလှန်ပြီးမောင်းလာကြသည်။ ပူပြင်းသောနေရောင်ကို အပြည့်အဝရအောင် ဖြစ်သည်။ တောင်ပိုင်းကာလီဖိုးနီယားယာဉ်ကြောအတိုင်း စခန်းဆီဦးတည်လျက် ခပ်ပြင်းပြင်း မောင်းလာခဲ့သည်။ ရှေးဟောင်းနှောင်းဖြစ်တွေအကြောင်း၊ သူငယ်ချင်းတွေအကြောင်း စကားတွေ တဖောင်ဖောင်ဖြင့်။

ဂျင်မီတစ်ယောက် ယခုလို တည်တည်ငြိမ်ငြိမ်နှင့် စိတ်ဓာတ်တက်ကြွနေသည်ကို မကြုံဖူးသေး။ ရွှင်လို့လည်း နေသည်။ ယုံကြည်မှုအပြည့်လည်း ရှိနေသည်။ နောက်ပြီး ရုပ်ရှင်ကားအပေါ် တွေး ခေါ်ပုံနှင့် ဟောလိဝုဒ်အပေါ်ထားရှိသော သဘောထားတို့လည်း ကြည်လင်ပြတ်သားသည်။

"အရင်တစ်ချိန်ကတော့ဖြင့် သင်းတို့တစ်တွေ ငါ့အပေါ် သရော်စော်ကားပြုခဲ့ကြတယ်လေ။ နောက်တစ်ကြိမ် သင်းတို့ ပြန်မလုပ်စေစတမ်းကွာ။ အခုအကြိမ်မှာတော့ ဒါနှင့်ပတ်သက်လို့ ငါဘက်က အပိုင်ကွက်ပဲ မောင်"



www.burmeseclassic.com

www.burmeseclassic.com





မှန်သည်။ လွန်ခဲ့သည့်နှစ်နှစ်က သူ့ဘက်က နုသေးသည်။ ထိုစဉ်က သူသည် အရိုးခံ ပကတိသက်သက်။ ပြီတော့ မျှော်လင့်ခြင်းလည်း အပြည့်ထားရှိသည်။ ယခု နယူးယောက်မှာ နှစ်နှစ်အတွင်း ဆည်းပူးလာခဲ့သဖြင့် အတော့်ကို ကြီးပြင်းလာခဲ့ပြီ။ ခေါင်းတစ်လုံး ပိုမြင့်လာသူ၊ ကြံ့ခိုင်သန်စွမ်းလာသူအဖြစ် ဟောလိဝုဒ်သို့ တစ်ကြော့ပြန် ခြေချလာခြင်း ဖြစ်သည်။

"ငါ ဒီကား ရိုက်ပြီးရင် နယူးယောက်ပဲ ပြန်ချင်တယ်။ ဟောလိဝုဒ်ကို အလိုမရှိဘူးကွာ။ သူတို့ကလည်း ငါ့ကို လိုချင်မှလိုမှာပါ။ အေး ဒါပေမယ့် အခု ငါ့ဘက်က အသာစီးရထားတာ။ ငါ့မှာ အခု သူတို့အလိုရှိတဲ့အရာ ရှိတယ်လေ။ ဒီအတွက် သူတို့ တန်ရာတန်ဖိုး ပေးရလိမ့်မယ်မောင်"

သို့ရာတွင် သူရောင်းချဖို့ ရည်ရွယ်ထားသည်က သူ၏အနုပညာပါရမီသာ ဖြစ်ပါသည်။ တန်ရာတန်ကြေးပြန်လည်ပေးနိုင်အောင် သူ့ဘက်က အများကြီးထူထောင်ထားပြီး ဖြစ်သည်။

သူ့ရှေ့က သွားနှင့်သူများစွာတို့ ခံခဲ့သည့်အတိုင်း ဟောလိဝုဒ်၏ မလှုပ်မရှားနိုင် ဂူသချိုင်းအတွင်း မြှုပ်နှံခံမည်မဟုတ်။ သူကြိုက်သည့်အနေအထား အပေးအယူဖြင့်သာ ဟောလိဝုဒ်က သူ့ကို လက်ခံရလိမ့်မည်။ သို့မဟုတ်လည်း လုံးဝလက်မခံဖို့ပဲ ရှိသည်။ သူ့ဘက်က တင်းမာနေပြီ ဖြစ်သည်။

ကား ဓာတ်ဆီဖြည့်ရန် ခဏရပ်သည်။ ဂျင်မီက ဓာတ်ဆီဆိုင်တံခါးပေါက် လေ့ကားထစ်ပေါ် ထိုင်ရင်း အလျှံတညီးညီးတောက်နေသော သဲကန္တာရကို စိုက်ကြည့်နေသည်။ ထိုအခိုက် သရော်သလို ရယ်သည်။ "ငါ့နှယ်ကွာ ဂက်ချ်က အခုပါမယ့်အခန်းအတွက် ငါ အော်စကာဆု ရနိုင်တယ်လို့ ထင်နေတာ"ဟု ပြောပြီးရယ်သည်။

ကျွန်တော်တို့နှစ်ယောက် ယခုထက် ငယ်ရွယ်၊ ယခုထက် ဝေဖန်တတ်ကြသောကာလတွေ တုန်းက အကယ်ဒမီဆုပေးအဖွဲ့အပေါ် ဟာသတွေထုတ်ပြီး အင်မတန် ဟားခဲ့ကြသည်။ မျက်နှာလို မျက်နှာရဖြင့် နှစ်စဉ် အော်စကာဆုပေးပုံတွေကြောင့် ဖြစ်သည်။ အတွင်းဓာတ်ခံတွေက ဆေးသကြား ဖျူးထားသည့်အထဲ ကုမ္ပဏီအစွဲ၊ နိုင်ငံရေးအစွဲကလည်း လွန်လွန်ကဲကဲအရိပ်ထိုးနေသည်။

"ဒါဖြင့် မင်းက ဆုများရရင် ငြင်းနေဦးမယ်ပေါ့လေ"

"အင်း..."ဟု ဝမ်းခေါင်းသံကြီး လုပ်သည်။

တရှိန်ရှိန်ထနေသော သဲကန္တာရအတိုင်း တရကြမ်းမောင်းလာကြသည်။ တစ်မိုင်လောက် မောင်းမိတော့မှ သူက ပြောလာသည်။

"ငါ့အတွင်းသဘောကို သူတို့ တော်တော်မှန်းကြလိမ့်မယ်။ အေး၊ ငါက အရမ်းကိုကောင်းနေလို့ သူတို့လစ်လျူရှုထားလို့ မရရင်တော့လည်း တစ်မျိုးပေါ့လေ။ ဒါဆိုရင်တော့ ငါလက်ခံမယ်။ ဒါ ဂုဏ်သိက္ခာလေကွာ။ မင်းဟာမင်း ဘယ်လိုမြင်မြင်ပဲ။ ဒါပေမယ့် ငါ့လူရာ သူတို့ အတင်းအကျပ် လုပ်တာမခံသမျှ ငါ့ကို ဘယ်တော့မှ အော်စကာဆု မပေးဘူးဟ"



www.burmeseclassic.com

www.burmeseclassic.com





"အတင်းအကျပ်၊ ဟုတ်လား"

ဂျင်မီက ကားကို ဘရိတ်ဆောင့်နင်းချလိုက်သည်။ ကားမှာ ငယ်သံပါအောင်အော်ရင်း အဝေးပြေးလမ်းမကြီးပေါ် ထိုးရပ်သွားသည်။ သူ ကားအထဲက အတင်းခုန်ထွက်သည်။ ကားဦးဆီ အူယားဖားယား ရောက်သွားသည်။ လမ်းမပေါ်၌ ဒဏ်ရာဖြင့်ကျနေသော ငှက်ကလေးတစ်ကောင်ကို အသာကောက်ယူသည်။ သွေးထွက်နေသည့် သတ္တဝါကလေးကို ယုယုယယ ပွတ်ပေးသည်။ နှုတ်က ချော့မြူသည်။ နာမကျန်းဖြစ်နေသည့်ရင်သွေးကို မိခင်က ယုယပိုက်ထွေးဘိအလား သူလုပ်နေသည်။

တစ်အောင့်လောက်ရှိတော့ နူးညံ့သောအရာကလေး တဆတ်ဆတ်တုန်နေရာမှ ငြိမ်ကျသွားပြီး သူ့လက်ထဲမှာပင် အသက်ပျောက်သွားသည်။ ထိုငှက်ကလေးကို ကားလမ်းဘေး သဲထဲတွင် သွားမြှုပ်သည်။ နောက် တစ်လမ်းလုံး စကားမပြောတော့ဘဲ ငြိမ်ငြိမ်ကြီးဖြစ်လာ၏။

ငှက်ကလေးတစ်ကောင် သေဆုံးခြင်းသည် အဆန်းတကြယ်ဝမ်းနည်းကြေကွဲဖွယ် ဖြစ်နေပါရော့လား။



သဲကန္တာရမှ ပြန်ရောက်ရောက်ချင်း 'နာမည်ကြီး အနုပညာရှင်များ'ခေါ် အနောက်ကမ်းရိုးတန်း ရုပ်ရှင်လုပ်ငန်း အေးဂျင့်ရုံးသို့ တန်းသွားကြသည်။ ဂျိန်းဒေးအားစီကိုယ်စား ဂျင်မီ့ကိစ္စ ကိုင်တွယ်ပေးသည့်ရုံး ဖြစ်သည်။

နှစ်ယောက်သား မှတ်ဆိတ်ကျင်စွယ် မရိတ်၊ အဝတ်အစား ဖရိုဖရဲဖြင့် ဒစ်ကလေးတို့ရုံးခန်းအထဲ ရောက်သွားသည်။ ဒစ်က လူငယ်တစ်ဦး။ အမူအရာက အေးအေးဆေးဆေးပင်။ ကျွန်တော်တို့

www.burmeseclassic.com





ပုံပျက်ပန်းပျက်ဂိုက်တွေကြောင့်လည်း မနှစ်မြို့သည့်အသွင် မပေါ်။ အသစ်ရောက်လာမည့် အမှုသည် ငနဲအတွက် ကျကျနန ပြင်ဆင်ထားသည့်မျိုး။

ကလေတန်မှာ နှစ်လိုဖွယ်ရာတော့ ရှိပါသည်။ ဂဂျိဂဂျောင်ပြဿနာမျိုးကို အေးဆေးသက်သာ ကိုင်တွယ်တတ်သည့်အမူအရာလည်း ပေါ်ပါသည်။

ပထမနာရီဝက်တွင် ရုပ်ရှင်ကုမ္ပဏီက ဂျင်မီကို စရံငွေပေးသည့်ကိစ္စ၊ နေရေးထိုင်ရေးကိစ္စ၊ နောက်ပြီး မော်တော်ကားတစ်စီး ပေးထားဖို့ကိစ္စ၊ ဒါတွေ ဆွေးနွေးကြသည်။

"ဒစ်ရေ၊ ဒါဖြင့် ဟိုဟာမ အဲ... အဲဒီအတွင်းရေးမှူးမ ဘယ်မလဲကွ"

အပြင်ဘက် ရုံးခန်းမှ အေးဂျင့်တစ်ဦး၏ဟောင်ဘွာဟောင်ဘွာအသံကြီး ပေါ်လာသည်။ နောက် ကလေတန်ရုံးခန်းအထဲသို့ လူထွားကြီးတစ်ယောက် ဒေါနှင့်မောနှင့် ဝင်လာသည်။ အတွင်းရေးမှူးမ၏ဖျင်းချက်တွေကို ဟောင်ဘွာဟောင်ဘွာဖြင့် လျှောက်မြည်တွန်နေပြန်သည်။ ထိုသူမှာ အခန့်မသင့်သောနေရာကို အခန့်မသင့်သောအချိန်တွင် ရောက်လာခြင်း ဖြစ်သည်။

"ဒီက ထွက်သွားစမ်းဗျာ"

ထိုလူ့စကား မရပ်ခင်မှာပင် ဂျင်မီ လေအေးအေးဖြင့်ပြောလိုက်သည်။

"ဒီမောင်က ဘယ်သူလဲ"

ထိုသူက ဒစ်ကို မေးသည်။ ဒစ်က မသက်မသာရယ်မောပြီး သူတို့နှစ်ယောက်ကို မိတ်ဆက်ပေးသည်။

"ဒီမယ်ဗျာ၊ ခင်ဗျားလုပ်ပုံ နည်းနည်းရိုင်းတယ်။ အခန်းအထဲဝင်လာပြီး ဟောင်ဘွာဟောင်ဘွာတွေ လျှောက်လုပ်တယ်။ အခု ကျွန်တော်တို့ တိုင်ပင်ဆွေးနွေးနေတာ တန်းလန်း။ ခင်ဗျား နည်းနည်းပါးပါး သိတတ်ဦးမှာပေါ့ဗျာ"

ပထမသော် အင်နှင့်အားနှင့် ကိုယ်ပြောချင်တာ လျှောက်ပြောသည့်ငတိကြီး ခံဘက်ရောက်သွားသည်။ နောက် ချက်ချင်းလက်ငင်း နည်းပရိယာယ်ပြောင်းသွားသည်။ ကလေတန်က အရိပ်အခြည်ပြလိုက်၍လား မသိ။ ဒါမှမဟုတ် ငတိကြီး၏ဆင်ခြင်ဉာဏ်ကြောင့်လည်း ဖြစ်နိုင်သည်။

မကြာခင် ထိုလူ ဂျင်မီရိုက်မည့်ရုပ်ရှင်ကားအကြောင်း စကားရောဖောရော မေးသည်။ ဇာတ်သဘင် ဂျင်မီဝါသနာပါပုံကို စကားရောဖောရော လုပ်သည်။ မော်တော်ဆိုင်ကယ်တွေအကြောင်း စကားရောဖောရော လုပ်သည်။ နောက် ဂျင်မီ ကြိုက်နှစ်သက်ရာ တစ်ခြားအကြောင်းတွေ ထွေရာလေးပါး လျှောက်ပြောသည်။ ငတိကြီး ရုံးခန်းထဲမှ ပြန်ထွက်သွားသောအချိန်တွင် ဂျင်မီကို ကြည်ကြည်သာသာ ပျူပျူငှာငှာအနေအထားရောက်အောင် လုပ်ထားနိုင်၏။

ဒစ်နှင့် ဂျင်မီ အလုပ်ကိစ္စ လက်စသတ်ပြောကြသည်။ ထို့နောက် ကျွန်တော်တို့ ဒစ်ရုံးခန်းမှ ပြန်ထွက်လာကြ၏။

"အဲဒီ အာကျယ်ပါကျယ်ကြီးပေါ့။ လွန်ခဲ့တဲ့လေးနှစ်က ငါ ဒီမှာ အင်တာဗျူးတစ်ခုဝင်တုန်း အတော့်ကိုကသိကအောက်ဖြစ်အောင် ဒုက္ခပေးခဲ့တဲ့ငနဲကြီး"ဟု ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com







www.burmeseclassic.com

www.burmeseclassic.com





ဝါနာဘရားသား ရုပ်ရှင်ကုမ္ပဏီပြတိုက်တွင် ပြသထားသော
GIANT ရုပ်ရှင်ကား သရုပ်ဆောင်ကြေး

| | | |
|---|---|---|
| အဲလစ်ဇဘက်တေလာ | - | ဒေါ်လာ ၁၇၀,၀၀၀ |
| ရော့ခ်ဟတ်ဆန် | - | ဒေါ်လာ ၁၀၀,၀၀၀ |
| ဂျိမ်းစ်ဒင်း | - | ဒေါ်လာ ၂၁,၀၀၀ |

www.burmeseclassic.com

www.burmeseclassic.com





"ဒစ်ကလေတန်ကတော့ မဆိုးပါဘူးကွ။ ငါ သူ့ကို မျောက်မီးခဲကိုင်မိသလိုဖြစ်အောင် လုပ်လိုက်မိပြီ ထင်တာပဲ"

"အေး။ ငါလည်း ထင်တယ်"

ဟောလိဝုဒ်အပေါ် မောင်းတင်ထားသည့်ပထမပွဲတော့ အဖျားရှူး၍ သွားပါပြီ။ သို့သော် ဂျင်မီ ခုထိ ခါးတောင်းကျိုက် မဖြုတ်သေး။ ရှေ့လျှောက်ဘာတွေ ဘယ်လိုဖြစ်လာဦးမည်ဆိုတာ ပြောမရဘူး မဟုတ်လား။

နောက်နေ့တွင် ကျွန်တော်တို့နှစ်ယောက် ကာဇန်ကို လေယာဉ်ကွင်း... လေကားအတက်မှာ ဆုံမိကြသည်။ သို့နှင့် သူနှင့်အတူ ဝါနာဘရားသားကုမ္ပဏီရှိ သူ့ရုံးခန်းအထိ လိုက်သွားဖြစ်ကြသည်။ ကာဇန်နှင့် ဂျင်မီမှာ တစ်ယောက်ကိုတစ်ယောက် ခဏမျှ နောက်ကြစကြ၊ ရယ်စရာတွေပြောကြနှင့် လုပ်ကြသည်။ ဂက်ချ်မှာ ဂျင်မီ သဲကန္တာရသွားပြီး နေလောင်အသားဖြင့် နီမြန်းမြန်းဖြစ်အောင်လုပ်လာနိုင်သည့်အတွက် ကျေနပ်နေသည်။ သို့သော် ကိုယ်အလေးချိန် တိုးအောင်လုပ်ဖို့ လိုသေးသည်ဆိုသည်။

ရုပ်ရှင်ကားအတွက် အလေးအနက်ပြောဖို့ အချိန်တန်သောအခါ ဆရာတပည့်နှစ်ယောက် ပူးကပ်ပူးကပ်ဖြင့် အသံခပ်အုပ်အုပ်လုပ်ပြီး တိုင်ပင်ကြသည်။ ကာဇန်က ရင်းနှီးမှုကို ထက်ထက်သန်သန် ဖန်တီး ရယူသည်။ အထူးသဖြင့် ဂျင်မီ့အပေါ် တစ်သီးတသန့်ကို ဆက်ဆံသည်။ ဆရာနှင့်တပည့်သာ ကြားအပ်သော အပြန်အလှန်ဖလှယ်သည့်ကိစ္စတွေကိုလည်း တစ်ချိန်လုံး သူတို့နှစ်ဦးတည်းသာ ကန့်သတ်ထားသည်။

ဝါနာဘရားသားကုမ္ပဏီ ရှေ့မျက်နှာစာရုံးခန်းမှ ထွက်လာကြတော့ ပေါလ်နယူးမင်းနှင့် သွားတိုးသည်။ နယူးမင်းလည်း ကုမ္ပဏီ ပြန်လာခြင်းဖြစ်သည်။ ရုတ်တရက် ပေါလ်နှင့် ဂျင်မီမှာ တစ်ယောက်ကိုတစ်ယောက် အံ့အားသင့်နေကြသည်။ သို့သော် သရုပ်ဆောင်တို့ ထုံးစံ ဖက်လှဲတကင်းလုပ်ကြပြီးနောက် တစ်ခုခုစားရန် သွားကြသည်။

"ကိုယ့်လူ ဒီ ဘာ လာလုပ်တာတုန်း။ ကိုယ်ထင်တာက ကိုယ့်လူ နယူးယောက်မှာ ကျန်ခဲ့တယ်ပဲ ထင်တာ။ ဒီလာမယ်ဆိုလည်း ဘာမပြော ညာမပြောကွာ"

ဂျင်မီက ပြောသည်။

"မောင်ရင်ကွာ၊ မောင်ရင်က ကံကောင်းတဲ့နတ်ဆိုး။ ငါဖြင့် အီဒင်အထဲက အဲဒီအခန်း ပါချင်လိုက်တာမှ သေချင်စော်တောင် နံတယ်"ပြောပြီး နယူးမင်းက ကျွန်တော့်ကိုလှမ်းကြည့်သည်။

"ဘီလ်ရေ၊ တစ်ဆိတ်ကယ်တော်မူပါကွာ။ နယူးယောက်မှာ အခန်းတစ်ခန်းခန်းအတွက် ဓာတ်ဝင်ခန်း အစမ်းသွားဖတ်မလားဆို ဒီလူနောက်က အမြဲရောက်ရောက်နေတယ်ကွာ။ ဒီနှင့် ခလုတ်မတိုက်မိအောင် ဘယ်လို ရှောင်လို့မှကို မလွတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com





"သူ့ လိုက်ချောက်နေတာလေ" ပြောပြီး ဂျင်မီရယ်သည်။

"ငါ နှောက်နေတာ မဟုတ်ဘူးနော်။ သွားလေရာ သူ ရောက်နေပါတယ်။ နယူးယောက်က ရှိရှိသမျှ ပရိဂျူဆာရုံးခန်းတွေ သွားမလား ဆိုရင်လည်း ငါ့နောက်က အမြဲနောက်ယောင်ခံလိုက်တယ်။ Okalahoma ကားအတွက်တောင် လာပြီး အစမ်းဝင်နွဲသွားတယ်သေးကွာ"

"အေး၊ အဲဒီကိစ္စ မင်းကို ငါ မပြောဖြစ်ခဲ့ဘူး"ဟု ကျွန်တော့်ကို ဂျင်မီ လှည့်ပြောသည်။ "**Okalahoma T'k Curly** အခန်းအတွက် ဝင်စမ်းကြည့်တာ။ သီချင်းဆိုသင်တန်းတွေ ဘာတွေတောင် တက်ဖြစ်လိုက်သေးတယ်။ လုပ်လို့သာ လုပ်တာပါ။ အကန်တောင် ခံရနိုင်သေးဗျား။ ဟေး လူရဲ့"

နယူးမင်းဘက် လှည့်သွားပြန်သည်။

"အခုအထိကို သဘောမပေါက်သေးဘူး။ ကိုယ့်လူ ဒီကို ဘာလာလုပ်တာတုန်း"

"**The Silver Chalice** အတွက် ဝင်စမ်းနေတာပါကွာ။ တကယ်ဆိုးတဲ့ ခွေးကောင်"ဟု ပြောပြီး ပေါလ်က ဇာတ်ညွှန်းစာရွက်အထပ်လိုက်ကြီးကို ကျွန်တော်တို့စားပွဲပေါ် လှမ်းပစ်တင်ပေးသည်။ ဂျင်မီ ကောက်ကိုင်ပြီး စာရွက်တွေကို လှန်လှောကြည့်သည်။ သူ့အဖို့ ဘယ်လိုမှ မဖြစ်နိုင်သော ဇာတ်ဝင်စကားတစ်ချို့ကို လက်တန်းလိုက်ဖတ်ကြည့်နေသည်။

"ဒါမျိုးကြီးကို မင်းက ဘာများ လုပ်ဦးမလို့လဲ။ ငါတော့ ဒီကို ပြန်တောင် မလာချင်လောက်အောင်ပဲ။ ငါပြောတာက ဒီလိုလေကွာ။ ဒါမျိုး ဘယ်သူ လိုချင်မှာလဲဆိုတာပါ"

"ဒါဖြင့် ဘာလို့လာသေးလဲ"

"ဟာကွာ။ မိန်းမရယ် ကလေးတွေရယ် ရှိသေးတယ်လေကွာ။ ပြီးတော့ ဂျက်ဇ်ဂီတကိစ္စအတွက် ရှိသေးတယ်။ ငွေဆိုတာ သည်းခြေကြိုက်ကွ။ ငွေယားက ဒီမှာ လုပ်ရတာ။ ဖျတ်ခနဲပေါ်တာနှင့် ဆတ်ခနဲ ရိုက်ရတယ်ကွ။ အခုတောင်ပဲ ကိုယ် လုံးလားထွေးလားဖြစ်နေပြီလားပဲ။ မိန်းမပဲ လှမ်းခေါ်ရကောင်းမလား။ ဘာလုပ်ရမှန်းလည်း မသိဘူး။ ကားရိုက်ပြီးတာနှင့် ဒီမှာလည်း ဆက်မနေချင်ဘူး။ ဒါပေမယ့် ခက်တာက ဘယ်လို ပေါ်လာဦးမလဲဆိုတာကလဲ မသိနိုင်ဘူး မဟုတ်လား။ ဒီတော့ ဒီမှာဆက်နေဖို့ဆိုတာ နေပျော်လား မပျော်လား မသိဘူးပေါ့ကွာ။ ဒါတွေကြောင့် ငါမှာလည်း တော်တော် ဦးနှောက်စားနေပြီ"

သူတို့နှစ်ယောက်သား သရုပ်ဆောင်တို့၏ ဘေးကျပ်နံကျပ်ကိစ္စ ဆွေးနွေးကြသည်။ ဆုလွယ်နပ်လွယ် ငွေရလွယ်သည်ကြောင့် မိမိထားရှိသော အနုပညာအကျင့်သီလတွေကို မြောင်းထဲ အရောက်ခံမည်လား။ ဒါမှမဟုတ် အနုပညာသိက္ခာကို ဤစီးပွားရေးလောကကြီးအထဲမှာ ထိန်းသိမ်းထားရင်း မိမိ၏မြင့်မားသောစံတွေကိုပဲ ဖက်တွယ်ထားနိုင်မလား။



www.burmeseclassic.com

www.burmeseclassic.com





"လုပ်ရကိုင်ရတာ ကြမ်းတမ်းပါတယ်ကွ။ ကိုယ် ဘာအလိုရှိသလဲ တွက်ချက်စဉ်းစားပြီး အဲဒီနောက် လိုက်ရတာပါပဲ။ ကံကောင်းရင် ဖြစ်တယ်ပေါ့။ ကိုယ်အလိုရှိတဲ့ဆီလည်း ရောက်ရော ကိုယ့်ကို လမ်းချော်ထွက်အောင် သူတို့တတ်နိုင် လုပ်ကြပါလေရော။ မင်းတစ်ယောက်သာ ကံကောင်း လို့ပါ ဂျင်မီရာ။ မင်းသာ ဆင်ဆင်ခြင်ခြင်မလုပ်ရင်၊ ဆိုလိုတာက တစ်ယောက်ယောက်ကသာ ဆောင့်တွန်းမပေးရင် ဒီလို မင်း မဖြစ်ထွန်းပါဘူး။ ကိုယ့်အစွမ်းအစသက်သက်ဖြင့်တော့ အဲဒီနေရာ မင်း မရောက်နိုင်ပါဘူး"

ထိုအခါ ဂျင်မီက "သွားစမ်းပါ"ဟု ဆိုလိုက်သည်။

"မင်းက ဘာဆိုလိုတာလဲ။ မင်းနှယ် ဒီအသုံးမကျတဲ့လောကအထဲမှာ ကိုယ်ဘာသာ လုပ်ယူလို့ရတယ်ဆိုတဲ့ လူ တစ်ယောက်တလေမှတောင် ရှိတာမဟုတ်ဘူး။ သရုပ်ဆောင်လို့ ဆယ်ဒေါ်လာအထက်ကျော်ရတယ်ဆိုတဲ့ လူမှန်သမျှ ဘယ်သူဖြစ်ဖြစ် တစ်ယောက်ယောက်ကဝင်ပြီး သူကို့ အကူအညီပေးလိုက်လို့ပါကွ"

"ဒါ မဟုတ်ဘူး"

ဂျင်မီက လေသံနည်းနည်း ပိုမာလာသည်။

"လုပ်မနေစမ်းပါနှင့် ဒင်းရာ။ မင်းကို ဘယ်သူမှ အကူအညီမပေးပါဘူးလို့ ဘယ်လိုမှကို ပြောလို့မရဘူး။ မင်းအဖို့ နည်းနည်းပါးပါး လွယ်ကူချောမွေ့သွားအောင် ဘယ်သူကမှ ဘာမှ ဝင်လုပ်မပေးပါဘူးလို့ ပြောဖို့ လုပ်မနေပါနှင့်ကွာ"

"မှန်တာပေါ့၊ သိပ်မှန်တာပေါ့"

ဂျင်မီက ရှုးရှူးရှားရှားပြောသည်။

"ဟာ၊ ဒင်းနားကလည်းကွာ"

ကျွန်တော် ဝင်လိုက်ရတော့သည်။

"မင်းကို လူမှန်နှင့် ဆုံမိအောင် ဘယ်သူကမှတောင် မိတ်မဆက်ပေးဘူးပေါ့လေ။ ဟုတ်လား။ ငါတို့တစ်တွေဟာ သွားရာလမ်းကြောင်းတစ်လျှောက်မှာ တစ်နေရာမဟုတ် တစ်နေရာရာကတော့ အကူအညီရတာချည်းပဲ။ ဒီပုံဒီနည်း ဖန်တီးယူကြရတာပဲ"

"မဟုတ်ဘူး"

သူက အော်သည်။

"ငါ့ကို ဘယ်သူမှ ဘာမှ လုပ်မပေးဘူး။ ငါဟာငါ လုပ်ရတာ။ ဘယ်သူ့မှ ငါ့မှာ အတုံ့အတင် မရှိဘူး။ တစ်ပြားတစ်ချပ်မှ အတုံ့အတင်မရှိဘူး"ပြောကာ စားပွဲကို လက်သီးဖြင့်ထုသည်။

"ဘယ်သူမှ ငါ့အပေါ် အတုံ့အတင်မရှိဘူး"

စိတ်မသက်မသာဖြင့် စကားတွေ ဆိတ်သွားကြသည်။ ဂျင်မီကား အသားတွေ ဆတ်ဆတ် တုန်နေသည်။ သူ့အသွေးအသား အကြောအခြင်တွေအထဲတွင် ဒေါသပုန်ထနေသည်။ ထိုအောင်



www.burmeseclassic.com

www.burmeseclassic.com



ယနေ့လူငယ်ထုကြား ထိုးဖောက်နေရာယူဆဲ သူ့ပုံရိပ်။

www.burmeseclassic.com

www.burmeseclassic.com





လောက်ရှိတော့ နယူးမင်းက ပြောနေသည့်အကြောင်းအရာကို ပညာသားပါပါ ရပ်ပစ်လိုက်သည်။ သို့နှင့် ကတောက်ကဆဖြစ်ရသည့်ကိစ္စ ပြတ်သွားသည်။

ကျွန်တော် သိပါသည်။ သူတထူးအပေါ် အကြွေးကင်းရှင်းခြင်းအရာ၌ ဂျင်မီ စိတ်ပြင်းထန် လှပါသည်။ သို့သော် သည်အကြောင်းအရာအပေါ်မှာ သည်လောက်ကြီး ဒေါသထွက် ပေါက်ကွဲ သည်ကိုတော့ မတွေ့ဖူးသေးပါ။ သူ့အပေါ် လူအတော်များများက လက်ကမ်းကူညီတာ လမ်းညွှန်ပြသတာတွေ မရှိမဟုတ်၊ ရှိသည်။ အကြောင်းအားလျော်စွာ ငွေကြေးအထိပင် ပါသည်။ ဒါတွေ ဒါတွေအားလုံး သူက တောင်းခံလို့ မဟုတ်။ သူတို့ဘာသာ စိတ်စေတနာအလျောက် လက်ကမ်းလာမှု တွေသာဖြစ်သည်။ ဒါကိုလည်း သူက သဘောပေါက်နားလည်သည်။ ဒါတွေ ဒါတွေမှာ စေတနာ အရင်းခံသက်သက်ချည်းသာ ဖြစ်သည်ကြောင့် သူ့ဘက်၌ အတုံ့အတင်မရှိ။ ကျေးဇူးကားတင်သည်။ အမြော်အမြင်ဖြင့် ကူညီထားပြီး အတုံ့အတင်သဘောဖြင့် သူ့ဆီက တစ်စုံတစ်ရာ ပြန်လည်မြော်မြင် လာလျှင်တော့ သူနှင့် ပြဿနာဖြစ်ရပြီ။ တစ်ချို့ကလည်း သူကို ရက်ရောသည်။ တွေးခေါ်မြော်မြင်မှု ရှိသည် ဆိုသည်။ အလားတူပင် တစ်ကိုယ်ကောင်းဆန်သည်၊ သွေးအေးသည်ဟု ဆိုကြသည်လည်း ရှိပါသည်။

နယူးမင်းနှင့် ခွဲခဲ့ပြီး ဒစ်ကလေတန်ရုံးကို နောက်တစ်ခေါက် ထပ်သွားကြပြန်သည်။ ကျွန်တော်တို့နှစ်ဦးနေဖို့ အခန်းကိစ္စအတွက် ဖြစ်သည်။

ဒစ်ကလေတန်မှာ ဂျင်မီအဖို့ အေးဂျင့်နှင့်တောင် သိပ်မတူတော့။ သူငယ်ချင်းတစ်ယောက် ဆန်လာသည်။ အစစအရာရာ ဂရုစိုက်သည်။ ဂျင်မီလိုအပ်တာမှန်သမျှ အကုန်လုပ်ပေးသည်။ ဂျင်မီ စိတ်ရှုပေါက်လာသည့် ဆန္ဒကလေးများကိုလည်း အများအားဖြင့် ဖြည့်ဆည်းပေးသည်။ ဂျင်မီ တွဲခုတ်စပြုလာသည့် တက်သစ်စမင်းသမီးကလေးတွေမှာ ဒစ် မိတ်ဆက်ပေးသည့် လက်ချက်တွေချည်း ဖြစ်သည်။ အချိန်တိုတိုကလေးအတွင်းမှာ ဂျင်မီ့ကို သူ့အမ်ဂျီကားသစ်ကလေးဖြင့် မြို့ပေါ်တစ်လွှား တဝီးဝီးသွားနေတာ တွေ့လာရတော့သည်။

တဒင်္ဂအားဖြင့် ဟောလီဝုဒ်သည် ဂျင်မီ့အတွက် အင်မတန်မှ နေပျော်ဖွယ်ရှိသော နေရာသစ်လုံးလုံးကို ဖြစ်နေတော့သည်။ သစ်လွင်တောက်ပသော ပြိုင်ကားအနီကလေးရယ်၊ မြာကလေးတွေနှင့် တွဲခုတ်နိုင်လာတာရယ်ကြောင့် ဟောလီဝုဒ်တွင် သူ့အတွက် နေပျော်ဖွယ်လမ်းစကို တဖြည်းဖြည်း ပြန်လည်ရှာတွေ့လာခြင်း ဖြစ်ပါသည်။

Eden ကား မရိုက်ဖြစ်ခင်အတွင်း၊ ဂျင်မီသည် သူ့ကိုယ်သူ တကယ့်ဟောလီဝုဒ်ဟန် အပြည့်နှင့် ဖြန့်ကျက်ပျော်ပါးနေလေသည်။ အရင်က မထိတွေ့နိုင်ခဲ့သော ဟောလီဝုဒ်၏အရသာများတွင် အချိန်တိုတိုကလေးနှင့် အတတ်နိုင်ဆုံး ဝင်ကြည့်နေသလိုရှိသည်။ သို့သော် အီဒင်ရိုက်ဖို့ အချိန်နီးလာ ရော၊ ဇာတ်ရုပ်တစ်ရုပ်ဖန်တီးရေးအတွက် အလေးအနက်ထားသည့်ဘက်သို့ အချိန်နှစ်ဖို့ အဆင်သင့်ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com





"ပြောစမ်း၊ ဒင်းနား"

တစ်ညတွင် အီတာလျံ စားသောက်ဆိုင်တစ်ဆိုင်တွင် ညစာစားနေကြရင်း သူ့ကို ကျွန်တော် မေးမိသည်။

"ပိုင်ယာအင်ဂျလီနှင့်က ဘယ်လိုတွေလဲ"

"ကလီကမာ ဘာမှ မပါပါဘူးကွာ။ ပိုင်ယာက အပြောင်းအလဲ တစ်ခုအနေဖြင့် သင့်တော်တဲ့ မိန်းကလေးတစ်ယောက်လေ။ ဆိုလိုတာက ငါ သူနှင့် စကားပြောလို့ ရတယ်ကွာ။ သူကလည်း နားလည်တယ်ကွာ။ ဒါပဲ။ ဒီ့အပြင် ရှုပ်ရှုပ်ယှက်ယှက် ဘာမှမပါဘူး။ တကယ့်ကို သူငယ်ချင်း သက်သက်သဘော။ ငါ သူ့ကို လေးလည်းလေးစားတယ်"

"တကယ်"

ကျွန်တော် မေးလိုက်သည်။

"ဟာကွာ၊ တော်တော့ ဝီလီရာ။ မင်းက ပေါက်တတ်ကရ အတင်းအဖျင်းကဏ္ဍတွေ တော်တော်ဖတ်ထားတာကိုး"

"မင်း တကယ်ဘုရားစူးနော်"

သူ့ကို ထောင့်ကျဉ်းထဲတွန်းပို့ပြီး မေးလိုက်ပြန်သည်။

"စိတ်ချ၊ စိတ်ချ။ ပိုင်ယာကလည်း ထိကိုင်လို့ မရပါဘူးကွ။ တို့နှစ်ယောက်စလုံး လုံးဝကဋ္ဌိအသွင်မတူတဲ့ အစားထဲက။ မင်းကွာ သူက ဖန်ပေါင်းချောင်အထဲ ထည့်ပြီး အလှကြည့်ထားရမယ့် အမျိုးအစား။ ဘာပဲဖြစ်ဖြစ် သူ့မားသားကြီး ငါ့အပေါ် သဘောမပေါက်ဘူး။ ဒါတော့ အပြစ်ဆိုလို့လည်း မရဘူးပေါ့လေကွာ"

သည်အကြောင်းအရာကိုပြောသည့် သူ့အမူအရာတွင် ပျော့ပျော့ပါးပါး လုပ်ထားသည့် လက္ခဏာပါသည်။ ကျွန်တော်သိသမျှ သည်လိုကိစ္စ အတော်များများကို ဂျင်မီ ကရော်ကမည်လုပ်ပစ်တတ်သည်။ အရေးပါသည့်ကိစ္စတွေမှာကျတော့ ရက်ကိုးရက်ကန်းဖြင့် ကာကာကွယ်ကွယ်လုပ်နေတတ်သည်။ သူ့အဖို့ တကယ့်ကိုအရေးကြီးသော အကြောင်းကိစ္စတစ်ခုခု တည့်တိုးသွားမေးလိုက်လျှင် နှုတ်ဆိတ်သွားတတ်သည့်အလေ့ ရှိသည်။ တစ်ဘက်ကလည်း သူ့မှာ တကယ် စိတ်လှုပ်ရှားရသော အရာတစ်ခုကို မမေးဘဲ မသိကျိုးကျွံပြုနေလျှင် ဘယ်လိုမှစိတ်မရှည်နိုင်တော့ဘဲ နောက်ဆုံး ပြောပါလေတော့၏။ ကလေးတစ်ယောက်က လျှို့ဝှက်ချက်ကို ပွင့်အန်သလို အန်တတ်သည်။

ပိုင်ယာအင်ဂျလီမှာ အီတလီစိတ်ဓာတ်ပြင်းသော မိသားစုမှ ဆင်းသက်လာသူဖြစ်သည်။ ပိုင်ယာသည် ကြယ်ပွင့်မင်းသမီးအဆင့် ရောက်နေပြီ ဖြစ်ပါလျက် ဂျင်မီ့အပေါ် သူမ၏ နွေးထွေးလိုက်လှဲမှု၊ ချစ်စဖွယ်ကောင်းမှု၊ ဉာဏ်ရည်ထက်မြက်မှုတွေနှင့် ဖမ်းစားထားနိုင်သည်။ သို့သော် ပိုင်ယာ့အမေက သူ့သမီးအပေါ် စိတ်ချလှသည်မဟုတ်။



www.burmeseclassic.com

www.burmeseclassic.com





အစပထမတွင် သူတို့စုံတွဲက အချုပ်အချယ် အဟန့်အတားတွေကို အောင်အောင်မြင်မြင် အရှောင်အတိမ်းလုပ်နိုင်ကြသည်။ ပိုင်ယာ့အမေက ထောင့်မကျိုးသောလူငယ်နှင့် သူ့သမီးကို ဒိတ်လုပ် မတွဲစေလို။ သည်တော့ နှစ်ယောက် မကွဲမကွာလည်း မရှိရလေအောင် ပါတီတွေ၊ ညစ်ခံပွဲတွေသို့ တစ်ယောက်တခြားစီ ရောက်ရောက်လာတတ်သည်။ သည်ပုံသည်နည်းဖြင့် ဆုံကြသည်။ ကြာလာတော့ သည်အဖြစ်က သည်းမခံနိုင်စရာ ဖြစ်လာကြသည်။

နောက်ဆုံးတွင် ဂျင်မီ့ကို ပိုင်ယာ ပစ်ပယ်လိုက်တော့သည်။ နာမည်ကြီးအဆိုတော် ဗစ်ဒါမုန်းဘက် ပါသွားသည်။ သည်သတင်းကြားသိရသောအခါ၊ ဂျင်မီ အကြီးအကျယ် စိတ်ဓာတ်ကျဆင်းရသောအခြေသို့ ရောက်သွားသည်။ သူ့ခံစားချက်တွေကို ဘယ်လိုပဲ ထိန်းထိန်းသိမ်းသိမ်းလုပ်စေကာမူ မတတ်နိုင်တော့။ ပစ်ပယ်ခံရခြင်းကြောင့် ခံစားရသည့်ဝေဒနာဒုက္ခကို ရှောင်တိမ်းခြင်းငှာ မစွမ်းသာ။

ဟောလိဝုဒ်တွင် ကောလာဟလတစ်ခု ထွက်လာသည်။ ပိုင်ယာလက်ထပ်သည့်နေ့က ဂျင်မီတစ်ယောက် လက်ထပ်ပွဲလုပ်သောဘုရားရှိခိုးကျောင်းရှေ့ လမ်းတစ်ဘက်ကနေ မော်တော်ဆိုင်ကယ်ပေါ်ထိုင်ရင်း ငိုနေသည်ဆိုပဲ။ ဘယ်လိုပဲဖြစ်စေ၊ ဂျင်မီ အသည်းပေါက်မတတ် ခံစားရသည်ကတော့ အမှန်။ သူက ချစ်မိပြီဆိုလျှင် အသေအလဲ၊ ခံရပြီဆိုလျှင် အသေအလဲ။ ဒါ သူ့ကိုယ်သူ လွှတ်ပေးထားတတ်သည့် အလေ့တစ်ခုပဲလေ။

ဂျင်မီ နယူးယောက်မှ ထွက်မလာမီကလေးက လူငယ်သီချင်းရေးဆရာတစ်ဦးနှင့် သိကျွမ်းအဖွဲ့ကျခဲ့သည်။ လဲနာ့ဒ်ရိုဆ့်မန်းဆိုသော သီချင်းရေးဆရာ။

ရိုဆ့်မန်းထံမှပင် ကမ္ဘာကျော်ဂီတစာဆိုကြီးတစ်ဦးဖြစ်သည့် အာနိုးရှုန်းဘာ့ဂ်အကြောင်း ဂျင်မီကြားသိခဲ့ရသည်။ ရှုန်းဘာ့ဂ်မှာ ခေတ်ပေါ်ဂီတစာဆိုကြီးတွေအနက် ပါရမီရှင် ဂီတစာဆိုကြီး ဖြစ်သည်။ ဂျင်မီက ဆရာကြီးရှုန်းဘာ့ဂ်အကြောင်းကို အချိန်ပေးနားထောင်မည့်သူ ရှိလို့ကတော့ ခံတွင်းတွေ့တွေ့ အရသာရှိရှိဖြင့် ပြောလို့ကို မဆုံးနိုင်။ ရှုန်းဘာ့ဂ်အကြောင်းက သူ့အဖို့ အရသာ တစ်ခုပင်။

"မင်းနယ် ကြည့်စမ်းကွာ" ဟု အစချီပြီး အားပါးတရ အရှိန်ယူတတ်သည်။

"တစ်ချီမှာ ဆရာကြီးရှုန်းဘာ့ဂ် တယောသံပြိုင် ကွန်ချဲယားတိုးတစ်ခု ရေးစပ်သီကုံးပြီးသွားတော့ ကမ္ဘာ့ထိပ်သီး တယောအဖွဲ့တစ်ဖွဲ့ ပဏာမမိတ်ဆက် တီးတော့မယ်ပေါ့။ ဒါပေမယ့် သူ သီကုံးထားတဲ့သံစဉ်က အလွန့်ကို ထိုးကွက်ထိုးလက် ခက်နေတယ်။ သံစဉ်တိုက်နေကြရင်းဖြင့်



www.burmeseclassic.com

www.burmeseclassic.com





တယောပညာရှင်ကြီးက ဆရာကြီးကို ညည်းသတဲ့။ 'မစ္စတာရှန်းဘာ့ဂ်ရေ၊ ခင်ဗျား သီကုံးထားတဲ့ သံစဉ်က အင်မတန်ကို ခမ်းနားထည်ဝါပါပေရဲ့။ သို့သော်လည်း တီးဖို့ကျတော့ မဖြစ်နိုင်လောက်အောင် ဖြစ်နေသဗျ။ ရိုးရိုးသားသားပြောရရင်ဖြင့် ခင်ဗျားသံစဉ်ကို ဖြစ်မြောက်အောင်တီးဖို့ဆို တယောဆရာ ဘယ်ဘက်လက်မှာ လက်ချောင်းလေး ခြောက်ချောင်းပါမှ ဖြစ်တော့မယ့်အနေ ရောက်နေသဗျ'လို့ ညည်းလေရော။ ဒါကို ဆရာကြီး ရှန်းဘာ့ဂ်က အလိမ္မာဖက်ပြီး 'အေးလေ၊ ကျုပ် စောင့်ပါမယ်ဗျာ'လို့ ပြန်ဖြေသတဲ့ မောင်"

ယခု သူ့သူငယ်ချင်း ရို့စ်မန်းအပေါ် အနုပညာဘက်ကထားရှိသည့် သဘောထားကလည်း အင်မတန်မှ အားတက်သရော ရှိလွန်းသည်။ မောင်မင်းကြီးသားက ဒါရိုက်တာကာဇန့်ကို တိုက်တွန်းသည်။ Eden ရုပ်ရှင်ကား နောက်ခံဂီတအတွက် ရိုစ်မန်းကို ရေးစပ်ခိုင်းဖို့ နားချခြင်း ဖြစ်သည်။ သူ့စကား အောင်သွားသည်။

တစ်နေ့တွင် ရို့စ်မန်းက သူ့ကို လူးဘရက်ကာဆိုသော အမျိုးသားတစ်ယောက်နှင့် မိတ်ဆက်ပေးသည်။ ဘရက်ကာမှာ အာမခံကိုယ်စားလှယ်
တစ်ဦးဖြစ်သည်။ ဂျင်မီကို အသက်အာမခံ ပေါ်လစီတစ်ခုရောင်းဖို့ ကြိုးစားနေသူ ဖြစ်သည်။ ဂျင်မီမှာ ထိုအချိန်က ပိုင်ယာ့ကြောင့် အလူးအလဲ ခံရသည့်အဖြစ်မှ နာလန်ထူမည်မှ မရှိသေးသည့်အချိန်။ နောက်ပြီး ဘရက်ကာကိုယ်တိုင်လည်း အချစ်ကိစ္စကြောင့် ပူပူနွေးနွေး ဟက်တက်ကွဲလာသူ။ အဆွေးသမားချင်း ချိတ်မိသွားကြသည်။ နှစ်ယောက်ပိုတွဲမိသွားသည်မှာ ပြိုင်ကားဝါသနာပါတာလည်းပါသည်။

Eden လည်း ရိုက်လို့ ပြီးသွားပြီ။ ထိုအချိန်တွင် စကားတွေ ပြန့်ထွက်လာသည်။ ဝါနာဘရားသားကုမ္ပဏီသည် ဂျိမ်းစ်ဒင်းတွင် အောင်နေသည့် မဟာကြယ်ပွင့်မင်းသား ဖြစ်နိုင်သည့်အဖြစ်ကို တွေ့သွားပြီဆိုသည့် သတင်းများ။ စတူဒီယိုအတွင်း အစမ်းပြပွဲများနှင့် အကဲဖြတ်ပွဲများမှ ကောင်းသတင်းတွေ ထွက်လာသည်။ Eden ကားမှာ ဟောလိဝုဒ်ရုပ်ရှင်မြို့တော်တွင် တအံ့တအား ကိစ္စရပ်တစ်ခု ဖြစ်လာသည်။



www.burmeseclassic.com

www.burmeseclassic.com







www.burmeseclassic.com

www.burmeseclassic.com





တစ်ညပိုင်းတွင် ကျွန်တော့်တယ်လီဖုန်း မြည်လာသည်။

"ဟေး ဝီလီလားဟေ့။ ဒီညဒေနေ အကြိုပွဲ ရှိတယ်။ ကြည့်ချင်မလားလို့"

"အေး၊ ငါလာခဲ့မယ်"

သည်မတိုင်မီ လအတန်ကြာက ပြောထားဖူးသည်။ 'စတိုင်းဘက်ဝတ္ထုကို ကြိုဖတ်မထားပါနှင့်။ ရုပ်ရှင်ကိုသာ စောင့်ကြည့်ပါ'တဲ့။

ရုပ်ရှင်ရုံတွင် ပရိသတ်ထုက ခဲနေသည်။ ကုမ္ပဏီအနေဖြင့် လက်သိပ်ထိုး အကဲဖြတ်ပွဲတွေဘယ်လိုပဲကျိတ်လုပ်လုပ်၊ သတင်းစကားတွေက မြို့အနှံ့ ပြန့်နေသည်။ ဟောလိဝုဒ်ရုပ်ရှင်ထုတ်လုပ်မှုနယ်ပယ်မှ ပုဂ္ဂိုလ်ကြီးငယ်အသီးသီး ရောက်နေသည်။

စီစီညံနေသော ရုပ်ရှင်ရုံမျက်နှာစာရှိ ရှေ့ခန်းအထဲတွင် ဂျင်မီ့ကို ကျွန်တော် တအောင့်ရပ်ပြီးစကားပြောဖြစ်သေးသည်။ ဂျင်မီမှာ အမှန်ပင် စိတ်ဂနာမငြိမ် ဖြစ်နေပါသည်။ သူက ကျွန်တော့်ကိုသူနှင့်အတူထိုင်ကြည့်ဖို့ ပြောလာသည်။ ကျွန်တော် ငြင်းလိုက်ရသည်။

ထို့နောက် တေးဂီတစ်သံ ဖြန်းခနဲပေါ်လာသည်။ ကျွန်တော့်ခေါင်းထဲကပင် ထွက်လာသလားထင်ရသည်။ နောက် ဘွားခနဲပေါ်လာသော အရောင်။ ပိတ်ကားအတွင်း ရုပ်ပုံထင်လာသည်။ ကျွန်တော် မျှော်လင့်ထားသည်ထက် ကြီးမားကာ တကယ့် အရှိပကတိ။

ရုပ်ရှင်ပြီးသွားသောအခါ၊ ဂျင်မီတစ်ယောက် သရုပ်ဆောင်ခြင်းအရာ၌ ကြီးမားသောဒီဂရီအတိုင်းအတာအထိ ဂုဏ်မြောက်အောင် သရုပ်ဆောင်သွားသည်မှာ ငြင်းလို့မရသည့် သက်သေတစ်ခုအဖြစ် မြင်တွေ့ခဲ့ရရုံသာမက၊ သူ့အတွက် အောင်မြင်မှုဆိုသည်မှာ သေချာပေါက်ဖြစ်နေသည်။ ဂျင်မီသည် ရုပ်ရှင်ဇာတ်လမ်းထဲကအဖြစ်နှင့် ဆင်ဆင်တူသော အဖြစ်မျိုးဖြင့် နေရပါကလားဆိုသည်ကိုမြင်ခဲ့ရပြီး ဖြစ်ပါသည်။ မအေကြောင့် ဝမ်းတွင်းပါဉာဉ်အတိုင်း သန္ဓေဆိုးရသည် မဟုတ်ပါဘူးဆိုသည်ကို ရုန်းရုန်းကန်ကန် အသေအလဲ ကြိုးစားသက်သေထူပြနေရင်းက ဖခင်နှင့်တကွ သူ့အနီးပတ်လည်ကလူတွေထံမှ ချစ်မေတ္တာတရား ငတ်မွတ်ဆာလောင်မှု လွှမ်းမိုးနှိပ်စက်ခံနေရသော ရင်နင့်ဖွယ်လူငယ်တစ်ယောက်အဖြစ် သရုပ်ဆောင်သွားသည်ကို မြင်ခဲ့ရပေပြီ။

ရုပ်ရှင်ကြည့်ပရိသတ်ကြီးထံမှ မိုးခြိမ်းသံအလား လက်ခုပ်သြဘာ ကောင်းချီးပြုသံကြီးပြည့်လျှံထွက်လာပါသည်။

ထိုနေ့ညနောက်တွင် ဟောလိဝုဒ်သည် 'ဂျိမ်းစ်ဒင်း'ဆိုသောနာမည်ဖြင့် အစဉ်မပြတ် စီစီညံနေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com






နယူးယောက်တွင် ဂျင်မီသည် လေ့လာဆည်းပူးပြန်သည်။ အဓိပ္ပာယ်ဖော်အက၊ ခေတ်ပေါ်အက၊ တန်ဂိုဖုံ၊ ဓာတ်ပုံပညာ စသည်များကို ရုပ်သံဇာတ်များ ရိုက်ရင်း တစ်ဘက်က သင်သည်။ သူသည် နယူးယောက်တွင် နောက်တစ်ချီ ပျော်မွေ့နေပြန်သည်။ ကာလအတန်ကြာ အစာရေစာ မစားရသူတစ်ယောက် ပလုတ်ပလောင်းစားသောက်နေသည်နှင့် တူလှသည်။

သူသည် လေလွင့်ပျော်ပါးနေပြီးမှ အိမ်ရိပ်ပြန်ခိုသော သားဆိုးကဲ့သို့ သူငယ်ချင်းအပေါင်းအသင်းများ၏ မိသားစုများထံ သွားရောက် တွေ့ဆုံသည်။ ညဥ့်နက်သန်းခေါင်အထိ စကားတွေ အရှည်ကြီး ထိုင်ပြောသည်။ ဓာတ်ပုံပညာသင်ခန်းစာတွေ၊ ရှေးဟောင်းနှောင်းဖြစ်တွေ အရှည်အကြာကြီး ထိုင်ပြောသည်။ ငယ်ပေါင်းကြီးဖော်တွေကလည်း နွေးထွေးသောလက်များ ဆန့်တန်းကြိုဆိုကြပါသည်။ ဂျင်မီ နေရင်းဌာနေ တစ်ခေါက်တစ်ကျင်း ပြန်ရောက်လာသည် မဟုတ်လား။

နယူးယောက်ကို ဘူမိနက်သန်မှန်သည်ဟု သူ ဆုံးဖြတ်ထားသည်။ သူ့ကိုယ်သူ ခိုင်မြဲစေရန် အလို့ငှာ ရုပ်ရှင်တစ်ခါရိုက်ပြီးတိုင်း နယူးယောက်ကို အနည်းဆုံး တစ်ခေါက်ကတော့ ပြန်လေသည်။



"ဂျင်မီရေ။ မင်း ကိုယ်ရေးကိုယ်တာကိစ္စမှာ ငါ ဘယ်တုန်းကမှ ဝင်မစွက်ခဲ့ဘူးနော်"

တစ်ညနေတွင် လမ်းအတူလျှောက်လာကြရင်း သူ့အေးဂျင့် ဂျိန်းဒေအားစိက စကားချီလာသည်။

"အစပထမ ချီလာကတည်းကိုက ဒီလိုဖြင့် ရှေ့ဆက်စခန်းသွားလို့ မဖြစ်ဘူးဆိုတာ အဓိပ္ပာယ်ရှင်းအောင် မင်းလည်း ပြောပါတယ်။ ဒါပေမယ့် အခု အခေါ်မှာ မင်းအပေါ် မပြောလို့မဖြစ်တော့ဘူး။ ဘာပဲထင်ထင်ပေါ့လေကွယ်။ မာလွန်ဘရန်ဒိုနှင့် ငြိနေတဲ့ အဲဒီဟာကြီး အခေါ် လုံးလုံး



www.burmeseclassic.com

www.burmeseclassic.com





မကြိုက်ဘူးကွာ။ ဘာရန်ဒိုနှင့် ယှဉ်ယှဉ်အပြောခံနေရတဲ့ မင်းရဲ့လှုပ်ရှားချက် အပြုအမူတွေ ရုပ်တန်းက ရုပ်ဖို့ကောင်းနေပြီ။ မာလွန်ဟာမင်းအတွက် ဓာတ်ကူးမှုဟာ ဒီနေရာ ဒီတစ်ကွက်စာ အသုံးတည့်မယ်၊ ဟိုနေရာ ဟိုတစ်ကွက်စာ အသုံးတည့်မယ်၊ ဒါမှမဟုတ် ဘယ်အခါ ဘယ်နေရာမှာဖြစ်ဖြစ် အသုံး တည့်ကောင်း တည့်နိုင်စရာ ရှိပါတယ်။ ဒါပေမယ့် မင်း ဒါ ရပ်ဖို့သင့်ပြီ။ ပြောရရင် မင်းမှာ ဘယ် တစ်စုံတစ်ယောက်မှ မလိုအပ်ဘူးကွယ့်။ မင်းမှာ မင်းရဲ့ကိုယ်ပိုင် အနုပညာသန္ဓေ ရှိပြီးသား။ မင်းမှာ တမင်တကာ လုပ်ယူနေတာတောင် မဟုတ်ဘူး။ ဒါ ငါသိတယ်။ ဒါပေမယ့် ခက်နေတာက မင်းတို့ နှစ်ယောက်က သရုပ်ဆောင်တစ်ကျောင်းတည်း ထွက်တွေကွယ့်။ နောက်ခံ အကြောင်းတရားတွေကလည်း ဆင်တူယိုးမှားတူကြတယ်။ ဘာပဲဖြစ်ဖြစ် ရပ်ဖို့ သင့်ပြီ။ မကောင်းဘူးလေကွယ်။ နော့"

ဂျင်မီ ပေါက်ကွဲပါတော့သည်။ ဂျိန်းကို အကြာက်အကန်ပြန်ပက်သည်။ နောက်ဆုံးတွင် "ဒေါ်ဒေါ်က ကျွန်တော် ဒါ ဂရုမမူမိဘူး ထင်လို့လား"ဖြင့် အဆုံးသတ်သွားသည်။

စင်စစ် ဂျင်မီသည် ကာလကြာကတည်းက ဘာရန်ဒိုနှင့် နှိုင်းယှဉ်ခံနေရသောအဖြစ်ကို အသိရှိခဲ့သည်။ အစပိုင်းတွင် ဘာရန်ဝဒိုနှင့်တကွ သရုပ်ဆောင်သူများ စတူဒီယိုသင်တန်းကျောင်းသည် သူ့အပေါ် ဩဇာလွှမ်းမိုးနေတာ မှန်ပါသည်။ သို့သော် သူ့စိတ်၌ ထိုထိုဩဇာတို့အောက်မှ ထိုးထွက်ရှင်သန်ကြီးထွားလာနေသည်။

သူ တွေးကြည့်သည်။ လူတွေဟာ အနုပညာအကဲဖြတ်ရာမှာ မျက်နှာသစ်တစ်ဦး ပေါ်လာတိုင်း သူ့ထက် သမ္ဘာပိုရင့်သည့် တခြားအနုပညာသည်နှင့် ယှဉ်ဆုံးဖြတ်နေကြရော့လား။





www.burmeseclassic.com

www.burmeseclassic.com





East of Eden ကို နယူးယောက်တွင် ခမ်းနားကြီးကျယ်စွာဖြင့် ပြတော့မည့်ပွဲရက် နီးလာသည်။ သည်မှာ ဂျင်မီတစ်ယောက် ဆောက်တည်ရာ မရဘဲ ဂနာမငြိမ်ဖြစ်လာသည်။

ဂျင်မီသည် ထိုသို့သော ခပ်ထည်ထည်ဖွင့်ပွဲမျိုးကို တက်ရောက်ဖူး ပါသည်။ သည်လိုပွဲကြီးတွေ ဘယ်လိုရှိသည်ဆိုတာ သိလည်း သိထားသည်။ ရုပ်ရှင်ရုံအဝင်ဝက ပွဲကြည့်စင်တွေမှာ အုပ်နှင့်ဝေးနှင့် ထိုင်နေကြလိမ့်မည်။ မင်းသားမင်းသမီးတွေ ကုမ္ပဏီတွေကပေးထားသည့် လီဇာဇင်းခေါ် တောက်တောက်ရွှန်းရွှန်း ဇိမ်ခံကားကြီးတွေထဲမှ ထွက်လာတိုင်း အသံမျိုးစုံဖြင့် အော်ဟစ်ဆူညံ နေကြလိမ့်မည်။ ရေဒီယိုသတင်းဌာနတွေ၊ ရုပ်သံလွှင့်ဌာနတွေက သတင်းထောက်တွေကလည်း ဝိုင်းဝိုင်းလည်အောင် အင်တာဗျူးတွေ လုပ်လိမ့်မည်။ အရေးအကြီးဆုံးပုဂ္ဂိုလ်တွေ၊ ထိပ်ထိပ်ကြဲ ပုဂ္ဂိုလ်ကြီးတွေ တတ်ရောက်ကြမည်ဆိုတာလည်း သူသိသည်။

နောက်ပြီး ရှိသေးသည်။ အီဒင်မရိုက်ခင်က သူ့အောင်မြင်မှုအပေါ် သောင်းသောင်းဖျဖျ သြဘာပေးကြတာတွေ...။ ကားရိုက်ပြီးနောက် ချီးကျူးထောပနာပြုတာတွေ...။ ဒါတွေ အားလုံး သူသိနေပြီး စိတ်ဂနာမငြိမ် ဖြစ်နေသည်။

တစ်ညနေခင်းလုံး အင်တာဗျူး အလုပ်ခံရတာတွေ၊ လူထုပရိသတ်နှင့် အနီးကပ်ထိတွေ့ရတာတွေ၊ နောက်ပြီး မူးနောက်စရာကောင်းလှသော ရုပ်ရှင်လောကအသိုင်းအဝန်းကြီးနှင့် ဟန်လုပ်ဆက်ဆံတာတွေကို အိုးနင်းခွက်နင်းမဖြစ်ဘဲ ရင်ဆိုင်သွားနိုင်ပါ့မလား။

ဖွင့်ပွဲမတိုင်မီ တစ်ရက်အကြိုတွင် ဂျိန်းဒေအားစီထံ တယ်လီဖုန်းဖြင့် လှမ်းတောင်းပန်သည်။

"မေမေ သိပါတယ်။ ကျွန်တော် ဒီပွဲလမ်းသဘင်ကြီးမှာ ဟန်ကျအောင် လုပ်နိုင်မှာမဟုတ်ဘူး။ ကျွန်တော် မကိုင်တွယ်တတ်ဘူး။ ဒါ့ကြောင့် ဒီညတွင်းချင်းပဲ အနောက်ဘက်ကမ်းရိုးတန်းကို ခရီးထွက်လိုက်တော့မယ်နော်"

East of Eden ကို ဂျင်မီမပါဘဲ နယူးယောက်တွင် ဖွင့်လှစ်ရသည်။

ဒါရိုက်တာ အလီယာ ကာဇန်၏ *'ဂျိမ်းစ်ဒင်း'*တည်းဟူသော ရှာဖွေတွေ့ရှိခြင်းအပေါ် အောင်ပန်းဆင်သွားသည်။ ဝေဖန်ချက် တွေကတော့ ပြင်းသည်။ ပြတ်သည်။ *'အခြားသော ဘရန်ဒိုတစ်ယောက်'* ဆိုတာမှသည် *'လုံးဝ စံတင်ထိုက်ပါပေသည်'* အထိ ပါသည်။

နောက်ပြီး ရုပ်ရှင်လောကထုံးစံအတိုင်း ဒဏ္ဍာရီဖြစ်ရပ်များ ချက်ချင်းထွက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com








www.burmeseclassic.com

www.burmeseclassic.com



# အခန်း ၆



ဂျင်မီသည် ဟောလိဝုဒ်ပြန်ရောက်လျှင် Reble Without a Cause နောက်ထပ် တစ်ကားရိုက်ရန် ပြင်စရာရှိသည်များ ပြင်ဆင်လျက်ရှိသည်။

'ပရိသတ်လူ ဖြစ်လာပြီဖြစ်သော ဂျိမ်းစ်ဒင်း'ကို လူပုဂ္ဂိုလ်ဂျိမ်းစ်ဒင်းနှင့် ခွဲခွာထားခြင်းအားဖြင့် ဂုဏ်ပျက်ဖွယ်အခြေအနေမျိုးမှ ထိန်းထားရမည်ဆိုတာ သူသိသည်။

ဝါနာဘရားသားကုမ္ပဏီ သတင်းထုတ်ပြန်ရေးသမားတွေအပေါ် အရှောင်အတိမ်းတွေ သူလုပ်နေသည်မှာ ကာပြန်သည့်စိတ်ကြောင့် လုံးဝမဟုတ်။ နောက်ပြီး ဟောလိဝုဒ် ရုပ်ရှင်လောကမှ လူမှုရေးပွဲများတွင် ဝင်မပါဘဲ ရှောင်ဖယ်ဖယ်လုပ်နေသည်ကလည်း လူမှုရေးစိတ်ဓာတ် ခေါင်းပါး ဆန့်ကျင်သောကြောင့်မဟုတ်။ ကောလာဟလသတင်း ခံတွင်းတွေ့လှသည့် ရုပ်ရှင်မြို့တော်နှင့် အထိအတွေ့များလိုက်လျှင် ပုံကြီးချဲ့အတင်းအဖျင်းကဏ္ဍ သတင်းထုတ်ပြန်ခြင်းများကို ရှောင်တိမ်းလို၍သာ ဖြစ်သည်။ သူလိုချင်သည်မှာ 'ရုပ်ရှင်ပိတ်ကားပေါ်က ကိုးကွယ်စရာရုပ်တု' မဟုတ်။ ဒါမျိုး ဟန်လုပ်ရမည်ကိုလည်း ဆန္ဒ လုံးဝမရှိ။ တကယ် သူအလေးထားသည်က ကိုယ်ပိုင်ဟန် အလျောက်၊ ကိုယ်ပိုင်တန်ဖိုးအလျောက် လုပ်ခွင့်ရပြီး နေသွားဖို့သာ ဖြစ်ပါသည်။

သို့သော် တကယ်က သတင်းထုတ်ပြန်မှုဆိုတာ လိုအပ်သည်။ ကြယ်ပွင့်မင်းသား၊ မင်းသမီးတွေ အားလုံး ဒီအပေါ် မှီနေရသည်။ ဒီအစဉ်အလာ စွဲနေသော ရုပ်ရှင်မြို့တော်မှာ ဂျင်မီ့သဘောထားက အများမနှစ်မြို့ချင်စရာ ဖြစ်လာသည်။ တဖြည်းဖြည်းဖြင့် စာနယ်ဇင်းလောက၏ ချဉ်ဖတ် ဖြစ်လာသည်။ ဘယ်အထိ ဖြစ်လာသလဲဆိုလျှင် သတင်းမဆန်သော *'ဂျိမ်းစ်ဒင်း တစ်နေ့ကပဲ ဝတ်စုံ သစ်တစ်စုံ ဝယ်လိုက်ပြီ။' 'သူ့ကိုယ်သူ ဘာထင်နေသလဲ၊ မာလွန်းရန်ဒိုလား'* ဆိုသည့် အရေး အသားမျိုးတွေအထိ ဖြစ်လာသည်။



www.burmeseclassic.com

www.burmeseclassic.com





စာနယ်ဇင်းဘက်က ပွဲကြမ်းလာပြီး သူ့အပေါ် အမဲဖျက်သလို လုပ်လာသည်တွင် ဝါနာဘရားသားကုမ္ပဏီ သတင်းထုတ်ပြန်ရေးဘက်က လူတွေ မနေသာတော့။ သူ့ဘက်က ဝင်ရပ်ပြီး တတ်နိုင်သမျှကာကွယ်ရတော့သည်။

ပရိသတ်အဖို့ ဂျင်မီကတော့ ခမ်းနားကြီးကျယ်နေမြဲပင်။ သူကလည်း စာနယ်ဇင်းဘက်က ဖာတ်ရှိန်တက်လာသည့် ဟာသပွဲကြီးကို အရသာခံ ကြည့်နေသလား ထင်ရသည်။ ယခု ဟောလိဝုဒ်တွင် သူကျော်ကြားနေသည်မှာ အကောင်းဆုံးအမြင့်ဆုံး ကျော်ကြားသေးတာမဟုတ်မှန်း သူသိသည်။ သည်တော့ ဘာတစ်ခုမှ သူ အမှုမထား။

မော်တော်ဆိုင်ကယ်အသစ်တစ်စီး ဝယ်စီးသည်။

တစ်ညတော့ သူက ခပ်မြူးမြူးပြောပါသည်။

"ဒီမယ် ဝီလီ။ မင်းလည်း အသိပါ။ ငါ အခုဝယ်ထားတဲ့ မော်တော်ဆိုင်ကယ်မျိုး အစက ဘယ်လောက် လိုချင်ခဲ့တယ် ဆိုတာလေ။ အခုတော့ကွာ ရယ်စရာ ကောင်းမနေဘူးလား။ တတ်နိုင်လို့ ဝယ်လည်းစီးရော ငါ့ကို သူတို့က မော်တော်ဆိုင်ကယ် မစီးစေချင်ဘူး ဖြစ်လာကြပြန်ရော"

အယ်လာလိုင်ဆိုသော အမျိုးသမီးတစ်ဦး အီဒင်ရိုက်နေစဉ်အတွင်း ဂျင်မီနှင့် ရိုက်ကွင်းပေါ်မှာ သိကျွမ်းသွားသည်။ ဂျင်မီ မော်တော်ဆိုင်ကယ် အစီးဝါသနာပါသည်ကို အယ်လာလိုင် အကြီးအကျယ် စိုးရိမ်မကင်းဖြစ်ပြီး မကြာခင်မှာပင် ထူးထူးဆန်းဆန်းနိုင်လှသော ဂျင်မီအပေါ် စွဲသွားသည်။

အယ်လာက ဂျင်မီ အစီအစဉ်မရှိဘဲကောက်လုပ်တတ်သည့် ညှော်ခံပွဲတွေမှာ အတော်ပါသည်။ အယ်လာက ဘရန်ဒိုကို ဂျင်မီမော်တော်ဆိုင်ကယ်စီးတာနှင့်စပ်လျဉ်းလို့ တစ်ခုခုပြောပေးဖို့ မေတ္တာရပ်ခံသည်။

ဘရန်ဒိုက သူ့ထုံးစံအတိုင်း အေးချမ်းဆိတ်ငြိမ်သောအသံဖြင့် "ဂျင်မီရေ၊ မော်တော်ဆိုင်ကယ်စီးတာ စွန့်လိုက်ပါတော့ကွာ။ အရှည်သဖြင့်ကျတော့ မဖြစ်ဘူး။ ကိုယ်တော့ အဲဒါသိသွားပြီ။ မောင်ရင်လည်း သိပါတယ်။ မျက်နှာတစ်ခြမ်းတည်းရှိတဲ့ သရုပ်ဆောင် မရှိသေးဘူးလေ။ ခေါက်ထားလိုက်စမ်းပါ။ လုပ်စမ်းပါ ကိုယ့်လူရာ"ဟု ဖျောင်းဖျသည်။

ဂျင်မီ အသာငြိမ်နားထောင်သည်။ နောက် ဘရန်ဒိုအကြံပေးသည်ကို ပခုံးတစ်ချက်တွန့်ပြီး ပယ်ချသည်။ အယ်လာကတော့ သူ့တိုက်ပွဲ ရှုံးသွားသည်ကို စိုးရိမ်စိတ်တွေ ဝင်ပြန်သည်။ သို့သော် ရက်သိပ်မကြာခင် မော်တော်ဆိုင်ကယ်စီးရသည်မှာ အန္တရာယ်ကြီးသည့်ကြောင့် မော်တော်ဆိုင်ကယ်ကို ရှင်းပစ်လိုက်ပြီဖြစ်ကြောင်း အယ်လာထံ အကြောင်းကြားသည်။ အယ်လာနှင့်တကွ ရင်းနှီးသည့် မိတ်ဆွေများ ဟင်း,ချနိုင်လာကြသည်။


ထို့နောက်ပိုင်း Rebel မရိုက်မီကလေးမှာ ဖြစ်သည်။ စပို့ကားတစ်စီး ဝယ်လိုက်သည်။ ထိုကားမှာ တကယ့်ပြိုင်ကားစစ်စစ်၊ ဂျာမနီလုပ် ပေါ်ရှေး အမျိုးအစား။



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com





ရက်သတ္တပတ်နည်းနည်းအကြာမှာ ပန်းမ်စပရင်း၌လုပ်သော ကားပြိုင်ပွဲတွင် သူ့ကားနှင့် ဝင်ပြိုင်ဖို့ စာရင်းသွင်းလိုက်သည်။ ပြိုင်ပွဲပထမနေ့တွင် ဝါသနာရှင်အဆင့်၌ သူ ပထမစွဲသွားသည်။ နောက် ဒုတိယနေ့တွင် ပညာသည်အဆင့်၌ တတိယချိတ်သည်။

ကားပြိုင်ပွဲ ပထမပွဲစဉ်များ ပြီးသွားသည့်နောက် ဂျင်မီသည် သူရခဲ့သောဆု ကလပ်များကိုအိမ်သို့ သယ်လာသည်။ နောက် ဟောလိဝုဒ်အထိ ပိုက်ချလာပြီး အပေါင်းအသင်းတွေကို လိုက်ကြွားသည်။ ပြိုင်ကားဆိုတာလည်း မော်တော်ဆိုင်ကယ်နှင့် ပိန်မသာ လိမ်မသာ။ သည်တော့ သူ့ကို ပြောနေလည်း အပိုပဲဆိုတာ သိကြသည်။ သူကတော့ သေမင်းနှင့် နောက်တီးနောက်တောက်လုပ်ရသော အလုပ်ကိုမှ မြိန်ရေရှက်ရေ အရသာတွေ့နေသည် မဟုတ်လား။ နောက်မှ သူ့ဟာသူ တဖြည်းဖြည်း ရင့်ကျက်လာ လိမ့်မည်ဟုသာ နှလုံးပိုက်လိုက်ကြရတော့သည်။

Rebel ကား စရိုက်ဖြစ်ပြီဆိုသည်နှင့် ဂျင်မီတစ်ယောက် နေပုံထိုင်ပုံ တစ်မူပြောင်းသွားသည်ကို အကဲခတ်မိသည်။

အယ်လာလိုဂင်ကို သူ တစ်ခါ ပြောဖူးသည်။

"မင်းကို ကိုယ်သဘောကျပါတယ် အယ်လာ။ မင်းက ကောင်းတာကိုး။ ဒါပေမယ့် မင်းလည်း သိပါတယ်။ ကိုယ်က မကောင်းတဲ့သူတွေကိုလည်း သဘောကျသေးတယ်လေ။ ဒီလို သဘောကျတာဟာ သူတို့တစ်တွေကို မကောင်းတဲ့သူတွေဖြစ်အောင် ဘာက ဖန်တီးလိုက်သလဲဆိုတာကို သိချင်လို့နေမှာပဲ"တဲ့။



'မကောင်းသော' ဟူသော စကားရပ်တွင် 'ဆိုးယုတ်သော'ဟူသော အဓိပ္ပာယ်ဖြင့် ပြောသည်ဟု မထင်ပါ။ ကိုးလိုးကန့်လန့် ဘဝအမြင်ရှိသူများ၊ ဖြစ်တည်မှုနည်းဟန် အဆန်းတကြယ်ရှိသူများသည် သူ့ကို အမြဲတစေပင် အာရုံနှိုးထစေတတ်ကြသည်။ ထို့ကြောင့် 'မကောင်းသော'ဟူသော စကားရပ်ကို ပြောရာ၌ 'ကွဲပြားခြားနားသော' သို့မဟုတ် 'ထုံးစံမကျသော'ဟူသော အဓိပ္ပာယ်ဖြင့်ပြောလိုက်ခြင်းဖြစ်ဖို့ ပို၍ များပါသည်။



www.burmeseclassic.com

www.burmeseclassic.com





တစ်ည ညဥ့်သန်းခေါင် လွန်ပြီးစအချိန်မှာ ဖြစ်သည်။ ဂူဂျီ စားသောက်ဆိုင်တွင်းသို့ ကျွန်တော်ဝင်သွားမိသည်။ ဂျင်မီကို ရုပ်ရှင်ရေးသနားကမား ကောင်မလေးတစ်ယောက်နှင့် အတူထိုင်နေသည်ကို သွားတွေ့လိုက်သည်။ ကျွန်တော် သူတို့ထိုင်နေရာ အကန့်ကလေးဆီ ရောက်သွားမိသည်။

ဂျင်မီကား လူတစ်ဘက်သားစိတ်အိုက်စရာ သူ၏မှိုင်ငေးငေး ဆွေးလျလျဟန်ကို ဖမ်းထားသည်။ ရိုးတာပြီး စိတ်မောစရာကောင်းလှသည့် ဒီမြင်ကွင်းမျိုး ရှောင်တော့မလေဟု စိတ်ထဲ ဆုံးဖြတ်မိသလောက် ဖြစ်သွားသည်။ သို့သော် သူတို့စားပွဲအေး ရုပ်မိလျက်သားဖြစ်နေပြန်သည်။ သူက ကုလားထိုင်တွင် နွမ်းရိနွမ်းဖပ်ထိုင်နေသည်။ တငွေ့ငွေ့လောင်နေသော စီးကရက်က ခပ်ဟဟနှုတ်ခမ်းနှစ်ခုကြားမှာ တွဲလောင်းကျလို့။ ဝတ်ထားသည့် အောင်းဘီကလည်း ပေရေညစ်ပတ်လို့။ ကိုယ်ပေါ်မှာ မော်တော်ဆိုင်ကယ်စီးသည့်အခါဝတ်သည့် သားရေဂျာကင်နှင့်။ ပြီးတော့ နှစ်ရက်လောက်ကြာအောင် ရှည်နေသည့် ပါးသိုင်းမွေးတွေနှင့်။

"ဟိုင်း.... ဂျင်မီ "

ကျွန်တော် နှုတ်ဆက်လိုက်သည်။

သူက မျက်လုံးတွေကို လွင့်မျောနေဟန်ဖြင့် အိုက်တင်ပါပါ မှေးစင်းထားသည်။ မျက်မှန်ကိုင်းပေါ်မှ ကျော်၍ ကျွန်တော့်ဆီ ကြည့်သည်။ နောက် ထူးခြားစွာ ငြိမ်ငြိမ်ကြီးဖြစ်နေပြီးမှ "ဟိုင်း ဝီလီ"ဟု လေသံဖြင့် ရေရွတ်သည်။

ကောင်မလေးမှာ ကျွန်တော် ရောက်မသွားခင်ကတည်းက သူ့ဒဏ်ခံနေရသည်မှာ အတော်ကြာနေပုံရပါသည်။ မျက်လုံးတွေက သံယောဇဉ် တော်တော်ကုန်ခန်းနေပါသည်။ သူ့လက်ထဲ ဆော့ကစားနေသည့် ပုတီးစေ့လည်ဆွဲကို သူ့ရှေ့စားပွဲပေါ်က စထရော်ဘယ်ရီခွက်ထဲ နှစ်သည်။ ချိုချဉ်ရည် ပေနေသော ပုတီးကုံးကို ဖြည်းဖြည်းချင်း အသာမယူသည်။ နောက် တိမ်းမူး တပ်မက်ဖွယ်ကောင်းလှသော နှုတ်ခမ်းအစုံဖြင့် ပုတီးမှာပေလာသည့် ချိုချဉ်ရည်တွေ ဖြည်းဖြည်းချင်း စုပ်သည်။ နောက်မှ ကျွန်တော့်ကို "ဟိုင်း..."ဟု လှိုက်ဖိုလေးတွဲ့သောအသံဖြင့် ဆိုသည်။

ဂျင်မီကို ထိုသို့တွေ့ရသည်မှာ ကျွန်တော့်စိတ်နှလုံး နောက်ကျုရပါသည်။ သည်ကစားပွဲချည်း သူနွဲ့လာသည်မှာ နှစ်နှစ် ကျော်ခဲ့ပြီ။

သည်လိုနှင့် သူ ရှေ့ဆက် စခန်းသွားသည်။ ညစဉ်ညတိုင်း သန်းခေါင်သန်းလွဲလောက် နာရီနှင့်ချီ ဝိုင်းဖွဲ့သည်။ သူတို့တစ်တွေ စိတ်ထဲရှိသလို လျှောက်ပြောသည့်အရာတွေက ဒါတွေချည်း ဖြစ်နေသည်။ စရိုက်တူလက်ရွေးစင်တစ်စုနှင့် 'ညဘဝ အကဲခတ်အဖွဲ့'ဟု အမည်တွင်လာသည်အထိ ဂျင်မီ လုပ်လာသည်။

သူတို့အထဲက အဖွဲ့သားတစ်ယောက်မှာ မေးလားနူးအားမီး။ သွေးစုပ်ဖုတ်ကောင်မ ရုပ်သံဇာတ်ဖြင့် နာမည်ထွက်လာသူ။ မေးလားက ဂျင်မီ့နှလုံးသားအခံကို နားလည်သည်။ နှလုံးသားအခံဆိုသည်က အနည်းငယ်သောသူအချို့သာ လှစ်ပြနိုင်ကောင်းသည့်အရာ။ ယဉ်ပါးသူချင်းမှ နားလည်နိုင်ကောင်းသည့်အရာ။ ဒါကို မေးလား နားလည်သည်။ ဂျင်မီကို ပတ်ရုံကာကွယ်ထားသည် ခံတပ်ကြီးကို မေးလား အလျင်အမြန် ဖောက်ထွင်းသည်။

www.burmeseclassic.com





သူ့ကိုယ်သူ သိပ်မသေချာ မရေရာသေးသည့်အစပိုင်းတွင် ဟောလိဝုဒ်တွင် လူအများ မတော်မတန်အာရုံစိုက်စရာဖြစ်အောင် ဂျင်မီဖန်တီးခဲ့သည်။ လူတစ်ဘက်သား အမျက်ဒေါသပွားရအောင်၊ တုန်လှုပ်စရာဖြစ်စေအောင် အပြုအမူတွေ၊ ထော်လော်ကန့်လန့်သော အပြောအဆိုပြုမူတွေကြောင့် ဖြစ်သည်။ သည်လိုနှင့် ရန်သူပေါလာသည်။

Rebel ကား ရိုက်ကူးပြီးစီးသလောက် ဖြစ်သွားသောအချိန်။ သူ့နာမည်သတင်း နိုင်ငံနှင့်အဝန်း ကျော်ကြားလာသောအချိန်တွင် ဂျင်မီသည် သူ့အမူအကျင့်တွေကို အပြီးတိုင်မစွန့်လွှတ်သည့်တိုင် ဟောလိဝုဒ်ကို ဟာသလုပ် အရွဲ့တိုက်နေသောအကျင့် ငြိမ်သက်စ ပြုလာသည်။ ဟောလိဝုဒ်ဆိုသည်မှာ သူတွက်ဆထားသည်ထက် အဓိပ္ပာယ်ပိုထွက်လာအောင် တတ်နိုင်သော နေရာဌာနတစ်ခုပါကလားဟု လေးစားရကောင်းမှန်း သိလာသည်။ ဆောင်းပါးရှင်များသည် သူ့အပေါ်တိုက်ခိုက်ရာ၌ ပြင်းထန်မှု သိပ်မရှိတော့။ နောက်ပြီး ဟက်ဒါဟော့ပါးကိုယ်တိုင်က ဂျင်မီနှင့် လက်တွဲလိုက်သည်တွင် အရာရာကို သင်ပုန်းချေလိုက်သလောက် ရှိသွားသည်။ နောက်ဆုံးတော့ ဟော့ပါးက ဂျိမ်းစ်ဒင်းကို 'ပါရမီရှင် တစ်ယောက်'ဟူ၍ပင် ကင်ပွန်းတပ်သည်အထိ ဖြစ်လာသည်။ ဒါကျတော့ အမျိုးသမီးကြီးအပေါ် လူအနည်းအကျဉ်းလောက်က သဘောမတူနိုင် ဖြစ်ကြပြန်သည်။ ပြောမည်ဆိုလျှင် ဟောလိဝုဒ်ရင်ခွင်ထဲ တွင် ခွင့်လွှတ်ခြင်းနေရာဟူသည် ရှိပါသည်။ ကိုယ့်ကိုယ်ကို လိမ္မာရေးခြားရှိအောင် ဂရုစိုက်ဖို့ပဲ လိုပါသည်။

ဂျင်မီ့ဘက်ကလည်း အစွမ်းပြဖို့ အကြံကြီးကြံထားတာရှိသည်။ ဟောလိဝုဒ်ဘက်ကလည်း ထိပ်ထိပ်ကြဲကားတစ်ကားတွင် အရေးပါသောဇာတ်ဆောင်နေရာအတွက် ချိန်နေတာရှိသည်။ အကြံသမားဂျင်မီ ထိုစိမ်ခေါ်ပွဲ ဝင်နွှဲဖို့ တာစူသည်။ စတီဖင့်တွင် စာရေးဆရာကြီး အက်ဒနာဖားဘား၏ Giant ဝတ္ထုကို ရုပ်ရှင်ရိုက်ဖို့ ရှိနေသည်ဆိုတာ သိသည်။ ဇာတ်ကောင်ဂျက်ရင့်စ် အခန်းကို ဂျင်မီ အလွန် သရေကျနေသည်။


တစ်နေ့ပြီးတစ်နေ့ ဆိုသလို စတီဖင့်ရုံးခန်းမှာ လူလုံးသွားသွားပြသည်။ အတွင်းရေးမှူးမလေးတွေ၊ ဧည့်ကြိုစာရေးမကလေးတွေနှင့် သွားသွားရောသည်။ ခင်အောင်မင်အောင် စသည်။ စတီဖင်နှင့်ပါ စကားလက်ဆုံကျအောင်လုပ်ပြီး အရွှန်းတွေ ဖောက်သည်။ တကယ့်ကို သူ့ခြေ သူ့လက် သူ့အိမ်လုပ်နေသည်။

မှန်ပါသည်။ စတီဖင်ကိုယ်၌က သူ့အပေါ် East of Eden ကားကတည်းက မျက်စိဒေါက်ထောက် ကြည့်နေခဲ့တာ ရှိပါသည်။ အမှန်ပြောရလျှင် ဂျင်မီ့ကို ဂျက်ရင့်စ် ဇာတ်ရုပ်အတွက် အလေးအနက်ထား စဉ်းစားလျက်ပင် ရှိပါသည်။ လွန်ခဲ့သည့် တစ်နှစ်ကျော်ကျော် နယူးယောက်တွင် တိုက်ရိုက်လွှင့်သော ရုပ်သံဇာတ်တစ်ခုမှာ သရုပ်ဆောင်သွားပုံကို ကြည့်ရဖူးကတည်းက ဂျင်မီအပေါ် သတိထားမိခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် စတီဖင်က သူ့စိတ်ထဲ ရှိထားနှင့်သော အာသီသတွေကြောင့် ဂျင်မီ ရစ်သီရစ်သီလာလုပ်နေသည်ကို လွှတ်ထားပြီး သူ၏အဖိုးတန်အချိန်တွေကို ဂျင်မီနှင့် ဖြုန်း



www.burmeseclassic.com

www.burmeseclassic.com


www.burmeseclassic.com

www.burmeseclassic.com







www.burmeseclassic.com

www.burmeseclassic.com





နေခြင်းဖြစ်သည်။ တွေ့ကရာအကြောင်းအရာမျိုးစုံ လျှောက်ပြောဖြစ်ကြသည်။ ဓာတ်ပုံပညာကနေ ပြိုင်ကားအထိ ပါသည်။

တစ်ဦးအပေါ်တစ်ဦး ချဉ်းကပ်သည့်ကိစ္စ ထိပ်ဖျားရောက်လာသော တစ်နေ့တွင် စတီဖင်က ဂျင်မီကို Giant ကားအတွက် ဇာတ်ညွှန်းအထပ်လိုက်ကြီး ထိုးအပ်သည်။ အိမ်ပြန် အဖတ်ခိုင်းသည်။

နောက်နေ့ကျတော့ ကိုးနှစ်အရွယ်ကလေးငယ်တစ်ယောက်၏ ဝမ်းသာအူမြူးမှုမျိုးဖြင့် စတီဖင့် ရုံးခန်းကို အူလျားဖားလျား ရောက်လာသည်။ ဇာတ်ညွှန်းဖတ်ပြီးသူ ဘယ်လောက် စိတ်လှုပ်ရှား ဝမ်းသာရသည်ဆိုတာ အသက်ပင်မရှူဘဲ ပြောတော့သည်။

"သေချာတယ်ခင်ဗျာ၊ ဂျက်ရင့်စ်အခန်း ဖတ်ရပြီး တစ်ခါတည်း ပါးစပ်နှင့်ထိုးဟပ်ချင်လောက်အောင် ပါချင်သွားတာပဲ"

ဂျင်မီက ပြောလည်းပြော၊ လက်ဖျစ်လည်း တီးလိုက်သည်။ ဂျက်ရင့်စ် အခန်းက သူ့အတွက် အတိုင်းထက်အလွန် တံခွန်နှင့်ကုက္ကားဆိုသလို အလွန်အလွန် ဟပ်နေသည်ဆိုတာ လေးနက်ပေါ်လွင်စေချင်၍ ဖြစ်သည်။

သည်တော့ စတီဖင်က မေးသည်။

"နေပါဦး။ ကိုယ့်လူက အသက်အရွယ်အပိုင်းအခြား အပြောင်းအလဲကော ကိုင်တွယ်နိုင်မယ်ထင်လို့လား။ ဇာတ်လမ်းထဲမှာ ဂျက်ရင့်စ်က အသက် ငါးဆယ်ကျော်ကျော်အထိ အသက်ကြီးသွားတာနော"

ဂျင်မီက သည်ပြဿနာအတွက် အာမဘန္ဒေခံသည်။

စတီဖင်က လိုရင်း တန်းပြောသည်။

"ကောင်းပြီလေ။ မင်းအခန်း ဖြစ်သွားပြီ"

တုန်လှုပ်ချောက်ချားမှုဖြင့် ယိမ်းယိုင်သွားသည်။ နောက် စတီဖင့်ရုံးတွင်းရှိ လူအပေါင်းကို Giant တွင် ပါဝင်သရုပ်ဆောင်ရေးကိစ္စ သဘောတူပြီးပြတ်သွားပြီ ဖြစ်ကြောင်း ဝမ်းပန်းတသာ အသိပေးသည်။

ထို ညနေဘက်တွင် ကျွန်တော် ဟမ်ဘာဂါဆိုင်တစ်ဆိုင်ထဲသို့ အဝင်၊ သူ ဆိုင်ထဲမှထွက်လာသည်နှင့် သွားတိုးသည်။

"မင်း Giant မှာ ပါသွားပြီဆို။ အဲလိုကြားလို့"

"အေး၊ သတင်းများ တယ်ပျံ့လွယ်ပါလား"

သူက ခပ်ပေါ့ပေါ့ ပြန်ပြောသည်။

"အဝတ်အစားကိစ္စနှင့် ဘာညာဘာညာတွေ အတွက်ပေါ့ကွာ။ တစ်ဘက်ကလည်း Rebel ကို လက်စသတ်ရင်းပေါ့။ ငါ့ကို တကယ် တက္ကဆက်သားအဖြစ်နှင့်ကို သူတို့ ရသွားပြီလေ။



www.burmeseclassic.com

www.burmeseclassic.com





ဒီတော့လည်း တက္ကဆက်သား လေသံလေပေါက်မျိုးနှင့် ပြောဖို့ လေ့လာရတာပေါ့” ရယ်လိုက်ပြီးမှ၊ “မြင်းစီးတာတွေ၊ ကြိုးကွင်းပစ်တာတွေကအစ ဘာညာဘာညာတွေပေါ့ကွာ”ဟု ထပ်ဆက်လိုက်သည်။

အသိမိတ်ဆွေတစ်စု ရောက်ချလာပြီး ဝင်နှောက်သည်။ သည့်မှာ နောက်နေ့ သူ့ဆီ ဖုန်းဆက်ဖို့ ပြောသည်။

ကော်ဖီအလာ စောင့်ရင်း ဂျင်မီ့ဆီ ကျွန်တော် လှမ်းကြည့်နေမိသည်။ ယခု သူ့ကို လူကိုးယောက်ဆယ်ယောက်လောက်က ဝိုင်းထားသည်။

ကျွန်တော့်ဆီ စားပွဲထိုးမကလေး ကော်ဖီယူမလာခင်ကလေးတွင် ဂျင်မီ လူအုပ်ထဲမှ ထွက်သည်။ ကျွန်တော့်ဆီ ခေါင်းဆတ်နှုတ်ဆက်သည်။ နောက် ကားထဲ ခုန်ပေါက်ဝင်သွားသည်။

“အဲဒီဘဲက ဒီတစ်မြို့လုံးမှာ ထိပ်ထိပ်ကြဲပဲနော်”

ကျွန်တော့်ဘေးမှ ငတိမက ပြောလာသည်။ သူလည်း ကျွန်တော့်နည်းတူ ဂျင်မီကို ကြည့်နေခဲ့သည်ကိုး။

“မင်း သူ့ကို သိလို့လား”

“သိတာပေါ့”ဟု လေသံပျော့ဖြင့် ပြောသည်။

“ဒီမှာကတော့ သူ့ကို သိကိုသိရမှာပဲလေ။ ရှင်လည်း သိမှာပါ။ သူလို သိတတ်ပြီး သိပ်သွေးကောင်း သတ္တိရှိတဲ့လူဆိုလို့ သူတစ်ယောက်သာ ရှိတာပါ။ သူ့ခမျာ နီဂိုးတော့ ချုပ်နေပြီနော်”

အမျိုးသမီးက ပြောပြောဆိုဆိုဖြင့် သူထိုင်နေသည့်ခွေးခြေကို ကျွန်တော့်ဘက် ဆွဲလှည့်သည်။ စကတ်ကို မဆိုသလောက် မပြသည်။ “တွေ့တယ် မဟုတ်လား”ဆိုပြီး သူ့မှာ ခြေတစ်ဖက်ကင်းမဲ့နေသည့်အဖြစ်ကို လက်ညှိုးထိုးပြသည်။

“ဟာကွာ။ ကိုယ်က မင်း ခြေချိတ်ထိုင်နေတယ်ပဲ မှတ်တာ။ ဘယ်လိုက ဘယ်လို ခြေတစ်ဖက် ဆုံးတာလဲ”

“ကားတိုက်မှု”

သူက လိုရင်း ပြောချလိုက်သည်။

“ဒီနေရာတစ်ဝိုက်က လူတွေအားလုံးလိုလို ဒီကိစ္စ မေးဖော်ပြုဖော်ရအောင် သွေးကောင်းကြတာ မဟုတ်ဘူး။ ဂျင်မီတစ်ယောက်သာပဲ။ သူနှင့် စ,တွေ့တဲ့ညကပဲ ကျွန်မအကြောင်း သူ အကုန်လျှောက်မေးတယ်။ ဘယ်လို ခြေတစ်ဖက် ဆုံးခဲ့တာလဲပေါ့။ ဘယ်တုန်းက ဖြစ်တာလဲပေါ့။ အို အကုန်ပါပဲလေ။ လူတစ်ယောက်ဟာ ကျွန်မခြေပြတ်ကို အပြခိုင်းတယ်ဆိုရင် အဲဒီလူ သွေးကောင်း သတ္တိရှိတယ်လို့ ကျွန်မပြောမှာပဲ။ အခု သူက ဘယ်လိုပြောတယ် ထင်သလဲ၊ သိလား။ သူလက်နှင့် ထိကိုင်ကြည့်ပါရစေတဲ့ ရှင်။

“ဒါနှင့် ကျွန်မအခန်းကို သွားကြတယ်။ ကျွန်မခြေပြတ်ကို သူ့ကို ထိကိုင်ခွင့် ပြုလိုက်ပါတယ်။ ဘယ်တစ်ယောက်ကမှ ဒီလို မတောင်းဆိုဖူးဘူး မဟုတ်လား။ ကျွန်မ ဘယ်လို ဖြစ်ပေါ်ခံစားသလဲ



www.burmeseclassic.com

www.burmeseclassic.com





ပြောပြခိုင်းတယ်။ အမျိုးမျိုး လျှောက်မေးတာပေါ့လေ။ နှစ်ယောက် ရယ်တောင်ရယ်ရပါတယ်လေ။ နောက် သူပြန်သွားရော၊ ဒါပါပဲ။ နေရာက ရုတ်ခနဲထပြီး ပြန်သွားတာ။

"အခုဆိုရင် သူ့ကို ဒီမှာ တစ်ချိန်လုံး စကားလက်ဆုံကျရတာ ပျော်စရာပေါ့။ ဒီမှာရှိတဲ့လူ တွေကတော့ သူ့လို မဟုတ်ဘူးလေ။ သူ့လိုတောင် အနားကပ်ရဲကြတာ မဟုတ်ဘူး။ သူကျတော့ တကယ့်ကို သွေးကောင်းတာ။ အဲဒါပါ။ အမှန်တော့ ဒီထက်မက ပိုပါတယ်။ ရှင်လည်း သိမှာပါ။ တကယ့်ကို လူသားစင်စစ် လူတစ်ယောက်"

ကျွန်တော် ဆိုင်အတွင်းမှ ထွက်လာမိသောအခါ၊ အပြင်တွင်ရပ်ပြီး မှန်ချပ်ကြီးမှနေ၍ မိန်းကလေးကို တစ်မိနစ်မျှ ပြန်ကြည့်နေမိသည်။ မိန်းကလေးမှာ ချိုင်းထောက်ကိုအားပြုပြီး ငွေသိမ်းစားပွဲဆီ လွဲလွဲပြီးသွားနေသည်။ ဤမိန်းကလေးသည် သူ့ဆီမှ ဂျင်မီ ပညာယူသွား သည်ဆိုတာ သိကောသိပါလေစဟု ကျွန်တော် တွေးကြည့်သည်။ နောက်ပြီး ဂျင်မီဘယ်လောက် အသိပညာရသွားသည်၊ သူတွေ့ရှိရသည့် ကြေကွဲဖွယ်အဖြစ်တွင် ဘယ်လောက်အထိ နက်နက်ရှိုင်းရှိုင်း ခံစားသွားသည်ဆိုတာကိုပါ ရိပ်မိသည်။



ဂျင်မီကတော့ တစ်နေ့တခြား သူ့အောင်မြင်ကျော်ကြားမှုကို မယုံသင်္ကာကြီးဖြင့်၊ မယုံနိုင်မှုကြီးဖြင့်၊ မနှစ်မြို့နိုင်မှုကြီးဖြင့်သာ ရှုမြင်သုံးသပ်နေခဲ့သည်။ ကျော်ကြားမှု အရှိန်မြင့်တက်လာသည်နှင့်အမျှ သူ၏စိတ်အနေကလည်း မှောင်မည်း၍သာ လာနေ၏။ သူငယ်ချင်း အပေါင်းအသင်းများနှင့် စကားများရန်ဖြစ်လာသည်။ ဒိတ်လုပ်ချိန်းထားသည်များကို ကျောခိုင်းစွန့်ထွက်လာတတ်သည်။ လျှောက်သွား နေတတ်သည်။ 'ဂျပိုးကောင်လေး တစ်ယောက်ကျနေတာပဲ'ဟု လူအများ ပြောကြသလိုပင် လေလွင့်သွားလာနေသည်။ မုတ်ဆိတ်ကျင်စွယ်မရိတ်မသင်ဘဲ ဖြစ်ကတတ်ဆန်း ရက်ကြာကြာ နေတတ်သည်။



www.burmeseclassic.com

www.burmeseclassic.com





ဆန်းဖို့ဒ်ရော့သ်မှာ နိုင်ငံတကာမှာ လေးစားရသော ဓာတ်ပုံပညာရှင်ကြီးတစ်ယောက် ဖြစ်သည်။ ကမ္ဘာ့အကျော်ကြားဆုံးဖြစ်သော အနုပညာရှင် အသိပညာရှင်ကြီးများအကြောင်း မှတ်တမ်းပြုသော ဓာတ်ပုံ အက်ဆေးခေါ် ဓာတ်ပုံရသမှတ်တမ်း အမြောက်အမြားရိုက်ခဲ့သည်။ ရုပ်ဗေဒ ပညာရှင် အဲလ်ဘာ့တ်အိုင်းစတိုင်း၊ ပြင်သစ်စာရေးဆရာကြီး ကောလက်၊ ပြင်သစ်ကဗျာစာဆိုကြီး ကော့ခ်တိုး၊ ပန်းချီကျော် ပီကာဆို၊ ရုရှားပန်းချီဆရာကြီး မာ့ရှားဂါးတို့အပြင် အခြား စာပေပုဂ္ဂိုလ်ကျော်တွေ ရာနှင့်ချီ၍ ပါသည်။ ဓာတ်ပုံပညာနယ်ပယ်တွင် ဆန်းဖို့ရော့သ်ကို ဓာတ်ပုံဆရာသက်သက်အဖြစ် သာမက ဓာတ်ပုံအနုပညာရှင် အဖြစ်နှင့်ပါ သတ်မှတ်ထားကြသည်။

ဆရာကြီး ဆန်းဖို့ရော့သ် **Giant** ကားတွင် မှတ်တမ်းတင်ခြင်းအလုပ်ကို စဖို့ အလုပ်ခွင်ဝင်လာသည်။ သည်မှာ ဂျင်မီနှင့် ဆုံဆည်းခြင်း ဖြစ်သည်။ ဆရာကြီးသည် ရိုက်ကွင်းပေါ်တွင် သရုပ်ဆောင်တို့ လှုပ်ရှားပုံမြင်ကွင်းများကို တဖျပ်ဖျပ်လျှောက်ရိုက်ရင်း သူ့ကို မသက်မှမျက်လုံး၊ မကြည်မျက်လုံး၊ စူးစမ်းမျက်လုံးတွေနှင့် ပြန်ပြန်ကြည့်တတ်သည့် ဂျင်မီကို သတိထားမိသွားသည်။

ဆရာကြီးက သူ အလုပ်လုပ်နေခိုက်၊ ရိုက်ကွင်းတွင် အခြားသူများနှင့် ပြောဆိုဆက်ဆံနေခိုက်တွေမှာ ရက်အတော်ကြာကြာ အကဲခတ်လေ့လာသည်။ နောက် ဂျင်မီနှင့် သူ နီးစပ်လိုသည့် စိတ်ဆန္ဒ ရိုးရိုးရယ်၊ စူးစမ်းလိုစိတ်ရယ် စေ့ဆော်လာသောအခါ ဂျင်မီကို သူ ချဉ်းကပ်သည်။

"ဒီမယ် ဂျင်ရေ"ဟု ဆိုလိုက်သည်။

"ငါ မင်းနှင့် မိတ်ဆွေ ဖြစ်ချင်သကွာ။ မင်းဆီက ငါလိုချင်တာ ဒါပါပဲ။ သဘောက ဘာတစ်ခုမှ မင်းဆီက ဒီအပြင် မလိုချင်ပါဘူး။ ပြောမယ်ဆိုရင် ငါလည်း ငါနည်းငါ့ဟန်နှင့် ထင်ပေါ်တဲ့ အနုပညာသည်တစ်ယောက်ပဲ။ ဖူဖူလုံလုံရှိတဲ့ လူတစ်ယောက်ပေါ့။ မင်းလည်း ငါ့အပေါ် ဘာမှ လုပ်မပေးနိုင်သလို ငါကလည်း မင်းဆီက ဘာမှ ပြန်ယူလို့ရတာ မရှိပါဘူး။ ငါ မင်းရဲ့ အနုပညာဗီဇအပေါ် ချီးကျူးတာရယ်၊ မင်း တွေး ခေါ်ပုံတွေးခေါ်နည်းအပေါ် လေးစားတာရယ် သက်သက်ပါ။ ငါ မင်းကို သဘောကျတယ်လေ။ မင်းနှင့် မိတ်ဆွေဖြစ်ချင်တာဟာ အဲဒီအကြောင်း သက်သက်ပါ"

www.burmeseclassic.com

www.burmeseclassic.com





ဆရာကြီးဆန်းဖို့ရှော့သ် တဲ့တိုးကျကျ ချဉ်းကပ်ပုံက ဂျင်မီအဖို့ နှလုံးတွေ့သွားစေသည်။ သည်မှာ ဂျင်မီလည်း မဆိုင်းမတွပင် သူ့ကိုယ်သူ ဖွင့်ပြလေတော့သည်။

ဆရာကြီးတို့ဇနီးမောင်နှံမှာ ငါးဆယ်ကျော်ကျော် အသက်အပိုင်းအခြား ရှိကြပြီ။ သို့သော် အစဉ်နုပျိုနေကြသည်။

ဆရာကြီးတို့ဇနီးမောင်နှံကလည်း လင်ကိုယ်မယား နှစ်ယောက်တည်းရယ်။ သည်တော့ ကလေးသားမြေး မရှိသူတို့ထုံးစံ သားသမီး မွတ်ဆာနေသော အာသီသကို ဂျင်မီက အလိုလို ဖြည့်စွမ်း ပြီးသားဖြစ်သွားသည်။

သူသည် မထင်မှတ်မမျှော်လင့်ဘဲ ဆရာကြီးတို့အိမ်သို့ ဖြုန်းစားကြီး ရောက်ချင်ရောက်ချသွားတတ်သည်။ သူတို့ ထည့်ထားသည့် ရေခဲသေတ္တာကို အငမ်းမရဖွင့်သည်။ သူတို့ ချစ်စနိုးမွေးထားသည့် လူဝီခေါ် ယိုးဒယားကြောင်ကလေးနှင့် ဆော့ကစားသည်။ ညဥ့်နက်သန်း ခေါင်ထိုင်ပြီး အရှည်အကြာစကားတွေ ပြောဆိုဆွေးနွေးသည်။ သည်လိုဆွေးနွေးနေရလျှင် သူတို့ဇနီး မောင်နှံကလည်း အားတက်သရော အမြဲရှိသည်။ ဒါကြောင့် မျက်မှောက်ကာလဥရောပအကြောင်း ရှင်းပြသည်။ အသစ်ပေါ်ထွန်းနေသော ဥရောပစာရေးဆရာများနှင့် စာပေရေးရာ အဖွင့်နိဒါန်းတွေ ပါသည်။ ဂျင်မီ့ကိုယ်ရေးကိုယ်တာ ကိစ္စရပ်တွေအပေါ် ဝေဖန်သုံးသပ်ပြတာတွေ ပါသည်။

ဆရာကြီးတို့ ဇနီးမောင်နှံ၌ သူ့မှာလိုအပ်နေသော မိသားစုအမျိုးအစားကို သွားတွေ့သည်။ အစဉ်နုပျို အစဉ်နိုးကြားနေသော စိတ်၊ မိဘမေတ္တာတရားကို အဆီးအတားမရှိ အပ်နှင်းသည့် စိတ်ထားရှိသော မိသားစု။ သူကလည်း ဆရာကြီးတို့လင်မယားအပေါ် ထားရှိသော မေတ္တာဓာတ်ကြောင့် အလိုလိုပေါင်းစည်းပြီးသား ဖြစ်ရသည်။

ဂျင်မီသည် တက်ကြွနေသောသူ့စိတ်ဓာတ်ကို အကျိုးရှိရှိ အသုံးပြုသည်။ Giant ကားရိုက်ကွင်းပေါ်တွင် ဓာတ်ပုံပညာကို လက်တည့်စမ်းလာသည်။ ဆရာကြီး အလုပ်လုပ်နေသည့်အခါများတွင် သူ လေ့လာသည်။ ကာယကံရှင်အလစ်တွင် အမိအရဖမ်းရိုက်တတ်သည့် ဉာဉ်ကြောင့် နာမည်ကြီးရခြင်းသဘောကို ရိပ်မိလာသည်။ ဆရာကြီးကို လေးစားလွန်းသည်ကြောင့် ‘တိတ်တခိုး မျက်လုံးရှင်’ ဟုပင် ရည်ညွှန်းခေါ်လာသည်။ သူ့‘စန်း’ရှိမရှိ သိရအောင် စမ်းကြည့်ချင်သည်ပြောတော့ ဆရာကြီးက ရိုက်စေသတည်းဟု သူ့လက်ထဲ ကင်မရာ ထိုးအပ်သည်။

သူ့အာသီသက သက်ငြိမ်ပုံတွေလောက်ဖြင့် ရပ်မသွား။ အမြင်ရှိသော အထာသိသော မျက်လုံးတွေက ရုပ်ရှင်ကင်မရာဘက် ဝင်စားသွားပြန်သည်။ ကင်မရာဆရာများကို ဖြစ်နိုင်သည့် အခါများတွင် နည်းပညာအကြောင်း မေးစမ်းသည်။ Eden ကားရိုက်နေစဉ်အတွင်းက ဒါရိုက်တာ ကာဇန့်ကို၊ Rebel ကားရိုက်စဉ်မှာ ဒါရိုက်တာနစ်ရေးကို၊ ယခု Giant ကား ရိုက်နေစဉ်မှာတော့ ရုပ်ရှင်ဝိဇ္ဇာကြီး ဒါရိုက်တာစတီဗင့်ကို လေ့လာစူးစမ်းသည်။

www.burmeseclassic.com





“မင်း စတီဖင့်နှင့် ကားရိုက်ရတာ ဘယ်လိုနေလဲကွ”ဟု တစ်ညတွင် ကျွန်တော် မေးမိသည်။

“ရိုက်ချက်တွေကို ငါဖြင့် မှန်းနေပြီ”ဟု ပြန်ဖြေသည်။

“စတီဖင်လည်း တစ်ခြားသူတွေနှင့် ပိန်မသာလိမ်မသာပါကွာ။ သူက မှားမသွားနိုင်တာပဲ သာတာပါ။ သူ့မှာ ဝါနုဘရားသားက တခြားသူတွေထက် ဖလင်ဖြုန်းခွင့် ပိုရထားတာ မင်းသိလား။

“အဲဒီ ဖလင်အမိုက်ပုံကြီး ကြည့်ကြည့်ပြီး ငါတော့ စိတ်ကုန်တယ်၊ သိလား။ သူတို့က တစ်နေ့တာ ကားစရိုက်တော့မယ်ဆိုရင် ဟုတ်တိပတ်တိ ကြိုတင်ပြင်ဆင်မှုလုပ်မလာဘဲ ပေါက်ချလာပါပြီ။ နောက်မှ ပျာပျာပျာပျာ ကိစ္စပြီးရတာ။ စတီဖင့်မှာက ဖလင်တွေ အကုန်သယ်ချလာပြီး တွေ့သမျှမြင်ကွင်း ဖြစ်နိုင်တဲ့ထောင့်ကနေ သိမ်းကြုံးရိုက်တော့တာ။ ရိုက်လို့လည်းပြီးရော သူလည်း ဟောလိဝုဒ်မှာ အတော်ဆုံး ဖလင်တည်းဖြတ်သူအဖြစ် နာမည်ယူရောပဲ မောင်။ အကောင်းဆုံး ရိုက်ချက်၊ အကောင်းဆုံး ရှုကွင်းကို မိုင်ချီရှည်အောင်ရိုက်ထားတဲ့ ဖလင်တွေအထဲကနေ ရွေးထုတ်တာလေ။ ဒါကို သူတို့က ပဟေဠိအဖြေဆက်သလို သဘောထားတာ။ ရွေးထုတ်တဲ့ ကိစ္စလည်းပြီးရော ဟိုက်၊ လက်ဖျား ခါလောက်စရာပေါ့။ နောက်ထပ် သမားဂုဏ်တက်စရာ တစ်ခုပေါ့လေကွာ။ ဒီတော့ သူ့မှာ ဘယ်လိုလုပ် မှားနိုင်တော့မလဲ”

သူသည် ရုပ်ရှင်ကားရိုက်နည်း ပါးနပ်ပုံအပေါ် သိမြင်သဘောပေါက်လာလေလေ၊ ဖန်တီးမှု အစစ်အမှန် ကင်းပျောက်နေသည်ကို သဘောမတွေ့နိုင်လေလေ ရှိသည်။ ကားတစ်ကားအပေါ် စတီဖင် ချဉ်းကပ်ပုံချဉ်းကပ်နည်းကို သိမြင်လာလေလေ၊ ထိုလူကြီးအပေါ် မကြိုက်နိုင်လာလေလေ ရှိသည်။

Giant ကိုတက္ကဆက်ပြည်နယ် မာဖာမြို့ကလေးတွင် အပြင်ရိုက်ကွင်း ထွက်ရိုက်ကြစဉ်က စတီဖင့်ကို ခေါင်းခဲအောင် ဂျင်မီ လုပ်ခဲ့သည်။ သူက တစ်နေ့တာ ကားရိုက်ပြီးသည့်အခါများတွင် ပင်ပန်းထားသမျှ အတိုးချနားမည့်အစား၊ သူတစ်ယောက်တည်းဖြစ်ဖြစ် ဘော့ပ်ဟင်းကဲဆိုသူနှင့်ဖြစ်ဖြစ် ပျောက်ပျောက်သွားတတ်သည်။

ဘော့ပ်ဟင်းကဲလ်မှာ တက္ကဆက်သားအစစ် ဖြစ်သည်။ Giant တွင် ဂျင်မီ့ကို တက္ကဆက်လေ၊ တက္ကဆက်အသွေးအမွေးပေါက်လာအောင် ပုံသွင်းပေးတားဖို့ ငှားထားသည့်လူ ဖြစ်သည်။ ဂျင်မီက ထိုပုဂ္ဂိုလ်နှင့် တောယုန်လိုက်သည်တဲ့။ တောယုန် အလိုက်ကောင်းသမှ တစ်ခါတစ်ခါ မိုးစင်စင်လင်းမှ ပြန်ရောက်တတ်သည်။



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com







www.burmeseclassic.com

www.burmeseclassic.com





တစ်နေ့ စတူဒီယိုသို့ ဂျင်မီ ခပ်စောစောရောက်ဖို့ အစီအစဉ် ဆွဲထားကြသည်။ ထိုအစီအစဉ်တွင် ဇာတ်ကားတွင်ပါသည့် မစ္စကိန်းဘရစ်ချ်လည်း စောစောရောက်ဖို့အထဲပါနေသည်ကို ဂျင်မီ သတိထားလိုက်ပါသည်။ သူသိထားသည်က မစ္စကိန်းဘရစ်ချ်အခန်းကို အရင် ရိုက်ရဦးမည်။ သည်တော့ သူ့မှာ အချိန်တွေရသည်။ စတူဒီယိုကို အစောကြီးရောက်နေစရာမလိုဟု တွက်သည်။ ထိုတစ်နေ့တာ ခြေခင်းလက်ခင်းဖြေဖို့ တွက်သည်။ ဆန်ဖာနန်ဒို ချိုင့်ဝှမ်းအထဲငှားထားသည့် အိမ်သစ်ကလေးဆီ အပြောင်းအရွှေ့လုပ်သည်။

အမှန်က ကံခေသောနေ့ကိုမှ သွားရွေးမိလျက်သား ဖြစ်ရသည်။ ထိုမနက်ခင်းမှာပင် မစ္စကိန်းဘရစ်ချ် ရေချိုးခန်းထဲချော်လဲပြီး မျက်နှာတွင် ဒဏ်ရာ ဆိုးဆိုးရွားရွား ရသွားသည်။ တစ်နေ့တာ အစီအစဉ်ကို ဒါရိုက်တာက ပြောင်းသည်။ ဂျင်မီ့အခန်းနှင့် ဖလှယ်ရိုက်ဖို့ လုပ်တော့သည်။

မင်းသားကလည်း ပျောက်နေသည်။ မင်းသားနောက် တစ်မြို့လုံးအနှံ့ခြေရာခံ ဖုန်းတွေဆက်နေရတာနှင့် တစ်မနက်ပိုင်းလုံး အချိန်ကုန်ရသည်။ တစ်နာရီပြီးတစ်နာရီ ကြာလာသဖြင့် စရိတ်စကလည်း ထောင်းလာသည်။ စတီဖင့်ဒေါသကလည်း နေမြင့်လေ အရှူးရင့်လေဆိုသလို ဖြစ်လာသည်။

နေ့လယ်စာ အနားယူချိန်တွင် Giant တွင်ပါသည့် မင်းသမီးတစ်လက်ဖြစ်သူ အဲလိဇဘက်တေလာက မြို့လုံးအနှံ့တဝီဝီလိုက်ရှာသည်။ ဂျင်မီကို နောက်ဆုံးကျမှ တွေ့သွားသည်။ စတူဒီယိုသို့ ခေါ်လာသည်။

စတူဒီယိုရောက်သည့်အခါ ဇာတ်ကားတွင်ပါသည့် သရုပ်ဆောင်အားလုံး၏ စုံညီရှေ့မှောက်မှာ သူ့ကို စတီဖင် ရေရေလည်လည်တွယ်ပါလေတော့၏။ ဂျင်မီ အသာရပ်နားထောင်နေရ၏။ ဒါရိုက်တာက ထည့်တောင် ပြောသွားသေးသည်။ သူလို သရုပ်ဆောင်မျိုးအတွက် ဟောလိဝုဒ်တွင် နေရာမရှိ။ နယူးယောက်ကို ပြန်သွားမည်ဆိုလျှင် ဟောလိဝုဒ်သည် ဝမ်းမြောက်ဝမ်းသာဖြင့် စိတ်သက်သာရာ ရသွားလိမ့်မည်အထိ ပါသည်။

ဂျင်မီသည် အယ်နီယယ်မန်းနှင့် ဖြစ်ကြတုန်းကလိုပင် ယခုလို ကတောက်ကဆ အပြောခံရသည်ကို ပခုံးတွန့်ရုံတွန့်ပြီး အချိန်မီ ကိုယ်ရှိန်သတ်လိုက်ပါသည်။ ရင်ထဲမှာတော့ ဇာတ်ကားအပေါ် သံယောဇဉ်ပြတ်သွားပြီ။ ကားကလည်း ပြီးသလောက်ရှိနေပြီ မဟုတ်လား။ နည်းနည်းလေး အောင့်အီးသည်းခံပြီး မေ့နေလိုက်ဖို့ပဲ ရှိတော့သည်။ ကတောက်ကဆဖြစ်ကြသည်ကိုလည်း လွန်သွားပြီဟု သဘောပိုက်လိုက်သည်။ မေ့ကား အလျှဉ်းမမေ့။

အဲလိဇဘက်တေလာကို ဟောလိဝုဒ်အလှပဂေးတွေ့ဆဲက တစ်ယောက်ဟု အသိအမှတ်ပြုထားကြသည်။ ထို အဲလိဇဘက်တေလာသည်ပင် ဂျင်မီနှင့်ပေါင်းရသင်းရာတွင် အတော်မှ လက်ခံဆက်ကတ်သည့်အဖြစ် တွေ့ကြုံရသည်။ Giant ရိုက်တော့မည့်ဆဲဆဲ ပူပူနွေးနွေးအချိန်၊ သူတို့နှစ်ယောက် လူချင်းစ,သိသည့်နေ့က ဂျင်မီ လစ်ဗ်အပေါ် ကောင်းကောင်းဖမ်းစားသည်။ သူ့ပြိုင်ကား



www.burmeseclassic.com

www.burmeseclassic.com





အသစ်ကလေးဖြင့် လစ်ဇ်ကို ကားလျှောက်စီးဖို့ **မ,ချ**သွားသည်။ လစ်ဇ် မျှော်လင့်ထားသည်တို့နှင့် ဖီလာကြီးဖြစ်နေသည်ကို တွေ့ရသည်။ ဂျင်မီ အပေါ် လူမှုရေးဆန့်ကျင်သည့် အူကြောင်ကြောင် အထူးအဆန်းအဖြစ် လူတွေထင်နေသည်မှာ မှားနေပြီဟု သဘောပိုက်ပြီး လစ်ဇ်တေလာ ကျေနပ်သွားသည်။

သူ့ကို နောက်တစ်ကြိမ် လစ်ဇ်ပြန်ဆုံသောအခါ ရိုက်ကွင်းပေါ်မှာ ဖြစ်သည်။ လစ်ဇ်က သူ့ဆီ ပြုံးပြုံးရွှင်ရွှင် ပျူပျူငှာငှာ လျှောက်သွားသည်။ ပထမစတွေ့စဉ်ကအတိုင်း နွေးထွေးစွာပြန်လည် ဆက်ဆံလိမ့်မည် အောက်မေ့သည်။ ထိုအစား ဂျင်မီ သူ့ကို မျက်မှန်ကိုင်းပေါ်ကကျော်ပြီး တစ်ချက်ကြည့်သည်။ သူ့ဟာသူ ပါးစပ်က တစ်ခုခုရေရွတ်သည်။ နောက် လစ်ဇ်ကို မမြင်သလို တစ်ဘက်လှည့်ထွက်သွားသည်။ လစ်ဇ်တေလာ လှလှကြီး ခံသွားရလေသည်။

သည်အဖြစ်မှာ အောက်ဒိုး ထွက်မရိုက်ကြခင်ဖြစ်သည်။ တက္ကဆက်ပြည်နယ် မာဖာမြို့လေးမှာ သွားရိုက်ကြတော့ လစ်ဇ်က ဂျင်မီ့အပေါ် ထိုးဖောက်အောင်မြင်သွားသည်။

ဒေသခံ ကျေးလက်ကလပ်အသင်းတစ်ခုက ကျင်းပသော ညစာစားပွဲမှာ ဖြစ်သည်။ လစ်ဇ်မှာ ဂျင်မီနှင့်အတူ နှစ်ယောက်တည်း ငေါင်းစင်းစင်း ထိုင်နေရသည်။ အတန်ကြာအောင် စကားမပြောဘဲ ထိုင်နေသဖြင့် သည်းမခံနိုင်စရာ ဖြစ်ရသည်။ နောက်တော့ လစ်ဇ် သူ့ဘက်လှည့်ပြီး "ရှင် ကျွန်မကို သဘောမတွေ့ဘူးနော်၊ ဟုတ်လား" ဟု တည့်တည့်ပဲ မေးလိုက်သည်။

ဂျင်မီ လစ်ဇ်ကို တစ်ခဏ ကြောင်ပြီးကြည့်နေသည်။ နောက်မှ ခပ်သာသာ ခပ်ဟဟရယ်ပြီး "တွေ့ပါသဗျာ"ဟု ပြန်ဖြေသည်။ လစ်ဇ်တေလာ တအံ့တအားဖြစ်သွားရတော့သည်။

လစ်ဇ် စိမ်ခေါ်ခြင်းတွင် ဒေါသပါသည်။ ဒါ ဂျင်မီ့အတွက် သူသိချင်တာကို သိရခြင်းပင် ဖြစ်ပါသည်။ သူ့ဘက်က စိတ်ဝင်စားဟန် နည်းပါးခြင်းက ငနဲမအပေါ် မခံချိမခံသာ ဖြစ်နေစေသည်ပေါ့။ နောက်ဆုံးတော့ လစ်ဇ် ကျလာပြီလေ။ စတွေ့တွေ့ချင်းကတည်းက သူ သတိထားမိသည်။ ဒီငတိမ တွေ့သမျှယောကျ်ားတွေအပေါ် အလှကွန်ယက် ဖြန့်ကျက်စေစားနေသည့်အကျင့်ကြီး ပါနေသည်ဆိုတာ။ ဒါကြောင့် ကျောင်းမှန်းကန်မှန်းသိအောင် အလှမာန် ကောင်းကောင်းချိုးမယ်ဟု ဆုံးဖြတ်သည်။

ညစာစားပွဲ နောက်ပိုင်းတစ်လျှောက်လုံး စကားတွေ ဖောင်အောင် ပြောဖြစ်ကြသည်။ လွတ်လွတ်လပ်လပ် ပေါ့ပေါ့ပါးပါး သက်သောင့်သက်သာ။


ထိုအချိန် ထိုအခါမှစ၍ ဂျင်မီဘာလုပ်လုပ် နာသာခံခက်ဖြစ်ရသည်ဆိုသောအဖြစ်မှ လစ်ဇ် ရပ်စဲသွားသည်။ သူ့အနီးမှာ ဂျင်မီ ငူတူတူ ငိုင်နန မှိုင်ငေးငေး ဘယ်လောက်ဖြစ်နေပါစေ။ ထိခိုက်နာကျင်ရသည်ဆိုတာ လစ်ဇ်မှာ မရှိတော့။ ဒါသည် ဂျင်မီနဂိုအနေပဲလို့ တွေ့ရှိသွားသည်။ သူ့အနားရောက်နေမိသူအဖို့ အလေးအနက်ထားစရာ မဟုတ်သည်ကို လစ်ဇ် သိသွားသည်။



www.burmeseclassic.com

www.burmeseclassic.com





ပန်းရွှေပြည် စာအုပ်တိုက်

www.burmeseclassic.com





ဂျင်မီသည် နှစ်နှင့်ချီပြီး အမျိုးသမီးတွေတည်းဟူသော စမ်းချောင်း ရှည်ရှည် ကြီးထဲတွင် စီးမျောသွားလာခဲ့ဖူးသည်။ သူ့အတွက် အခိုက်အတန့် စွဲငြိစရာဖြစ်ရသည်ထက် အဓိပ္ပာယ် ပိုရှိသောသူရယ်လို့ တစ်ယောက်မျှ မရှိခဲ့။

သူ့ဘဝထဲ ပွတ်တိုက်ဖြတ်သန်းသွားကြသော မိန်းမသားတွေက များသမှ သိပ်များသည်။

မစ္စဝီးလ်စ်နှင့်တုန်းက အထူးသဖြင့် အားကစားအရာမှာ ယက်သန်မှု အားကြီးတာကြောင့် စွဲငြိရသည်။ ဒစ်ဖ်ရှယ်ရီဒန်ကျတော့ သူ့ကို ရယ်မောတတ်အောင် မြူးတူးဆော့ကစားတတ်အောင် သင်ကြားပေးခဲ့သည်။ သို့သော် ဒစ်ဖ်ခမျာလည်း အကဲစမ်းပွဲ မကျော်နိုင်ရှာဘဲ သူ့ဘဝထဲမှ ထွက်သွားရရှာသည်။ ပိုင်ယာအင်ဂျလီနှင့်ကျတော့ အထိမခံ ကြွေပန်းကန်ဖြစ်နေခြင်း၊ ယင်ဖိုမှ မသန်းဖူးအောင် သန့်စင်နေခြင်း၊ နတ်မိမယ်အလား ပြစ်မျိုးမှဲ့မထင် ဖြစ်နေခြင်းတို့ကြောင့် လှမ်းလင့်မမီသာ။ သည်လိုဖြင့် ပိုင်ယာ့ကို သူဆုံးရှုံးရလေသည်။

ဒါတွေက အာဆူလာအင်းဒရက်စ်နှင့် မတွေ့ခင်က ဖြစ်သည်။

အာဆူလာသည် သူ့ဘဝထဲကို မုန်တိုင်းလို ဝင်လာသည်။ အာဆူလာ့အပေါ် သူနှင့်အတွဲညီပြီဟု သူမြင်သည်။

သို့သော် ကံခေပါသည်။ နှစ်ယောက်စလုံး၏ပတ်ဝန်းကျင်အနေအထား နောက်ခံတရားများတွင် မတူတာတွေ အများကြီး ရှိကြသည်။

ဘယ်သွားသွား အော်လားဟစ်လား တကျက်ကျက်ဖြစ်နေသည်ကို အမြဲလို့ တွေ့လာကြရသည်။

နောက်ဆုံး ဒဏ်မခံနိုင်လာတော့သည်တွင် အာဆူလာ သူ့ကို ကျောခိုင်းလိုက်သည်။ အာဆူလာ ပြန်ကျလာလိုလာငြား ဂျင်မီ တခဏလိုက်သေးသည်။ သို့သော် တအောင့်တဖြုတ်လောက်သာပါ။ နောက်ထပ် မိန်းမသားတွေကလည်း ပေါ်လာလေသည်။

လစ်ဇ်တေလာတစ်ယောက်ကတော့ လူတကာနှင့်မတူသော ဂျင်မီအပေါ် ခင်တွယ်မှု တိုးလာသည်။

ဓာတ်ပုံပညာရှင်ကြီး ရော့သ်တို့ဇနီးမောင်နှံ၏ယိုးဒယားကြောင်ကြီး လူစီအပေါ် ဂျင်မီ သံယောဇဉ်တော်တော်တွယ်နေသည်ကို လစ်ဇ် သတိထားမိသည်။ သည်ကြောင်ကလည်း နာမည်ကြီး ပန်းချီကျော် ပတ်ဗလိုပီကာဆို၏ဆေးခွက်ပေါ် တက်အနင်းကောင်း၍ ဆရာကြီး ပီကာဆိုကိုယ်တိုင် ခြေလက်တွေ ဆေးချွတ်ပေးခဲ့ရဖူးသည့် ကြောင်။ အဲသည်ကြောင်ကြီးက ဂျင်မီ့ကိုခင်၊ ဂျင်မီက ကြောင်ကြီးအပေါ် ပြန်ခင်နှင့် ဖြစ်နေသည်ကို လူတကာက အံ့သြနေကြသည်။



www.burmeseclassic.com

www.burmeseclassic.com





တစ်နေ့တွင် လစ်ဇ်က ဂျင်မီကို ကြောင်ထုပ်ထားသည့် အထုပ်တစ်ထုပ်ပေးသည်။ ယိုးဒယားကြောင်ပေါက်ကလေး။ ဂျင်မီမှာ လစ်ဇ်ကို ကျေးဇူးတင်လွန်း၍ ဘာပြောရမှန်း ပင်မသိ။ လက်ထဲတညောင်ညောင်ဖြစ်နေသော ကြောင်ပေါက်ကလေးကိုသာ ယုယပွတ်သပ်နေတော့သည်။

"သူ့ကို မားကတ်စ်လို့ နာမည်ပေးလိုက်မယ်"

ရက်သတ္တပတ်တွေ ကြာလာသောအခါ၊ ဂျင်မီတစ်ယောက် သူ့ကြောင်လေးမားကတ်စ်အပေါ် သံယောဇဉ် ခိုင်ခိုင်တွယ်လာသည်။ သူ့မှာ ကြောင်မူကြောင်ရေးကိစ္စအတွက် ကြောင့်ကြမှုတွေပင် ရှိလာသည်။ နေ့လယ်စာနားချိန်ရောက်ပြီဆိုလျှင် အစာကျွေးဖို့ စတူဒီယိုမှနေ၍ အိမ်သို့ ကသောကမျော ပြန်ပြေးသည်။ ကြောင်ကလေး မားကတ်စ်နှင့် နေပေးသည့်ညဘက်များတွင် ကြောင်ကို ဝေယျာဝစ္စ လုပ်မပေးဘဲ အပြင်ထွက်လေ့မရှိ။ ထွက်မိလျှင်လည်း အိမ်တွင် ကြောင်ကလေးတစ်ကောင်တည်း တာရှည်နေရမည်စိုးသဖြင့် ပြန်သင့်ပြန်ထိုက်သည့်အချိန် အိမ်ပြန်တတ်သောအလေ့ ပါလာသည်။

သည်လိုနှင့် ဖြူရော်ရော် အမွေးစုတ်ဖွားဖွား ပေစောင်းပေစောင်း ကြည့်တတ်သော မားကတ်စ်လေးသည် စိတ်ဂနာမငြိမ်သူ သူ့သခင်ကို လိမ္မာယဉ်ကျေးခြင်းရှိလာအောင် အံ့သြစရာလုပ်လာနိုင်သည်။

ဂျင်မီသည် ကျောက်ဆစ်ပညာရပ်တွင် နဂိုကတည်းက ဝါသနာပါရင်းရှိသည်။ ထိုပညာနယ်ပယ်တွင် ဖန်တီးကြည့်လိုသည့်ဆန္ဒ ထွက်ပေါက်ရလေအောင် ဆရာကြီးက အကြံပြုသည်။ သူကလည်း သူ့စိတ်ဆန္ဒ ပြေရာပြေကြောင်း ကျောက်ဆစ်ပညာတွင်ရှိသည်ဟု ထင်သည်။ သူ့ကို ဆရာကြီးက ကျောက်ဆစ်ဆရာမကြီး ပေးဂေါ့ဝါးရင်းထံ ခေါ်သွားသည်။

ယခုဆိုလျှင် အားလပ်ချိန်များတွင် ကျောက်ဆစ်ပညာ ဒဿနပညာ ဆည်းပူးသည်။ သူ့ယိုးဒယားကြောင်ပေါက်ကလေးနှင့် နေပေးသည်။ ဆရာကြီးရှော်တို့ ဇနီးမောင်နှံထံ ဗဟုသုတမှီဝဲသည်။ တစ်ဘက်ကလည်း Giant ကား အတွက် လက်စသတ်ပေးနေသည်။ လောလောဆယ်မှာတော့ ပြိုင်ကားဝင်ပြိုင်သည့်ကိစ္စ အသာခေါက်ထားရသည်။ ကားရိုက်နေဆဲ အခိုက်အတန့်အတွင်း ဝင်မပြိုင်ပါဘူး ဟူ၍ နှုတ်ကတိပေးထားရပြီ မဟုတ်လား။

အာဆုလာနှင့်အဖြစ်ကို အတိတ်မှာထားလျက်၊ တစ်ခြားမိန်းကလေးတွေနှင့် မကြာခဏ ဒိတ်လုပ်တွဲသည်။ များစွာသော ညဘက်ပိုင်းတွေကို ဗီလာကာပရီခေါ် ဟောလိဝုဒ်က သူ့အကြိုက်ဆုံးဆိုင်မှာ အချိန်ကုန်တာများသည်။

ပိုမိုပျော်ရွှင်၊ ပိုမိုငြိမ်းချမ်းပြီဟူသော အရိပ်လက္ခဏာ ဆောင်လာသည်။ ဟောလိဝုဒ်တွင် ရေချမ်းချမိသည့် အချိန်မှစ၍ တစ်နှစ်ခွဲမရှိတရှိအတွင်း သူ၏အနုပညာဘဝလမ်းကြောင်းသည် ပြောင်းတက်သွားပြီ။ လက်ရှိ ငွေကြေးအခြေအနေနှင့် ရှေ့အလားအလာကလည်း ဟောလိဝုဒ်သူ ဟောလိဝုဒ်သားတို့ပင် သရေကျစရာ ဖြစ်ရသည်။

www.burmeseclassic.com





East of Edenအတွက် စဈေးခေါ်တုန်းက ဒေါ်လာတစ်သောင်းတည်းရယ်။ ကားရိုက်ပြီး သွားချိန်၌ ထိုဈေးထက် ပိုရသွားသည်။ နောက်ပြီး ကားက မထင်မှတ်မယုံနိုင်လောက်အောင် ပရိသတ် တုံ့ပြန်မှုရလာသည်ကြောင့် သူ့သရုပ်ဆောင်ကြေး ထိုးတက်သွားသည်။ နောက်ဆုံး အမ်ဂျီအမ်ကုမ္ပဏီက ရိုက်မည့် Somebody Up There Likes Me ကားအတွက် စကားတောက်ကြည့်ဖြစ်ကြသည့် ကြေးသည်ပင်လျှင် ဒေါ်လာတစ်သိန်းတန်းအထိ မြင့်သွားသည်။ နာမည်မရှိခင်တုန်းက နယူးယောက်တွင် ရုပ်သံဇာတ်များအတွက် ရသည့်ကြေးက ဒေါ်လာ ရာဂဏန်းသာရှိသည်။ Giant ရိုက်နေဆဲမှာ သူ့အေဂျင့်ဂျိန်းဒေ အာ စီက အင်၊ ဘီ၊ စီ ရုပ်သံကုမ္ပဏီနှင့် ဆက်ပေးသေးသည်။ ခမ်းကြီးနားကြီး ဆေးရောင်စုံရိုက်မည့် The Corn is Green တွင် မော်ဂင်အီဗင်အခန်းကပါဖို့ ကမ်းလှမ်းလာကြခြင်း ဖြစ်သည်။ ရိုက်ဖြစ်လျှင် Giant ရုပ်ရှင်ကားကြီးပြီးသည်နှင့် သိပ်မကြာခင် အောက်တိုဘာလအထဲတွင် ရှေ့ပြေးအစမ်းရိုက်တော့မည်ဖြစ်သည်။ ထို နောက်ဆုံး ရုပ်သံဇာတ်လမ်း အတွက် ဒေါ်လာနှစ်သောင်းကြီးများအထိ ဂျင်မီ ဈေးဆိုပစ်လိုက်သည်။

Giant ရိုက်ပြီးသွား၍ တစ်ချီတစ်မောင်း အားသွားပြန်သည်နှင့် ဂျင်မီ ကားပြိုင်ပွဲ ဝင်ပြန်သည်။ ကာလီဖိုးနီယားပြည်နယ်၊ ဆာလီးနာ့စ်မြို့မှာ လုပ်မည့်ပွဲ။ East of Eden အောက်ဒိုး ထွက်ရိုက်ခဲ့သည့် နေရာဒေသ။

ဂျင်မီသည် နောက်ဆုံးပေါ် ပေါ်ရှေးစပိုင်ဒါကားသစ်အတွက် ဒေါ်လာခြောက်ထောင် ပေးချေပြီးခါစ ရှိသေးသည်။ ကားက စက်ရှိန်အမြင့်စား။ အလေးချိန် ပေါ့ပါးသည်။ အလူမီနီယံသတ္တုဖြင့် လုပ်ထားသည်။ တစ်နာရီ မိုင်တစ်ရာငါးဆယ်ကျော်အထိ ပြေးသည်။

ကားသစ်မှာ ပြိုင်ပွဲအမီ ရောက်လာတော့မည် ဖြစ်သည်။ ယခုတစ်ပွဲမှာ နောက်ထပ် ရုပ်ရှင်မရိုက်ဖြစ်သေးခင် နောက်ဆုံးဝင်ပြိုင်သည့်ပွဲ ဖြစ်သည်။ ဆာလီးနာ့စ်ကားပြိုင်ပွဲ ပြီးလျှင်ပြီးချင်း လာမည့်တနင်္လာနေ့ရောက်တာနှင့် အင်၊ ဘီ၊ စီ ရုပ်သံကုမ္ပဏီအတွက် The Corn is Green အစမ်းရိုက်ချက် ဝင်ရတော့မည်။ နောက် Somebody Up There Likes Me ကားကြီးအတွက် အမ်ဂျီအမ်ရုပ်ရှင်ကုမ္ပဏီသို့ သွားရတော့မည်။

အေးဂျင့်အမျိုးသမီးကြီး ဂျိန်းဒေ အာ စီ အလုပ်ကိစ္စနှင့် ဟောလိဝုဒ်ကို ရောက်ချလာသည်။ သို့သော် သူ့ကို ရှာလို့မတွေ့။ နောက်ဆုံးမှ သူ ဖုန်းလှမ်းဆက်သဖြင့် နှစ်ယောက် ချိတ်မိသွားကြသည်။ ဂျိန်းမှာ ဟောလိဝုဒ်သို့ ရောက်နေခိုက်ကလေး အလုပ်ထဲ နှစ်ထားရသည်ကြောင့် သူနှင့် ကောင်းကောင်း မတွေ့နိုင်။ ဂျင်မီ ယခုလို ကားပြိုင်ပွဲဝင်ပြီး ပေးထားသည့်ကတိ ဖောက်ဖျက်သည့်အတွက် အေဂျင့် မကြီး လုံးဝမကြည်၊ ကန့်ကွက်သည်။




www.burmeseclassic.com

www.burmeseclassic.com



**GIANT** တွင် ရော့ခ်ဟတ်ဆန်ရော၊ ဂျိမ်းစ်ဒင်းပါ အော်စကာဆုအတွက် လျာထားခံရသည်။ ဒါရိုက်တာဆု၊ ဇာတ်ကားဆုလည်း တစ် ပြေးနေသည်။ သို့သော် ဒါရိုက်တာကြီး ဂျော့စတီဗင် တစ်ဦးတည်းသာ အော်စကာဆု ရသွားသည်။



www.burmeseclassic.com

www.burmeseclassic.com





ဂျိန်းနှင့် ဂျင်မီသည် ဟိုအရှည်အကြာကတည်းက လက်တွဲလာကြသည်ဖြစ်သည်။ လေးနှစ်ဆို သောကာလအတွင်းမှာ အောင်မြင်ခြင်းလှေကား အပေါ်ဆုံးလှေကားထစ်ပေါ်၌ မြဲမြဲစွာရပ်နိုင်သည်အထိ ကူညီခဲ့ပြီးပြီ။

နောက်နှစ်ရက်အကြာတွင် ဂျင်မီသည် ကားပြိုင်ပွဲသို့ သူနှင့် အဖော်လိုက်မည့်သူ လိုက်ရှာရင်း ဖတ်ဖတ်မောနေသည်။ အာမခံကိုယ်စားလှယ်လူးဘရက်ကာသည်ပင် အဖော်မလိုက်နိုင်။ သည် အတိုင်းဆိုတော့ သူနှင့်အဖော်လိုက်မည့်သူ တစ်ယောက်မှမရှိသလို ဖြစ်နေသည်။

တစ်ည သူသည် ဆရာကြီးရှေ့သ်တို့အိမ်မှအထွက်တွင် အပေါက်ဝ၌ ရပ်ပြီး "ကျွန်တော် မားကတ်စ်လေး သူမျှားပေးလိုက်ပြီ ဒေါ်ဒေါ်"ဟု ပြောသည်။

"ဟယ်၊ သူမျှား ပေးလိုက်တယ်"

ဆရာကြီးကတော်က မယုံနိုင်သလို ပြန်မေးသည်။

"မင်းကွယ် ဘယ်လိုလဲ ဂျင်မီရယ်။ ကြောင်လေးလည်း ချစ်သားနှင့်ဥစ္စာ"

"ကျွန်တော် အခုတွဲနေတဲ့ အမျိုးသမီးကို ပေးတာပါ။ ပက်တဲ့။ ပက်က မားကတ်စ်လေးကို ကျွန်တော်ဂရုစိုက်နိုင်တာထက် ပိုစိုက်နိုင်မှာမို့ပါ"

"အဒေါ်တော့ နားမလည်တော့ဘူး လူလေးရယ်"

"ဩော် ဒီလိုပါဒေါ်ဒေါ်။ ကျွန်တော် သူ့အတွက် မဖြောင့်လို့ပါ။ ဒေါ်ဒေါ်အသိပဲ။ ကျွန်တော် နေနေတဲ့ဘဝက အူကြောင်ကြောင်မဟုတ်လား။ ဘယ်အချိန် အိမ်ကထွက်သွားလို့ ဘယ်တော့ ပြန်လာမယ် ဘယ်သူ ပြောနိုင်သလဲ။ အဲသလိုဆိုရင် မားကတ်စ်ကလေး ဘာဖြစ်ရှာမလဲပေါ့။ အဲသလို တွေးမိလို့ပါ"

သူသည် လွန်ခဲ့သည့် သုံးလလောက်က စိတ်ကုဆရာဝန်တစ်ယောက်ဆီ သွားသည်။ သူ့အတွင်းအဇ္ဈတ္တ ဗရန်းဗရင်းဖြစ်နေသည်ကို စစ်ဆေးသည်။ စိတ်ဖြေသာရာ ရှာကြံသည်။

သူ့အတွင်းပဋိပက္ခက မိခင်ဆုံးရတာရယ်။ ဖအေတစ်ယောက်လုံး ဘဝထဲက ပျောက်ကွယ်နေတာရယ်ကြောင့် ဖြစ်ပေါ်သော မလုံခြုံမှုနှင့် တိုက်ရိုက်နီးပါးဆက်နွှယ်သည်။ ဒါကို စိတ်ကုဆရာဝန်က ပြသသည်။ သူ့စိတ်ထဲ မှန်နေသည်ဟု အတော်ကြာကြာသိနေသည့်အသိအပေါ်ကြောင်းကျိုးဆက်ပြသည်။

သို့သော် ယခု သူဖြစ်နေသည်က ဖအေအပေါ် လက်ခံဖို့ ကြိုးစားနေဆဲမှာပင် စိတ်ကုဆရာဝန်က သူ့ဖအေကို သူ လက်မခံသည့် ကိစ္စအကြောင်းအချက် အတော်များများဖြင့် ထောက်ပြသည်။ သည်လို ထောက်ပြခါမှ ရလဒ်က ရှုပ်ထွေးကုန်သည်။ ထို ရှုပ်ထွေးမှုသည့် ဖအေအပေါ် လုံးဝငြင်းပယ်ခြင်းနှင့် လုံးဝလက်ခံခြင်း နှစ်ခုကြား သူ့စိတ် သို့လောသို့လော ဖြစ်စေတော့သည်။ သည်မှာ သူ နောက်ကျူရှုပ်ထွေးရတော့သည်။

ဘာပဲဖြစ်ဖြစ် နောက်ထပ် ကြိုးစားကြည့်သည့်အနေဖြင့်၊ ဖအေဆီ သူ ဖုန်းဆက်ကြည့်ပါသေးသည်။ လာမည့် သီတင်းပတ်ကုန်ရက် ဆာလီ းနာ့စ်ကို လိုက်နိုင်မလိုက်နိုင် လှမ်းမေးသည်။ သူ့ ဖိတ်ခေါ်ချက် ပယ်ချခံသွားရလေသည်။



www.burmeseclassic.com

www.burmeseclassic.com





လူးဘရက်ကာ အခါခါဆွေးနွေးပြီးနောက်၊ သူ့ကို နားချလို့ ရသွားသည်။ လန်ဒန်က လွိုက်အာမခံကုမ္ပဏီမှာ ဒေါ်လာတစ်သိန်းတန် အသက်အာမခံပေါ်လစီလုပ်ထားဖို့ ဖြစ်သည်။ ဂျင်မီက ပုံစံဖြည့်သည့်ကိစ္စ ကြောင့်ကြမနေချင်သည်နှင့် သူငယ်ချင်းလူးဘရက်ကာနှင့်ပဲ အစစလွှဲသည်။ သို့သော် စည်းမျဉ်းစည်းကမ်းအရ ပေါ်လစီတွင် ဆက်ခံမည့်သူများ ထည့်ရမည့်ကိစ္စ ပြောတော့ ဂျင်မီ တအောင့် တွေစဉ်းစားသည်။

"လုပ်လေဗျာ။ ဒေါ်လာ ငါးထောင်က ဘိုးဘိုးနှင့် ဘွားဘွားဒင်း၊ ဒေါ်လာ တစ်သောင်းက ညီလေးမားကီး ပညာသင်ကြားရေး၊ ကျန်တာကတော့ ဦးလေးမားကတ်နှင့် ဒေါ်လေးမေမေအတွက် ပေါ့လေဗျာ" ပြောသည်။

သို့သော် သူပိုင်ဆိုင်ရာ တိုက်တာမြေယာ အကျိုးခံစားခွင့်အကြောင်း လူးက ထပ်ရှင်းပြသည်။ သေတမ်းစာတစ်စောင်ရေးဖို့ အကြံပြုသည်။ ပေါ်လစီစာချုပ်တွင် အာမခံထားသည့် ပင်မငွေခွဲဝေမှု၌ ကျန်ပိုင်ပစ္စည်းများနှင့်အတူ အကျိုးခံစားခွင့်လွှဲနိုင်အောင် ဖြစ်သည်။ လူးက ဂျင့်မီ့သဘောဆန္ဒ ပါသည် မပါသည် အပထားလို့ သေတမ်းစာတစ်စောင် အမြန်ဆွဲထားဖို့ တိုက်တွန်းသည်။ မဟုတ်လျှင် သူပိုင်ပစ္စည်းအားလုံး အနီးစပ်ဆုံး သက်ရှိထင်ရှားရှိသူတစ်ဦးဦး (ယခုကိစ္စတွင် သူ့ဖခင် ဖြစ်နေသည်။) ထံရောက်သွား၍ ငွေကြေးခွဲဝေလိုသည့် သူ့သဘောဆန္ဒတွေ လိုရာမရောက်ဘဲ အဓိပ္ပာယ်မရှိဖြစ်သွားလိမ့်မည်ဖြစ်ကြောင်း ရှင်းပြသည်။ သို့ဖြင့် လာမည့်အပတ်ထဲ သေတမ်းစာဆွဲဖို့ကိစ္စ ဂျင်မီ သဘောတူသွားသည်။

Giant ရိုက်နေစဉ်ကာလက စကားလုံးဒါရိုက်တာ ဘော့ပ်ဟင်းကဲလ် ပြောဖူးသည့် စကားတစ်ခွန်းရှိသည်။ **"တစ်နေ့နေ့တော့ ဒီငနဲဟာ သူ့ကားနှင့် တောင်ကမ်းပါးစွန်းကနေ အရှိန်လွန် မောင်းချသွားတော့မှာပဲ"** ဟူ၏။



ထိုသို့ပြောသည်မှာ ၁၉၅၅ ခုနှစ် ဇူလိုင်လထဲတွင် ဖြစ်သည်။ သို့ပြောပြီး သုံးလ မရှိတရှိ အကြာ စက်တင်ဘာလ ၃၀ ရက်နေ့တွင် ဂျာမန်လုပ် ပြိုင်ကားပေါ်ရှေးစပိုင်းဒါ တည်းဟူသော တွန့်လိမ့်ခေါက်ကွေးနေသည့် သံထည်အပုံကြီးထဲမှ ဂျင်မီ၏ ကျိုးကျေနေသော ရုပ်ခန္ဓာကို သယ်ထုတ်ခဲ့ကြရသည်။



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com





စက်တင်ဘာလသုံးဆယ်ရက် မနက်တွင် ဂျင်မီ သူ့ပေါ်ရှေးကားသစ်ကလေးကို ဟောလိဝုဒ်တွင် သွားယူသည်။ ကားကလေးက အသစ်ကျပ်ချွတ် သားသားနားနား လှလှပပကလေး။ အလူမီနီယံသတ္တု၊ မြင်းကောင်ရေ အားကောင်းကောင်းဖြင့် ကား။ သည်ကားသစ်ကလေးသည် နောက်ထပ် အောင်ပွဲတစ်ခု ဆွတ်ခူးပေးမည်လော။

ဆာလီးနာ့စ်သို့ မထွက်ခင်၊ ဆရာကြီး ဆန်ဒီရှော့သ်ထံ နောက်တစ်ခါ ဖုန်းထပ်ဆက်ပြန်သည်။ သည်တစ်ခါဆက်သောအခါ ဆရာကြီးကို သူ့အလုပ် ပစ်ထားခဲ့ဖို့ နားချစည်းရုံးတာ အောင်မြင်သွားသည်။ ဘီးလ်ဟစ်ခ်မန်းဆိုသော ပြိုင်ကားဝါသနာရှင် တစ်ဦး၊ နောက်ပြီး ကားတစ်ခုခုဖြစ်လျှင် လုပ်ပေးဖို့ ဂျာမန်စက်ဆရာကလေး ရော့ဖ်ဝူးသားရစ်တို့လည်း ဂျင်မီနှင့်အတူ လိုက်ပါကြမည်ဖြစ်သည်။

သူက ပြိုင်ကားကို စတေရှင်ဝက်ဂွန်းကားနှင့် ဆွဲယူသွားမည့်အစား၊ ကားသစ်က မိုင်ခွက် မီတာမှာ ဂဏန်းအသစ်တင်ဖို့ ဆုံးဖြတ်သည်။ ကားကို သူကိုယ်တိုင် မောင်းသည်။ စက်ဆရာလေး ရော့ဖ်က ကားစက်သံ ဂဂျီဂဂျောင်ရှိမရှိ အသံနားခံရင်း သူနှင့်အတူ လိုက်သည်။ ဆရာကြီး ဆန်ဒီရှော့သ် နှင့် ဘီးလ်ဟစ်ခ်မန်းတို့က စတေရှင်ဝက်ဂွန်းနှင့် နောက်က မောင်းလိုက်ကြသည်။

ဆန်ဖရန်စစ္စကိုမြို့ဆီ ဦးတည်ပြီး ကာလီဖိုးနီးယားတောင်ပိုင်း အဝေးပြေးကားလမ်းမကြီး အတိုင်း မောင်းချလာသည်။ တစ်လျှောက်လုံး အဆင်ချောသည်။ သို့သော် ဆန်ဘားနားဒီနိုးမြို့နား ချဉ်းကပ်လာသည်တွင် ကားလီဗာကို ကြမ်းခင်းနှင့် ထိလုမတတ်နင်းပြီး တစ်နာရီ ခြောက်ဆယ့်ငါး မိုင်နှုန်းဖြင့် ဂျင်မီ မောင်းတော့သည်။

အဝေးပြေးလမ်းပေါ်က ပတ္တရောင်ရဲကိုပင် သူ မမြင်။ မိုင်ကျော်မောင်းမှုဖြင့် အရေးယူဖို့ ဒဏ်ဆောင်ဖြတ်ပိုင်းစာရွက် ရဲက လုပ်လိုက်သည်။ ထိုနေရာက တစ်နာရီ လေးဆယ့်ငါးမိုင်နှုန်းသာ ကန့်သတ် ထားသည့် နယ်မြေ။ စာရွက်ယူပြီး ပြန်မောင်းမထွက်ခင် ပတ္တရောင်ရဲက ထုံးစံအတိုင်း သတိပေးနေကျ စကားဖြင့် "ခင်ဗျား အေးအေးဆေးဆေးမသွားလို့ကတော့ ဆာလီးနာ့စ်တောင် ရောက်မှာ မဟုတ်ဘူး" ဟု ပြောလိုက်သေးသည်။ ဂျင်မီသည် ဟိုင်းဝေးပေါ် မောင်းလာရင်း သူ့စိတ်ထဲ ပြန် အမှတ်ရကောင်း ရပါလိမ့်မည်။ ဟိုးတစ်ချိန်သောအခါက အခြားပတ္တရောင်ရဲတစ်ဦးက သူ့ကိုပေးခဲ့ဖူးသည့် ဒဏ်ဆောင် ဖြတ်ပိုင်းကလေးအကြောင်း။

ညနေငါးနာရီ အထိုးလောက်တွင် လမ်းဘေးစားသောက်ဆိုင်ကလေးတစ်ဆိုင် ဝင်ပြီး ကော်ဖီ သောက်သည်။ သူတို့ ပြန်အထွက်တွင် ဆရာကြီးဆန်ဒီတို့ဝကား ဆိုင်မှာ ဝင်ထိုးရပ်သည်။ အပြန်အလှန် လှမ်းနှုတ်ဆက်ကြသည်။

ဆရာကြီးဆန်ဒီက "တို့ မကြာဘူး၊ မသကာ နောက်ဆယ်မိနစ်ပဲ"ဟု ဂျင်မီဆီ လှမ်းအော်ပြော လိုက်သည်။

နောက်တစ်နာရီလောက်ကြာသောအခါ၊ ဂျင်မီတို့ကား ပါဆိုးရိုဘလေး မြို့ငယ်ကလေးအနီးက အမှတ် ၄၁ အဝေးပြေးလမ်းမကြီးပေါ် တစ်ဟုန်ထိုး ပြေးနေသည်။ နေက ဝင်တော့မည်။ လမ်းမကြီးက ဖြူးနေသည်။ ယာဉ်အသွားအလာလည်း ရှင်းပါဘိ။



www.burmeseclassic.com

www.burmeseclassic.com





အဲသည်နောက် ပေါ်ရှေးစပိုင်းဒါ အမှတ် ဖဖနှင့် ၄၁ဟိုင်းဝေးလမ်းဆုံအနီး ရောက်လာသည်။ သည်မှာ ဖို့ဒ်ကားတစ်စီး မျက်နှာချင်းဆိုင် မောင်းလာသည်။ အလယ်မျဉ်းကို လုပြီး ကိုးလိုးကန့်လန့်ဝင်လာသည်။ ဂျင်မီ အရှိန်ချလိုက်သည်။ ဖို့ဒ်ကားပေါ်ကလူကလည်း ကားဘရိတ် နင်းသည်။ ဇဟိုမျဉ်းပေါ် စွပ်ကြောင်းရာအရှည်ကြီးပေါ်အောင်ကို နင်းသည်။ ရုတ်တရက်တော့ ထိန်းလို့ ရသွားသလိုပါပဲ။

အဲသည်နောက် အမှတ် ဖဖ လမ်းမကြီးပေါ်တွင် ပေါ်ရှေးရှေ့ တည့်တည့်၌ ဘယ်ဘက်ကို ကွေ့ဖို့ လုပ်သည်။ သည်မှာ ဖို့ဒ်က ဟပ်ထိုးဝင်လာပြန်သည်။

"ဟော့လူ ရပ်တော့ဟေး"ဟု ဂျင်မီအော်သည်။

တရွတ်တိုက်ဝင်လာသည့် ဖို့ဒ်ကားကို ရှောင်ရန် ဂျင်မီ ညာဘက်ကို ဝိုက်ချလိုက်တော့သည်။

လက်နှိပ်စက်ထိုင်ရိုက်နေခိုက် ဆောက တယ်လီဖုန်းမြည်လာသည်။ စူးရှသည့် ဖုန်းသံကြောင့် အာရုံတစ်စစီ လွင့်စဉ်သွားသည်။

"တော်တော်ဆိုးတဲ့ ငမည်းတိရစ္ဆာန်"ဟု တယ်လီဖုန်းအပေါ် မြည်တမ်းရင်း ကောက်ကိုင်လိုက်သည်။

"ဘီးလ်လား"

အသံတစ်သံက စူးစမ်းသည်။

"ဗျာ"

ဘယ်သူမှန်း ကျွန်တော် မမှန်းမိ။

"ကြားပြီးပြီလား"

ထိုအသံက မေးသည်။

"ဘာကြားတာလဲ"

"ခင်ဗျားလေ၊ ဟုတ်လား။ သေကွာ။ မဆက်တာကောင်းသေး"

တစ်ဘက်မှ တုန်တုန်ယင်ယင် အသံတွေ ဟင်းချသံတွေ ပေါ်လာသည်။

"ဒါ ဘာလဲဗျ။ အခုဆက်တာ ဘယ်"

"ဂျင်မီ ဆုံးပြီ"

တီးတိုးသံ ထွက်လာသည်။

အကြောင်းတစ်မျိုးတစ်မည်ကြောင့် ကျွန်တော် ယုံသွားသည်။ တစ်ကိုယ်လုံး အေးစက်ကာ ခံစားမရတော့သလို ဖြစ်သွား၏။ အသိအာရုံကလွဲလို့ အရာရာ ရပ်တန့်သွားပါသည်။

"ဘယ်လိုဖြစ်တာလဲဗျာ"ဟု မျှင်းပြီး မေးလိုက်သည်။

"မြောက်ဘက်အထက်မှာ ကားတိုက်မှုဖြစ်တာပဲ။ သတင်းကြေညာချက်အထဲ ကြားတာပဲ"


စကားပြောခွက်ကို ပခက်ပေါ် လွှတ်ချလိုက်သည်။ ဘယ်လောက်ကြာသည် ပြောလို့မရ။ တယ်လီဖုန်းကို ကျွန်တော် တွေပြီးစိုက်ကြည့်နေမိသည်။ ခေါင်းထဲမှာ တွေးတော စဉ်းစားကြည့်ဖို့ လုပ်နေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



လူ့ဘဝကို အားကစားပြိုင်ပွဲတစ်ခုလို သဘောထားပြီး
'မည်သည့်နည်းနှင့်ဖြစ်စေ နိုင်ကိုနိုင်ရမယ်'





www.burmeseclassic.com

www.burmeseclassic.com





တယ်လီဖုန်း ကောက်ကိုင်ပြီး ဆန်ဒီရှော့သ်တို့အိမ်က နံပါတ်လှည့်လိုက်သည်။ ဖုန်းက မအား။ အော်ပရေတာမဆီ လှမ်းဆက်ပြီး ဖုန်းလိုင်းဘာဖြစ်နေသလဲ မေးရသည်။

"ဝမ်းနည်းပါတယ်ရှင်။ ဖုန်းလိုင်းက ရပ်ဝေးနှင့် ပြောနေပါတယ်"

အလိုအလျောက်ပင် ကျွန်တော်သည် ဗီလာကာပရီဆိုင်ဆီ လှည့်လိုက်မိပြန်သည်။

"ဗီလာကာပရီပါ"

"နစ်ကိုးလ် တစ်ဆိတ်လောက်"

ကျွန်တော်နားထဲတွင် လူတွေ စကားပြောသံ၊ စားသောက်နေကြသံ၊ ရယ်မောသံ၊ ဖန်ခွက်ချင်းထိခတ်သံ၊ ဇွန်းသံ ပန်းကန်သံတွေ ကြားနေရသည်။

"ဟားလို"

ရုရှားသံ လေးလေးပင်ပင်ကြီးပေါ်လာသည်။

"နစ်ကိုးလ်လား"

"ဟုတ်ပါတယ်"

"အဲဒါ တကယ်အမှန်ပဲလားဗျာ ဟင်"

တအောင့် ငြိမ်သွားသည်။ နောက်မှ

"ဟုတ်တယ်"

"ဒါဖြင့် အားလုံး နိဂုံးချုပ်သွားပါပြီဗျာ"

ကျွန်တော် ညှံသက်စွာ ရေရွတ်မြည်တမ်းပြီး တယ်လီဖုန်း ပြန်ချလိုက်သည်။

ကျွန်တော်သည် ကုလားထိုင်အပေါ်တွင် ပျော့ကျသွားပါသည်။ ပိုးဖလံလေးတစ်ကောင် စာရေးစားပွဲအပေါ်က မီးအိမ်ဆီ အဆက်မပြတ်တိုးနေသည်ကို တွေပြီးစိုက်ကြည့်နေမိသည်။

စိတ်အတွေးဂယက်ထဲမှာ အသံတွေ ပေါ်လာသည်။ သည်အသံတွေထဲက မိန်းမသံတစ်ခုက စိမ်ခေါ်သည်။

"အရာရာတွေအထဲမှာ မင်းအလေးစားဆုံးအရာဟာ ဘယ်အရာလဲ"မေးသည်။

အတိတ်တုန်းက ဂျင်မီအသံဖြင့်...

"အလွယ်ကလေးပါ။ သေခြင်းတရားပါပဲ။ လေးစားစရာဆိုလို့ ဒီတစ်ခုပဲ ကျန်တော့တာပါ။ သေခြင်းတရားဟာ သွေဖည်လို့လည်း မရ။ ငြင်းဆန်လို့လည်းမရတဲ့ အမှန်တရား တစ်ခုပါ။ ဒီအပြင်အခြားအရာရာကမှ စစ်ဆေးလို့ ရသေးတယ်။ ဒါပေမယ့် သေခြင်းတရားကတော့ အမှန်တရားပဲလေ။ လူတစ်ယောက်အတွက် သေခြင်းတရားထဲမှာ မြင့်မြတ်မှုဆိုတာ ရှိတယ်။ သေခြင်းရဲ့ဟိုမှာဘက်ကိုတော့ မျှော်လင့်ခြင်း တစ်ခုတည်းပဲပေါ့"



www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com





ဘဝနိဂုံးချုပ်ခဲ့သော မြင်ကွင်း



www.burmeseclassic.com

www.burmeseclassic.com



# အခန်း ၄း



သို့ဖြင့် သဏ္ဍာန်တစ်ခု နိဂုံးချုပ်လေသည်။ ဘယ်လောက်ပြည့်စုံလိုက်သည့် သဏ္ဍာန်လေလဲ။ ၄းနှစ်ဆိုသည့် အင်မတန် တိုတောင်းသည့် ကာလအတွင်းမှာ အညတရလူငယ်တစ်ယောက် မထင်မရှား တောကြိုအုံကြားက တက်လာ၏။ ထိပ်ထိပ်ကြဲလူ့အဖွဲ့အစည်းအထဲ ပြင်ဆင်မှုမပါဘဲ တိုးဝင်၏။ အနုပညာဘဝ၏ ရှိမန်းတစ်ဝေဒနာများ ခံစားရရှာ၏။ အသိဉာဏ်ရည် အခေါင်အဖျားအထိ တရစပ်ဖွံ့ထွားခဲ့၏။ အောင်မြင်ကျော်ကြားမှုဆီ အကြမ်းအရမ်းလျှောက်လှမ်း၏။ ခရီးတစ်လျှောက် တွေ့ရသမျှသော အစဉ်အလာထုံးတမ်း အဆင်အသွေးတွေအပေါ် ဖက်ပြိုင်အံတု၏။ သို့စင်လျက် ရတ်ခြည်းနိုင်လှသော ရန့်ရင်းဆိုးရွားသော ဝမ်းနည်းဖွယ်အဖြစ်ဆိုးဖြင့် အဆုံးသတ်ရ၏။ ကျန်ခဲ့သော လက်တစ်ဆုပ်စာ သူငယ်ချင်းမိတ်ဆွေတစ်စုမှာ အတောမသတ်နိုင်အောင် သူ့အပေါ် လွမ်းကျန်ခဲ့ရပြီ။ နောက်ပြီး ကမ္ဘာတစ်ပတ်ရှိကြသော ရုပ်ရှင်အချစ်တော် ပရိသတ်မိသားစုများသည် လည်း ယူကြုံးမရ တသသဖြစ်ကုန်ရပြီ။

တစ်ဘက်က ကြည့်မည်ဆိုလျှင် ဂျင်မီသည် စိတ်ကူးယဉ်သမားဖြစ်သည်။ မေတ္တာတည်းဟူသော ဆက်သွယ်ခြင်း နိယာမနည်းလမ်းတစ်ခုဖြင့် လိုလေသေးမရှိပြီးပြည့်စုံသော လောကကြီးတစ်ခု ထူထောင်ဖို့ လုံးပမ်းသည်။

တစ်ဘက်ကကြည့်လျှင်လည်း သူသည် ခက်ထန်ကြမ်းရှသူ။

ပန်းရော်ပြာ [illegible]

www.burmeseclassic.com

www.burmeseclassic.com





သူ အဖတ်ခိုင်းခဲ့သော စာအုပ်တစ်အုပ်ရှိသည်။ Antoine de Saint - Exupe´ry ၏ The Little Prince ဝတ္ထုစာအုပ် ဖြစ်ပါသည်။ ထိုဝတ္ထုစာအုပ် နောက်ဆုံးစာမျက်နှာကို လှန်လိုက်မည်ဆိုပါက ကြယ်ကလေးတစ်ပွင့် ရေးဆွဲထားသည့်ပုံနှင့် မျက်နှာချင်းဆိုင်ရှိသည်ကို တွေ့ရနိုင်ပါသည်။ ကြယ်ကလေးကား တစ်ပွင့်တည်းသော အထီးတည်းကြယ်။ သဲသောင်ခုံ ဟိုထက်အာကာမှာ အထီးကျန် ချိတ်တွယ်လို့။ နောက်ပြီး လက်ရေးဖြင့် ရေးထားသည့် စာသားတွေ။

"ဤနေရာ ငါ့အဖို့ ကမ္ဘာမြေအလုံးတွင် ချစ်စဖွယ်အရှိဆုံးနှင့် ဝမ်းနည်းဖွယ်အရှိဆုံး နေရာပေါ့ကွယ်။ ရှေ့စာမျက်နှာတွေမှာ ဖတ်ခဲ့ရတဲ့အတိုင်း ကြေကွဲဖွယ်တွေ အတိပေါ့။ သို့ပေမယ့် သင့်မှတ်ဉာဏ်မှာ စွဲသွားရအောင် တစ်ကြော့ပြန် လှန်ပါရစေလားလေ။ ရွှေမင်းသားလေး ကမ္ဘာမြေပေါ် ပေါ်လာတာ၊ နောက် ပျောက်ကွယ်သွားတာလေ"

"ကြည့်လိုက်စမ်းပါ အသေအချာ။ ဒါမှ သင့်အဖို့ သေချာမှာ။ အကယ်လို့များ တစ်နေ့ အာဖရိက သဲကန္တာရအဲဒီထဲ ခရီးထွက်များထွက်မိရင် သူကလေးကို မှတ်မိနေအောင်လေ။ ပြီး ဒီနေရာ ဒီအရပ်များ ရောက်လာမိခဲ့ရင်၊ ကျေးဇူးပြုလို့ တစ်ဆိတ်လောကြီးပြီး ရှေ့ကို ခရီး ဆက်နှင်မသွားပါနှင့် ဦးနော်။ တစ်ဆိတ်စာသည်းခံလို့ အချိန်ယူစောင့်ပါ။ ကြယ်ကလေးရဲ့အောက် အတိအကျ နေရာမှာလေ။ နောက် ရယ်မောတတ်တဲ့သူ၊ ရွှေဝါရောင်ဆံပင်ရှိတဲ့ လူသေးသေးလေးတစ်ယောက် မေးခွန်းတွေကို အဖြေပေးဖို့ ငြင်းဆန်နေမယ့်သူ။ သူ ဘယ်သူ ဆိုတာ သိမှာပါကွယ်။ အဲသည်လိုများ တကယ်ဖြစ်ပေါ်လာရင် ကျေးဇူးပြုပြီး ငါ့ကို နှစ်သိမ့်ပါ။ သူ ပြန်လာပြီဆိုတာ ငါ့ဆီ စကားပါးပါနော်"



www.burmeseclassic.com